

မြစ်မိုးတောင် ဆရာတော်

# အရှင်ဇာနေယျ

(လိမ္မော်ခြံ၊ တိုက်ကြီး)

# သောတာပန်ဆိုတာ ဒီလိုပါ


2010.GRAPHIC DESIGN : KYAW MINN MOUNG

မြစ်မိုးတောင်ဆရာတော် အရှင်ဇာနေယျ သောတာပန်ဆိုတာ ဒီလိုပါ

မြစ်မိုးတောင် ဆရာတော်
အရှင်ဇာနေယျ
(လိမ္မော်ခြံ၊ တိုက်ကြီး)
သောတာပန်ဆိုတာ ဒီလိုပါ



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)



မြစ်မိုးတောင်ဆရာတော်
အရှင်ဇာနေယျ

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)





စင်္ကာပူနိုင်ငံတွင် ကျင်းပသည့် ဓမ္မသဘင်

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)



မလေးရှားနိုင်ငံတွင်ကျင်းပသည့် တရားစခန်းဝင် ယောဂီများနှင့်အမှတ်တရ

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)



စင်္ကာပူနိုင်ငံတွင် ချမ်းမြေ့ဆရာတော်ကြီးနှင့် ဆုံဆည်းခဲ့စဉ်

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

# အပူမာဒေါ အမတ်ပန်

ကုသိုလ်ကောင်းမှုတို့၌ မမေ့မလျော့ခြင်းသည်
သေခြင်းကင်းရာ နိဗ္ဗာန်၏အကြောင်းဖြစ်သည်။

အပူမာဒ စာစဉ်

အမှတ်(၁၈၉)၊ ရွှေဝါထွန်း(၂)လမ်း၊ (၃၃)ရပ်ကွက်
ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ ရန်ကုန်။
ဖုန်း-၅၈၄၇၃၈

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

# သောတာပန်ဆိုတာ ဒီလိုပါ

စာမူခွင့်ပြုချက် - ၆၀၀၃၃၁၀၇၁၀
အဖုံးခွင့်ပြုချက် - ၆၀၀၄၅၅၀၈၁၀

ပုံနှိပ်ခြင်း
ပထမအကြိမ် - ၂၀၁၀ ခုနှစ်၊ အောက်တိုဘာလ၊ အုပ်ရေ (၁၀၀၀)

အဖုံးနှင့် အတွင်းပုံနှိပ်
ရွှေနိုင်ငံပုံနှိပ်တိုက်၊ ဦးမောင်မောင်လှ (မြဲ - ၀၅၇၄၅)
အမှတ်-၉၀(စီ)၊ ကမ္ဘာ့အေးဘုရားလမ်း၊ ရန်ကုန်မြို့။

ထုတ်ဝေသူ
ဦးမြသန်းစံ(မြဲ-၀၃၈၅၂)၊ အပ္ပမာဒစာစဉ်
အမှတ်(၁၈၉)၊ ရွှေဝါထွန်း(၂) လမ်း၊ (၃၃) ရပ်ကွက်၊
ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၅၈၄၇၃၈

မျက်နှာဖုံးပန်းချီ
ပန်းချီ ကိုကျော်မင်းမောင်

စီစဉ်ဖြန့်ချိသူ
ဒေါ်သီတာမိုး

တစ်ပြည်လုံး ဖြန့်ချိရေး
အပ္ပမာဒမေ့ရသစာပေတိုက်

တန်ဖိုး
-ကျပ်

| | |
|---|---|
| ဇာနေယျ၊ အရှင်၊ မြစိမ်းတောင်ဆရာတော် | ၂၉၄.၃ |
| သောတာပန်ဆိုတာ ဒီလိုပါ/ မြစိမ်းတောင်ဆရာတော်အရှင်ဇာနေယျ။-ရန်ကုန်။ | |
| အပ္ပမာဒစာပေ၊ ၂၀၁၀။ | |
| ၂၀၇ စာ၊ ၁၂ × ၁၇.၅ စင်တီ။ | |
| (၁) သောတာပန်ဆိုတာ ဒီလိုပါ | |

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

# သောတာပန်ဆိုတာ ဒီလိုပါ

အရှင်ဇာနေယျ

(လိမ္မော်ခြံ-တိုက်ကြီး)

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

# မာတိကာ


ဗဟိုဝန်ဆောင်ဆရာတော်ကြီး၏ နိဒါန်းစကား ၁

ဆရာမြသန်းစံ၏ အမှာစကားဦး ၆

မြစိမ်းတောင်ဓမ္မစာပေပြန့်ပွားရေးအဖွဲ့၏ အသိပေးလွှာ ၁၄

**၁။ သောတာဝန်ဆိုတာဒီလိုပါ ၁၇**

အကျိုးကြီးမားတာကို သိဖို့လို ၂၀

သောတာပန်(၂၄)မျိုး ၂၃

ပညာရှိသူတော်ကောင်းတွေကို ဆည်းကပ် ၂၇

အရှင်ပေါဋ္ဌိလမထေရ် ၃၂

ဝိပဿနာတရားကို နာပါ ၄၀

ဒိဋ္ဌိကိုဉာတပရိညာနဲ့ အရင်ဖြုတ် ၄၈

ဝိစိကိစ္ဆာဆိုတာ ဘာလဲ ၅၅

နှလုံးသွင်းမှန်ဖို့လို ၆၇

အယူအဆတွေ များနေကြတယ် ၇၃

**၂။ သောတာဝန်ဆိုတာဒီလိုပါ(ဒုတိယပိုင်း) ၈၀**

အကျင့်ဆင်းရဲ တရားရနှေး ၈၃

နိဝရဏတရား ပယ်ရှောင်ရှား ၉၀

တရားရနှေးတာ ဘာကြောင့်လဲ ၁၀၀

အကျင့်ဆင်းရဲ တရားရမြန် ၁၀၇

အနိစ္စာနုပဿနာဉာဏ် ထင်အောင်ရှု ၁၁၆

ဒုက္ခာနုပဿနာဉာဏ် ထင်အောင်ရှု ၁၂၀


WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

# မာတိကာ


အနတ္တာနုပဿနာဉာဏ် ထင်အောင်ရှု ၁၂၃

အကျင့်ချမ်းသာ တရားရနေး ၁၂၆

အကျဉ့်ချမ်းသာ တရားရမြန် ၁၃၆

ဖြစ်ပျက်မြင်တဲ့ဉာဏ် ၁၄၀

ဖြစ်ပျက်မှန်းတဲ့ဉာဏ် ၁၄၃

သင်္ခါရုပေက္ခာဉာဏ် ၁၄၆

ဖြစ်ပျက်ဆုံးတဲ့ဉာဏ် ၁၅၄

**၃။ ယောတာဝန်စိတ်ထား ၈၀**

ဖြစ်ကြောတို ၁၆၇

ငြိမ်းအောင်လုပ် ၁၇၀

မတုန်မလှုပ်ယုံကြည် ၁၇၄

အပြစ်ဝန်ခံ ၁၈၄

စောင့်စည်းပြန် ၁၈၈

နာခံစူးစိုက် ၁၉၂

ဝမ်းမြောက်မဆုံးပြီ ၂၀၃


WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

# သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ

အလှူအားလုံးတို့တွင် တရားအလှူသည်
အမြတ်ဆုံးဖြစ်၏

------------------------

------------------------ သို့

------------------------

------------------------ ၏

အမှတ်တရဓမ္မဒါန

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

## ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ

မြတ်စွာဘုရားကို အားကိုးရာဟူ၍

ယုံကြည်ဆည်းကပ်ပါ၏ဘုရား။

## ဓမ္မံ သရဏံ ဂစ္ဆာမိ

မြတ်စွာဘုရား၏ တရားတော်ကို အားကိုးရာဟူ၍

ယုံကြည်ဆည်းကပ်ပါ၏ဘုရား။

## သံဃံ သရဏံ ဂစ္ဆာမိ

မြတ်စွာဘုရား၏ တပည့်သား သံဃာတော်မြတ်အပေါင်းကို

အားကိုးရာဟူ၍ ယုံကြည်ဆည်းကပ်ပါ၏ဘုရား။

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

## ဗဟိုဝန်ဆောင်ဆရာတော်ကြီး၏
## နိဒါန်းစကား

ဗုဒ္ဓဘာသာဝင်တိုင်း သောတာပန်ဟူသောစကားက နားယဉ်ပြီးသားဖြစ်သည်။ သို့သော် ထဲထဲဝင်ဝင်ဂဃနဏတော့ သိပ်မသိကြ။ သိအောင်လည်း အများစုက မကြိုးစားချင်။ လက်ရှိဘဝ ချမ်းသာဖို့ ရာထူးကြီးဖို့ ပညာတွေတတ်ဖို့နှင့် ပျော်ပါးဖို့လောက်ပဲ ကြိုးစားနေကြသည်။ လူကြီးမိဘများကိုယ်တိုင်ကလည်း သားသမီးများကို လောကီအမွေပေးဖို့သာ အဓိကဟုထင်သည်။ ဓမ္မအမွေကို ပေးရကောင်းမှန်း အများစုကမသိကြ။

အမှန်က သားသမီးများကို သောတာပန်ဖြစ်အောင်လမ်းညွှန်ထိန်းကျောင်းပြီး ဓမ္မအမွေပေးသည့်မိဘနှင့် လောကီအမွေပေးသည့်မိဘများကို နှိုင်းယှဉ်ကြည့်လျှင် ဘယ်လိုမိဘမျိုးက ပိုချစ်ရာရောက်သည်ကို စဉ်းစားဆင်ခြင်သင့်သည်။ အနာထပိဏ်သူဌေးနှင့် ဘုရင်ဗိမ္ဗိသာရကို နှိုင်းယှဉ်ကြည့်က ပို၍ထင်ရှားသည်။

ဗိမ္ဗိသာရမင်းကြီးသည် သားတော် အဇာတသတ်မင်းသားကို ချစ်လိုက်တာမှ အကောင်းအဆိုးကိုမမြင်။ မျက်စိကိုစုံမှိတ်ပြီးချစ်သည်။ ထီးနန်းစွန့်ကာ အသက်ပေးပြီးချစ်သည်။သို့သော် သားတော်အဇာ



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

တသတ်မင်းသားမှာ သေပြီးသည့်နောက် ငရဲကျသွားရသဖြင့် ချစ်ရာ မရောက်ဘဲ နှစ်ရာရောက်သလိုဖြစ်နေသည်။

အနာထပိဏ်သူဌေးကမူ သားသမီးများကို လောကီအမွေ သာမက ဓမ္မအမွေပါပေးသည်။ မူးယစ်သောက်စားပြီး လောင်းကစား နှင့်အပျော်အပါးကိစ္စများတွင်သာ အချိန်ကုန်နေသည့် သားကိုပင်လျှင် သောတာပန်ဖြစ်အောင် နည်းအမျိုးမျိုးဖြင့် စည်းရုံးသိမ်းသွင်းနိုင် သည်။ သံသရာဒုက္ခများမှလွတ်မြောက်စေရန် သားသမီးသုံးယောက် လုံးကို ဓမ္မအမွေပေးခဲ့သည်။ သားသမီးအပေါ် မှန်မှန်ကန်ကန်ချစ် တတ်သည့် အနာထပိဏ်ကိုအတုယူဖို့ပင်ကောင်းလှသည်။

လူကြီးမိဘများအနေဖြင့် အနာထပိဏ်လိုချစ်တတ်စေချင် သည်။ အနာထပိဏ်လိုချစ်တတ်ဖို့ဆိုတာကလည်း မိဘများကိုယ် တိုင်က ဓမ္မဗဟုသုတများများရှိဖို့လိုသလို ဆရာကောင်းမိတ်ဆွေ ကောင်းရှိဖို့လည်းလိုပါသည်။ ထိုလိုအပ်ချက်ကို အတိုင်းအတာ တစ်ခုအထိ ဤစာအုပ်က အထောက်အကူပေးလိမ့်မည်ဟု ယုံကြည် မိပေသည်။

သတိပေးလိုသည်မှာ ပုထုဇဉ်၏သဘောက ဆရာများတတ် သည်။ ဟိုဆရာကကောင်းနိုးနိုး ဒီဆရာကကောင်းနိုးနိုး။ ဟိုအကျင့်က ကောင်းနိုးနိုး ဒီအကျင့်ကကောင်းနိုးနိုးနှင့် မျှော့သွေးစမ်းသလိုလုပ်နေ တတ်သည်။ ဆရာအရွေးမှားသည်ကို သေခါနီးမှသိလျှင် ခက်ပေ လိမ့်မည်။ ထို့ကြောင့် ရဟန်းရှင်လူအများစုက အရိယာဟုလက်ခံ ယုံကြည်ထားပြီးသော လယ်တီဆရာတော်၊ မိုးညှင်းဆရာတော်၊ စွန်းလွန်းဆရာတော်၊ သဲအင်းဂူဆရာတော်၊ မိုးကုတ်ဆရာတော်၊ မဟာစည်ဆရာတော် အစရှိသည့်ဆရာတော်ကြီးများ၏နည်းတစ်ခုခု ကိုသာ ဆရာတင်လိုက်မည်ဆိုလျှင် မှားစရာကိုမရှိနိုင်ပေ။



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

တရားနာသည့်အခါတွင်လည်း ရွေးချယ်တတ်ဖို့လိုသေးသည်။ ရှိရှိသမျှတရားခွေများနှင့် ရှိရှိသမျှတရားစာအုပ်များကို နာယူမှတ်သား ဖတ်ကြားသင်ယူနေမည်ဆိုလျှင်ဖြင့် ဝိပဿနာအားထုတ်ဖို့အတွက်အချိန်ကျန်တော့မည်မဟုတ်ပေ။ သုတမယဉာဏ် စိန္တာမယဉာဏ်များအတွက်နှင့်သာ နှစ်ပေါင်းများစွာအချိန်ကုန်သွားတတ်ပေသည်။

သောတာပန်ဖြစ်လိုသူတစ်ယောက်အနေဖြင့် မသိမဖြစ်သိကိုသိရမည့် ဉာတပရိညာပိုင်းကို သိပြီးပြီဆိုလျှင် တီရဏပရိညာပိုင်းအနေဖြင့် ဘာဝနာမယဉာဏ်ဆီသို့ တက်လှမ်းဖြစ်ဖို့က အဓိကလိုရင်းဖြစ်ပေသည်။ထို့ကြောင့် ဝိပဿနာဉာဏ်လမ်းကြောင်းအတွက် အထောက်အပံ့ဖြစ်စေမည့် အလုပ်ပေးတရားများကို ရွေးချယ်နာယူဖတ်ကြားတတ်ဖို့လည်းအရေးကြီးလှသည်။

ထိုသို့ရွေးချယ်နာယူဖတ်ကြားတတ်ပြီဆိုလျှင်ဖြင့် နှလုံးသွင်းမှန်ဖို့အတွက် အထူးကြောင့်ကြစိုက်စရာပင်မလိုတော့ပေ။ တရားက နှလုံးသွင်းမှန်အောင် လမ်းညွှန်ပေးသွားပါလိမ့်မည်။ ဝိပဿနာတရားပွားများအားထုတ်သည့်အပိုင်းကမူ စာတွေ့နှင့်မလုံလောက်သေးပါ။ ကိုယ်တိုင်လုံ့လဝီရိယစိုက်ပြီးလက်တွေ့ကျင့်ရပေဦးမည်။

မြစိမ်းတောင်ဆရာတော်သည် ဆရာသမားကောင်းများနှင့်လည်းကြုံခဲ့၊မိမိကိုယ်တိုင်လည်း နှစ်ပေါင်းများစွာလက်တွေ့အားထုတ်ခဲ့ပြီးမှ ကိုယ်တွေ့ကျင့်စဉ်များကို စာတွေ့နှင့်ပေါင်းစပ်ပြီး၊ အလွယ်ဆုံးအကျဉ်းဆုံးဖြစ်စေရန်ဟောကြားတော်မူထားသဖြင့် ယူတတ်သူများအတွက် တန်ဖိုးမဖြတ်နိုင်အောင်အကျိုးများမှာ သေချာလှပေသည်။

သို့သော် အလွယ်ကြိုက် သက်သာလိုက်ပြီး မဂ်ဖိုလ်နိဗ္ဗာန်ကိုဖြတ်လမ်းမှသွားလိုသူများကတော့ ကြိုက်လိမ့်မည်မဟုတ်။ ဥပမာ



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

တစ်ခုနှင့် နှိုင်းယှဉ်ပြလိုသည်။ ယခုခေတ်ယခုအခါတွင် ဓာတုဗေဒစိန် များပိုများလာသဖြင့် စိန်အစစ်နှင့်အတုကို စိန်အကြောင်း သေသေ ချာချာနားလည်သူမှသာမှန်မှန်ကန်ကန်ခွဲခြားတတ်သည်။

သာမန်သူလိုကိုယ်လိုသမားက တန်ဖိုးသိပ်မရှိသည့် ဓာတု ဗေဒစိန်ကြီးကို အစစ်ဟုထင်ပြီး အမြတ်တနိုးနှင့်ဖက်တွယ်သိမ်းဆည်း ထားတတ်သည်။ တန်ဖိုးမဖြတ်နိုင်သည့် စိန်အစစ်ကြီးကိုကျတော့ အတုထင်ပြီး တန်ဖိုးထားရကောင်းမှန်းမသိ၊ စိတ်တောင်မဝင်စားဘဲ ချောင်ထိုးထားတတ်ပြန်ပါသည်။ အပေါ်ယံအသွင်သဏ္ဍာန်ပိုင်းတူရုံ မျှနှင့်အခေါ်အဝေါ်တူရုံမျှနှင့်အတုအစစ်ခွဲခြား၍မရနိုင်ပါ။

စိန်အတုကိုအစစ်ဟုထင်လျှင် ယခုတစ်ဘဝသာ နစ်နာမည်။ ဘဝဆက်တိုင်းမနစ်နာနိုင်ပါ။ သောတာပတ္တိမဂ်အစစ် မရသေးဘဲနှင့် ရပြီးပြီဟုထင်နေလျှင်မူ အပါယ်လေးပါးရောက်သည်အထိ နစ်နာသွား နိုင်သလို မဂ်ဖိုလ်နိဗ္ဗာန်ကို ကမ္ဘာနှင့်ချီပြီးလည်း လွဲသွားနိုင်ပေသည်။

ထို့ကြောင့် ဆရာကောင်း မိတ်ဆွေကောင်း စာအုပ်ကောင်း များကိုရွေးချယ်တတ်ဖို့ လွန်စွာအရေးကြီးပေသည်။ မဂ်ဖိုလ်နိဗ္ဗာန် တရားသည် အင်မတန်သိမ်မွေ့နက်နဲလှသဖြင့် ဘုရားရှင်ဟောကြား ဒေသနာမူခဲ့သည့် တရားမှတ်ကျောက်များနှင့် မိမိကိုယ်တိုင် အချိန်ယူပြီး သေသေချာချာစစ်ကြည့်ဖို့လည်းလိုအပ်လှပေသည်။

အများတကာ အထင်ကြီးခံရရုံမျှနှင့် အပါယ်တံခါးပိတ်မည် မဟုတ်သဖြင့် မိမိကိုယ်မိမိ မလိမ်ညာမိဖို့နှင့်အထင်မကြီးမိဖို့လည်း လိုပါသည်။ သို့မှသာ သေခါနီးအချိန်တွင် နောင်တမျက်ရည်မကျဘဲ သေခြင်းတရားကို ပြုံးပြုံးလေးရင်ဆိုင်သွားနိုင်မည့်အပြင် သားသမီး များကိုလည်း ဓမ္မအမွေပေးခဲ့နိုင်မည်ဖြစ်ပေသည်။

အချုပ်ဆိုရသော် သောတာပန်ဖြစ်အောင်ကြိုးစားကြပါ။

**အပ္ပမာဒဓာစဉ်**

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

အသိမှန်အကျင့်မှန်တရားများကို သံသယစိတ်မထားဘဲ မိမိကိုယ်တိုင် 'ဝီရိယ' စိုက်ပြီး လက်တွေ့အားထုတ်ပါ။ လမ်းဆုံးသည့်အထိကိုရောက် အောင်ကျင့်ကြပါ။ မိမိတစ်ယောက်တည်း သိရုံကျင့်ရုံနှင့်မပြီးသေးဘဲ လက်ဆင့်ကမ်းပေးဝေပြီး သာသနာတော်ကြီး တည်တံ့ပြန့်ပွားအောင် လည်းပါဝင်ဆောင်ရွက်ကြပါဟု အကြံပြုတိုက်တွန်းအပ်ပါသတည်း။

ဘဒ္ဒန္တဝိပုလ
အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ
နိုင်ငံတော်သံဃာ့ဗဟိုဝန်ဆောင်

**၁၃၇၁ ခုနှစ်၊ တပို့တွဲလကွယ်နေ့**
**၂၀၁၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ (၁၂)ရက် (ပြည်ထောင်စုနေ့)**



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

## ဆရာမြသန်းစံ၏အမှာစကားဦး

ကျွန်တော်၏ ဓမ္မမိတ်ဆွေကြီးတစ်ဦးဖြစ်သူ ကိုတူး၏ ကျေးဇူးကြောင့် မြစိမ်းတောင်ဆရာတော်အား လွန်ခဲ့သော (၈)နှစ်ကျော်ကတည်းက ဖူးခွင့်ရခဲ့ပါသည်။ ထိုစဉ်က ကျွန်တော်သည် မဟာစည်ရိပ်သာကြီး၏ တရားစခန်းမှ ထွက်လာပြီးကာစဖြစ်၍ တရားစခန်းဝင်ခဲ့စဉ်က ကျွန်တော့်စိတ်ထဲ မတင်မကျ မရှင်းမလင်းဖြစ်နေသည်များကို ဆရာတော်အား မေးမြန်းခဲ့ဖူး၏။ ဆရာတော် ပြန်ဖြေသည်မှာ ရှင်းခနဲ၊ လင်းခနဲ။

ကျွန်တော်ကြားချင်သည်မှာလည်း အလုပ်ထဲမှလာသောစကားတွေ ဖြစ်သည်။ စာတွေကတော့ ဟိုစပ်စပ်၊ သည်စပ်စပ် အထပ်ထပ်အခါခါ ဖတ်ခဲ့ရ၏။ စာသိဖြင့် သိတန်သလောက်သိပါ၏။ စာထဲမှ မရှင်းလင်းသည့်အချက်များသည်လည်း လက်တွေ့လုပ်ငန်းခွင်အတွင်း၌ အတန်အသင့် ထပ်မံရှင်းလင်းခဲ့ပါ၏။ သို့သော် မရှင်းလင်းသည့်အချက်များစွာ ကျန်နေသေးသည်ဟု ထင်ပါသည်။ ထိုသို့သော ကျွန်တော်၏ အသိအာသာဝတ်မွတ်မှုကို ဆရာတော်၏ အဖြေစကားများက ပြေပျောက်စေခဲ့ပါသည်။

သည့်နောက် ကျွန်တော်သည် ဆရာတော်၏ ပစ္စည်းလေးပါးဒကာဖြစ်သူ(ကျွန်တော့်ဓမ္မမိတ်ဆွေကြီး) ကိုတူးကိုခေါ်၍ ဆရာတော်



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

သီတင်းသုံးနေထိုင်ရာ တိုက်ကြီးမြို့နယ်၊ လိမ္မော်ခြံကျေးရွာအနီးရှိ မြစိမ်းတောင်တောရသို့ မကြာခဏ သွားရောက်ခဲ့ပြီး ကျွန်တော်သိလိုသည်များကို မေးမြန်းခဲ့ပါသေးသည်။ ကျွန်တော်မေးမြန်းလေတိုင်း ဆရာတော်သည် အဖြေများကို ပြည့်စုံလုံလောက်အောင် ဖြေကြားရင်းက ကျွန်တော့်ကို တရားရေအေးတိုက်ကျွေးစမြဲဖြစ်သည်။ ဤအမေးအဖြေ တရားတိပ်ခွေများသည်ပင်လျှင် တရားအားထုတ်စ ယောဂီများအတွက် ကြီးမားသော အထောက်အပံ့ဖြစ်စေခဲ့သည်။သဒ္ဓါတရားကောင်းသော ကိုတူးက ဓမ္မဒါနအဖြစ် တရားတိပ်ခွေများ ကူးယူဖြန့်ဝေပေးလေသည်။ ၎င်းအပေါ် ကျေးဇူးတင်ရပေမည်။

ထို့နောက်ပိုင်း ဆရာတော်နှင့် ကျွန်တော် မတွေ့ဖြစ်သည်မှာ နှစ်အတော်ကြာခဲ့၏။ သို့သော် မြစိမ်းတောင်ဆရာတော်၏ တရားတိပ်ခွေများကို VCD, DVD များမှတစ်ဆင့် ကြားနာခွင့်ရလေတိုင်း ဓမ္မပီတိတွေ ဖြစ်ရ၏။ ဆရာတော်၏ အားမာန်ပါပါဟောဟန်သည် လျော့နေသော ဝီရိယကိုပြန်တင်းလာစေ၏။ ကျနေသော သဒ္ဓါတို့ ပြန်တက်လာလေ၏။ ဆရာတော်၏ တရားတိပ်ခွေတို့သည် အားနည်းနေသော လူမမာကို အားဆေးထိုးပေးလိုက်သည်နှင့် တူနေတော့သည်။

တရားအားထုတ်ဆဲပုဂ္ဂိုလ်တို့တွင် နီဝရဏတရားတွေ ဝင်လာသည့်အခါ သဒ္ဓါတရားက ကျသွားတတ်သည်။ ဝီရိယအစား တွန့်ဆုတ်မှုတွေ၊ တွေဝေထိုင်းမှိုင်းမှုတွေ ဝင်လာတတ်၏။ ထိုအချိန်မျိုးတွင် တွန်းအားတစ်ခုခု အရေးတကြီးလိုအပ်လာသည်။ မြစိမ်းတောင်ဆရာတော်၏ တရားတိပ်ခွေများသည် အရေးပေါ်အခြေအနေအတွက် လိုအပ်သည့်တွန်းအားများဟု ကျွန်တော်ယုံကြည်မိသည်။သည့်အတွက် ကျွန်တော်သည် တရားစခန်းဝင်လေတိုင်းMP-3 စက်ဖြင့် ထည့်ထား



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

သော ဆရာတော်၏ တရားတိပ်ခွေများကို ကိုယ်ပိုင်အချိန်များတွင် တစ်ဦးတည်း နားကြပ်ဖြင့် နားထောင်၍ အားမွေးရ၏။ လတ်တလော ရှုကွက်ထဲမှ အမြင်မရှင်းသည်များကိုလည်း ဆရာတော်၏ တရားသားများဖြင့် ညှိယူအဖြေ ရှင်းလင်းယူရ၏။

ဤအထဲတွင် ယခုစာအုပ်အဖြစ် ထုတ်ဝေမည့် "သောတာပန်ဆိုတာ ဒီလိုပါ"တရားသည်လည်း တစ်ပုဒ်အပါအဝင်ဖြစ်သည်။ ထိုတရားခွေကို တရားစခန်းအပြင်ဘက်မှာလည်း ကျွန်တော်မကြာခဏ နာကြားဖူးသည်။ တရားစခန်းထဲ ရောက်တော့လည်း ကိုယ်ပိုင်အချိန်များ၌ ကျွန်တော်မကြာခဏ နာကြားဖူးသည်။ ယခုတော့ ဆရာတော်၏ တပည့်ရင်း ဒကာ၊ ဒကာမများက စာအုပ်အဖြစ် ထုတ်ဝေရန် ပြင်ဆင်လာသဖြင့် ဝမ်းမြောက်ဝမ်းသာဖြစ်ရပါသည်။

များသောအားဖြင့် ဟောတရားများကို လုံးကောက်ဖော်၍ စာအုပ်ထုတ်ဝေသည့်အခါ စာပေအဖြစ်ဖတ်၍မကောင်းတတ်သည်ကများသည်။ ဤသည်မှာ တရားဟောခဲ့စဉ်က ပရိသတ်အထာကြည့်၍ ဘုရားတော်အပေါ် စိတ်ဝင်စားလာအောင် ဟိုကလှည့်ပြောရ၊သည်ကလှည့်ပြောရနှင့် ဟောပြောခဲ့ရသောကြောင့် ဖြစ်မည်ထင်သည်။ ထို့ကြောင့် ဟောတရားများသည် စကားလုံးတွေ ပွယောင်းနေတတ်သည်။ ယခုမြစိမ်းတောင်ဆရာတော်၏ စာအုပ်ကတော့ ဤကဲ့သို့မဟုတ်ပေ။ ပါးစပ်နှင့် စာခေါ်ပေးထားသလားထင်ရ၏။ စာတွေကချောနေသလိုဖင်။

သည်တော့မှ ဆရာတော်၏ ဟောပြောနေပုံကို ကျွန်တော်ပြန်သတိရမိ၏။ ဆရာတော်သည် တရားဟောသည့်အခါ မည်သူ့ကိုမျှ မကြည့်။ မျက်စိအစုံမိတ်ကာ ခန္ဓာကို အာရုံပြု၍ ခန္ဓာထဲက ထွက်လာသော တရားများကို အတားအဆီးမရှိ ဒိုးခနဲ၊ ဒေါက်ခနဲအားရပါးရ



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ပြောနေခြင်းပါလားဟု ...

လက်တွေ့ ကျင့်ကြံခဲ့ပုံကလည်း အဘယ်မျှ အောက်သက်ကြေ၍ အဘယ်မျှ အနုလုံ၊ ပဋိလုံရှိခဲ့သည်ဆိုသည်ကို ဟောတရားစကားလုံးများက သက်သေခံနေပါသည်။

ကိုယ်တိုင် တရားအားထုတ်တဲ့အခါကျတော့ ဆရာကောင်းကို ရှာရတယ်နော်။ တကယ်တမ်းရထားတဲ့ ပုဂ္ဂိုလ်တွေဆီက လက်တွေ့ကျင့်စဉ်တွေကို နည်းခံပြီး အားထုတ်လိုက်တာက ပိုပြီးလွယ်လည်းလွယ်တယ်။ မြန်လည်းမြန်တယ်။ စာ-၃၆

မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ရအောင် ညွှန်ကြားပြသနိုင်တဲ့ဆရာကောင်း၊ ဆရာမြတ်တွေကို ဆည်းကပ်တဲ့နေရာမှာ ဂိုဏ်းစွဲတာတို့၊ ဆရာစွဲတာတို့ မလုပ်ပါနဲ့။ များသောအားဖြင့် တရားမရတဲ့ပုဂ္ဂိုလ်က ဂိုဏ်းစွဲတာပဲ။ငါတို့ဂိုဏ်းမှ ငါတို့ဂိုဏ်း။ ငါတို့ဆရာမှ ငါတို့ဆရာ။ ဒီလိုလုပ်နေတယ်။ သူများဆရာဆို အလကားပဲ။ စာ-၃၇

အဲဒီလို ဝိပဿနာယောဂီတွေ ဆိုင်းဘုတ်ဆွဲပြီး စကားနိုင်လုနေတာနဲ့ ဆရာသမားတွေ မျက်နှာပျက်စရာတွေ ဖြစ်နေပြီ။ ငါစွဲတွေပါးအောင်၊ ကုန်အောင် လုပ်နေရင်းက တိုးမှန်းမသိ တိုးနေကြတာကို သတိမထားမိကြဘူး။ စာ-၃၈

တရားခွေတွေ၊ တရားစာအုပ်တွေ စုဆောင်းပြီး အလှပြရုံလောက် လုပ်မနေနဲ့။ ရင်ထဲရောက်အောင် တရားနာကြ၊ တရားစာအုပ်တွေဖတ်ကြ။ စာ-၄၆

သောတာပန်ဖြစ်ဖို့ဆိုတာ ကျင့်ရုံတစ်ခုတည်းနဲ့ မရဘူး။ မှန်မှန်ကန်ကန် ကျင့်တတ်အောင် နှလုံးသွင်းမှန်အောင် သူတော်ကောင်းတရားတွေကို နာကြားရမယ်။ စာ-၄၆

ရုပ်နာမ်အဟောင်းပျက်သွားတဲ့နေရာမှာ ရုပ်နာမ်အသစ်တွေ အ



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

စားထိုးဖြစ်တယ်။ အဟောင်းပျက်တာကို မြင်လို့ရှိရင် သဿတဒိဋ္ဌိစင်တယ်။ အသစ်အစားထိုးဖြစ်တာကိုမြင်ရင် ဥစ္ဆေဒဒိဋ္ဌိ စင်တယ်။

အဲဒီအဟောင်းထဲမှာလည်း ငါ၊ သူတစ်ပါး၊ ယောက်ျား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါမပါဘူး။ အသစ်အစားထိုးတဲ့အထဲမှာလည်း ငါ၊ သူတစ်ပါး၊ ယောက်ျား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါ မပါဘူး။ ပျက်သွားတာလည်း ရုပ်ဓမ္မ၊ နာမ်ဓမ္မ။ ပြန်ဖြစ်တာလည်း ရုပ်ဓမ္မ၊ နာမ်ဓမ္မ။ ရုပ်ဓမ္မ၊ နာမ်ဓမ္မအစဉ်ကြီး တန်းနေတာကို ဉာဏ်နဲ့မြင်တော့ သက္ကာယဒိဋ္ဌိစင်တယ်။ စာ-၅၇

မှန်ရှေ့မှာ ရုပ်နေတဲ့သူက အတိတ်ဘဝနဲ့တူတယ်။ မှန်ထဲက အရိပ်က ပစ္စုပ္ပန်ဘဝနဲ့ တူတယ်။ စာ-၆၄

သံဝေဂဉာဏ်အတန်အသင့်ရ၍ တရားအားထုတ်ခြင်းဘက်ကို စိတ်ဝင်စားလာသော ယခုခေတ် ယောဂီများအကြားတွင် ရေပန်းစားလာသော စကားလုံးမှာ ''သောတာပန်''ဟူသော စကားလုံးဖြစ်မည် ထင်ပါသည်။

ဘဝသံသရာမှာရော၊ ယခုဘဝမှာရော ကုသိုလ်အမှုထက် အကုသိုလ်အမှုကို ပြုခဲ့သူက ရာခိုင်နှုန်းများပါလိမ့်မည်။မသိတုန်းက ပြုခဲ့သည့် အကုသိုလ်အကြွေးတို့ကို သိသောအခါ ပြန်ဆပ်ရမည်ကို လူတိုင်း စိုးရွံ့ကြစမြဲပင်။ ထို့ကြောင့် ထိုအကြွေးကိုလျော်ပစ်ရန်အတွက် သောတာပန်အမြန်ဖြစ်ရေးသည် ယောဂီဘဝခံယူလာကြသောသူများအတွက် သေရေးရှင်ရေးတမျှ အရေးကြီးလာ၏။ သို့နှင့် သောတာပန်ဖြစ်ရန် ကြိုးစားကြတော့သည်။ သောတာပန်ဖြစ်ပါက ခံစားရမည့် အကျိုးကလည်း ကြီးမားလှသည် မဟုတ်လား။

ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ် အပါယ်လေးဘုံသို့ မကျရောက်တော့။ ဘုံစဉ်စံဘဝနှင့်ဆိုလျှင်ပင် အထက်တန်းကျကျ



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

မျက်နှာပန်းလှလှနှင့် သံသရာခရီးဆက်နိုင်ပြီ။ အကောင်းတွေခံစား ရင်းကပင် ခုနစ်ဘဝလွန်လျှင်ပင် နိဗ္ဗာန်စံဝင်မည်။ ဘယ်ယောဂီ မကြိုက်ဘဲ ရှိပါ့မလဲ။

ထို့ကြောင့် ဘယ်စခန်း၊ ဘယ်ဌာနက သောတာပန်အမြန်ဖြစ် စေနိုင်သလဲ။ အာမခံချက်ကောင်းသလဲ။ တိုးတိုးတိတ်တိတ်တစ်မျိုး၊ ကျယ်ကျယ်တစ်မျိုး မေးကြမြန်းကြ၊ ရှာကြဖွေကြသည်မှာ ယောဂီ များအကြား ရေပန်းစားလာသော အလုပ်တစ်မျိုးဖြစ်လေသည်။

ခန္ဓာဉာဏ်ရောက်တရားအားထုတ်ဖို့ထက် သောတာပန်ပုဂ္ဂိုလ် ဖြစ်ဖို့ ဆီသို့ မြားဦးလှည့်သောခါ ဓမ္မကို ပုဂ္ဂိုလ်က လွှမ်းသွားပြီ။ ဓမ္မအသိဉာဏ်ပြည့်စုံလို့ ဖြစ်ပျက်မြင်၊ ဖြစ်ပျက်ဆုံးမှ ရမည့်ဓမ္မအသိ ဆီသို့ ဦးမတည်ဘဲ ဓမ္မအသိကိန်းပြီးမှ ပညတ်တင်ခံရမည့် ပုဂ္ဂိုလ်ဆီ သို့ ဦးတည်နေသဖြင့် စကတည်းက လွဲနေပေပြီ။

ဤသည်ကို မြစိမ်းတောင်ဆရာတော်၏ ဤစာအုပ်ပါ အောက် ပါ ဟောတရားစကားလုံးများက ထောက်ပြထားသည်ဟု ထင်မိသည်။

သောတာပန်မဖြစ်သေးဘဲနဲ့ ကိုယ့်ကိုယ်ကို သောတာပန်ဖြစ်နေပြီ လို့ အထင်ကြီးနေသူတွေ၊ ဘုရားပေးတဲ့ မှတ်ကျောက်နဲ့ သေသေချာချာ စစ်ကြည့်ကြ၊ ဘယ်သူက ဘယ်အဆင့်ရောက်ပြီဆိုတာမျိုးက ဘုရားက လွဲပြီး ဘယ်သူကမှ အတိအကျ မပြောနိုင်ဘူး။

အရိယာ ဘယ်အဆင့်ရောက်ပြီဆိုတဲ့ အဆုံးအဖြတ်မျိုးကို ဘုရားမှ တစ်ပါး ဘယ်ရဟန္တာ၊ ဘယ်မထေရ်ကမှ ပေးဖူးတယ်ဆိုတာ ပိဋကစာပေ မှာ မရှိဘူး။

တကယ်ချုပ်သွားတဲ့ ပုဂ္ဂိုလ်ဟာ နောက်တစ်ချိန် ထိုင်တဲ့အခါမှာ ခဏ ခဏ ချုပ်တယ်။ အဲဒါ မှတ်ကျောက်ပဲ။ ဥပမာ-မနက် (၉း၀၀) နာရီ၊ (၁၀း၀၀)နာရီမှာ ချုပ်တယ်ဆိုပါတော့။ နေ့ဆွမ်းစားပြီး နေလယ်



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

(၁၂း၀၀)နာရီ ပြန်ထိုင်တဲ့အခါမှာ ချုပ်တဲ့နေရာကို မကြာခဏပြန်ရောက်တယ်။ တော်ကြာရင်း ချုပ်သွားရင်း၊ တော်ကြာရင်း ချုပ်သွားရင်း။ ဘာမျှ အဓိဋ္ဌာန်ဝင်တာ မဟုတ်သေးဘူး။ သမာဓိအရှိန်က ကောင်းနေတော့ ဝသီဘော်နိုင်သွားသလို ဖြစ်နေတာ။ တစ်ရက်နှစ်ရက် ဒီအတိုင်းပဲ ခဏခဏ ချုပ်တယ်။

ဝသီဘော်နိုင်ရင် ဖလသမာပတ် ဝင်စားလို့ရတယ်။ ဖိုလ်ဝင်စားလို့ ရတယ်။ ဒါကိုပြောတာ။

ဖိုလ်ဝင်စားတာနဲ့ ပတ်သက်ပြီး အခုခေတ်ပေါ်တွေကလည်း ရှိနေတော့ မထိခိုက်အောင် ရှောင်ပြောနေရတယ်။ သာသနာ မညစ်နွမ်းအောင် သာ ရည်ရွယ်ပြီး ပြောနေရတာ။ အစစ်အမှန်မဟုတ်တာတွေက များနေပြီ။ မဂ်စစ်၊ မစစ် ဖိုလ်နဲ့စစ်တဲ့နေရာမှာတောင် တစ်မျိုးတွေ ဖြစ်နေကြတယ်။ တချို့ အဓိဋ္ဌာန်ပုံက······

"တပည့်တော် မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ရရင် ထိုင်နေရင်းနဲ့ နောက်ကို ပက်လက်လန်လဲပါစေ"

ဒီလို အဓိဋ္ဌာန်ကြတယ်။ တချို့လည်း ဘုန်းဆို လဲသွားတာပဲ။ တချို့ကျတော့ တစ်မျိုး။ ဖိုလ်ဝင်စားတယ်ဆိုတဲ့ အချိန်မှာ ခန္ဓာကိုယ်က တောင့်တောင့်ကြီး ဖြစ်နေတယ်။

ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ကြီး ရိပ်သာမှာတော့ အဲဒီလို မဟုတ်ဘူး။ ရောက်ဖူးတဲ့နေရာကို ပြန်ရောက်ပါစေဆိုတဲ့ သဘောနဲ့ ရိုးရိုးလေးအဓိဋ္ဌာန်ပြီး ဖောင်းတယ်၊ ပိန်တယ်ဖြစ်ဖြစ်၊ ထိုင်တယ်၊ ထိတယ် ဖြစ်ဖြစ် ထင်ရှားရာကိုပဲ ပြန်မှတ်ရတယ်။ နောက်ကျတော့ ချုပ်တဲ့နေရာ ပြန်ရောက်သွားတယ်။

ပစ်လဲတာတို့၊ တောင့်တောင့်ကြီးဖြစ်တာတို့ မပါဘူး။ ငြိမ့်ကနဲတို့ ချိုက်ခနဲတို့ဆိုတာလည်း တစ်ခါတလေ ထိုင်ရင်းနဲ့ ပီတိသဘောမျိုး



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ဖြစ်တတ်တာပဲ။ သမာဓိအားကောင်းတဲ့အခါမှာ တစ်ခါတလေကျရင်ချုပ် သလို ဖြစ်သွားတတ်တယ်နော်။ ခဏလေး၊ စက္ကန့်ပိုင်းလေး။ တကယ် ချုပ်တာတော့ မဟုတ်ဘူး။ မှားတတ်တယ်။

ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ဘုရားကြီးက ဘယ်လိုမိန့်သလဲ ဆိုတော့·····

"သောတာပန်ဆိုတာ ချိုပေါက်လာတာ မဟုတ်ဘူး။ အသားအရေ စိုပြည်ပြီး ရုပ်အဆင်းက လှလာတာလည်း မဟုတ်ဘူး။ စိတ်ထဲမှာ ကိလေသာပါးရှားပြီး သောတာပန်စိတ်ပေါ်လာတာကို သောတာပန်လို့ခေါ် တာ။ သေသေချာချာ မှတ်ထားကြ"

အချိန်ယူပြီး သေသေချာချာစစ်ကြည့်ကြနော်။ သောတာပန်တကယ် မဖြစ်သေးဘဲ ကိုယ့်ကိုယ်ကို အထင်းမကြီးမိကြစေနဲ့။ အခုလို သာသနာ အတွင်းမှာ လူလာဖြစ်ဖို့ဆိုတာ လွယ်တာမဟုတ်ဘူး။ အချိန်လွန်မှ သိရရင် ကိုယ်ပဲ နစ်နာမှာ။ စာ-၂၀၇

ဤစာအုပ်သည် ခေတ်အခြေအနေ၊ ခေတ်ကာလအလျောက် တရားရှာ၊ တရားအားထုတ်ကြသည့် ယောဂီများ လမ်းမမှား၊ အယူ မမှား၊ ဆုံးဖြတ်ချက်မမှားရအောင် ကူညီပေးနိုင်မည့် ဓမ္မလမ်းညွှန်ဖြစ် သည်ဟု ဆိုချင်ပါသည်။

ဤစာအုပ်ကို အထပ်ထပ် အခါခါဖတ်၍ မိမိသန္တာန်၌ ကပ်ငြိ နေသော တဏှာ၊ မာန၊ ဒိဋ္ဌိနှင့်ယှဉ်သည့် အတွေးမှားများ ဖယ်ရှားနိုင် ကြပါစေဟု ဆုတောင်းမေတ္တာပို့သလိုက်ရပါတော့သည်။

မြသန်းစံ
(၃၀-၆-၂၀၁၀)



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

## မြစိမ်းတောင်စမ္မာစာပေဖြန့်ပွားရေးအဖွဲ့၏ အသိပေးလွှာ

နိဒါန်းစကားရေးသားချီးမြှင့်ပေးတော်မူသော နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်ကြီး **ဘဒ္ဒန္တဝိပုလ**နှင့် စာမူကြမ်းများကို စိစစ်ပေးသော ရန်ကုန်မြို့ မေတ္တာဂုဏ်ရည်သာသနာ့ရိပ်သာနာယက **ဘဒ္ဒန္တဝိဇယ** ဆရာတော်တို့အားလည်းကောင်း၊

အမှာစကားဦးကို ကသိုလ်ယူရေးသားပေးသော ဆရာမြသန်းစံနှင့် စာမူချောများကို ကသိုလ်ယူပြန်လည်စိစစ်ပေးသော ဆရာဦးသောင်းလွင် ( B.A. သကျသီဟဝဋ္ဋိသကာနှင့်အစိုးရဓမ္မာစရိယ) တို့အားလည်းကောင်း၊

ကသိုလ်ယူထုတ်ဝေဖြန့်ချိပေးသော **ဦးမြသန်းစံ + ဒေါ်သိဂီမိုး** နှင့်အပ္ပမာဒစာစဉ် မိသားစုတို့အားလည်းကောင်း အထူးကျေးဇူး ဥပကာရတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

စာဖတ်ပရိသတ်များ ကြည်ညိုပူဇော်နိုင်စေရန်ရည်ရွယ်၍ မြစိမ်းတောင်ဆရာတော်၏ နိုင်ငံခြားသာသနာပြုခရီးမှတ်တမ်းတင် ဓာတ်ပုံအချို့ကို ထည့်သွင်းပူဇော်ထားပါသည်။

အများအယွင်းနည်းနိုင်သမျှနည်းစေရန်လည်း အကြိမ်ကြိမ် စိစစ်ထားပါသည်။ သို့သော် မောဟမကင်းသူများဖြစ်သောကြောင့်



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ချွတ်ချော်မှားယွင်းချက်များ ရှိကောင်းရှိနိုင်ပါသည်။ ပညာရှင်များက အပြုသဘောဖြင့် ချွတ်ချော်မှားယွင်းချက်များကို ပြုပြင်ပေးမည် ဆိုလျှင် အစဉ်အမြဲကြိုဆိုကာ ပြန်လည်ပြုပြင်သွားမည်ဖြစ်ပါသည်။

ဤစာအုပ်ကို ရန်ကုန်မြို့မှ ဦးခင်ရွှေ+ဒေါ်လှစိုးကြည်မိသားစု၊ နယူးယောက်မြို့မှ ဦးစည်သူဝင်း+ဒေါ်အေးလေးမိသားစု၊ မှော်ဘီမြို့မှ ဆရာမ ဒေါ်နီလာအေး (M.Sc.) မိသားစုတို့က မတည်လှူဒါန်းထား သော'မြစိမ်းတောင်ဓမ္မစာပေပြန့်ပွားရေးထာဝရအလှူတော်ငွေ'ဖြင့် ထုတ်ဝေပါသည်။ ဆက်လက်၍ 'သစ္စာဝါဒ၏အနှစ်သာရ'စတုတ္ထ မြောက်စာအုပ်ကိုလည်း ထုတ်ဝေရန်စီစဉ်ဆောင်ရွက်နေပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

တရားအလှူ ပညာပါရမီအလှူ တိုက်ရိုက်သာသနာပြုအလှူ အဖြစ်ပါဝင်လှူဒါန်းလိုပါက မြစိမ်းတောင်တောရ(၁)ဝိပဿနာကျောင်း တိုက်ကြီးမြို့ (ဖုန်း ၀၅၅-၂၀၃၄၁)၊ အပ္ပမာဒစာစဉ် (ဖုန်း-၅၈၄၇၃၈)၊ ဦးတူး (ဖုန်း-၅၅၄၉၀၀)၊ အလင်းတန်းဓမ္မဒါနလုပ်ငန်း(ယုဇနပလာဇာ) ရန်ကုန်မြို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

**မြစိမ်းတောင်ဓမ္မစာပေပြန့်ပွားရေးအဖွဲ့**



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

## တရားအဖွင့်

ရတနာသုံးပါး ဆရာအား
ဝပ်တွားရှိခိုးပါ၏ဘုရား၊

အားလုံးသတ္တဝါ ဘေးရန်ကွာ
ကျန်းမာချမ်းသာကြစေသား၊

သူတော်ကောင်းဓာတ် တရားမြတ်
လွှမ်းပတ်ကမ္ဘာတည်စေသား၊

**အပ္ပမာဒစာစဉ်**

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

# သောတာပန်ဆိုတာဒီလိုပါ

'သောတာပန်'ဆိုတဲ့အဓိပ္ပာယ်ကို သံယုတ္တနိကာယ် သောတာပတ္တိသံယုတ် ဒုတိယသာရိပုတ္တသုတ်မှာ မြတ်စွာဘုရားရှင်က ...

'ချစ်သားသာရိပုတ္တရာ၊ သောတ သောတ လို့ပြောနေကြတယ်။ ဘာကို သောတလို့ခေါ်တာလဲ'

'ဘုန်းတော်ကြီးတော်မူသောမြတ်စွာဘုရား သောတဆိုတာ မဂ္ဂင်ရှစ်ပါးကိုခေါ်ပါတယ်ဘုရား'

ဒီအဓိပ္ပာယ်ကိုယူရမှာ။'သောတ'ဆိုတာ သဒ္ဒါအနက်အားဖြင့် 'နား'လို့လည်းပြောလို့ရတယ်။ 'ရေအလျဉ်'လို့လည်းပြောလို့ရတယ်။ ဒီနေရာမှာ'ရေအလျဉ်'လို့ယူရမယ်။ ရိုးရိုးရေမဟုတ်ဘူး။ ဓမ္မရေစီးကြောင်း။။

မြစ်ထဲကရေတွေဟာ စီးဆင်းသွားတဲ့အခါ နောက်ဆုံးမှာ ပင်လယ်သမုဒ္ဒရာထဲကိုရောက်သလို၊ မဂ္ဂင်ရှစ်ပါးကို ပွားများအားထုတ်လို့ရှိရင်လည်း နောက်ဆုံးမှာ နိဗ္ဗာန်ကိုရောက်လိမ့်မယ်။ ရေက ပင်လယ်ထဲကို ဦးဆင်းတယ်။ မဂ္ဂင်ရှစ်ပါးက နိဗ္ဗာန်ကိုစီးဆင်းတယ်။ စီးဆင်းတာချင်းတူလို့ ...

**မဂ္ဂင်ရှစ်ပါးရေအလျဉ် ဓမ္မရေအလျဉ်ကို**
**'သောတ'လို့ခေါ်တယ်။**

တချို့ကျတော့ 'သောတ'ဆိုတာ'နား'၊'အာပန္န' ဆိုတာ


WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ရောက်တာ၊ နားကိုတရားရောက်တာ။ တရားနာရင် သောတာပန်ဖြစ်တယ်' ဒီလို ပြောတဲ့သူတွေလည်းရှိတယ်။

မြတ်စွာဘုရားလက်ထက်ကတော့ ဟုတ်တာပေါ့။ တရားနာရင်း သောတာပန်ဖြစ်တဲ့သူတွေလဲ အများကြီး။ ရဟန္တာတောင်ဖြစ်ကြတယ်။ အခုခေတ်က ဖြစ်ပါ့မလား။

'မဖြစ်ပါဘူးဘုရား'

ဘယ်ဖြစ်မလဲ။ ပုဂ္ဂိုလ်ချင်းမှမတူတာ။ အခုခေတ်က နေယျပုဂ္ဂိုလ်နဲ့ ပဒပရမပုဂ္ဂိုလ်တွေပဲရှိတာ။ ဘုရားလက်ထက်ကလို ဥဂ္ဃဋိတညူပုဂ္ဂိုလ်နဲ့ ဝိပဉ္စိတညူပုဂ္ဂိုလ်တွေမရှိတော့ဘူး။

ဥဂ္ဃဋိတညူပုဂ္ဂိုလ်ဆိုတာ တစ်ပုဒ်တစ်ပါဒနာရုံနဲ့ ရဟန္တာဖြစ်နိုင်တဲ့ပုဂ္ဂိုလ်တွေ။ အင်မတန် ဉာဏ်ကောင်းတယ်။ ဝိပဉ္စိတညူပုဂ္ဂိုလ်ကျတော့ တရားတစ်ပုဒ်ကို အကျယ်ဟောရင် သောတာပန် သကဒါဂါမ် အနာဂါမ် ရဟန္တာဖြစ်နိုင်တယ်။ ကဲ တို့သူငါတွေကအပုဒ်တစ်ထောင်လောက်ဟောတာတောင် ဖြစ်ပါ့မလား။

'မဖြစ်ပါဘူးဘုရား'

ဟောတဲ့သူမှမဖြစ်ဘဲ နာတဲ့သူက ဘယ်လိုလုပ်ဖြစ်မလဲ။ ဟောရုံနဲ့မရဘူး။ တရားအားထုတ်ရဦးမယ်။ နာတဲ့သူကလည်း နာရုံနဲ့မရဘူးနော်။ တရားအားထုတ်မှရမယ်။ အဲဒါ နေယျပုဂ္ဂိုလ်လို့ခေါ်တယ်။ အခုခေတ်မှာ နေယျပုဂ္ဂိုလ်နဲ့ ပဒပရမပုဂ္ဂိုလ်တွေပဲရှိတယ်။

ဒါကြောင့်မို့ တရားလည်းနာရမယ်။ တရားလည်းအားထုတ်ရမယ်။ တစ်ခါတည်း နာလို့မရဘူး။ ထပ်ခါထပ်ခါနာရမယ်။ ထပ်ခါထပ်ခါ အားထုတ်ရမယ်။ တစ်နှစ်မှ(၁၀)ရက်လောက်အားထုတ်တာဆိုရင် မဂ်တော့မရဘူး။ ကုသိုလ်ပဲရမယ်။ ကိလေသာက မြင့်မိုရ်တောင် လောက်ရှိတာဗျာ။ (၁၀)ရက်(၁၅)ရက်နဲ့ဘယ်ရမလဲ။



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ဘုရားလက်ထက်ကလူတွေကို သွားမယှဉ်နဲ့။ ပါရမီချင်း ပုဂ္ဂိုလ်ချင်းက တူတာမဟုတ်ဘူး။ အခု ယောဂီတွေလည်း တရားအား ထုတ်နေတာကြာပါပြီဗျာ။ မဂ်လေးဆင့်ဖိုလ်လေးဆင့်ရပြီလား။

'မရသေးပါဘူးဘုရား'

မရသေးဘူးဆိုတော့ တစ်ခါနှစ်ခါအားထုတ်ရုံနဲ့ လမ်းဆုံး မရောက်ဘူးဆိုတာ မထင်ရှားဘူးလား။ဟောတဲ့သူလည်း ဒီအတိုင်းပေါ့ ရဟန္တာမှမဖြစ်သေးဘဲ။ နာရုံ ဟောရုံနဲ့ မပြီးဘူး။ တရားအားထုတ်ရ ဦးမယ်။ လနဲ့နှစ်နဲ့ချီပြီးကို အားထုတ်ရမှာနော်။ ဒုတိယသာရိပုတ္တ သုတ်မှာ မြတ်စွာဘုရားရှင်က ဆက်ပြီးမေးတော်မူတယ်။

'ချစ်သားသာရိပုတ္တရာ သောတာပန္န ဆိုတာဘာကိုခေါ်တာလဲ

'မဂ္ဂင်ရှစ်ပါးရေအလျဉ်သို့ ဦးစွာရောက်တဲ့သူကို ခေါ်တာပါ ဘုရား'။ ဆိုလိုတာက ...

သောတာပတ္တိမဂ်ဉာဏ်ဖိုလ်ဉာဏ်ရတဲ့သူကို ပြောတာ။ မဂ္ဂင် ရှစ်ပါးရေအလျဉ်ကို ဦးစွာရောက်တဲ့ပုဂ္ဂိုလ်ဟာ သောတာပန်ပုဂ္ဂိုလ်ပဲ။ မဂ္ဂင်ရှစ်ပါးရေအလျဉ်ကို ရောက်တယ်ဆိုတာ နိဗ္ဗာန်ကိုမျက်မှောက်ပြု တာပါပဲ။ ဘာနိဗ္ဗာန်လဲဆိုတော့ ခန္ဓာအကြွင်းရှိလျက်နဲ့မျက်မှောက် ပြုတဲ့နိဗ္ဗာန်။ သဉပါဒိသေသနိဗ္ဗာန်။ အဲဒီနိဗ္ဗာန်ကို ဦးစွာရောက်သူ။ ဒီလိုမှသာလျှင် အဓိပ္ပာယ်ပြည့်စုံတယ်။

အပါယ်လေးပါးတံခါးပိတ်ပြီး အနုပါဒိသေသနိဗ္ဗာန်ကို ရောက် ဖို့ စိတ်ချရတဲ့ပုဂ္ဂိုလ်လို့လည်းဆိုနိုင်တယ်။ အနုပါဒိသေသနိဗ္ဗာန် ဆိုတာက ယခုဘဝမှာ သေပြီးတဲ့နောက် ခန္ဓာငါးပါးအသစ် ထပ်မဖြစ် တော့ဘဲ အကြွင်းမဲ့ရုပ်သိမ်းချုပ်ငြိမ်းသွားတဲ့နိဗ္ဗာန်။ မြတ်စွာဘုရားရှင်နဲ့ ရဟန္တာအရှင်မြတ်ကြီးတွေ စံဝင်သွားတဲ့နိဗ္ဗာန်ကိုဆိုလိုတာ။ ။

## အကျိုးကြီးမားတာကိုသိဖို့

သောတာပန်ပုဂ္ဂိုလ်ဖြစ်ရင် ဘယ်လိုအကျိုးကျေးဇူးတွေ ကြီးမားတယ်ဆိုတာ ယောဂီတွေသိမထားသင့်ဘူးလား။

'သိထားသင့်ပါတယ်ဘုရား'

အတိုင်းအဆမရှိလောက်အောင် အကျိုးကျေးဇူးတွေကြီးမား တာကိုသိမှလည်း သောတာပန်ဖြစ်အောင် ကြိုးစားချင်မှာ။အနာထပိဏ် သူဌေးကြီးရဲ့သား မောင်ကာဠကို အကြောင်းပြုပြီးတော့ မြတ်စွာ ဘုရားရှင် ဟောထားတာရှိပါတယ်။

**ပထဗျာ ဧကရဇ္ဇေန၊ သဂ္ဂဿ ဂမနေန ဝါ၊**
**သဗ္ဗလောကာ ဓိပစ္စေန၊ သောတာပတ္တိဖလံ ဝရံ၊**

**သောတာပတ္တိဖလံ**-သောတာပန်အဖြစ်၊သောတာပတ္တိဖိုလ် ရခြင်းသည်၊ **ပထဗျာ ဧကရဇ္ဇေန**-လူ့လောကတစ်ခုလုံးကို အစိုးရ တဲ့ စကြဝတေးမင်း၏ စည်းစိမ်ချမ်းသာထက်လည်းကောင်း၊ **သဂ္ဂဿ ဂမနေန ဝါ**-နတ်ပြည်ဗြဟ္မာပြည်သို့ရောက်ရခြင်းထက် လည်းကောင်း၊ **သဗ္ဗလောကာဓိပစ္စေန ဝါ**-တစ်လောကလုံးကို အစိုးရတဲ့ မဟာဗြဟ္မာ မင်းကြီးအဖြစ်ထက်လည်းကောင်း၊ **ဝရံ**- သာလွန်ကောင်းမြတ်လှပါပေ၏။ ဘာကြောင့်လဲဆိုတော့ ...



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

လူ့ပြည်မှာ တန်ခိုးအာဏာအကြီးဆုံး အချမ်းသာဆုံးဖြစ်တဲ့ စကြဝတေးမင်းဖြစ်ပါစေ၊ နတ်ပြည်ကိုအုပ်ချုပ်တဲ့ သိကြားမင်းဖြစ်ပါစေ၊ ဗြဟ္မာပြည်အုပ်ချုပ်တဲ့ ဗြဟ္မာမင်းဖြစ်ပါစေ၊ သက္ကာယဒိဋ္ဌိရှိနေရင် ကုသိုလ်ကံတွေကုန်တဲ့အခါ အပါယ်လေးပါးကို ပြန်ကျဦးမှာပဲ။ အဆုံးအစမရှိတဲ့ သံသရာထဲမှာကျင်လည်ပြီးတော့ ဘဝဒုက္ခတွေကို ခံနေရဦးမယ်။ သံသရာရဲ့အဆုံးကို မပြောနိုင်သေးဘူး။

သောတာပန်ပုဂ္ဂိုလ်ကျတော့ အဲဒီလိုမဟုတ်ဘူး။ သက္ကာယဒိဋ္ဌိနဲ့ဝိစိကိစ္ဆာကိလေသာနှစ်ပါးကို အမြစ်ပြတ်ပယ်သတ်ပြီးတဲ့အတွက် အပါယ်ကျစေနိုင်တဲ့ကံဟောင်းတွေကုန်ခန်းသွားပြီ။ အပါယ်ကျစေနိုင်တဲ့အကုသိုလ်ကံအသစ်တွေကိုလည်းမလုပ်တော့ဘူး။ ကာမဘုံမှာ အများဆုံး(၇)ဘဝပဲနေရမှာဆိုတော့၊(၇)ဘဝထက်ပိုလွန်ပြီးတော့လည်း သံသရာ ဘဝဆင်းရဲတွေကို မခံစားရတော့ဘူး။

သောတာပန်ပုဂ္ဂိုလ်ဟာ သံသရာရဲ့အဆုံးကိုပြောနိုင်ပြီ။ ငါ ဒီသံသရာထဲမှာ(၇)ဘဝထက်ပိုမနေဘူးဟေ့။ ငါ့မှာ(၈)ခုမြောက်ဘဝ ဆိုတာမရှိစေရဘူး။ နိဗ္ဗာန်ဆိုတာလက်တစ်ကမ်းမှာ။ မြေကြီးလက်ခတ်လို့မလွဲသလို နိဗ္ဗာန်ရောက်ဖို့ဆိုတာမလွဲတော့ဘူး။ ဒီလိုကို လက်ခမောင်းခတ်ပြီးပြောနိုင်တယ်နော်။

မြတ်စွာဘုရားရှင်က ဘယ်လိုဥပမာပေးတော်မူသလဲဆိုတော့ သောတာပတ္တိမဂ်ဉာဏ်ဖိုလ်ဉာဏ်ရသွားလို့ရှိရင် 'ကမ္ဘာမြေကြီးမှာရှိတဲ့ မြေမှုန်တွေလောက်ပမာဏရှိတဲ့ဘဝဒုက္ခတွေက လွတ်မြောက်သွားပြီ။ ကမ္ဘာမြေကြီးမှာရှိတဲ့မြေမှုန်တွေ ရေတွက်လို့ရပါ့မလား'

'မရပါဘူးဘုရား'

သောတာပန်ပုဂ္ဂိုလ်ဟာ ရေတွက်လို့မရနိုင်လောက်တဲ့ဘဝဒုက္ခတွေက လွတ်မြောက်သွားပြီ။ ဘဝဒုက္ခဆိုလို့ လက်သည်းခွံပေါ်က



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

မြေမှုန့်လောက်နည်းနည်းလေးပဲကျန်တော့မယ်။ အများဆုံး(၇)ဘဝပဲ။

အဲဒီ(၇)ဘဝအတွင်းမှာ တဏှာတွေကို အကုန်လုံးပယ်မှပဲ ဆိုပြီး ရှုမှတ်ပွားများလို့ရှိရင် အရဟတ္တမဂ် အရဟတ္တဖိုလ်ကိုရပြီး နိဗ္ဗာန်ကို စံဝင်နိုင်မှာဆိုတော့ အကျိုးမများပေဘူးလားဗျာ။

'များပါတယ်ဘုရား'

အတိုင်းအဆမရှိကိုများတာ။ ဒါကြောင့် သောတာပန်ပုဂ္ဂိုလ် ဖြစ်ရခြင်းဟာ လူမင်း၊ နတ်မင်း၊ ဗြဟ္မာမင်းဖြစ်ရတာထက် သာလွန် ကောင်းမြတ်တယ်လို့ မြတ်စွာဘုရားရှင်က ဟောကြားတော်မူတာ။

ယောဂီအပေါင်းတို့လည်း ကာမဂုဏ်ချမ်းသာတွေကို ရှာဖွေရင်း ခံစားရင်းနဲ့ ဘဝတစ်ခုလုံး အချိန်တွေကိုမကုန်လွန်စေဘဲ သောတာပန် ဖြစ်အောင်၊ တစ်မဂ်တစ်ဖိုလ်ရအောင် မကြိုးစားသင့်ဘူးလား။

'ကြိုးစားသင့်ပါတယ်ဘုရား'

ကြိုးစားသင့်တယ်။ ဒါမှလူဖြစ်ရကျိုးလည်းနပ်မယ်။သာသနာ နဲ့ ကြုံရကျိုးလည်းနပ်မယ်။ရတနာသုံးပါးနဲ့ မိဘဆရာသမားတွေကို ကျေးဇူးဆပ်ရာလည်းရောက်လိမ့်မယ်။ ဗုဒ္ဓဘာသာဝင်ဖြစ်ပြီး သောတာပန်တောင်မဖြစ်ဘဲ သေသွားမယ်ဆိုရင်တော့ မိမိအတွက် လည်း နစ်နာတယ်။ အမျိုးဘာသာ သာသနာအတွက်လည်း အင်မတန်မှ နစ်နာတယ်နော်။



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

## သောတာပန်(၂၄)မျိုး

သောတာပန်က တစ်မျိုးတည်းမဟုတ်ဘူး။ အမျိုးမျိုးရှိသေးတယ်။ သောတာပန်ဖြစ်အောင် ပါရမီဖြည့်ခဲ့မှု ကျင့်ကြံအားထုတ်မှုတွေကို အကြောင်းပြုပြီးတော့ သောတာပန်က (၂၄)မျိုးကွဲပြားသွားတယ်။

ဘဝအပိုင်းအခြားအားဖြင့်(၃)မျိုး

ပြဋ္ဌာန်းသောစရအားဖြင့်(၂)မျိုး

အကျင့်အားဖြင့်(၄)မျိုး၊ အားလုံးမြှောက်တော့(၂၄)မျိုးရှိတယ်။ နည်းနည်းအကျယ်ချဲ့ကြည့်ရအောင် ... ဘဝအပိုင်းအခြားအားဖြင့် ကွဲပြားတဲ့သောတာပန်(၃)မျိုးက ...

(၁) လူ့ပြည်နဲ့နတ်ပြည်မှာ တစ်ဘဝသာဖြစ်ပြီး နိဗ္ဗာန်ကိုဝင်စံမည့် **'ဧကဗီဇသောတာပန်'**

(၂) လူ့ပြည်နဲ့နတ်ပြည်မှာ နှစ်ဘဝမှ ခြောက်ဘဝအထိဖြစ်ပြီး နိဗ္ဗာန်ကိုဝင်စံမည့် **'ကောလံကောလသောတာပန်'**

(၃) လူ့ပြည်နဲ့နတ်ပြည်မှာ ခုနစ်ဘဝဖြစ်ပြီး နိဗ္ဗာန်ကိုဝင်စံမည့် **'သတ္တက္ခတ္တုပရမသောတာပန်'**



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ဖြဟ္မာပြည်ကို နတ်ပြည်ထဲမှာပဲ ထည့်တွက်ရတယ်နော်။ ကျောင်းဒကာကြီး အနာထပိဏ်၊ ဝိသာခါနဲ့သိကြားမင်းတို့လို 'ဘုံစဉ်စံ သောတာပန်'ပုဂ္ဂိုလ်တွေကိုတော့ ချွင်းချက်အနေနဲ့ထားခဲ့မယ်။ ပြဓာန်း သောဓုရအားဖြင့်ကွဲပြားတဲ့သောတာပန်(၂)မျိုးက ...

(၁) ရတနာသုံးပါးကို ကြည်ညိုယုံကြည်ကာ
သဒ္ဓါစေတ်ဦးဆောင်ပြီး သောတာပန်တည်တဲ့
**'သဒ္ဓါဓုရသောတာပန်'**

(၂) ပရမတ်ရုပ်နာမ်ကို ထိုးဖေါက်သိမြင်ကာ
ပညာစေတ်ဦးဆောင်ပြီး သောတာပန်တည်တဲ့
**'ပညာဓုရသောတာပန်'**

အကျင့်အားဖြင့်ကွဲပြားတဲ့သောတာပန်(၄)မျိုးက ...

(၁) ဒုက္ခပဋိပဒါဒန္ဓာဘိညာ၊
**အကျင့်ဆင်းရဲ တရားရနှေးတဲ့သောတာပန်**

(၂) ဒုက္ခပဋိပဒါခိပ္ပာဘိညာ၊
**အကျင့်ဆင်းရဲ တရားရမြန်တဲ့သောတာပန်**

(၃) သုခပဋိပဒါဒန္ဓာဘိညာ၊
**အကျင့်ချမ်းသာ တရားရနှေးတဲ့သောတာပန်**

(၄) သုခပဋိပဒါခိပ္ပာဘိညာ၊
**အကျင့်ချမ်းသာ တရားရမြန်တဲ့သောတာပန်**

(၂၄)မျိုးဘယ်လိုဖြစ်သွားတာလဲဆိုတာသိရအောင် ပြန်ပေါင်း စပ်ကြည့်ရအောင် ...

ဘဝအပိုင်းအခြားအားဖြင့်ကွဲပြားတဲ့ သောတာပန်(၃)မျိုးကို ဓုရအပိုင်းအခြားအားဖြင့်ခွဲခြားလိုက်ရင် ....

သဒ္ဓါဓုရသောတာပန်က(၃)မျိုး



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ပညာဓုရသောတာပန်က(၃)မျိုးဖြစ်မယ်။
အဲဒီသောတာပန်(၆)မျိုးကို အကျင့်အားဖြင့်ထပ်ခွဲလိုက်တော့ ...
အကျင့်ဆင်းရဲတရားရနှေးတဲ့ သောတာပန် (၆)မျိုး၊
အကျင့်ဆင်းရဲတရားရမြန်တဲ့ သောတာပန် (၆)မျိုး၊
အကျင့်ချမ်းသာတရားရနှေးတဲ့သောတာပန် (၆)မျိုး၊
အကျင့်ချမ်းသာတရားရမြန်တဲ့သောတာပန် (၆)မျိုး၊
အားလုံးပေါင်းတော့(၂၄)မျိုး။ ဒီလိုကွဲပြားသွားတာ။ နောက်ထပ်သိဖို့ လိုတဲ့အရေးအကြီးဆုံးအချက်က ...

သောတာပန်ဖြစ်အောင် ဘယ်လိုကျင့်ရမယ်။ ဘာတွေလုပ်ရမယ်ဆိုတာကိုသိဖို့လိုတယ်။ ဆင်ကန်းတောတိုး ရမ်းလုပ်လို့မရဘူး။ မြတ်စွာဘုရား ညွှန်ကြားထားတဲ့အတိုင်းလုပ်ရမှာ။ ဒီခေတ်ဒီခါမှာလည်း ဘုရားပြောတဲ့အတိုင်းလုပ်ရင် သောတာပန်ဖြစ်နိုင်တယ်နော်။ ခေါင်းတုံး တုံး၊ သင်္ကန်းဝတ်ပြီး တောထွက်မှသာ ဖြစ်တာမဟုတ်ဘူး။ အဲဒီလိုလုပ်နိုင်ရင်တော့ ပိုကောင်းတာပေါ့ဗျာ။ ပလိဗောဓနည်းပြီး တရားအားထုတ်ဖို့အချိန်ပိုရတာပေါ့။ ဒါပေမဲ့ ...

မြို့ထဲရွာထဲမှာ အိုးနဲ့အိမ်နဲ့နေပေမဲ့ သောတာပန်ဖြစ်ကြောင်းလေးပါးနဲ့ပြည့်စုံအောင်လုပ်ရင် ယောကျ်ားတွေလည်း သောတာပန်ဖြစ်နိုင်တယ်။ မိန်းမတွေလည်း သောတာပန်ဖြစ်နိုင်တယ်နော်။ အကြောင်းတရားပြည့်စုံအောင်မလုပ်ဘဲနဲ့ အကျိုးတရားကို လိုချင်လို့တော့ ရ'ပါ့မလား။

'မရနိုင်ပါဘူးဘုရား'

လောကီစီးပွားရေးသာ ဖြတ်လမ်းက ရ'ရင်ရမယ်။ တရားကိုတော့ ဖြတ်လမ်းကမရဘူးနော်။ နည်းမှန်လမ်းမှန်နဲ့ ကျားကုတ်ကျားခဲကြိုးစားမှရနိုင်တာ။ ဒါကိုအရင်တုန်းကလည်းဟောဖူးတယ်။ ဒါပေမဲ့


WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

အရေးကြီးလို့ ပိုပြီးတော့ပြည့်ပြည့်စုံစုံဖြစ်သွားအောင် ထပ်ပြောမှာ။ သေသေချာချာအာရုံစိုက်ပြီးနာယူကြ။

မြတ်စွာဘုရားဟောကြားထားတဲ့ သောတာပန်ဖြစ်ကြောင်း လေးပါးက ...

(၁) သပ္ပုရိသသံသေဝေ–
ပညာရှိသူတော်ကောင်းတွေကိုမှီဝဲဆည်းကပ်ရမယ်။

(၂) သဒ္ဓမ္မဿဝန–
သူတော်ကောင်းတရားတွေကိုနာကြားရမယ်။

(၃) ယောနိသောမနသိကာရ–
နှလုံးသွင်းမှန်ရမယ်။

(၄) ဓမ္မာနုဓမ္မပဋိပတ္တိ–
ဝိပဿနာတရားကိုကြိုးကြိုးစားစားအားထုတ်ရမယ်။

'ဟုတ်ပါတယ်ဘုရား'

နည်းနည်းအကျယ်ချဲ့ပြီးကြည့်ကြရအောင် ...



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

## ပညာရှိသူတော်ကောင်းကိုဆည်းကပ်

လောကမှာ အသိရယ် အကျင့်ရယ် နှစ်မျိုးနှစ်စားရှိတယ်။ သိတာက ဝိဇ္ဇာ၊ ကျင့်တာက စရဏ။ သိရုံပဲသိပြီး မကျင့်ဘူးဆိုရင် ပညာရှိလို့မခေါ်ဘူး။ ဗဟုသုတများတဲ့ပုဂ္ဂိုလ်လို့ပဲခေါ်နိုင်တယ်။

ပညာရှိဆိုတာက သိသင့်သိထိုက်တာကို ကွဲကွဲပြားပြား ခြားခြားနားနားသိတယ်။ ရှင်းရှင်းလင်းလင်း မှန်မှန်ကန်ကန်သိတယ်။ သိတဲ့အတိုင်းလည်း ပယ်သင့်ပယ်ထိုက်တာကို ပယ်နိုင်အောင်၊ ပွားသင့်ပွားထိုက်တာကိုပွားနိုင်အောင်ကြိုးစားတယ်။ အသိနဲ့အကျင့် တစ်ထပ်တည်း ဖြစ်တဲ့သူကိုခေါ်တာ။ ပဏ္ဍိတလို့လည်းခေါ်တယ်။

သူတော်ကောင်းက ရတနာမြတ်သုံးပါးကို ရိုသေလေးစားတယ်။ သီလကို ထိန်းသိမ်းစောင့်ရှောက်တယ်။ မကောင်းတာတွေကို မလုပ်ဘူး။ မကောင်းတာတွေကို မပြောဘူး။ မကောင်းတာတွေကို မကြံစည်ဘူး။ အရှက်လည်းရှိတယ်။ အကြောက်လည်းရှိတယ်။ သူတစ်ပါးရဲ့ ကျေးဇူးကို သိတတ်တယ်။ သိတဲ့အတိုင်းလည်း ကျေးဇူးပြန်ဆပ်လေ့ရှိတယ်။ ဒါက သူတော်ကောင်း။

တချို့က သူတော်ကောင်းလို့တော့ ခေါ်နိုင်ပါတယ်။ ပညာမရှိတဲ့အတွက် ပဏ္ဍိတတော့မဟုတ်ဘူး။ ဒါမျိုးလည်းရှိတတ်ပါတယ်။


WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ဒါကြောင့်မို့ ပညာလည်းရှိရမယ်။ သူတော်ကောင်းလည်း ဖြစ်ရမယ်။ အဲဒီလိုပုဂ္ဂိုလ်မျိုးကိုမှီဝဲဆည်းကပ်ရမှာ။ ဒါပေမဲ့ ပညာရှိ သူတော်ကောင်း ကလည်း အဆင့်ဆင့်ရှိသေးတယ်။ တချို့က သီလ လောက်ပဲ ကျင့်တော့ သီလကိုပဲရှေ့တန်းတင်ပြောတယ်။

'မင်းတို့ သမထတွေ ဝိပဿနာတွေ ကြီးကြီးကျယ်ကျယ် လျှောက်ပြောမနေစမ်းပါနဲ့။ ကိုယ်ချင်းစာတရားလေးထားပြီး ငါးပါး သီလလုံအောင် အရင်စောင့်စမ်းပါဦး'

'ခေါင်းပေါင်းကြီးကတလူလူ အောက်ကပုဆိုးမရှိဘူးဖြစ် နေတယ်။ အပေါ်ကိုအသာထားစမ်းပါဦး။ ပုဆိုးကိုအရင်ဝတ်စမ်းပါ။ သီလစောင့်တာလည်း မင်္ဂလာဖိုလ်နိဗ္ဗာန်ကိုရနိုင်ပါတယ်'

သာသနာတွင်းရောက်နေတာ သီလလုံရုံလောက်နဲ့သာသနာ တော်ကြီးနဲ့ကြုံရကျိုးနပ်ပါ့မလား။

'မနပ်ပါဘူးဘုရား'

တချို့ကျတော့လည်း'မင်း ဝ,မရှိဘဲ ဝိလုပ်နေတာ ဝော်သေကုန် ဦးမယ်။ ပြည့်ပြည့်စုံစုံဖြစ်အောင် သမထအရင်လုပ်ဦးမှပေါ့ကွ။သိဒ္ဓိတွေ မဟိဒ္ဓိတွေရအောင်လုပ်ဦး။ မင်းဝိပဿနာက ချက်ချင်းကြီးရတာမှ မဟုတ်ဘဲ'

'မင်းတို့ ဝိပဿနာလုပ်နေတာကြာလှပြီ ဘာမှလည်းမဖြစ်ဘူး။ ငါလုပ်တဲ့အတိုင်း ပုတီး(၁၀၈)ပတ်စိပ်ကြည့်စမ်း။ (၄၅)ရက်ဆို မင်းတို့ သိသာလိမ့်မယ်' ဒီလိုပြောတဲ့သူတွေလည်း မရှိဘူးလား။

'ရှိပါတယ်ဘုရား'

ရှိတယ်။ အဲဒါမျိုးကို သဘောကျတဲ့သူတွေကလည်း အများ ကြီးပဲ။ အရင်ဆုံးသမထလုပ်ပြီး သမာဓိရတော့မှ ဝိပဿနာပြန်ကူးရင် တော့မှန်တယ်နော်။ အဲဒီလိုမဟုတ်ဘဲ သမထနဲ့ပဲလမ်းဆုံးနေတဲ့ပုဂ္ဂိုလ်


WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

မျိုးဆည်းကပ်မိရင်တော့ သေတာသေသွားရော ဝိပဿနာကိုဘာမှ မလုပ်ဖြစ်တော့ဘူး။ အဲဒါဆိုရင်တော့လွဲပြီ။ ကမ္ဘာပေါင်း အသင်္ချေ အနန္တကိုလွဲသွားနိုင်တယ်နော်။

ဆည်းကပ်ရမှာက ကိုယ်တိုင်လည်း အပါယ်တံခါးပိတ်တဲ့ပုဂ္ဂိုလ် ဒါမှမဟုတ် အပါယ်တံခါးပိတ်အောင်ကြိုးစားနေတဲ့ပုဂ္ဂိုလ်၊ အပါယ် တံခါးပိတ်တဲ့လမ်းကို ပိုင်ပိုင်နိုင်နိုင်သိတဲ့ပုဂ္ဂိုလ်၊သူများကိုလည်း အပါယ် တံခါးပိတ်အောင်ညွှန်ကြားနိုင်တဲ့ပုဂ္ဂိုလ်မျိုးကို မှီဝဲဆည်းကပ်ရမယ်။

ဆိုလိုတာက သီလ၊သမာဓိ၊ပညာ သိက္ခာသုံးပါးကိုကိုယ်တိုင် လည်းပြည့်စုံတယ်။ သူများကိုလည်း မဂ်ဉာဏ်ဖိုလ်ဉာဏ်ရအောင် ညွှန်ကြားပြသနိုင်တဲ့ ဆရာကောင်းဆရာမြတ်တွေကိုဆည်းကပ်ပါ။ ဆည်းကပ်တယ်ဆိုတဲ့နေရာမှာ သက်ရှိထင်ရှားရှိနေတဲ့ ရဟန်းသံဃာ ကိုမှ ဆိုလိုတာမဟုတ်ဘူးနော်။

ရှေးဆရာတော်ကြီးတွေရေးသားခဲ့တဲ့ ဝိပဿနာတရားစာအုပ် တွေဖတ်တာ၊ အလုပ်ပေးတရားတိပ်ခွေတွေကိုနာယူတာဟာလည်း ဆည်းကပ်တာပဲနော်။ လူဝတ်ကြောင်ဆရာတွေနဲ့ တရားရသွားတာ တွေလည်းရှိပါတယ်။ ပုဂ္ဂိုလ်နဲ့ဓမ္မ ခွဲခြားတတ်ဖို့တော့လိုတယ်။

သာဓကအနေနဲ့ မြတ်စွာဘုရားလက်ထက်တုန်းက ဒါမာ ဝတီမိဖုရားနဲ့မောင်းမငါးရာဟာ ခုဇ္ဇုတ္တရာကျွန်မ ဟောတဲ့တရားကို နာပြီး သောတာပန်ဖြစ်ကုန်ကြတယ်ဆိုတာကြားဖူးတယ်မဟုတ်လား။

'ကြားဖူးပါတယ်ဘုရား'

ဘုရားဟောတဲ့တရားကို ခုဇ္ဇုတ္တရာက ပြန်ဟောတာပဲ။ ဓမ္မအပေါ်ဉာဏ်မရောက်ဘဲ ပုဂ္ဂိုလ်အပေါ်သောင်တင်နေရင် တရားရပါ့ မလား။

'မရပါဘူးဘုရား'


WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ပုဂ္ဂိုလ်နဲ့ဝမ္မ ခွဲခြားသိပါ။ နောက်ပြီးသတိပေးချင်တာက ခုခေတ်ခုခါမှာကြုံရတဲ့ဆရာသမားဆိုတာကလည်း ရိုးရိုးသာဝက တွေပဲ။ ဘုရားမှမဟုတ်တာ။ ချို့ယွင်းချက်တွေ အားနည်းချက်တွေ ရှိနိုင်ပါတယ်။ ကိုယ်က ပါးနပ်ဖို့နဲ့ လိမ္မာဖို့ပဲလိုတယ်။

ကောင်းတာလေးတွေကို နည်းနာယူ။ ချို့ယွင်းချက်တွေ အားနည်းချက်တွေကို လျစ်လျူရှုပစ်လိုက်။ အပြစ်ပြောမနေနဲ့။ ကိုယ့်အလုပ်ကိုယ်လုပ်။ ကိုယ့်အလုပ်က တရားရဖို့မဟုတ်လား။

'ဟုတ်ပါတယ်ဘုရား'

ပညာရှိသူတော်ကောင်းဆိုတာကတော့ အပါယ်လေးပါးမကျ အောင် မြန်မြန်ဆန်ဆန်နိဗ္ဗာန်ရောက်အောင်ပဲ ဆုံးမညွှန်ကြားမှာ။ ဒကာ ဒကာမတွေ သစ္စာသိဖို့ အဓိကထားပြောမှာပဲ။ သစ္စာသိမှ အပါယ်တံခါးပိတ်မှာကိုး။ အဲဒီတော့ အပြောအဆိုက ကြမ်းချင်လည်း ကြမ်းမယ်။ ရေလိုက်ငါးလိုက်အကြိုက်လိုက်ပြောနေလို့ သစ္စာသိမှာ မဟုတ်ဘူးဗျ။ နားဝင်သာကောင်းတာ။

ကျွေးမွေးပေးကမ်းတယ်ဆိုတာကလည်း ခဏတစ်ဖြုတ်သာ စားရတာ။ သေတော့ အပါယ်တံခါးမပိတ်ဘူး။ တစ်ဘဝကောင်းစားဖို့ ထက် အပါယ်တံခါးပိတ်အောင်၊ မြန်မြန်ဆန်ဆန်နိဗ္ဗာန်ရောက် အောင် ဆုံးမညွှန်ကြားနိုင်တဲ့ဆရာကို ဆည်းကပ်ပါ။ စာပေမှာလည်းရှိ ပါတယ်။

**စာတတ်ချင်ရင် စာတတ်တဲ့ဆရာသမားတွေကို ဆည်းကပ်ပါ။ မဂ်ဉာဏ်ဖိုလ်ဉာဏ် ရ'ချင်ရင် မဂ်ဉာဏ် ဖိုလ်ဉာဏ် ရ'ထားတဲ့ဆရာသမားတွေကိုဆည်းကပ်ပါ။**

ကိုယ်က စာတတ်ချင်တာလား။ စာတတ်ချင်ရင် စာတတ်တဲ့ ဓမ္မာစရိယဘွဲ့ရဆရာတော်တွေ၊ ပိဋကတ်သုံးပုံဆောင်ဆရာတော်



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ဘုရားကြီးတွေထံဆည်းကပ်။ ဒါမှ စာတတ်မှာကိုး။ စာမတတ်တဲ့ ပုဂ္ဂိုလ်တွေဆီသွားဆည်းကပ်ရင် ရနိုင်ပါ့မလား။

'မရနိုင်ပါဘူးဘုရား'

မဂ်ဉာဏ်ဖိုလ်ဉာဏ်ရချင်ရင် မဂ်ဉာဏ်ဖိုလ်ဉာဏ် ရ'ထားတဲ့ လယ်တီဆရာတော်ဘုရားကြီးတို့၊ စွန်းလွန်းဆရာတော်ဘုရားကြီးတို့၊ ဝေဘူဆရာတော်ဘုရားကြီးတို့၊ မိုးကုတ်ဆရာတော်ဘုရားကြီးတို့၊ မဟာစည်ဆရာတော်ဘုရားကြီးတို့ အဲဒီနည်းတွေကို ချဉ်းကပ်ပြီးလုပ်ကြ။ တကယ်ရ'ထားတဲ့ဆရာတော်ဘုရားကြီးတွေရဲ့နည်းကို ဦးထိပ်ပန်ဆင်ပြီးတော့လုပ်ကြ။

ယောဂီတို့ ပရိယတ်နဲ့ပဋိပတ်ကမတူဘူး။ ပိဋကတ်သုံးပုံဆောင်နေပါစေ၊ပဋိပတ်မှလုပ်မထားလို့ရှိရင် ပဋိပတ်ကိုသေသေချာချာရှင်း မပြတတ်ဘူး။ စာလိုပဲလျှောက်ပြောနေမှာ။ ပရိယတ်နဲ့ပတ်သက်ရင်တော့ ကျကျနနရှင်းပြတတ်တာပေါ့ဗျာ။ ဥပမာ ...

မိုးကုတ်ဆရာတော်ဘုရားကြီးနည်းဆိုပါတော့။ ပဋိစ္စသမုပ္ပါဒ်နဲ့ပတ်သက်လို့ဟောထားတာ။ စက်ဝိုင်းကြီးကိုမှလေ့လာမထားရင် နားလည်လွယ်အောင်ရှင်းပြတတ်ပါ့မလား။

'မရှင်းပြတတ်ပါဘူးဘုရား'

သူ့နေရာနဲ့သူ လိုတာပဲယောဂီတို့။ တရားဟောတတ်ပေမဲ့ စာမချတတ်ဘူး။ စာချတတ်ပေမဲ့လို့ တရားရချင်မှရတာ။ တရားရပေမဲ့လို့ ပြေပြေပြစ်ပြစ်မဟောတတ်တာတွေလည်းရှိတယ်။ တချို့ကျတော့ ဘာမဂ်ဘာဖိုလ်မှမရသေးပေမဲ့ ကျကျနနဟောတတ်တယ်။ သူ့ဟာ နဲ့သူကွဲပြားမှုတွေရှိတယ်။ ။


WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

# အရှင်ပေါဋ္ဌိလမထေရ်

မြတ်စွာဘုရားလက်ထက်တုန်းက အရှင်ပေါဋ္ဌိလမထေရ်ကြီး အကြောင်းမှတ်မိသေးလား။ ဂိုဏ်းကြီး(၁၈)ဂိုဏ်းကိုအုပ်ချုပ်ပြီး ရဟန်းသံဃာ(၅၀၀)ကျော်ကို ပိဋကတ်စာပေတွေသင်ကြားပို့ချပေးနေတဲ့ ဂိုဏ်းချုပ်ဆရာတော်ကြီးလေ။

ဒီဘဝတစ်ခုတည်းတင်မဟုတ်ဘူး။ (၇)ဆူကုန်သောဘုရားရှင်တို့ရဲ့သာသနာမှာ ပိဋကတ်သုံးပုံကို အာဂုံဆောင်ခဲ့တဲ့ဆရာတော်ကြီးဖြစ်ပေမဲ့ ဘာမဂ်ဘာဖိုလ်မှမရသေးဘူး။

စာသင်စာချကိစ္စ၊ဂိုဏ်းဂဏကိစ္စတွေနဲ့ပဲ အချိန်ကုန်နေတယ်။ သံသရာဝဋ်ကကျွတ်လွတ်ထွက်မြောက်ဖို့အရေးကျတော့ စိတ်ကူးထဲမထည့်ဘူး။ ဒါကြောင့်မို့ နောက်ပါတပည့်တွေ ခြံရံပြီး မြတ်စွာဘုရားရှင်ကို ဖေတဝန်ကျောင်းမှာ လာဖူးတဲ့အခါတိုင်း မြတ်စွာဘုရားရှင်က

'အချည်းနှီးပေါဋ္ဌိလကြီးပါလား၊ ထိုင်ကြွထိုင်ကြွ'

ပြန်ခါနီးနှုတ်ဆက်ရင်လည်း ...

'အချည်းနှီးပေါဋ္ဌိလကြီး ပြန်တော့မလား'

ဒီလိုမိန့်ကြားတော်မူတယ်။ အရပ်စကားနဲ့ အရှင်းဆုံးပြောရမယ်ဆိုရင် အချည်းနှီးဆိုတာ အလကား အသုံးမကျတဲ့ပုဂ္ဂိုလ်လို့


WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ဆိုလိုတာပဲ။ အဲဒီလို အလကားပုဂ္ဂိုလ်ကြီးလို့ တပည့်တွေရှေ့မှာ နှိမ်ချအခေါ်ခံရတော့ အရှင်ပေါဋ္ဌိလမထေရ်ကြီးစဉ်းစားတော်မူတယ်။

'ငါဟာ ပရိယတ်ဘက်မှာ ပြိုင်ဘက်ကင်းတဲ့ဆရာတစ်ဆူ ဖြစ်တယ်။ တကယ့်အဖိုးတန်ရဟန်းတစ်ပါးလို့တောင်ဆိုနိုင်တယ်။ မြတ်စွာဘုရားရှင်က အခုလိုနှိမ်ချပြီးခေါ်တော်မူတာဟာ ငါ့မှာ ဈာန် မဂ်ဖိုလ်တရားတွေမရှိလို့သာ ဖြစ်ပေလိမ့်မယ်'လို့ ဆင်ခြင်တွေးတော မိပြီး သတိသံဝေဂရကာ တစ်ပါးတည်း တောထွက်သွားတယ်။ သာဝတ္ထိမြို့နဲ့ ယူဇနာ(၁၂၀)လောက်ဝေးတဲ့ နေရာဆိုတော့ မိုင်ပေါင်း (၁၀၀၀)လောက်ဝေးမှာပေ့ါ။ တောကျောင်း လေးတစ်ခုကိုရောက်သွား တယ်။

အဲဒီတောကျောင်းမှာသီတင်းသုံးတဲ့ သံဃာအပါး(၃၀)လုံးက ရဟန္တာတွေချည်းပဲ။ အရှင်ပေါဋ္ဌိလမထေရ်ကြီးက ဝါတော်အကြီးဆုံး တောရဆရာတော်ကြီးထံ ရှိခိုးကန်တော့ပြီး ကမ္မဋ္ဌာန်းတရားပေးဖို့ လျှောက်ထားတယ်။ တောကျောင်းဆရာတော်ကြီးကစဉ်းစားတယ်။

အရှင်ပေါဋ္ဌိလမထေရ်ကြီးဟာ ဂိုဏ်းချုပ်တိပိဋကဆရာတော် ကြီးဖြစ်တယ်။ သူ့မှာရှိနေတဲ့မာနကိုမှ မချနိုင်ရင်တော့ ဆရာ့စကား ကိုလည်း နားထောင်မှာမဟုတ်ဘူး။ တရားထူးတရားမြတ်လည်း ရမှာ မဟုတ်ဘူး။ဒါကြောင့် ဘယ်လိုပြန်ပြီးမိန့်ကြားလိုက်သလဲဆိုတော့ ...

'ငါ့ရှင်ပေါဋ္ဌိလ၊ အရှင်ဘုရားဟာ ပိဋကတ်သုံးပုံကိုမွှေနှောက် ပြီး တရားစစ်တရားမှန်တွေကို သင်ကြားပို့ချနေတဲ့ဂိုဏ်းချုပ်ဆရာ တော်ကြီးတစ်ပါးဖြစ်တဲ့အတွက် တပည့်တော်တို့ကသာ ငါ့ရှင်ပေါဋ္ဌိလ ကိုမှီပြီး မသိသေးတဲ့တရားတွေကို မေးဖို့ရာဖြစ်ပါတယ်'ဆိုပြီး ငြင်းပယ် တော်မူလိုက်တယ်။

ဒါနဲ့ နောက်တစ်ပါးထံသွားတောင်းပြန်ရော။ အငြင်းခံရပြန်


WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

တာပဲ။ ဒီလိုနဲ့ တစ်ပါးပြီးတစ်ပါးပြောင်းပြောင်းတောင်းလာလိုက်တာ နောက်ဆုံး(၇)နှစ်အရွယ်ကိုရင်လေးပဲကျန်တော့တယ်။

အရှင်ပေါဋ္ဌိလမထေရ်ကြီးဟာ တိပိဋကဆိုတဲ့မာန်၊ ဂိုဏ်းချုပ်ဆရာတော်ကြီးဆိုတဲ့မာန်မာနတွေကိုနှိမ်ချလိုက်ပုံများ ကိုရင်လေးထံမှာ အလွန်ကျိုးနွံတဲ့အမူအရာနဲ့ လက်အုပ်ချီပြီးကမ္မဋ္ဌာန်းတရားကို တောင်းတော်မူတယ်။

'သူတော်ကောင်းကိုရင် တပည့်တော်၏မှီခိုရာဖြစ်တော်မူပါ'

'မဖြစ်နိုင်ပါဘူးဆရာတော်ကြီးဘုရား။ တပည့်တော်ကသာ ဆရာတော်ကြီးထံမှာ သင်ယူရမှာပါဘုရား'

'သူတော်ကောင်းကိုရင် တပည့်တော်ကို အခုလိုမငဲ့မညှာဘဲ လျစ်လျူရှုကာ ဥပေက္ခာမပြုကြပါနဲ့။ တပည့်တော်ရဲ့ကိုးကွယ်ရာမှီခိုအားထားရာဖြစ်တော်မူပါ'

'ဒါဆိုရင်ဆရာတော်ကြီးက တပည့်တော်ညွှန်ကြားတဲ့ အတိုင်း တကယ်လုပ်မှာလားဘုရား'

'တကယ်လုပ်မှာပါ။ တပည့်တော်ကို မီးပုံထဲပြေးဝင်ရမယ်လို့ ကိုရင်က ညွှန်ကြားရင်တောင် အခုချက်ချင်းမီးပုံထဲပြေးဝင်လိုက်မယ်'

'ဒါဆို ဆရာတော်ကြီး ဟိုရှေ့မှာမြင်နေရတဲ့ရေကန်ထဲကို ဒီအ တိုင်းဆင်းသွားတော်မူပါဘုရား'

'ကမ္မဋ္ဌာန်းတရားပေးတာနဲ့ ဘယ်လိုများပတ်သက်လို့ရေကန်ထဲကို ဆင်းခိုင်းရတာလဲ' စသဖြင့်

ခွန်းတုံ့ပြန်တာမျိုးလည်းမရှိဘူး။ သင်္ကန်းအဟောင်းတွေ ဘာတွေလည်း လဲမနေတော့ဘူး။ ရေကန်ထဲကို ဆင်းချသွားတာပဲ။ သင်္ကန်းအောက်နားတွေရေစိုသွားတဲ့အခါကျတော့မှ ...

'ဆရာတော်ကြီး ရေကန်ထဲကနေ ပြန်တက်ခဲ့ပါတော့ဘုရား'



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

တက်ဆိုတော့လည်း တက်လာတာပဲ။ ဆရာကနှစ်ခါပြောမနေရဘူး။အဲဒီလိုမာန်မာနတွေမထားဘဲ ကမ္မဋ္ဌာနာစရိယရဲ့စကားကို တစ်သဝေမတိမ်းလိုက်နာတဲ့အတွက် ရဟန္တာကိုရင်လေးက ကျင့်စဉ် အကျဉ်းချုပ်လေး ပေးတော်မူတယ်။

'ကမ္မဋ္ဌာန်းတရားအားထုတ်တယ်ဆိုတာ ခက်ခက်ခဲခဲကြီး မဟုတ်ပါဘူးဘုရား။ ဥပမာအားဖြင့် ... အပေါက် (၆) ပေါက်ရှိတဲ့ တောင်ပို့ထဲကို ဖွတ်တစ်ကောင်ဝင်သွားတယ်ဆိုရင် ဒီဖွတ်ကိုမိအောင် ဘယ်လိုဖမ်းရမလဲဆိုတော့ အပေါက်(၅)ပေါက်ကိုပိတ်ပြီး ဝင်သွားတဲ့ အပေါက်ကနေစောင့်ဖမ်းရမှာမဟုတ်လားဘုရား။

အဲဒီလိုပဲ မျက်စိ နား နှာခေါင်း လျှာ ကိုယ် စိတ်ဆိုတဲ့ ဒွါရ(၆)ပေါက်မှာ (၅)ပေါက်ကိုပိတ်ထားပြီး မနောဒွါရ(စိတ်)ကနေ စောင့်ဖမ်းလိုက်ရင် ကိလေသာသားကောင်ကိုမိပါလိမ့်မယ်ဘုရား'

'ဒီလောက်ဆိုသိပြီကိုရင်။ တပည့်တော်နားလည်သွားပြီ'

အရှင်ပေါဋ္ဌိလမထေရ်ကြီးဟာ ပရိယတ္တိကျွမ်းကျင်ပြီးသားဆိုတော့တစ်ထွာပြရင်တစ်လံမြင်တယ်။ အရိပ်ပြရင်အကောင်ထင်တယ်။ အကျဉ်းချုပ်လေးပြောလိုက်တာနဲ့ ကျင့်တတ်သွားပြီမို့ ဆိတ်ငြိမ်တဲ့ နေရာကိုသွားပြီး တရားကျင့်လိုက်တာ ရဟန္တာဖြစ်သွားတယ်။

ဝတ္ထုဇာတ်ကြောင်းကဒီလောက်ပဲ။ ဒါပေမဲ့ အတုယူစရာ တွေကအများကြီးနော်။ နံပါတ်တစ်အချက်က ...

တရားအားထုတ်မှုမရှိဘဲ တခြားကိစ္စတွေနဲ့သာအချိန်ကုန် နေတဲ့သူတွေကို အလကားပုဂ္ဂိုလ်၊ လူဖြစ်ရှုံးတဲ့ပုဂ္ဂိုလ်လို့ ဘုရားရှင်က မိန့်တော်မူတယ်မဟုတ်လား။

'ဟုတ်ပါတယ်ဘုရား'

ဒါဆို ရာထူးတွေဘယ်လောက်ပဲကြီးကြီး၊ဘွဲ့ထူးဂုဏ်ထူးတွေ



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ဘယ်လောက်ပဲရရ၊ စီးပွားဥစ္စာတွေဘယ်လောက်ပဲချမ်းသာချမ်းသာ၊ အသက်တွေဘယ်လောက်ပဲကြီးကြီး၊ တရားအားမထုတ်လို့ကတော့ အလကားပုဂ္ဂိုလ်၊ လူဖြစ်ရှုံးတဲ့ပုဂ္ဂိုလ်လို့မခေါ်ထိုက်ဘူးလား။

'ခေါ်ထိုက်ပါတယ်ဘုရား'

နံပါတ်နှစ်အချက်က တရားအားထုတ်တဲ့အခါမှာ မာန်မာန တွေကို နှိမ်ချပြီးတော့ တရားပြဆရာညွှန်ပြတဲ့အတိုင်း တစ်သဝေမတိမ်း လိုက်နာမှ တရားထူးတရားမြတ်ရမှာမဟုတ်လား။

'ဟုတ်ပါတယ်ဘုရား'

ဆရာက စကားမပြောကြနဲ့လို့မှာထားရဲ့နဲ့ ဆရာ့ကွယ်ရာမှာ စကားတွေပိုင်းဖွဲ့ပြောနေမယ်ဆိုရင် ဆရာ့စကားနားထောင်ရာရောက် ပါ့မလား။

'မရောက်ပါဘူးဘုရား'

ဆရာ့စကားမှနားမထောင်ရင် တရားရပါ့မလား။

'မရပါဘူးဘုရား'

သတိထားကြနော်။ နောက်နံပါတ်သုံးအချက်ကို အဓိကထား ပြောချင်တာ။ အရှင်ပေါဋ္ဌိလမထေရ်ကြီးဟာ ပိဋကတ်သုံးပုံဆောင် စာချကိုယ်တော်ကြီးဆိုတော့ ဘုရားရှင်ဟောကြားတော်မူထားတဲ့ ကမ္မဋ္ဌာန်းတရားအားလုံးကို သိပြီးသားမဟုတ်လား။

'ဟုတ်ပါတယ်ဘုရား'

ဒါပေမဲ့ ကိုယ်တိုင်တရားအားထုတ်တဲ့အခါကျတော့ ဆရာ ကောင်းကိုရှာရတယ်နော်။ တကယ်တမ်းရ'ထားတဲ့ပုဂ္ဂိုလ်တွေဆီက လက်တွေ့ကျင့်စဉ်တွေကို နည်းခံပြီးအားထုတ်လိုက်တာက ပိုပြီးလွယ် လည်းလွယ်တယ်။ မြန်လည်းမြန်တယ်။

တိပိဋကကိုယ်တော်ကြီးတောင် မဂ်ဉာဏ်ဖိုလ်ဉာဏ်ရချင်တော့



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

မဂ်ဉာဏ်ဖိုလ်ဉာဏ်ရထားတဲ့ဆရာသမားကို ရှာဖွေဆည်းကပ်တာမဟုတ်လား။

'ဟုတ်ပါတယ်ဘုရား'

ဒါကိုယောဂီတွေအတုယူရမှာနော်။ တကယ်ရ'ထားတဲ့ဆရာတော်ကြီးတွေက ဘုရားရှင်ဟောကြားခဲ့တဲ့ ရှုမှတ်နည်းပေါင်းများစွာထဲက သိလွယ်မြင်လွယ် ရှုမှတ်လွယ်တဲ့နည်းတွေကို ညွှန်ပြပေးနေတာပဲ။

ကျေးဇူးတော်ရှင်မဟာစည်ဆရာတော်ဘုရားကြီး ဆိုရင်လည်း အမှတ်ဆက်အောင်ရှုမှတ်တတ်ဖို့ မြန်မြန်ခရီးရောက်တဲ့နည်းကို ကျကျနနသင်ပြပေးနေတာ။ ကြောက်စရာလည်းမလိုဘူး။ လန့်စရာလည်း မလိုဘူး။ ဥပမာ ...

အရိုးစုကိုစိုက်ပြီး'အရိုးစု၊အရိုးစု'နဲ့ရှုတဲ့အခါ လောဘတော့နည်းပါတယ်။ သမာဓိအရှိန်ကြောင့် ကိုယ့်နားတဖြည်းဖြည်းနီးလာတဲ့အခါ ကြောက်လန့်ပြီး စိတ်ကသိကအောက်ဖြစ်သွားနိုင်တယ်။ ကောင်းတော့ကောင်းတယ်။ ဒါပေမဲ့ စိတ်မနိုင်လို့ရှိရင် အန္တရာယ်ဖြစ်နိုင်တယ်။ နောက်ပိတ်ဆုံး ရူးတဲ့အထိဖြစ်မသွားနိုင်ဘူးလား။

'ဖြစ်နိုင်ပါတယ်ဘုရား'

မဟာစည်နည်းနဲ့ဆို အရိုးစုကြီးမြင်ရင် 'မြင်တယ်၊မြင်တယ်' မှတ်လိုက်ရုံပဲ။ အမှတ်မနိုင်လို့မပျောက်သေးရင် ခန္ဓာကိုယ်မှာထင်ရှားရာကိုပြောင်းမှတ်။ ဘာမှကြောက်စရာမရှိဘူး။

မဂ်ဉာဏ်ဖိုလ်ဉာဏ်ရအောင် ညွှန်ကြားပြသနိုင်တဲ့ဆရာကောင်းဆရာမြတ်တွေကိုဆည်းကပ်တဲ့နေရာမှာ ဂိုဏ်းစွဲတာတို့ ဆရာစွဲတာတို့ မလုပ်ပါနဲ့။ များသောအားဖြင့် တရားမရတဲ့ပုဂ္ဂိုလ်က ဂိုဏ်းစွဲတာပဲ။ ငါတို့ဂိုဏ်းမှ ငါတို့ဂိုဏ်း။ ငါတို့ဆရာမှ ငါတို့ဆရာ။



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ဒီလိုလုပ်နေတယ်။ သူများဆရာဆိုအလကားပဲ။

'မင်းတို့ဆရာက ရှုနည်းမှတ်နည်းတွေချည်းပြောနေတယ်။ ဘယ်လိုလုပ် ဒိဋ္ဌိပြုတ်မှာလဲ'

'မင်း သေသေချာချာမလုပ်ဖူးသေးပဲနဲ့ အရမ်းပြောမနေနဲ့။ မင်းတို့က တရားချည်းပဲ နာနေတယ်။ အမှတ်ဆက်အောင်လည်း အားမထုတ်ဘူး။ ဘယ်လိုလုပ်မဂ်ဉာဏ်ဖိုလ်ဉာဏ်ရမှာလဲ'

အဲဒီလို ဝိပဿနာယောဂီတွေ ဆိုင်းဘုတ်စွဲပြီး စကားနိုင်လုနေတာနဲ့ ဆရာသမားတွေလည်း မျက်နှာပျက်စရာဖြစ်နေပြီ။ ငါစွဲတွေပါးအောင် ကုန်အောင်လုပ်နေရင်းက တိုးမှန်းမသိတိုးနေကြတာကို သတိမထားမိကြဘူး။ တချို့က ပြောသေးတယ်။

'ဒီစက်ဝိုင်းကြီးနာစရာမလိုပါဘူးကွာ။ အားထုတ်ရင်ပြီးတာပဲ' အဲဒီလိုဆို အစွန်းရောက်မသွားဘူးလား။

'ရောက်သွားပါတယ်ဘုရား'

ဒီစက်ဝိုင်းကြီးက ဘုရားဟောတဲ့တရားတွေရေးထားတာပဲ။ ဘုရားဟောတဲ့တရားဆို ဘယ်ဆရာတော်ကဟောဟော နာရမှာပဲ။ မျှမျှတတယူကြနော်ယောဂီတို့။

မဇ္ဈိမပဋိပဒါလမ်းစဉ် မဂ္ဂင်ရှစ်ပါးအကျင့်ကိုကျင့်နေကြတဲ့ ဝိပဿနာယောဂီဖြစ်နေပြီးအစွန်းမရောက်ကြစေနဲ့။ အရေးကြီးတာက မဂ်ဉာဏ်ဖိုလ်ဉာဏ်ရအောင်ညွှန်ကြားပြသနိုင်တဲ့ဆရာကောင်းကို ဆည်းကပ်မိဖို့ပဲ။

ညီတော်အရှင်အာနန္ဒာမထေရ်က မြတ်စွာဘုရားရှင်ကို လျှောက်ထားဖူးတယ်။

'ဘုန်းတော်ကြီးတော်မူသောမြတ်စွာဘုရား၊ မဂ်ဖိုလ်ရဖို့ကိစ္စဟာ ဆရာကောင်းနဲ့တွေ့ရင် တစ်ဝက်တော့သေချာသွားပြီလို့ ထင်မိပါ



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

တယ်ဘုရား'

'ချစ်သားအာနန္ဒာ၊ အဲဒီလိုမပြောနဲ့၊ ဆရာကောင်းကိုမှီဝဲဆည်းကပ်ခွင့်ရရင် မဂ်ဖိုလ်ရဖို့ကိစ္စဟာ တစ်ဝက်မဟုတ်ဘူး၊ အပြည့်အစုံအကုန်လုံးပြီးစီးနိုင်တယ်။ ဆရာကောင်းရှိတဲ့သူဟာ မဂ္ဂင်ရှစ်ပါးအကျင့်တရားကို ကြိမ်ဖန်များစွာပွားများအားထုတ်လိမ့်မယ်'

ဒီလိုကို မြတ်စွာဘုရားရှင်ကမိန့်ကြားတော်မူခဲ့တာ။ ဒါကိုသေသေချာချာသတိထားမိဖို့ အရေးကြီးတယ်နော်ယောဂီတို့။

ဆရာပေါင်းမှားရင် မိမိရဲ့ဘဝသံသရာခရီးက တိမ်းစောင်းသွားနိုင်တယ်။ သာသနာထွန်းကားတဲ့အချိန်မှာ လူဖြစ်ဖို့ဆိုတာ လွယ်တာမဟုတ်ဘူးနော်။ သေချာတာကိုလုပ်။ ဆရာအရွေးမှားတတ်တယ်။ ဆရာအရွေးမှန်မှ သောတာပန်ဖြစ်နိုင်တာ။

ဆရာအရွေးမှားရင် မဂ်ဖိုလ်နိဗ္ဗာန်နဲ့လွဲတတ်တယ်နော်။ ဒီတစ်ဘဝတည်း လွဲတယ်မထင်နဲ့။ ကမ္ဘာနဲ့ချီပြီးလွဲသွားနိုင်တာ။ ဒါကြောင့် အခုလက်ရှိအချိန်ကောင်းအခါကောင်းကို တန်ဖိုးထားပါ။ ဆရာကောင်းနဲ့တွေ့ပြီဆို အချိန်မဖြုန်းနဲ့တော့။ သဘော်များ ကျောက်ချသလို စိတ်ကိုကျောက်ချပြီး တစ်စိုက်မတ်မတ် ဆုံးတဲ့အထိ အားထုတ်။အဲဒီလိုမှမဟုတ်ရင် ဆရာရွေးနေတာနဲ့ပဲ အချိန်ကုန်ပြီး သေမင်းကလက်ဦးသွားလိမ့်မယ်။ သဘောပါရဲ့လား။

'ပါပါတယ်ဘုရား'

သောတာပန်ဖြစ်ဖို့အတွက် နောက်တစ်ချက်က သူတော်ကောင်းတရားတွေကိုနာရမယ်။ သစ္စာတရားတွေကိုနာရမယ်။ အထူးသဖြင့် ဝိပဿနာတရားတွေကိုများများနာရမယ်။



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

## ဝိပဿနာတရားကိုနာပါ

ဘာဖြစ်လို့ဝိပဿနာတရားကိုနာရတာလဲ။ မဂ်ဖိုလ်နိဗ္ဗာန် ရောက်ကြောင်းအကျင့်တွေ နည်းလမ်းတွေသိအောင်လို့ ဉာဏ်ပညာ ရအောင်လို့နာရတာ။ နည်းလမ်းမသိဘဲ ဝိပဿနာကို ဘယ်လိုအား ထုတ်မလဲ။

လက်တွေ့တရားအားထုတ်တဲ့အခါ အခက်အခဲတွေအမျိုးမျိုး ကြုံရတယ်။ အဲဒီအခက်အခဲတွေကိုကျော်ဖြတ်နိုင်ဖို့ အလုပ်ပေးတရား တွေကိုနာရတယ်။ မှတ်သားရတယ်။ လိုက်နာရတယ်။

အလုပ်ပေးတရားနာတယ်ဆိုတာ မြတ်စွာဘုရား ညွှန်ကြား ထားတဲ့တရားကျင့်နည်းတွေကို သင်ယူနေတာ။ အဲဒီလိုမှ သင်ယူမှု မရှိဘူးဆိုရင် လမ်းကြောင်းတွေကလွဲချော်နေမှာဆိုတော့ မဂ်ဖိုလ် နိဗ္ဗာန်ကို ရနိုင်ပါတော့မလား။

''မရနိုင်ပါဘူးဘုရား'

မရနိုင်ဘူး။ သင်ဖို့မလိုဘဲ တရားအလုံးစုံကိုသိပြီး မဂ်ဖိုလ် နိဗ္ဗာန်ကိုရောက်တာ ဘုရားပဲရှိတယ်။ ဒါကြောင့် မဂ်ဖိုလ်နိဗ္ဗာန်ကို လိုချင်ရင် သိသင့်သိထိုက်တာတွေကိုသိအောင် တရားနာဖို့လိုတယ်။ တရားနာမှလည်း ရှောင်ရမယ့်တရားတွေ ဆောင်ရမယ့်တရားတွေ ပယ်ရမယ့်တရားတွေကိုသိနိုင်တာ။ ပယ်ရမှာကိုပြောဦးမယ်။



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

**ဘေးကိုမမြင်၊ ခေတ်ကိုချထား၊**
**စောင့်စားပါရမီ၊ ဒွိဟိတ်မည်နှင့်၊**
**ပဏ္ဍိပတိတ်၊ ဤငါးစိတ်သည်၊**
**တိဟိတ်ဘုံစဉ်စံတို့တည်း။**

**ဘေးကိုမမြင်။** ပစ္စုပ္ပန်ဘေးက အလွန်အကျွံခံရ နှစ်တစ်ရာ ပေါ့ဗျာ။ သံသရာဘေးကမှ ပိုကြောက်စရာကောင်းတာ။ အခုလည်း အချိန်မရွေးသေနိုင်တယ်။ သေတဲ့အခါ အပါယ်လေးပါးများကျသွား လို့ရှိရင် ဆင်းရဲဒုက္ခခံရမယ့်နှစ်ပေါင်းက ရေတွက်လို့ရနိုင်ပါတော့မလား။

'မရနိုင်ပါဘူးဘုရား'

အခုလိုသာသနာနဲ့ကြုံပြီး လူလာဖြစ်ဖို့ဆိုတာလွယ်တာ မဟုတ်ဘူးနော်။ နောင်လာမယ့်ဘေးကိုမမြင်တဲ့ပုဂ္ဂိုလ်တွေ တရားကို ကြိုးစားအားထုတ်ချင်တဲ့စိတ် ရှိပါ့မလား။

'မရှိပါဘူးဘုရား'

**ခေတ်ကိုချထား။** ခေတ်ကြီးကမကောင်းပါဘူးကွာ။ စားဝတ် နေရေးကကျပ်တည်း၊ ရောဂါဘယတွေကထူပြောနဲ့ ခေတ်ဆိုးခေတ် ပျက်ကြီးပါ။ တရားအားမထုတ်ချင်တော့ ဟိုပြောဒီပြောလျှောက်ပြော နေတာ။ ကမ္ဘာစစ်ကြီးဖြစ်နေတာမှမဟုတ်ဘဲ။

သစ္စာတရားတွေကို ကြားနာခွင့် အားထုတ်ခွင့်ရနေတဲ့အချိန် ဟာ ခေတ်ပျက်မဟုတ်ဘူး။ အဲဒီလို ခေတ်ကိုလွှဲချပြီး တရားအားထုတ် ဖို့ရှောင်တဲ့စိတ်ဟာ အပါယ်လေးပါးရောက်မယ့်ပုဂ္ဂိုလ်တွေရဲ့စိတ်လို့ ခေါ်တယ်။ အဲဒီစိတ်မျိုးထားရမလား။

'မထားရပါဘူးဘုရား'

**စောင့်စားပါရမီ။** ပါရမီမရှိဘူးချည်းညည်းနေတယ်။ ပါရမီ ရှိလို့ သာသနာထွန်းကားနေတဲ့အချိန်မှာ လူလာဖြစ်တာပေါ့။ ဉာဏ်



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

နဲ့ဝီရိယမရှိဘဲ ပါရမီအပေါ်အပြစ်ပုံချနေတဲ့သူက မဂ်ဖိုလ်နိဗ္ဗာန်ကို ရနိုင်ပါ့မလား။

'မရနိုင်ပါဘူးဘုရား'

**ဒွိဟိတ်**။ မဂ်ဖိုလ်နိဗ္ဗာန်ဆိုတာ တိဟိတ်ပုဂ္ဂိုလ်မှရတာကွ။ တိဟိတ်မဟုတ်ရင်မရဘူး။ ကိုယ့်ဘာသာကိုယ် အပျင်းတစ်ပြီး အားမထုတ်ချင်တိုင်း ဟိတ်ကိုလွှဲချတယ်။

ဒွိဟိတ်လည်းဘာဖြစ်သေး။ အားထုတ်ရင် ဒီဘဝမရလည်း နောက်ဘဝမှာ တိဟိတ်ဖြစ်ဖို့ ပါရမီဖြည့်ပြီးသားဖြစ်တာပဲ။ တရားအားထုတ်တာ အချည်းနှီးဖြစ်တာမှမဟုတ်ဘဲ။ ဟိတ်ကိုလွှဲချနေတာဟာ အပါယ်လေးပါးရောက်မယ့်ပုဂ္ဂိုလ်တွေရဲ့စိတ်လို့ခေါ်တယ်။

**ပဏ္ဍိပတိတ်**။ တရားထူးတရားမြတ်ဆိုတာ အဓိပတိပုဂ္ဂိုလ်တွေမှရတာကွ။ အလောင်းတော်ကြီးတွေမှရမှာပေါ့။ မင်းတို့ ငါတို့လိုပါမွှားတွေက ဘယ်လိုလုပ်ရနိုင်မှာလဲ။

စစ်မရောက်ခင်ကတည်းက မြားကကုန်နေပြီ။ သောတာပန်ဆိုတာ အိုးနဲ့အိမ်နဲ့ သားနဲ့မယားနဲ့ပုဂ္ဂိုလ်တွေလည်း ကြိုးစားရင်ရနိုင်တာပဲ။ ကြိုးစားပြီးအားမထုတ်ချင်တဲ့ အဲဒီလိုစိတ်ဓာတ်မျိုးက တိဟိတ်ဘုံစဉ်စံတို့တည်း။ အဟိတ်တိရစ္ဆာန်ဘုံမှာစံမြန်းရမယ့်စိတ်တဲ့။

ယောဂီတွေက အဲဒီလိုစိတ်မျိုးကို ပယ်ရမှာနော်။ ရှုမှတ်နေရုံနဲ့မပြီးဘူး။အခုလိုပယ်ရမယ့်တရားတွေကို တရားမနာရင်သိပါ့မလား။

'မသိပါဘူးဘုရား'

ဆောင်ရမည့်တရားတွေထဲက ပြောပါဦးမယ်။ ယောဂီတွေ အနေနဲ့ အခုပြောမယ့် (၆)ချက်ကို ပြည့်စုံနိုင်သမျှပြည့်စုံအောင် ကြိုးစားရမယ်နော်။

**လောဘဒေါသ၊မောဟကင်းလို၊**



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

**တောခိုတစ်ဖြာ၊ ဆိတ်ငြိမ်ရာသက်၊ ဝင်မှုထွက်၊ ခြောက်ချက်လောင်းလျှာလိုတော်တည်း။**

ယောဂီဆိုတာ အလောင်းတော်ကြီးတွေရဲ့စိတ်ဓာတ်ကို အတုခိုးရမယ်။ လောဘ ဒေါသ မောဟကင်းလိုတဲ့စိတ်မျိုးရှိရမယ်။ လုံးလုံးကင်းတာမကင်းတာ အသာထားဦး။ ကင်းလိုတဲ့စိတ်မျိုးတော့ရှိကို ရှိရမယ်။

**လောဘ ဒေါသတွေ နည်းနည်းလေးဖြစ်ကတည်းက ပယ် နိုင်အောင်ကြိုးစားရမယ်။ ဆင်ခြင်ပြီးပယ်လို့ရသလို ရှုမှတ်ပြီးလည်း ပယ်လို့ရတယ်နော်။ ကြီးထွားလာမှဆိုရင် ပယ်ဖို့ မလွယ်တော့ဘူး။မချိမဆံ့ပူလောင်ပြီသာမှတ်ပေတော့။**

ဥပမာ ... မီးစလေးနည်းနည်းတောက်လာတဲ့အခါကိုယ်က လက်ဦးအောင်အရင်ငြိမ်းလိုက်နိုင်ရင် အကြီးအကျယ်မလောင်တော့ဘူးပေါ့။ နည်းနည်းလေးပဲဆိုပြီး ပေါ့ပေါ့ဆဆနဲ့ပစ်ထားမယ်ဆိုရင် ခေါင်မိုးအထိ တက်မလောင်နိုင်ဘူးလား။

'လောင်နိုင်ပါတယ်ဘုရား'

သားမယားနဲ့နေပြီး စီးပွားရေးတွေလုပ်ရကိုင်ရနဲ့ဆိုတော့ နှလုံးသားမှာ ရာဂမီးတွေ ဒေါသမီးတွေ လောင်နေတာမဟုတ်လား။

'ဟုတ်ပါတယ်ဘုရား'

နည်းနည်းလေးအားတဲ့အချိန်မှာ တရားနာတာတို့၊ တရားစာအုပ်ဖတ်တာတို့၊ တရားနှလုံးသွင်းတာတို့၊ တရားအားထုတ်တာတို့ မလုပ်ဘဲနဲ့ ကိလေသာဖြစ်စရာတွေကို ကြည့်နေမယ်။ ကိလေသာဖြစ်စရာတွေကို နားထောင်နေမယ်ဆိုရင် မီးလောင်နေတာကို ဓာတ်ဆီလောင်းပေးတာနဲ့မတူဘူးလား။



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

'တူပါတယ်ဘုရား'

ကိလေသာပိုသောင်းကျန်းအောင် အားပေးရမှာမဟုတ်ဘူး။ ကိလေသာကို ပယ်သတ်ချင်တဲ့စိတ်ဓာတ်မျိုး အမြဲတမ်းမွေးထားရမှာ။ အသွေးအသားနဲ့ တည်ဆောက်ထားတော့ ကိလေသာဖြစ်တဲ့အခါ ဖြစ်မှာပေါ့ဗျာ။ ကိုယ်ဖြစ်စေချင်လို့ဖြစ်တာမှမဟုတ်ဘဲ။ သွေးသား ကြောင့်ဖြစ်တာကတော့မတတ်နိုင်ဘူး။ ဒါပေမဲ့ ဖြစ်လာတဲ့ကိလေသာ ကို၊နိုင်အောင်ပယ်သတ်မယ်ဆိုတဲ့စိတ်မျိုးမွေးရမယ်နော်။

တစ်ခါတည်းအကုန်လုံးမပယ်သတ်နိုင်သေးရင်တောင် နည်း နည်းချင်းကစပြီး ပယ်သတ်ရမယ်။ ဘယ်လိုပယ်သတ်မလဲ။ ဥပမာ ဒီနေ့ တစ်နာရီထိုင်တယ်ဆိုရင် နောက်နေ့မှာ တစ်နာရီနဲ့(၁၅)မိနစ် ထိုင်နိုင်အောင် ပိုကြိုးစား။ မနှစ်က တရားရိပ်သာ နှစ်လဝင်ဖြစ်ခဲ့ တယ်ဆိုရင် ဒီနှစ်မှာသုံးလဝင်။ ဒီလိုလုပ်ရမှာမဟုတ်လား။

'ဟုတ်ပါတယ်ဘုရား'

**တောခိုတစ်ဖြာ၊** တောရဆောက်တည်ချင်တဲ့စိတ်မျိုးမွေးရ မယ်။ တောတွေတောင်တွေဆိုတာ ဆူညံသံမရှိဘဲ တိတ်တိတ်ဆိတ် ဆိတ်ဆိုတော့တရားအားထုတ်လို့ပိုကောင်းတယ်။ ကိလေသာဖြစ်စရာ အာရုံနည်းတယ်။

ဗာဟိရကိစ္စလည်းသိပ်မရှိတော့ တရားအလုပ်လုပ်ရတဲ့အချိန် ပိုများတာပေါ့။ မြို့ထဲရွာထဲမှာကတော့ လိုချင်စရာ တပ်မက်စရာ တွယ်တာစရာတွေကများတယ်။ မကင်းရာမကင်းကြောင်းတွေကလည်း ရှိသေးတော့ အလုပ်ပျက်တယ်။

**ဆိတ်ငြိမ်ရာသက်၊** တောထဲမသွားနိုင်လို့ရှိရင်လည်း ဆိတ်ငြိမ် တဲ့ နေရာမှာနေပြီး တရားအားထုတ်ချင်တဲ့စိတ်မျိုးဖြစ်နေရမယ်။ ဆိတ်ငြိမ်တဲ့နေရာမှာက သမာဓိရလွယ်တယ်။ စကားပြောတဲ့အသံတွေ



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

သီချင်းဆိုတဲ့အသံတွေ ဆူဆူညံညံဆိုရင် သမာဓိရဖို့လွယ်ပါ့မလား။

'မလွယ်ပါဘူးဘုရား'

**ဝဋ်မှထွက်၊** သံသရာဝဋ်ဆင်းရဲမှ ထွက်မြောက်လိုတဲ့စိတ်မျိုး မွေးရမယ်။ ဆိုလိုတာက ဝိပဿနာအားထုတ်ချင်တဲ့စိတ်ဖြစ်ရမယ်။ ဒါကိုပြောတာ။ ဝိပဿနာတရားတွေအားထုတ်မှ မဂ်ဉာဏ်ဖိုလ်ဉာဏ် ရပြီး ဝဋ်ဆင်းရဲကလွတ်မြောက်မှာမဟုတ်လား။

'ဟုတ်ပါတယ်ဘုရား'

တရားမနာရင် သံသရာဒုက္ခကိုလည်းမသိဘူး။ ခန္ဓာဒုက္ခကို လည်း မသိဘူးဗျ။ ဒုက္ခရောက်နေတာကို ဒုက္ခရောက်နေမှန်းတောင် မသိရင် အဲဒီဒုက္ခက လွတ်မြောက်ချင်တဲ့စိတ်မျိုးဖြစ်နိုင်ပါ့မလား။

'မဖြစ်နိုင်ပါဘူးဘုရား'

မဖြစ်နိုင်ဘူး။ ဒါကြောင့် တရားများများနာဖို့လိုတယ်။ နာထား တဲ့တရားတွေကိုလည်း ပစ်မထားကြနဲ့နော်။ တရားတွေနာရအောင်ဆိုပြီး အခွေထဲမှာတင်ထည့်မထားကြနဲ့။ VCD တို့ MP3 တို့ DVD တို့ထဲ မှာ ထည့်ထားရုံနဲ့ စာအုပ်ထဲမှာရေးမှတ်ထားရုံနဲ့ တရားရတာ မဟုတ်ဘူး။

အဲဒီခွေထဲကတရား၊ စာအုပ်ထဲကတရားကို နှလုံးသားထဲ ရောက်အောင်လုပ်ရမှာ။ ဟာ ဟိုအခွေကကောင်းတယ်။ ဒီစာအုပ်က ကောင်းတယ်။ ကောင်းတာတော့ဟုတ်ပါပြီ။ အဲဒီထဲက ဘာတွေများ ကိုယ်ကနှလုံးသွင်းထားပြီးပြီလဲ။ ကောင်းတယ် အရမ်းကောင်းတယ်။ ကောင်းရုံနဲ့မပြီးသေးဘူး။ ယူသင့်ယူထိုက်တာကို နှလုံးသွင်းထားရမှာ မဟုတ်လား။

'ဟုတ်ပါတယ်ဘုရား'

နှလုံးသွင်းထားတော့ အသိလည်းမှန်မယ်။ တကယ်လက်တွေ့


WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ကျင့်တဲ့အခါမှာလည်း အသုံးချနိုင်တာပေါ့။ ဒါကြောင့်တရားခွေတွေ ဘာရားစာအုပ်တွေ စုဆောင်းပြီးအလုပ်ပြရုံလောက်လုပ်မနေကြနဲ့။ ရင်ထဲရောက်အောင် တရားနာကြ။ တရားစာအုပ်တွေဖတ်ကြ။

တရားနာတာ ဉာဏ်ပညာရမှ နာရကျိုးနပ်မှာနော်။ သံသရာကိုကြောက်တဲ့ဉာဏ်ပညာ။ သူတော်ကောင်းအလုပ်တွေကို မြတ်နိုးကဲ့ ဉာဏ်ပညာတွေရ ရမယ်။

သောတာပန်ဖြစ်ဖို့ဆိုတာ ကျင့်ရုံတစ်ခုတည်းနဲ့မရဘူး။မှန်မှန်ကန်ကန်ကျင့်တတ်အောင် နှလုံးသွင်းမှန်အောင် သူတော်ကောင်းတရားတွေကိုနာကြားရမယ်။ ပရိညာသုံးပါးကိုလည်း ကွဲကွဲပြားပြားနားလည်ထားဖို့လိုတယ်။

**ဉာတပရိညာဆိုတာကပရိယတ္တိ။**
**တီရဏပရိညာကပဋိပတ္တိ။**
**ပဟာနပရိညာကပဋိဝေဒ။**

ဉာတပရိညာမှာ ဆန်းစစ်ခြင်းကရှေ့ကလာတယ်။ရှုမှတ်ခြင်းကနောက်ကလာတယ်။ ရှုမှတ်နည်းကိုလည်း သင်ကြားပေးတယ်။ တီရဏပရိညာမှာက ရှုမှတ်ခြင်းကရှေ့က။ဆန်းစစ်ခြင်းကနောက်က။ ပဟာနပရိညာကျတော့ ရှုမှတ်ခြင်းရော ဆန်းစစ်ခြင်းရော ဆိတ်သုဉ်းသွားတဲ့သဘောပဲ။ ဆန်းစစ်တယ် ဆင်ခြင်တယ် အတူတူပဲနော်။

ဉာတပရိညာမှာ ဆန်းစစ်ခြင်းကအရေးကြီးတယ်။ ဆန်းစစ်ခြင်းဆိုတာ အသိနဲ့ဒိဋ္ဌိကိုဖြုတ်တာပဲ။ နောက်တစ်ခါ ရှုနည်းမှတ်နည်းကိုကျွမ်းကျင်အောင်လေ့လာရမယ်။ သင်ကြားရမယ်။ ဒါ ဆန်းစစ်နေတာ။ မရှုမမှတ်ခင်ကတည်းက ဆန်းစစ်နေရမယ်။

ရှုမှတ်ခြင်းနဲ့ဆန်းစစ်ခြင်းကို သူ့နေရာနဲ့သူ သုံးတတ်ရတယ်။ ရှုမှတ်ရမယ့်နေရာမှာ ဆန်းစစ်နေရင်လည်း ခရီးမရောက်ဘူး။



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ဆန်းစစ်ရမယ့်နေရာမှာ မဆန်းစစ်ဘူးဆိုရင်လည်း ခရီးမရောက်ဘူး။ ဆန်းစစ်တာကလည်း သဘာဝအလျှောက်ဆန်းစစ်တာနဲ့ လုပ်ပြီး ဆန်းစစ်တာမတူဘူးနော်။ လုပ်ပြီးဆန်းစစ်တာက စိန္တာမယဉာဏ် ဖြစ်သွားတယ်။

ရုပ်(၂၈)ပါး၊ စေတသိက်(၅၂)ပါး၊ စိတ်နဲ့ပေါင်းလိုက်တော့ နာမ် တရားက(၅၃)ပါး။ အဲဒါတွေ ကိုယ်သိတာမဟုတ်ဘူး။ အဲဒါ ဘုရားသိ တဲ့ဉာဏ်။ ကိုယ်ကကျက်မှတ်ထားလို့သာသိတာ။

ရှုမှတ်တဲ့အခါမှာ အဲဒါတွေကို သရုပ်ခွဲနေမယ်။ ဆန်းစစ်နေ မယ်ဆိုရင် စိန္တာမယဉာဏ် ဖြစ်သွားလိမ့်မယ်။ တီရဏပရိညာပိုင်းမှာ ဉာတပရိညာ ဝင်ရှုပ်နေရင်လည်းမှားတယ်။ သူ့နေရာနဲ့သူ အသုံးချ တတ်ရတယ်။

သက္ကာယဒိဋ္ဌိကိုပယ်တဲ့နေရာမှာ ...

(၁) အသိဉာဏ်နဲ့ပယ်တဲ့အပိုင်း (ဉာတပရိညာပိုင်း)

(၂) အပွားဉာဏ်နဲ့ပယ်တဲ့အပိုင်း (တီရဏပရိညာပိုင်း)

(၃) မင်္ဂဉာဏ်ဖိုလ်ဉာဏ်နဲ့ပယ်တဲ့အပိုင်း (ပဟာနပရိညာပိုင်း) ဆိုပြီး သုံးပိုင်းရှိတယ်နော်။



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

## ဒိဋ္ဌိကို ဉာတပရိညာနဲ့အရင်ဖြုတ်

အခုပြောချင်တာက တီရဏပရိညာပိုင်း မဟုတ်သေးဘူး။ ဉာတပရိညာနဲ့ ဒိဋ္ဌိဖြုတ်တာကိုပြောချင်တာ။ တရားနာပြီးတော့ ဖြစ်ဖြစ် လေ့လာဆည်းပူးပြီးတော့ဖြစ်ဖြစ် အသိနဲ့ဖြုတ်တဲ့အပိုင်း။ ဆင်ခြင်ပြီးဖြုတ်တဲ့အပိုင်းကိုပြောမှာ။ ဒိဋ္ဌိဆိုတာ သက္ကာယဒိဋ္ဌိကိုဆို လိုတာ။ ဒိဋ္ဌိနဲ့ဝိစိကိစ္ဆာကိုသတ်နိုင်မှ သောတာပန်ဖြစ်မှာမဟုတ်လား။

'ဟုတ်ပါတယ်ဘုရား'

ပထမအဆင့်သတ်ရမှာကတဏှာမဟုတ်ဘူးနော်။တဏှာက အင်မတန်အင်အားကြီးတော့ ရဟန္တာဖြစ်မှအမြစ်ပြတ်သတ်နိုင်တယ်။ သောတာပန်က ဒိဋ္ဌိနဲ့တွဲနေတဲ့တဏှာလောက်ပဲသတ်နိုင်တာ။ တဏှာ လေးပုံပုံရင်သုံးပုံလောက်ကျန်သေးတယ်။ဒါကြောင့်မို့လည်း သောတာပန် တွေ အိမ်ထောင်သားမွေးပြုကြတယ်။ အလှပြင်ကြတယ်။ စီးပွားရေး တွေလုပ်ကြကိုင်ကြတယ်။

ဒါပေမဲ့ အပါယ်မကျဘူး။ ဒိဋ္ဌိနဲ့ယှဉ်တဲ့တဏှာမှ အပါယ်ကျ တာ။ ဒိဋ္ဌိနဲ့မယှဉ်တဲ့တဏှာက အပါယ်မကျဘူး။ သက္ကာယဒိဋ္ဌိကို ပယ်လိုက်လို့ရှိရင် ကာမရာဂတဏှာကျန်ပေမယ်လို့ အပါယ်မရောက် တော့ဘူး။ သုဂတိဘဝကနေ နိဗ္ဗာန်သွားလိမ့်မယ်။

ဒါကြောင့်မို့ သက္ကာယဒိဋ္ဌိကိုပယ်နိုင်အောင် အရင်ကြိုးစားရ မယ်။ နောက်မှ တဏှာတို့ ဒေါသတို့ မောဟတို့ကို ပယ်နိုင်အောင်



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ဆက်ကြိုးစား။ တစ်ခါတည်းနဲ့ လေးမဂ်လေးဖိုလ်ကို ရည်မှန်းထား လို့ရှိရင် အရမ်းများသွားလို့ ကြောက်လာန်ပြီး မလုပ်ချင်ဖြစ်ဦးမယ်။ လောလောဆယ် တစ်မဂ်တစ်ဖိုလ်ရအောင်လုပ်။ ဆိုလိုတာက သော တာပန်ဖြစ်အောင် သက္ကာယဒိဋ္ဌိကိုအရင်ဖြုတ်။

သက္ကာယဒိဋ္ဌိဆိုတာဘာလဲ။ 'ထင်ရှားရှိတဲ့ ရုပ်နာမ်နှစ်ပါး ခန္ဓာငါးပါးကို သက္ကာယလို့ခေါ်တယ်။ အဲဒီ ရုပ်နာမ်နှစ်ပါးခန္ဓာငါးပါး ကို ငါပဲ သူပဲ ယောကျ်ားပဲ မိန်းမပဲလို့ထင်လိုက်တော့ ဒိဋ္ဌိဖြစ်သွား တယ်'

ပုထုဇဉ်တွေဟာ ရုပ်နာမ်နှစ်ပါးဖြစ်တဲ့ ဒီကိုယ်ကြီးကို ငါလို့ ထင်တယ်။ ယောကျ်ားလို့ထင်တယ်။ မိန်းမလို့ထင်တယ်။ အသက် ကောင် လိပ်ပြာကောင်လို့ထင်တယ်။ အဲဒီလို အထင်မှား အယူမှား တာကိုပဲ သက္ကာယဒိဋ္ဌိလို့ခေါ်တာ။

အမှန်က ရုပ်နာမ်နှစ်ပါးလား။ ငါ သူတစ်ပါး ယောကျ်ား မိန်းမ ပုဂ္ဂိုလ်သတ္တဝါလား။

'ရုပ်နာမ်နှစ်ပါးပါဘုရား'

ရုပ်နာမ်နှစ်ပါး။ ခန္ဓာနဲ့ပြောတော့ ခန္ဓာငါးပါး။ မြင်တိုင်း၊ ကြားတိုင်း၊နံတိုင်း၊ စားတိုင်း၊ ထိတိုင်း၊ ကြံတွေးတိုင်းမှာလည်း ခန္ဓာ ငါးပါးရုပ်နာမ်နှစ်ပါးဟာ ဖြစ်ပြီးပျက်နေတာပဲ။ ဒါကို အမှန်အတိုင်း မသိတဲ့အတွက်ကြောင့် သက္ကာယဒိဋ္ဌိဖြစ်တာ။

ဥပမာ . . အဆင်းတစ်ခုကိုမြင်လိုက်တယ်။ ဘုရားရဟန္တာ တွေဆိုရင် မြင်ကာမတ္တပဲ။ ယောကျ်ားမိန်းမ ဘာမှမစွဲလမ်းဘူး။ တရား ဟောတဲ့အခါ စကားပြောတဲ့အခါ ပညတ်နဲ့ပြောပေမယ်လို့ 'ပိန်းကြာ ရွက်ဖျားရေမနားသလို' ဘာမှမကပ်ငြိဘူး။

ဆွေမျိုးအရင်းခေါက်ခေါက်လည်းမကပ်ငြိဘူး။ သူစိမ်းလည်း



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

မကပ်ငြိဘူး။ တဏှာနဲ့လည်းမကပ်ငြိဘူး။ ဒိဋ္ဌိနဲ့လည်းမကပ်ငြိဘူး။ မာနနဲ့လည်း မကပ်ငြိဘူး။ ဥပါဒါန်တွေအကုန်လုံးပြုတ်နေတယ်။

တို့သူငါတွေကျတော့ အဲဒီလိုမဟုတ်ဘူး။ မြင်လိုက်တာနဲ့ ရုပ်နာမ်လို့မထင်ဘူး။ ယောက်ျားပဲ မိန်းမပဲလို့ထင်တယ်။ ဒိဋ္ဌိဖြစ်သွားတာ။ ပြီးတော့ ခင်မင်တယ်၊ သတိရတယ်၊ တဏှာဖြစ်ပြန်ပြီ။ မခွဲနိုင်မခွာရက် ရင်ထဲမှာစွဲလမ်းသွားတော့ ဥပါဒါန်ဆက်ဖြစ်။လိုချင်တာရအောင်လုပ်တော့ ကံတွေဆက်မြောက်။ သွားပြီ။ ဒုက္ခမျိုးစုံကြုံဖို့သာတွက်ထားတော့။

ဒါကြောင့်မို့ မြင်တိုင်းကြားတိုင်းမှာ ဒိဋ္ဌိတဏှာနဲ့ စွဲလမ်းခြင်းခံရတဲ့ ခန္ဓာငါးပါးရုပ်နာမ်နှစ်ပါးပေါ်တာကို ပေါ်မှန်းသိအောင် ဝိပဿနာရှုနိုင်းတာ။ ဒွါရခြောက်ပါးလုံးကြည့်ရအောင် ...

မြင်တဲ့အခါမှာ မျက်စိအကြည်နဲ့အဆင်းက ရုပ်တရား၊ မြင်သိစိတ်က နာမ်တရား။ မြင်ရုပ်နာမ်တွေဖြစ်ပြီးပျက်သွားတယ်။ အဲဒါကို ပုထုဇဉ်တွေက ငါမြင်တယ်လို့ထင်တယ်။ သူမြင်တယ်လို့ထင်တယ်။ ယောက်ျားကိုမြင်တယ်။ မိန်းမကိုမြင်တယ်။ဒီလိုထင်တယ်မဟုတ်လား။

'ဟုတ်ပါတယ်ဘုရား'

ကြားတဲ့အခါ၊ နားအကြည်နဲ့အသံက ရုပ်တရား၊ ကြားသိစိတ်ကနာမ်တရား။ ကြားရုပ်နာမ်တွေ ဖြစ်ပြီးပျက်သွားတယ်။အဲဒါကို အန္ဓပုထုဇဉ်တွေက ငါကြားတယ် သူကြားတယ်လို့ထင်တယ်။ ယောက်ျားအသံ မိန်းမအသံလို့ထင်တယ်မဟုတ်လား။

'ဟုတ်ပါတယ်ဘုရား'

အနံ့နံတဲ့အခါ၊မွှေးတဲ့အနံ့ပဲဖြစ်ဖြစ် ပုပ်တဲ့အနံ့ပဲဖြစ်ဖြစ် အနံ့နဲ့ နှာခေါင်းအကြည်က ရုပ်တရား၊ နံသိစိတ်က နာမ်တရား။ နံတဲ့အချိန်မှာလည်း ရုပ်နာမ်တွေဖြစ်ပြီးပျက်သွားတယ်။



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

စားတဲ့အခါ၊ ချို ချဉ် ဖန် ခါး ငန် စပ်ဆိုတဲ့အရသာ(၆)ပါးနဲ့ လျှာအကြည်က ရုပ်တရား၊ အရသာသိစိတ်ကနာမ်တရား။ စားတဲ့အချိန်မှာလည်း ရုပ်နာမ်တွေဖြစ်ပြီးပျက်သွားတယ်။

ထိတဲ့အခါ၊ ကြမ်းတမ်းတဲ့သဘော နူးညံ့တဲ့သဘော လှုပ်ရှားတဲ့သဘော၊ တောင့်တင်းတဲ့သဘော ပူတဲ့သဘော နွေးတဲ့သဘော အေးတဲ့သဘောတွေနဲ့ ကိုယ်အကြည်က ရုပ်တရား။ ထိသိစိတ်က နာမ်တရား။ ထိတဲ့အချိန်မှာလည်းရုပ်နာမ်တွေ ဖြစ်ပျက်သွားတာ မဟုတ်လား။

'ဟုတ်ပါတယ်ဘုရား'

အဲဒီလို မြင်တိုင်း ကြားတိုင်း နံတိုင်း စားတိုင်း ထိတိုင်း ကြံတွေးတိုင်းမှာ ခန္ဓာငါးပါး ရုပ်နာမ်နှစ်ပါးဖြစ်ပြီး ပျက်သွားတာကို အမှန်အတိုင်းသိရင် သက္ကာယဒိဋ္ဌိပြုတ်တာပေါ့ဗျ။

အမှန်အတိုင်း မသိဘဲနဲ့ ငါမြင်တယ် ငါကြားတယ်၊ငါနံတယ်၊ ငါစားတယ်၊ ငါထိတယ်၊ ငါကြံတယ်၊ ငါတွေးတယ်၊ ငါသိတယ်နဲ့ တစ်ငါထဲငါနေကြလို့ သက္ကာယဒိဋ္ဌိဖြစ်တာမဟုတ်လား။

'ဟုတ်ပါတယ်ဘုရား'

သိထားဖို့က သက္ကာယဒိဋ္ဌိကို ကမ္မဿကတာသမ္မာဒိဋ္ဌိဉာဏ်နဲ့လည်း မပယ်နိုင်ဘူး။ဈာန်တွေဘယ်လောက်ပဲရရ ဈာန်နဲ့လည်းမပယ်နိုင်ဘူး။ သက္ကာယဒိဋ္ဌိကို ဝိပဿနာဉာဏ်နဲ့မှ ပယ်နိုင်တာ။ တဒင်္ဂပေါ့ဗျာ။ ဝိပဿနာဉာဏ်တွေရင့်ကျက်ပြီး မဂ်ဉာဏ်ဖိုလ်ဉာဏ်ရရင်တော့ အပြီးပြတ် ပယ်သတ်နိုင်တာပေါ့။

ဒါကြောင့်မို့ သက္ကာယဒိဋ္ဌိမဖြစ်အောင် မြင်တိုင်း ကြားတိုင်း နံတိုင်း စားတိုင်း ထိတိုင်း သိတိုင်းမှာရှုမှတ်နေရမယ်။ ဘာဖြစ်လို့ ရှုမှတ်ရတာလဲ။



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ပေါ်လာသမျှတွေဟာ သဘောတရားမှန်းသိအောင်လို့ မှတ်ရတာ။ စာပေလိုပြောတော့ ပေါ်လာတာ သင်္ခါရ။ ပျောက်သွားတာ အနိစ္စ။

အဲဒီလို ပေါ်တာပျောက်တာကို သိအောင်လို့ရှုမှတ်နေရတာ။ ပေါ်လာတဲ့သင်္ခါရတရားကို အရင်သိအောင်ပေါ်တိုင်းပေါ်တိုင်း ရှုမှတ်နေရတယ်။

ပေါ်တာကိုသိမှ နောက် ပျောက်တာကိုသိတယ်။ ပေါ်တာကို မသိဘဲ ကျော်ပြီးတော့ ပျောက်တာကိုသိလို့မရဘူး။ ကျော်သိရင် စိတ်ကူးယဉ်သိ။ ကိုယ်တိုင်သိမဟုတ်ဘူး။

ပေါ်တိုင်းပေါ်တိုင်း သတိနဲ့ တွန်းမှတ်နေရတယ်။ ဒါပေမဲ့ သတိက ရှေ့ကသွားတယ်။ ပညာက နောက်ကလိုက်တယ်။ သဒ္ဓါနဲ့ ဝီရိယကဆွဲခေါ်သွားတာ။ သဒ္ဓါ၊ဝီရိယညံ့လို့ရှိရင် သတိလည်းညံ့သွားတယ်။ သဒ္ဓါ၊ဝီရိယအားကောင်းမှ သတိလည်းအားကောင်းတယ်။

သတိအားကောင်းတော့ သမာဓိ ပညာ နောက်ကလိုက်လာတယ်။ ဝိပဿနာဉာဏ်နဲ့ယှဉ်တဲ့ပညာက အဲဒီသက္ကာယဒိဋ္ဌိကို တဒင်္ဂပယ်သတ်သွားတာ။

ဘုရားရဟန္တာတွေကတော့ မြင်တိုင်းကြားတိုင်းမှာ ဥပါဒါနက္ခန္ဓာ ငါးပါးမဖြစ်တော့ဘူး။ တို့သူငါတွေကတော့ မြင်တိုင်းကြားတိုင်းကို ဝိပဿနာရှုရင်ရှု။ ဒါမှမဟုတ် အနိစ္စ ဒုက္ခ အနတ္တ ဆင်ခြင်ရင်ဆင်ခြင်။ အဲဒီနှစ်ခုထဲက တစ်ခုခုကိုမှ မလုပ်လို့ရှိရင် ဒိဋ္ဌိတို့ တဏှာတို့ ဒေါသတို့ ဖြစ်ခွင့်ရှိတဲ့တရားတွေ ဖြစ်တော့တာပဲ။

လောဘဖြစ်လိုက် ဒေါသဖြစ်လိုက် မောဟဖြစ်လိုက်။ အနည်းဆုံး ဒိဋ္ဌိကတော့ဖြစ်တာပဲ။ ယောကျ်ားပဲ မိန်းမပဲနဲ့လေ။

ပေါ်တိုင်းပေါ်တိုင်း သတိ ပညာနဲ့ရှုမှတ်တဲ့အခါကျတော့မှ



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ပေါ်တာပျောက်တာကိုသိတယ်။ပေါ်တာပျောက်တာကိုသိရင် လက္ခဏာရေးသုံးပါး ပါသွားတယ်။

အနိစ္စလည်းသိရာရောက်တယ်။ ဒုက္ခလည်းသိရာရောက်တယ်။ အနတ္တလည်းသိရာရောက်တယ်။ အဲဒါကို တစ်လုံးတည်းပြောတော့ ဒုက္ခသစ္စာဖြစ်သွားတယ်။ အဲဒီ ဒုက္ခသစ္စာက အမှန်တရား။

ရုပ်တွေနာမ်တွေက အရှိတရား။ အရှိတရားနဲ့ အမှန်တရား။ အရှိနဲ့အသိကိုက်အောင်လုပ်နေတာဟာ သက္ကာယဒိဋ္ဌိ ပြုတ်အောင်လုပ်နေတာပဲ။

ရုပ်တွေနာမ်တွေဆိုတာ စာလိုပြောတာ။ ယောဂီတို့ဉာဏ်ထဲမှာထင်တာကတော့ သဘောတွေပဲထင်မှာ။ ပူတဲ့သဘော အေးတဲ့သဘော လှုပ်တဲ့သဘော မှတ်သားတဲ့သဘော နာတဲ့သဘော တိုက်တွန်းတဲ့သဘော သိတဲ့သဘော ဒါတွေထင်မှာမဟုတ်လား။

'ဟုတ်ပါတယ်ဘုရား'

သဘောကိုသိတယ်ဆိုတာ ရုပ်တွေနာမ်တွေကိုသိတာပဲ။ အတူတူပဲနော်။ သဘောဆိုတာ အရှိတရား။ ရှိတာကိုသိဖို့ပဲလိုတာ။ အဲဒီသဘောတွေက ဘယ်လိုဖြစ်နေလဲ။

ပေါ်လိုက်ပျောက်လိုက် ပေါ်လိုက်ပျောက်လိုက် ဖြစ်နေတယ်။ အရှိနဲ့အသိကိုက်တော့ နောက်-အမှန်တရားတွေပါသိလာတယ်။ အမှန်တရားဆိုတာ အနိစ္စ ဒုက္ခ အနတ္တ။ ဒုက္ခသစ္စာပါပဲ။

ရုပ်တွေနာမ်တွေရဲ့ မမြဲတဲ့သဘော၊ ဆင်းရဲတဲ့သဘော၊ အစိုးမရတဲ့သဘော၊ အရှိတရား အမှန်တရားတွေကို သိသောသူ မြင်သောသူသည် မိစ္ဆာဒိဋ္ဌိ အယူမှားကြီးကို ပယ်နိုင်တယ်။

မိစ္ဆာဒိဋ္ဌိကို နှစ်ပိုင်းပိုင်းလို့ရတယ်။ ရုပ်တွေနာမ်တွေကို ငါပဲ သူပဲ ယောက်ျားပဲ မိန်းမပဲလို့ထင်နေတာက သက္ကာယဒိဋ္ဌိလို့ခေါ်တဲ့



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

မဂ္ဂင်မိစ္ဆာဒိဋ္ဌိ။

သက္ကာယဒိဋ္ဌိက မင်္ဂဖိုလ်နိဗ္ဗာန်ကိုသာတားတာ။ နတ်ရွာသုဂတိတော့ မတားဘူး။ သက္ကာယဒိဋ္ဌိရှိလျက်နဲ့ ကုသိုလ်ကောင်းမှုတွေလုပ်လို့ရှိရင် လူ့ပြည်နတ်ပြည်လည်းရောက်နိုင်တယ်။ ဈာန်တွေရလို့ရှိရင် ဗြဟ္မာပြည်လည်းရောက်နိုင်တယ်။ မင်္ဂဉာဏ်ဖိုလ်ဉာဏ်တော့မရဘူး။ ဒါက မဂ္ဂင်မိစ္ဆာဒိဋ္ဌိ။ နောက် မိစ္ဆာဒိဋ္ဌိတစ်မျိုးက ...

အကြောင်းကိုပယ်တယ်။ အကျိုးကိုပယ်တယ်။ အလုပ်ကိုပယ်တဲ့ 'နိယတမိစ္ဆာဒိဋ္ဌိ'သုံးပါးကို 'ဒုစရိုက်မိစ္ဆာဒိဋ္ဌိ'လို့ခေါ်တယ်။ မဂ္ဂင်မိစ္ဆာဒိဋ္ဌိအားကောင်းလာရင်'ဒုစရိုက်မိစ္ဆာဒိဋ္ဌိ'ဖြစ်သွားတယ်။ 'ဒုစရိုက်မိစ္ဆာဒိဋ္ဌိ'ဖြစ်သွားရင်တော့ သေတဲ့အခါအဝီစိပဲ။ 'ပဥ္စာနန္တရိယကံ'ထက်ပိုပြီးအပြစ်ကြီးတယ်။

အရှိတရားကိုလည်းသိမယ်။ အမှန်တရားကိုလည်းသိမယ်ဆိုရင် သက္ကာယဒိဋ္ဌိကိုပယ်နိုင်တယ်။ သက္ကာယဒိဋ္ဌိကိုပယ်နိုင်ရင် ဒုစရိုက်မိစ္ဆာဒိဋ္ဌိကိုလည်းပယ်နိုင်တယ်။ ဒါကြောင့်မို့လို့ သက္ကာယဒိဋ္ဌိကင်းစင်ရေး ပယ်သတ်ရေးဟာ အင်မတန်အရေးမကြီးဘူးလား။

'အရေးကြီးပါတယ်ဘုရား'

အခုပြောနေတာတွေက သက္ကာယဒိဋ္ဌိကို ဉာတပရိညာနဲ့ပယ်တဲ့အပိုင်းကိုပြောနေတာနော်။ ဝိစိကိစ္ဆာကို ဉာတပရိညာနဲ့ ပယ်တဲ့အပိုင်းကို သွားရအောင်။



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

## ဝိစိကိစ္ဆာဆိုတာဘာလဲ

သောတာပန်ဖြစ်ဖို့ ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာကို အမြစ်ပြတ် ပယ်နိုင်အောင် ကြိုးစားရမှာဆိုတော့ ဝိစိကိစ္ဆာအကြောင်းကိုလည်း ဂဃဏန သိဖို့မလိုဘူးလား။

'လိုပါတယ်ဘုရား'

သိမှပယ်နိုင်မှာပေါ့။ ပထမသိအောင်လုပ်ကြဦး။ ဉာတပရိညာနဲ့ ဒိဋ္ဌိ ဝိစိကိစ္ဆာကင်းမှ ပွားများအားထုတ်တဲ့အခါမှာ အားရှိတယ်။ အဲဒီဝိစိကိစ္ဆာ ကင်းရှင်းဖို့လည်းပဲ လေ့လာရတယ်။ မှတ်သားရတယ်။

ဝိစိကိစ္ဆာဆိုတာ ယုံမှားခြင်းကိုဆိုလိုတာ။ ဒိဋ္ဌိနဲ့တွဲနေတယ်။ အားလုံး(၈)မျိုးရှိတယ်။

(၁) ဘုရားကိုမယုံဘူး။
(၂) တရားကိုမယုံဘူး။
(၃) သံဃာကိုမယုံဘူး။
(၄) သီလ၊သမာဓိ၊ပညာ သိက္ခာသုံးပါးကိုမယုံဘူး။
(၅) သံသရာရဲ့ရှေ့အစွန်းကိုမယုံဘူး။
(၆) သံသရာရဲ့နောက်အစွန်းကိုမယုံဘူး။
(၇) ရှေ့အစွန်းကိုရော နောက်အစွန်းကိုပါမယုံဘူး။
(၈) ပဋိစ္စသမုပ္ပါဒ်ကို အယုံအကြည်မရှိဘူး။


WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ဒီယုံမှားခြင်း(၈)မျိုးဟာ သက္ကာယဒိဋ္ဌိကြောင့် ဆက်ဖြစ်လာတာ။ သက္ကာယဒိဋ္ဌိရှိလို့ သဿတဒိဋ္ဌိနဲ့ ဥစ္ဆေဒဒိဋ္ဌိဆက်ဖြစ်တယ်။ ဒါကြောင့်မို့ သက္ကာယဒိဋ္ဌိပြုတ်ရင် သဿတဒိဋ္ဌိနဲ့ ဥစ္ဆေဒဒိဋ္ဌိလည်း အလိုလိုပြုတ်တယ်။ ဝိစိကိစ္ဆာဆိုတဲ့ ယုံမှားခြင်းလည်း ကင်းသွားတယ်။

ဗုဒ္ဓဘာသာဝင်တွေ ဒါန သီလ ဘာဝနာတွေပြုကြတယ်။ သစ္စာတရားကျကျနနမနာရလို့ရှိရင်ဒိဋ္ဌိဖြစ်တာများတာပဲ။ ငါတို့ပြုတဲ့ ကုသိုလ်ကောင်းမှုတွေကို နောင်ဘဝမှာ ငါတို့ပဲစံရမှာလို့ထင်ကြတယ်။

ကုသိုလ်လုပ်တာလည်း ငါတို့ပဲ။ကုသိုလ်အကျိုးကိုစံရမှာလည်း ငါတို့ပဲ။ ရုပ်နာမ်နှစ်ပါးကို ငါသူထင်နေတဲ့အတွက် သက္ကာယဒိဋ္ဌိလည်း ဖြစ်တယ်။ ယခုပြုတဲ့ငါနဲ့ စံစားရမယ့်ငါကို တစ်ထပ်တည်း ယူထားတဲ့အတွက် သဿတဒိဋ္ဌိလည်း ဖြစ်တယ်။

တချို့ကျတော့ အခုဘဝကိုယ်က အခုဘဝစံ။ နောင်ဘဝကိုယ်က နောင်ဘဝခံ။ ဒီဘဝကိုယ်နဲ့ နောင်ဘဝကိုယ်ကလုံးဝအဆက်အစပ်မရှိဘူး။ သတ်သတ်စီလို့ယူလိုက်တဲ့အတွက် ဥစ္ဆေဒဒိဋ္ဌိဖြစ်သွားတယ်။ အဲဒီလို ပုဂ္ဂိုလ်မျိုးက အကုသိုလ်လုပ်ဖို့ဝန်မလေးတော့ဘူး။

အမှန်က အကြောင်းအကျိုးက ပြတ်သွားတာမဟုတ်ဘူး။ ကမ္မသတ္တိအရအကြောင်းအကျိုးတော့ဆက်စပ်နေတယ်။ သို့သော်လည်းပဲ ဒီဘဝရုပ်နာမ်တွေကဒီဘဝမှာပဲချုပ်တယ်။ ဟိုဘက်ဘဝကို မလိုက်ဘူး။ ဒီဘဝရုပ်နာမ်တွေက ဟိုဘက်ဘဝကိုလိုက်တယ်လို့ ထင်လို့ရှိရင် သဿတဒိဋ္ဌိ။

အကြောင်းကံတွေက ဒီဘက်မှာပဲပြီးသွားတယ်။ ဟိုဘက်ဘဝကို လုံးဝလိုက်ပြီးအကျိုးမပြဘူးလို့ထင်ရင်လည်း ဥစ္ဆေဒဒိဋ္ဌိ။

အဲဒီနှစ်ခုကြားထဲကသွားတာမှ မဇ္ဈိမပဋိပဒါသမ္မာဒိဋ္ဌိ။ အဲဒီ


WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

သမ္မာဒိဋ္ဌိအမြင်မျိုးက သံသယကင်းရှင်းမှုဖြစ်တာ။ မနေ့ကနဲ့ဒီနေ့ ကြည့်ရအောင်။

မနေ့တုန်းက တရားနာထားတဲ့စွမ်းအားကြောင့် ဒီနေ့ တရား တွေပိုသဘောပေါက်တယ်။ မနေ့ကတရားအားထုတ်ခဲ့တဲ့အတွက် ကြောင့် ဒီနေ့ပိုပြီးတော့သမာဓိရလာတယ်။ ပိုထိုင်နိုင်လာတယ်။ဉာဏ် လည်းပိုပွင့်လာတယ်။ ဒါဟာ ကမ္မသတ္တိအရ အကြောင်းအကျိုးတွေ ဆက်စပ်နေလို့ပဲ။ အဲဒီလို အကြောင်းအကျိုးဆက်စပ်တာကို သဘော ပေါက်မှ ဥစ္ဆေဒဒိဋ္ဌိစင်တာ။

အဲဒီလို ကမ္မသတ္တိတွေက အကြောင်းအကျိုးဆက်စပ်နေပေမဲ့ မနေ့တုန်းက ရုပ်နာမ်တွေ ဒီနေ့ပါရဲ့လား။

'မပါပါဘူးဘုရား'

မနေ့တုန်းကရုပ်နာမ်တွေက မနေ့တုန်းကပျက်သွားပြီ။ ဒီနေ့ တစ်တိုတစ်စမှ မပါတော့ဘူး။ အကြောင်းရုပ်နာမ်တွေက အကြောင်း နေရာမှာပဲ ပျက်သွားတယ်။ အကျိုးနေရာကို ပါမလာဘူး။ အဲဒီလို သဘောပေါက်မှ သဿတဒိဋ္ဌိစင်တာ။

ရုပ်နာမ်အဟောင်းပျက်သွားတဲ့နေရာမှာ ရုပ်နာမ်အသစ်တွေ အစားထိုးဖြစ်တယ်။ အဟောင်းပျက်တာကို မြင်လို့ရှိရင် သဿတ စင်တယ်။ အသစ်အစားထိုးဖြစ်တာကိုမြင်ရင် ဥစ္ဆေဒစင်တယ်။

အဲဒီအဟောင်းထဲမှာလည်း ငါ သူတစ်ပါး ယောက်ျား မိန်းမ ပုဂ္ဂိုလ်သတ္တဝါမပါဘူး။ အသစ်အစားထိုးတဲ့ထဲမှာလည်း ငါ သူတစ်ပါး ယောက်ျား မိန်းမပုဂ္ဂိုလ်သတ္တဝါမပါဘူး။ ပျက်သွားတာလည်း ရုပ်ဓမ္မ နာမ်ဓမ္မ။ ပြန်ဖြစ်တာလည်း ရုပ်ဓမ္မနာမ်ဓမ္မ။ ရုပ်ဓမ္မနာမ်ဓမ္မ အစဉ်ကြီး တန်းနေတာကိုဉာဏ်နဲ့မြင်တော့ သက္ကာယဒိဋ္ဌိစင်တယ်။

ရုပ်ဓမ္မနာမ်ဓမ္မတွေ ဘာကြောင့်ဖြစ်လာတာလဲဆိုတဲ့ အကြောင်း



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

တရားအပေါ်မှာ ဉာဏ်မရှင်းလို့ရှိရင်လဲ သံသယ ဝိစိကိစ္ဆာက ဖြစ်လာတတ်သေးတယ်။ ဖန်ဆင်းရှင်ကဖန်ဆင်းလို့ဖြစ်လာတာလား။ ဒါမှမဟုတ် သူ့အလိုလိုဖြစ်လာတာလား။ ဘာကြောင့်ဖြစ်တာလဲ။ ဒါလည်းသိထားဖို့လိုတယ်။

အမှန်က ပထဝီ၊အာပေါ၊တေဇော၊ဝါယောဆိုတဲ့ ဓာတ်ကြီးလေးပါးနဲ့ ဖွဲ့စည်းထားတဲ့ ရုပ်တရားတွေဟာ ကံ၊စိတ်၊ဥတု၊ အာဟာရဆိုတဲ့ အကြောင်းတရားလေးပါးကြောင့်ဖြစ်လာရတာ။

ကံကြောင့် ဖြစ်တဲ့ရုပ်၊ စိတ်ကြောင့်ဖြစ်တဲ့ရုပ်၊ ဥတုကြောင့်ဖြစ်တဲ့ရုပ်၊ အာဟာရကြောင့်ဖြစ်တဲ့ရုပ် ဆိုပြီးအမျိုးမျိုးရှိတယ်နော်။

သူ့အလိုလိုပေါ်လာတာ မဟုတ်သလို တန်ခိုးရှင်က ဖန်ဆင်းလိုက်တာလည်းမဟုတ်ဘူး။အကြောင်းတရားရှိလို့ အကျိုးတရားအဖြစ်ပေါ်လာရတာ။

ကံကြောင့်ဖြစ်တဲ့ရုပ်ဆိုတာက မျက်စိအကြည် နားအကြည် နှာခေါင်းအကြည် လျှာအကြည် ကိုယ်အကြည် မနောအကြည်။ အနည်းဆုံး ဒီလောက်လေးတော့ သိရမယ်နော်။

စိတ်ကြောင့်ဖြစ်တဲ့ရုပ်တွေထဲက သိလွယ်မြင်လွယ်တာလေးတွေ နည်းနည်းပြောကြည့်ရအောင် ...

သွားချင်တဲ့စိတ်ကြောင့် ကိုယ်ခန္ဓာထဲမှာ ဝါယောဓာတ်တွေပြည့်လာပြီး ဘယ်လှမ်းတယ် ညာလှမ်းတယ်နဲ့ သွားတဲ့ရုပ် လှုပ်ရှားတဲ့ရုပ်ကြီးဖြစ်လာရတာ။

သွားရာကနေ ရပ်ချင်တဲ့စိတ်ဖြစ်လာရင်လည်း ဝါယောဓာတ်ကြောင့်ပဲ ရပ်တဲ့ရုပ် တည်ငြိမ်တဲ့ရုပ်ကြီးဖြစ်လာရတာမဟုတ်လား။

'ဟုတ်ပါတယ်ဘုရား'

ရပ်ရာကနေ ထိုင်ချင်တဲ့စိတ်ဖြစ်လာပြန်ပြီဆိုပါတော့။ အဲဒီ



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ထိုင်ချင်တဲ့စိတ်ကြောင့်ပဲ တွန်းကန်ထားတဲ့ ထောက်ကန်ထားတဲ့ ဝါယောဓာတ်တွေကို တဖြည်းဖြည်းလျှော့ချလိုက်ပြီး လေးတွဲကျလာကာ ထိုင်တဲ့ရုပ်ဖြစ်လာတာမဟုတ်လား။

'ဟုတ်ပါတယ်ဘုရား'

နတ်ဗြဟ္မာတွေ တန်ခိုးရှင်တွေက ဖန်ဆင်းလို့ဖြစ်တာလား။ စိတ်ကခိုင်းလို့ဖြစ်တာလား။

'စိတ်ကခိုင်းလို့ဖြစ်တာပါဘုရား'

ယောကျ်ား မိန်းမ ပုဂ္ဂိုလ် သတ္တဝါကထိုင်တာလား။ ရုပ်ကထိုင်တာလား။

'ရုပ်ကထိုင်တာပါဘုရား'

ထိုင်ရာကနေ အိပ်မယ်။ လျောင်းမယ်ဆိုရင်လည်း ဒီအတိုင်းပဲ။လျောင်းချင်တဲ့စိတ်ကြောင့် လျောင်းတဲ့ရုပ်ဖြစ်လာတယ်။ ဒီလိုမဟုတ်လား။

'ဟုတ်ပါတယ်ဘုရား'

ဒါကြောင့် လိုက်ဆိုပါ။

**သွားလိုရုပ်လို၊ ထိုင်နေလို၊ အိပ်လိုစိတ်ဟုသိ။**

**စိတ်ကြောင့်ဖြစ်သော၊ ဓာတ်ဝါယော၊ နှံ့နှောကိုယ်ဝယ်ပြည့်**

**ဝါယောပြည့်သော်၊ ရုပ်သစ်ပေါ်၊ ရုပ်သော်သွားပေ၏။**

**ပုဂ္ဂိုလ်မသွား၊ ငါမသွား၊ ရုပ်သွားဉာဏ်ဖြင့်သိ။**

**ပုဂ္ဂိုလ်မထိုင်၊ ငါမထိုင်၊ ရုပ်ထိုင်ဉာဏ်ဖြင့်သိ။**

**ပုဂ္ဂိုလ်မရပ်၊ ငါမရပ်၊ ရုပ်ရပ်ဉာဏ်ဖြင့်သိ။**

**ပုဂ္ဂိုလ်မအိပ်၊ ငါမအိပ်၊ ရုပ်အိပ်ဉာဏ်ဖြင့်သိ။**



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

အမှန်က စိတ်ကခိုင်းလို့ ရုပ်ကြီးက သွားတယ် လာတယ် ထိုင်တယ် ရပ်တယ် အိပ်တယ် ဒီလိုမဟုတ်လား။

'ဟုတ်ပါတယ်ဘုရား'

ရှေ့ကအရင်ဖြစ်တဲ့စိတ်ကအကြောင်း။နောက်မှဖြစ်တဲ့ ရုပ်က အကျိုး။ အကြောင်းကြောင့် အကျိုးဖြစ်တာနော်။ သူ့အလိုလို ဖြစ်လာတာမဟုတ်ဘူး။ ရုပ်နဲ့နာမ်ဟာ အချင်းချင်းမှီပြီးဖြစ်နေကြတာ။ နာမ်ကို မှီပြီး ရုပ်တွေဖြစ်နေကြသလို ရုပ်ကိုမှီပြီးတော့လည်း နာမ်တွေဖြစ်နေကြတယ်ဆိုတာ သိထားရမယ်နော်။

အကြောင်းတရားရှိလို့ဖြစ်လာကြတဲ့နာမ်တရားတွေကို ယောဂီတွေဖြေကြည့်ပါဦး ...

မျက်စိအကြည်ရုပ်နဲ့ အဆင်းရုပ် ဆုံမိတဲ့အကြောင်းတရားကြောင့်ဖြစ်လာတဲ့အကျိုးနာမ်တရားက ...

'မြင်သိစိတ်ပါဘုရား'

နားအကြည်ရုပ်နဲ့ အသံရုပ် ဆုံမိတဲ့အကြောင်းတရားကြောင့် ဖြစ်လာတဲ့အကျိုးနာမ်တရားက ...

'ကြားသိစိတ်ပါဘုရား'

နှာခေါင်းအကြည်ရုပ်နဲ့ အနံ့ရုပ် ဆုံမိတဲ့အကြောင်းတရားကြောင့် ဖြစ်လာတဲ့အကျိုးနာမ်တရားက ...

'နံ့သိစိတ်ပါဘုရား'

လျှာအကြည်ရုပ်နဲ့ အရသာရုပ် ဆုံမိတဲ့အကြောင်းတရားကြောင့် ဖြစ်လာတဲ့အကျိုးနာမ်တရားက ...

'အရသာသိစိတ်ပါဘုရား'

ကိုယ်အကြည်ရုပ်နဲ့ထိတွေ့စရာရုပ် ဆုံမိတဲ့အကြောင်းတရား



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ကြောင့် ဖြစ်လာတဲ့အကျိုးနာမ်တရားက ...

'ထိသိစိတ်ပါဘုရား'

မနောအကြည်ရုပ်နဲ့ ကြံတွေးစရာဆုံမိတဲ့အကြောင်းတရားကြောင့်ဖြစ်လာတဲ့အကျိုးနာမ်တရားက ...

'ကြံတွေးစိတ်ပါဘုရား'

အဲဒီ ကြားသိစိတ် နံသိစိတ် အရသာသိစိတ် ထိသိစိတ် ကြံတွေးစိတ်တွေကို ခန္ဓာနဲ့ပြောရင်ဘာခန္ဓာလဲ။

'ဝိညာဏက္ခန္ဓာပါဘုရား'

ဝိညာဏက္ခန္ဓာဖြစ်ရင် ကျန်တဲ့ဝေဒနာက္ခန္ဓာ သညာက္ခန္ဓာနဲ့ သင်္ခါရက္ခန္ဓာတွေရောအတူတူဖြစ်မလာဘူးလား။

'ဖြစ်လာပါတယ်ဘုရား'

နာမ်ခန္ဓာလေးပါးက ဖြစ်အတူပျက်အတူပဲ။ ခွဲလို့မရဘူး။ အကြည်ရုပ်တွေနဲ့ အဆင်းအသံစတဲ့အာရုံရုပ်တွေကို ခန္ဓာနဲ့ပြောတော့ ဘာခန္ဓာလဲ။

'ရူပက္ခန္ဓာပါဘုရား'

နာမ်ခန္ဓာကလေးပါး၊ ရုပ်ခန္ဓာကတစ်ပါးဆိုတော့ ခန္ဓာငါးပါး နော်။ဒါဆိုရင် ဒီခန္ဓာငါးပါးဟာ နတ်တွေ ဗြဟ္မာတွေက ဖန်ဆင်းတာ လဲမဟုတ်ဘူး။သူ့အလိုလိုဖြစ်တာလည်းမဟုတ်ဘူး။ အကြောင်းကြောင့် အကျိုးဖြစ်လာတာပဲဆိုတာ ဉာဏ်ထဲမှာရှင်းမသွားဘူးလားဗျာ။

'ရှင်းသွားပါတယ်ဘုရား'

အဲဒီလို ခန္ဓာငါးပါးရုပ်နာမ်နှစ်ပါး ဖြစ်လာရတဲ့အကြောင်း တရားအပေါ်မှာဉာဏ်ရှင်းမှ သံသယဆိုတဲ့ ဝိစိကိစ္ဆာကသေတာ။ အကျိုးတရားဘက်လည်းကြည့်ပါဦး။ ဖြစ်လာတာက ရုပ်တွေနာမ်တွေ



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

လား။ယောက်ျား မိန်းမ ပုဂ္ဂိုလ်သတ္တဝါတွေလား။

'ရုပ်တွေနာမ်တွေပါဘုရား'

အဲဒီလိုအကျိုးတရားအပေါ်မှာဉာဏ်ရှင်းတော့ သက္ကာယဒိဋ္ဌိ ရောသေမသွားဘူးလား။

'သေသွားပါတယ်ဘုရား'

ဒီဘဝမှာဖြစ်နေတဲ့ရုပ်နာမ်တွေအပေါ်မှာ သဘောပေါက်မှ ဘဝပြောင်းတဲ့အခါ ပဋိသန္ဓေနေပုံကိုလှမ်းပြီးသဘောပေါက်တယ်။ ဖောင်းတယ်ပိန်တယ်လို့မှတ်တဲ့အခါမှာ ...

ဖောင်းတက်လာတဲ့သဘောလေးကအကြောင်း၊ မှတ်သိစိတ်ကအကျိုး၊ အကြောင်းအကျိုးဆက်စပ်နေတယ်။ ဖောင်းလာတာက လှုပ်ရှားတဲ့ဝါယောရုပ်။ ဖောင်းတယ်လို့မှတ်လိုက်တာက နာမ်တရား သတိနဲ့ပညာ။

အစတုန်းက ငါတရားမှတ်နေတယ်။ ဒီလိုထင်တာ။ အမှန်က. မှတ်တယ်ဆိုတာ သညာကမှတ်တာ။ သညာနဲ့သတိတွဲပြီးမှတ်တာ။ သတိနဲ့တွဲပြီးမှတ်တော့မှ နောက်က ပညာကလိုက်လာတယ်။ ရုပ်တွေ နာမ်တွေပဲ အကြောင်းအကျိုးတွေပဲလို့ဉာဏ်ရှင်းတော့ ဘာတွေသေ မယ်ထင်လဲယောဂီတို့။

'သက္ကာယဒိဋ္ဌိနဲ့ဝိစိကိစ္ဆာသေမှာပါဘုရား'

ဖောင်းတယ်ပိန်တယ်ပဲဖြစ်ဖြစ် ဝင်လေထွက်လေပဲဖြစ်ဖြစ် ဒီလိုအကြောင်းအကျိုးတွေကို ကျကျနနသဘောမပေါက်ဘူးဆိုရင် ဘဝပြောင်းတဲ့အခါမှာ အယူတွေမှားကုန်ရော။ တို့ဗုဒ္ဓဘာသာဝင်တွေ က သဿတဒိဋ္ဌိယူတာများတယ်။

အသက်ထွက်သွားတယ်။ လိပ်ပြာကောင်လေး ထွက်သွား တယ်။ ခန္ဓာကိုယ်ကြီးကသာ ပုပ်ဆွေးသွားတာ။ အသက်ကောင်



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

လိပ်ပြာကောင်လေးကမသေဘူး။ မပျောက်ဘူး။ မပျက်ဘူး။ ဟိုဘက်ဗိုက်ထဲဝင်သွားတယ်။ ဒီလိုယူတာ။

တချို့က 'လောက်လန်းသဖွယ် ဝိညာဉ်တွယ်' လို့ ဟောကြပြောကြတာတွေရှိတယ်။ လောက်လမ်းတွယ်တယ်ဆိုတာ ရှေ့ပိုင်းကတွယ်ပြီးမှ နောက်ပိုင်းကဖြုတ်တာ။ အဲဒီလိုသာ ဟိုဘက်မှာသွားတွယ်ပြီးမှ ဒီဘက်မှာဖြုတ်တယ်ဆိုရင် ဟိုမှာပဋိသန္ဓေနေပြီးမှ ဒီမှာစုတိစိတ်ကျရမလိုဖြစ်နေပြီ။ အမှန်က စုတိစိတ်ကျပြီးမှ ပဋိသန္ဓေနေတာ။

အယူအဆတွေမှားနေကြတယ်။ အကောင်အထည်နဲ့ ဝိညာဉ်ကောင်၊ လိပ်ပြာကောင်ထင်နေရင် သက္ကာယဒိဋ္ဌိရော သဿတဒိဋ္ဌိပါ အကုန်လုံးပါသွားတာပဲ။

ပဋိသန္ဓေနေတဲ့နေရာမှာ အယူအဆမှားသွားလို့ရှိရင် ပစ္စုပ္ပန်မှာလည်းပဲ အယူအဆမှားတတ်တယ်။ သံသရာမှာလည်း အယူအဆမှားတတ်တယ်။

အတိတ်ဘဝကနေ ပစ္စုပ္ပန်ဘဝကိုရောက်လာပုံ။ ပစ္စုပ္ပန်ဘဝကနေ အနာဂတ်ပြောင်းသွားပုံတွေကို သေသေချာချာသဘောမပေါက်ရင် ဒိဋ္ဌိနဲ့ဝိစိကိစ္ဆာဝင်တတ်တယ်။ ဒုက္ခမှန်းမသိလို့ လိုချင်။ လိုချင်တော့ ရအောင်လို့ ကာယကံ ဝစီကံ မနောကံတွေလုပ်တယ်။ အဲဒီကံတွေကြောင့် ဘဝတွေထပ်ဖြစ်တယ်။

သမ္မာဒိဋ္ဌိဖြစ်ဖို့အတွက် ဥပမာလေးတွေနဲ့ သဒ္ဓမ္မရံသီဆရာတော်ဘုရားကြီးဟောထားတာ လေးငါးမျိုးပဲ။ ပဲ့တင်သံရယ်၊ တံဆိပ်တုံးရိုက်တာရယ်၊ ဖယောင်းတိုင်မီး တစ်တိုင်ကနေ တစ်ခြားဖယောင်းတိုင်တွေကိုမီးကူးတာရယ်၊ မှန်ထဲမှာမြင်ရတဲ့အရိပ်ရယ်။ ဥပမာတစ်ခုလောက်ကြည့်ရအောင် ...

မှန်ကြည့်တဲ့အခါ မှန်ရှေ့မှာရပ်နေတဲ့သူနဲ့ မှန်ထဲမှာပေါ်နေတဲ့



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

အရိပ်ကို လုံးဝမတူဘူးလို့ပြောလို့မရသလို တစ်ခုတည်းအတူတူပဲ လို့လည်း ပြောလို့ရပါ့မလား။

'မရပါဘူးဘုရား'

ရုပ်နေတဲ့သူက မှန်ထဲကို ဝင်သွားတာမှမဟုတ်ဘဲ။ ရုပ်နေတဲ့ သူနဲ့ မှန်ထဲကအရိပ်ဆိုပြီးနှစ်ခုရှိမယ်။ ဒါပေမဲ့ အကြောင်းအကျိုး တော့ဆက်စပ်နေတယ်။ရပ်နေတဲ့သူက ဝ'ရင်မှန်ထဲကအရိပ်ကလည်း ဝ'မယ်။ရပ်နေတဲ့သူကပိန်ရင် မှန်ထဲကအရိပ်ကလည်းပိန်မယ်။ ရပ်နေတဲ့ သူကယောက်ျားဆိုရင် ယောက်ျားပုံပေါ်မယ်။ မိန်းမပုံပေါ်ပါ့ မလား။

'မပေါ်ပါဘူးဘုရား'

ရပ်နေတဲ့သူကလှုပ်ရင် မှန်ထဲကအရိပ်ကလည်းလှုပ်မယ်။ ရပ်နေတဲ့သူကငြိမ်ရင် မှန်ထဲမှာလည်းငြိမ်မယ်။ အကြောင်းအကျိုးတော့ ဆက်စပ်နေတာနော်။ တစ်ခုတည်းတော့မဟုတ်ဘူး။ သပ်သပ်စီ။ အဲဒီ လိုပဲ မှန်ရှေ့မှာရပ်နေတဲ့သူက အတိတ်ဘဝနဲ့တူတယ်။ မှန်ထဲက အရိပ်က ပစ္စုပ္ပန်ဘဝနဲ့တူတယ်။

အတိတ်တုန်းက ကုသိုလ်အကုသိုလ်ပြုခဲ့တဲ့ရုပ်နာမ်တွေက အတိတ်မှာပျက်သွားပြီ။ ပစ္စုပ္ပန်ကို တစ်တိုတစ်စမပါဘူး။ ပစ္စုပ္ပန်မှာ ပေါ်လာတဲ့ရုပ်နာမ်တွေက အသစ်။ အတိတ်တုန်းကရုပ်နာမ်နဲ့မဆိုင် ဘူး။ အဲဒီလို ပျက်တာပြတ်တာကိုသဘောပေါက်မှ သဿတဒိဋ္ဌိ စင်တာ။ ဒါပေမဲ့ ...

အကြောင်းအကျိုးကတော့ ပြတ်မသွားဘူးနော်။ ဆက်စပ်နေ တယ်။ရပ်နေတဲ့သူက ဝ'ရင်၊မှန်ထဲကအရိပ်ကလည်း ဝ'မယ်။ ရပ်နေတဲ့ သူကပိန်ရင် မှန်ထဲကအရိပ်ကလည်းပိန်မယ်။အဲဒီလို အကြောင်းအကျိုး ဆက်နေတာကိုမြင်မှ ဥစ္ဆေဒဒိဋ္ဌိစင်မယ်။



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

အတိတ်တုန်းကကုသိုလ်လုပ်ခဲ့ရင် ပစ္စုပ္ပန်မှာကောင်းကျိုးရမယ်။ အတိတ်တုန်းက အကုသိုလ်လုပ်ခဲ့ရင် ပစ္စုပ္ပန်မှာဆိုးကျိုးရမယ်။ အဲဒီလို အကြောင်းအကျိုးဆက်စပ်ပုံကိုရှင်းတော့မှ သံသယဆိုတဲ့ ဝိစိကိစ္ဆာကကင်းရှင်းတာ။

အဲဒီလိုမှမဟုတ်ရင် ကောင်းတာလည်း ဘုရားကဖန်ဆင်းတယ်။ လူတွေကိုလဲ ဘုရားကဖန်ဆင်းတယ်။ ကမ္ဘာကြီးကိုလည်း ဘုရားက ဖန်ဆင်းတယ်။ တချို့ကျတော့ ဗိဿနိုးကဖန်ဆင်းတယ်။ ဗြဟ္မာကြီး ကဖန်ဆင်းတယ်။ ဒီလိုဖြစ်လာတာ။ အကြောင်းအကျိုးမပါတော့ဘူး။

ပဋိသန္ဓေနဲ့ပတ်သက်လို့ အတိတ်ဘဝနဲ့ပစ္စုပ္ပန်ဘဝ ဆက်စပ်ပုံ၊ သတ္တဝါတွေဖြစ်ပုံပျက်ပုံတွေကို ဦးပဋ္ဌင်းတို့မြတ်စွာဘုရားကသာ ဟောနိုင်တာ။ဘယ်ဘာသာမှ အကြောင်းအကျိုးဆက်စပ်နေတာကို မဟောနိုင်ဘူး။

ရုပ်တွေနာမ်တွေရဲ့ ဖြစ်ပျက်အမြန်နှုန်းနဲ့ပတ်သက်ပြီး မြတ်စွာဘုရားရှင်က ဟောထားသေးတယ်။ ရုပ်တွေနာမ်တွေဟာ တစ်စက္ကန့်လေးတောင် တည်မြဲမနေဘူး။ စက္ကန့်မလပ်ဖြစ်ပျက်နေကြတယ်။

မျက်စိတစ်မှိတ် လက်ဖျောက်တစ်ချက်အတွင်းမှာ နာမ်က ကုဋေတစ်သိန်းဖြစ်ပြီးပျက်တယ်။ ရုပ်က ကုဋေငါးထောင်ကျော် ဖြစ်ပြီး ပျက်တယ်တဲ့။ ယောဂီတို့က တရားမှုနာမထားဘူးဆိုရင် သိနိုင်ပါ့မလား။

'မသိနိုင်ပါဘူးဘုရား'

တရားမနာထားဘူး၊ မသိထားဘူးဆိုရင် မနေ့တုန်းကလည်း ငါပဲ။ ဒီနေ့လည်းငါပဲ။ မနက်ဖြန်လည်းငါပဲ။ ဒီလိုထင်တတ်တယ်။ ပြောရုံဆိုရင်တော့ အပြစ်မရှိပါဘူး။ ပြောတဲ့အတိုင်းထင်ရင်တော့ တစ်ဆက်တည်းယူထားတဲ့အတွက် သဿတဒိဋ္ဌိဖြစ်နေတယ်။



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

‘တပည့်တော် မနက်တုန်းက တရားအားထုတ်လို့မကောင်းဘူး။ ညနေပိုင်းမှာကောင်းလာတယ်’

တရားအားထုတ်တာ မနက်တုန်းကလည်းတပည့်တော်ပဲ။ အခုညနေပိုင်းလည်း တပည့်တော်ပဲလို့ စိတ်ထဲမှာထင်လို့ရှိရင် သဿတဒိဋ္ဌိရော သက္ကာယဒိဋ္ဌိရောဖြစ်တယ်နော်။

သဿတဒိဋ္ဌိဖြစ်ရင် လူ့ပြည် နတ်ပြည်တော့မတားပါဘူး။ မဂ်ဉာဏ်ဖိုလ်ဉာဏ်တော့မရဘူး။ တစ်ဆက်တည်းထင်တယ်၊ တစ်ထပ်တည်းထင်တယ်ဆိုတော့ အပျက်ကိုမမြင်ဘူးပေါ့။ ဝိပဿနာအားထုတ်တယ်ဆိုတာ အပျက်ကိုမြင်အောင်အားထုတ်တာ။

ရုပ်တွေနာမ်တွေရဲ့အပျက်ကိုမြင်မှ ဝိပဿနာဉာဏ်ဖြစ်တာ။ အပျက်ကိုမြင်ဖို့အတွက် နှလုံးသွင်းကိုကမှန်နေရမယ်။

ရုပ်တွေနာမ်တွေပဲရှိတယ်။ အဲဒီရုပ်တွေနာမ်တွေဟာ တရစပ်ကြီးကိုပျက်နေတယ်။ ဒီလိုနှလုံးသွင်းထားရမယ်။အခုလို ဒိဋ္ဌိနဲ့ဝိစိကိစ္ဆာပယ်သတ်ရေးတရားတွေကို သေသေချာချာနာမထားဘူးဆိုရင်လည်းပဲ နှလုံးသွင်းမှန်ဖို့ လွယ်ပါ့မလား။

‘မလွယ်ပါဘူးဘုရား’



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

## နှလုံးသွင်းမှန်ဖို့ရေး

ဗုဒ္ဓဘာသာဝင်တွေဟာ ကုသိုလ်တွေရှိပါရဲ့သားနဲ့ အပါယ်လေးပါးကို ကျကျသွားရတာဟာ အရေးတကြီးအရင်ဆုံးလုပ်သင့်တာကို နောက်မှလုပ်မယ် နောက်မှလုပ်မယ်နဲ့ နှလုံးသွင်းမှားနေကြလို့ပဲ။ ကျေးဇူးတော်ရှင်မိုးကုတ်ဆရာတော်ဘုရားကြီးက ...

**'မင်းတို့စားဝတ်နေရေးတွေ နောက်မှာထား။ မဂ်ဉာဏ် ဖိုလ်ဉာဏ်ရဖို့ကို ရှေ့ကထား။ ရှေ့နောက်ခွဲတတ်ပါစေ'**

ဒီလိုမိန့်ကြားတော်မူတာ။ တို့သူငါတွေက ရှေ့နောက်အခွဲတွေမှားနေကြတယ်။ လောလောဆယ် စားဖို့သောက်ဖို့၊ စားဝတ်နေရေးက ပိုအရေးကြီးတယ်လို့မြင်တယ်။ ဒါတွေလုပ်ရင်းနဲ့ပဲ ဖြတ်ဆိုသေပြီးအပါယ်ရောက်သွားတဲ့အခါကျတော့ နှစ်ပေါင်းအသင်္ချေအနန္တ ပြန်မတက်နိုင်တော့ဘူး။

ရှေ့တွေနောက်တွေလွဲနေတဲ့အခါကျတော့ ပစ္စုပ္ပန်မှာချမ်းသာလည်းခဏပါပဲ။ တော်ကြာ သောကပရိဒေဝတွေဖြစ်ပြန်ပြီ။ ရွှေတွေ ငွေတွေဘယ်လောက်ပဲရရ ရာထူးတွေဘယ်လောက်ပဲကြီးကြီးသောကပရိဒေဝတွေမဖြစ်ဘူးလား။

'ဖြစ်ပါတယ်ဘုရား'

အဲဒီသောကပရိဒေဝတွေငြိမ်းဖို့အတွက် သစ္စာတရားတွေ သတိပဋ္ဌာန်တရားတွေနာကြားကြ။ ရသလောက်အချိန်ကို လုလုပြီး



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ဝိပဿနာတရားတွေကို ဦးစားပေးအားထုတ်ကြ။ ဉာဏ်ကမဦးဘဲ အသေကဦးသွားရင် ဒုက္ခမရောက်နိုင်ဘူးလား။

'ရောက်နိုင်ပါတယ်ဘုရား'

မြတ်စွာဘုရားဟောကြားတော်မူခဲ့တဲ့ သတ္တိသုတ်ကို အကျဉ်းချုံးပြီးဟောဦးမယ်။ ဗြဟ္မာကြီးတစ်ဦးက အင်မတန်သက်တမ်းတိုတဲ့ လောကလူသားတွေကိုသနားလွန်းလို့ လူသားတွေဒုက္ခနည်းပြီး အသက်ရှည်ဖို့အတွက် သူ့ရဲ့ထင်မြင်ယူဆချက်တစ်ခုကို မြတ်စွာဘုရားလာလျှောက်တယ်။

'ဘုန်းတော်ကြီးတော်မူသောမြတ်စွာဘုရား ...

ရင်ဝမှာလှံစူးခံနေရတဲ့သူအတွက် လှံကိုနုတ်ပြီး အမြန်ဆုံးဆေးကုဖို့ကိစ္စဟာ ထိုသူအတွက်အရေးအကြီးဆုံးဖြစ်ပါတယ်ဘုရား။

ခေါင်းပေါ်ကဆံပင်ကို မီးလောင်ခံနေရတဲ့သူအတွက်ကလည်း မီးငြိမ်းအောင်အမြန်သတ်ပြီး မီးလောင်ဒဏ်ရာကို ဆေးကုဖို့ကိစ္စဟာ ထိုသူအတွက်အရေးအကြီးဆုံးဖြစ်ပါတယ်ဘုရား။

ထိုနည်းတူစွာ သတ္တဝါတွေအတွက်အရေးတကာ့အရေးအကြီးဆုံးကတော့ ကာမရာဂကိုပယ်ဖို့ကိစ္စဖြစ်မယ်လို့ တပည့်တော်ထင်မိပါတယ်ဘုရား'

ဗြဟ္မာကြီးက ဒီလိုလျှောက်တယ်။ **'ကာမရာဂ'** ဆိုတာက အဆင်း အသံ အနံ့ အရသာ ထိတွေ့စရာဆိုတဲ့ ငါးဖြာအာရုံကာမဂုဏ်တွေကို လိုချင်နှစ်သက်ပြီး စွဲလမ်းနေတာကိုခေါ်တာ။

လှပတဲ့အဆင်းလေးဆိုရင်လိုချင်တယ်။စွဲလမ်းတယ်။ရအောင်ကြိုးစားတယ်။သာယာတဲ့အသံလေးဆိုရင်လည်း လိုချင်တယ်။ စွဲလမ်းတယ်။ ရအောင်ကြိုးစားတယ်။ သက်မဲ့ပစ္စည်းတင်မကဘူး။ သက်ရှိအလှပိုင်ရှင် အသံပိုင်ရှင်တွေကိုလည်း စွဲလမ်းပြီး ရအောင်ကြိုးစား



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ကြတာပဲမဟုတ်လား။

'ဟုတ်ပါတယ်ဘုရား'

အရသာကောင်းကောင်းလေး စွဲနေတဲ့အခါ ခဏခဏစားရအောင်ကြိုးစားတယ်။ အတွေ့အထိလေးကို စွဲနေတဲ့အခါကျတော့ ဒီအတွေ့အထိမျိုး ခဏခဏခံစားရအောင်ကြိုးစားတယ်။

အဲဒီလို ကာမဂုဏ်ကိုခံစားချင်ကြတဲ့ ကာမရာဂတွေကြောင့် လောကီလူသားတွေဟာ ဒုက္ခရောက်နေကြတာ။ အသက်တွေတိုပြီး တဖြုတ်ဖြုတ်နဲ့သေနေကြတာ။

**ကာမရာဂအားကြီးလေလေ အသက်တိုလေလေပဲ။**

ရာဂလို့ခေါ်တဲ့လောဘဆိုတာ ရုပ်ကိုလည်းလောင် စိတ်ကိုလည်းလောင်တယ်။ ဒေါသက အမြဲတမ်းမဖြစ်ဘူး။ အဆင်မပြေတဲ့အခါမှ ဒေါသကဖြစ်တာ။ လောဘကျတော့ အမြဲတမ်းဖြစ်နေတာ။

ဒါကြောင့် ဗြဟ္မာကြီးက အင်မတန်အသက်တိုတဲ့လူသားတွေကို သနားလွန်းလို့ လူသားတွေဒုက္ခနည်းပြီး အသက်ရှည်ဖို့အတွက် ကာမရာဂကိုပယ်ဖို့ကိစ္စဟာ လူသားတွေအတွက် အရေးတကာ့အရေး အကြီးဆုံးဖြစ်တဲ့အကြောင်း သူ့ရဲ့ထင်မြင်ယူဆချက်ကို ဘုရားလာလျှောက်တာ။

ဗြဟ္မာကြီးပြောမယ်ဆိုလည်း ပြောချင်စရာပဲ။ လူတွေရဲ့သက်တမ်းက ဗြဟ္မာသက်တမ်းနဲ့ယှဉ်ဖို့ နေနေသာသာ နတ်သက်တမ်းနဲ့ယှဉ်ကြည့်ရင်တောင် မိနစ်ပိုင်းရက်ပိုင်းလောက်ပဲရှိတာ။

လူတို့ရဲ့သက်တမ်း အနှစ်(၅၀)ဆိုတာ ...

စတုမဟာရာဇ်နတ်တို့ရဲ့အသက်အားဖြင့်ဆို (၁)ရက်

တာဝတိံသာနတ်တို့ရဲ့အသက်အားဖြင့်ဆို နေ့တစ်ဝက်

ယာမာနတ်တို့ရဲ့အသက်အားဖြင့်ဆို (၆)နာရီလောက်



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

တုသိတာနတ်တို့ရဲ့အသက်အားဖြင့်ဆို (၃)နာရီလောက်
နိမ္မာနရတိနတ်တို့ရဲ့အသက်အားဖြင့်ဆို (၁)နာရီခွဲ
ပရနိမ္မိတဝသဝတ္တီနတ်တို့ရဲ့အသက်အားဖြင့်က(၄၅)မိနစ်

ခန့်ပဲရှိတာ။ ဘယ်လောက်မှကြာတာမဟုတ်ဘူး။ လူ့ဘဝဆိုတာ 'သမုဒ္ဒရာရေပြင်ထက် ခဏတက်သည့်ရေပွက်ပမာ' ဆိုတာလို ခဏလေးမှခဏလေးပါပဲ။

ဒါကြောင့် သက်တမ်းအင်မတန်တိုတဲ့လူတွေကောင်းကောင်းစားရဖို့ကောင်းကောင်းဝတ်ရဖို့ကောင်းကောင်းနေရဖို့ကောင်းကောင်းဖိမ်ခံရဖို့နဲ့ ကောင်းကောင်းပျော်ပါးကြဖို့အတွက်နဲ့တင် လှုပ်ရှားရုန်းကန်ရင်း အချိန်တွေကုန်ပြီး သေတော့အပါယ်လေးပါးရောက်ကုန်မှာစိုးလို့ ဖြဟ္မာကြီးက သူ့အယူအဆကို ဘုရားလာလျှောက်တာ။

ဒါပေမဲ့ ဗြဟ္မာကြီးရဲ့လျှောက်ထားချက်ကမပြည့်စုံဘူးဖြစ်နေတယ်။ ကာမရာဂကို ပယ်ဖို့ဆိုတာ အနာဂါမိမဂ်နဲ့ ပယ်တာဆိုရင်တော့ ကောင်းပါတယ်။ အဲဒီလိုမဟုတ်ဘဲ ကာမရာဂကို ဈာန်ကုသိုလ်ကြောင့် ဗြဟ္မာဖြစ်ပြီးပယ်တာဆိုရင်တော့ မကောင်းသေးဘူး။

ဘာကြောင့်လဲဆိုတော့ ပုထုဇဉ်ဗြဟ္မာအနေနဲ့ ဗြဟ္မာဖြစ်တုန်းသာ ကာမရာဂကိုပယ်နိုင်ပေမဲ့ နောက်ဘဝတွေမှာက အပါယ်လေးပါးကိုပြန်ရောက်နိုင်သေးတယ်။

အနာဂါမ်ဖြစ်ဖို့ဆိုတာကရော လွယ်ပါ့မလား။

'မလွယ်ပါဘူးဘုရား'

ဒါကြောင့် မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးပြန်လည်မိန့်ကြားလိုက်ပုံက ...

**သတ္တိယာဝိယ ဩမဋ္ဌော၊ ဍယှမာနောဝ မတ္ထကေ။**
**သက္ကာယဒိဋ္ဌိပဟာနာယ၊ သတော ဘိက္ခု ပရိဗ္ဗဇေ။**



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

အဓိပ္ပာယ်က ...

ရင်ဝကိုလှံဖြင့် ထိုးစိုက်ခြင်းခံနေရသောသူသည် အခြားသော ကိစ္စမှန်သမျှကို လုပ်မနေနိုင်ဘဲ ရင်ဝမှာစူးဝင်နေတဲ့လှံကို အမြန်ဆုံး ဆွဲနုတ်ပြီး ဆေးကုဖို့ကိစ္စသည် အရေးအကြီးဆုံးဖြစ်သကဲ့သို့လည်း ကောင်း။

ခေါင်းပေါ်ကဆံပင်ကို မီးဟုန်းဟုန်းစွဲလောင်ခြင်းခံနေရသူ သည် အခြားသောကိစ္စမှန်သမျှကိုလုပ်မနေနိုင်ဘဲ ဦးခေါင်းက မီး တောက်ကို အရေးတကြီးငြိမ်းသတ်ပြီး မီးလောင်ဒဏ်ရာကို ဆေးကုဖို့ ကိစ္စသည်သာ အရေးအကြီးဆုံးဖြစ်သကဲ့သို့လည်းကောင်း။

သတ္တဝါတွေအတွက် ဘဝများစွာ သံသရာတစ်ခွင်မှာ အပါယ်လေးပါးကိုကျစေတတ်တဲ့ 'သက္ကာယဒိဋ္ဌိ'ဘေးဆိုးကြီးကို အမြစ် ပြုတ် ပယ်နုတ်ဖို့ကိစ္စသည် အရေးတကာ့အရေးအကြီးဆုံးပါပဲလို့ ဘုရားရှင် ကိုယ်တော်မြတ်ကြီးက ပြန်လည်မိန့်ကြားတော်မူလိုက်တယ်။

သက္ကာယဒိဋ္ဌိကိုပယ်နိုင်းတယ်ဆိုတာ သောတာပန်ဖြစ်အောင် လုပ်နိုင်းတာနဲ့အတူတူပဲနော်။ ဘာဖြစ်လို့ ဒီလောက်တောင် ပိုအရေး ကြီးနေရတာလဲဆိုတော့ ...

ရင်ဝကိုလှံစူးနေတဲ့သူနဲ့ ဦးခေါင်းကိုမီးလောင်နေတဲ့သူတွေက ဆေးကုတာနောက်ကျလို့ သေမယ်ဆိုရင်တောင် ဒီတစ်ဘဝပဲသေမှာ။ နောက်ဘဝအထိ ဒုက္ခဆက်ပေးလို့ရပါ့မလား။

'မရပါဘူးဘုရား'

သက္ကာယဒိဋ္ဌိကို မပယ်ရသေးတဲ့သူကျတော့ ဘဝအဆက် ဆက် ဒုက္ခလိုက်ပေးနေလို့ အပါယ်လေးပါးဟာ ကိုယ့်အိမ်ကိုယ့်ရာ လိုပဲ အမြဲရောက်နေမှာ။ ဒါကြောင့်မို့ ...

ရင်ဝကလှံကို နောက်မှနုတ်။ ခေါင်းကိုမီးလောင်ရင်လည်း


WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

နောက်မှငြိမ်း။ သက္ကာယဒိဋ္ဌိကိုသာ အရင်ဖြုတ်ကြ။ ဒီလိုမဟုတ်လား။

'ဟုတ်ပါတယ်ဘုရား'

တို့သူငါတွေကရော သက္ကာယဒိဋ္ဌိကိုအရင်ဖြုတ်မှာလား။ စားဝတ်နေရေးနဲ့ သားရေးသမီးရေးကို အရင်ဦးစားပေးမှာလား။

'သက္ကာယဒိဋ္ဌိကိုအရင်ဖြုတ်မှာပါဘုရား'

တရားနာတဲ့အချိန်ကတော့ နှလုံးသွင်းက တည့်နေတာပေါ့ဗျာ။တရားနာပြီးလို့ သာဓု သာဓုလည်းခေါ်ပြီးရော ပျောက်သွားရင်တော့ ဒုက္ခရောက်လိမ့်မယ်။

ရှေ့နောက်ခွဲတတ်ပါစေ။ အရေးတကြီးအရင်ဆုံးလုပ်သင့်တာကို နောက်မှလုပ်မယ် နောက်မှလုပ်မယ်ဆိုပြီး အချိန်မဆွဲနဲ့။ သေခြင်းတရားက အချိန်မရွေးလာနိုင်တယ်။

အသေမဦးခင် ဉာဏ်ဦးအောင် ကြိုးစားရမယ်။ ဒီလို နှလုံးသွင်းရမှာမဟုတ်လား။

'ဟုတ်ပါတယ်ဘုရား'



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

## အယူအဆတွေမှားနေကြတယ်

ဗုဒ္ဓဘာသာမှာတောင် အယူအဆမှားတာတွေ အများကြီး ဖြစ်နေပြီ။ ငါ့အယူမှန်တယ်။ သူ့အယူမှားတယ်။ ဒီလိုဖြစ်နေကြတာ။ အရိယာမဖြစ်သေးဘဲနဲ့ ကိုယ့်ကိုယ်ကို အရိယာဖြစ်နေပြီလို့ထင်လိုထင်။ လမ်းမှားစရာတွေကလည်းအများကြီးပဲ။ မိကောင်းဖကောင်းဆရာသမား ကောင်း ဂိတ်ဆွေကောင်းနဲ့သာမကြုံရင် နှလုံးသွင်းမှားသွားတာပဲ။

မဂ်ဉာဏ်ဖိုလ်ဉာဏ်ဆိုတာ မြန်မြန်လိုချင်တိုင်းရနိုင်တာမျိုး မဟုတ်ဘူး။ ဆရာသမားကလည်း လုပ်ပေးလို့မရဘူး။ သားတော် 'ရာဟုလာ'ကိုကြည့်ပါလား။ (၇)နှစ်သားအရွယ်မှာ မြတ်စွာဘုရားထံ အမွေလာတောင်းတော့ မြတ်စွာဘုရားရှင်က

'ချစ်သားသာရိပုတ္တရာ ရာဟုလာကို ရှင်ပြုပေးလိုက်ပါ'လို့ တာဝန်ပေးလိုက်တယ်။ အဲဒီနောက်မှာတော့ အရှင်သာရိပုတ္တရာဟာ 'ရှင်ရာဟုလာ'ရဲ့ဆရာအဖြစ်နဲ့အနီးကပ်သွန်သင်ဆုံးမပေးတော်မူတယ်။ ခမည်းတော်က မြတ်စွာဘုရား။ ကမ္ဘာတစ်သိန်းလည်း ပါရမီတွေဖြည့် ကျင့်လာခဲ့ပြီးပြီ။ ဒါပေမဲ့ သက်တော်(၂၀)နှစ်ကျော်မှရဟန္တာဖြစ်တယ်။

အရှင်သာရိပုတ္တရာရဲ့ညီလေး 'ရှင်ရေဝတ'ဆိုရင်(၇)နှစ်သား အရွယ်မှာပဲ သာမဏေဝတ်တယ်။ ဝါတွင်းသုံးလတရားအားထုတ်ရုံနဲ့ ရဟန္တာဖြစ်တာမဟုတ်လား။



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

'ဟုတ်ပါတယ်ဘုရား'

ဆိုလိုတာကမြတ်စွာဘုရားရှင်တောင်မှ သားတော်ရာဟုလာ အပါအဝင် ဘယ်သူ့ကိုမှ မဂ်ဉာဏ်ဖိုလ်ဉာဏ်ကို 'မြန်မြန်ရစေသတည်း' လို့လုပ်ပေးလို့မရသလို သောတာပန်ကနေ သကဒါဂါမ်အဆင့်တက်ပေးတာမျိုးလည်း လုပ်ပေးလို့မရဘူး။

ကိုယ့်ရဲ့ပါရမီအလျောက် ကံ၊ ဉာဏ်၊ ဝီရိယ အလျောက် အကြောင်းတရားတွေ ပြည့်စုံညီညွတ်တဲ့အချိန်မှရနိုင်တာ။ အယူအဆ တွေမှားတတ်တယ်နော်ယောဂီတို့။ သတိထားပါ။

နောက်ပြီးမဂ်ဉာဏ်ဖိုလ်ဉာဏ်ဆိုတာကလည်း ခုခေတ်ခုအခါမှာ တရားနာရုံနဲ့မရဘူးနော်။ (၁၀)ရက်(၁၅)ရက်ကျင့်ရုံနဲ့လည်း မရနိုင်သေးဘူး။ အဲဒီလိုပြောရင် မကြိုက်တဲ့သူတွေကလည်းအများကြီး။ ကိုယ်ကြိုက်သလိုယူဒေါ့ဗျာ။ အတိအကျကတော့ ဘုရားမှသိနိုင်တာ။ ဦးပဥ္ဇင်းတို့ကတော့ ဒီလိုပဲယူဆတယ်။

နေယျပုဂ္ဂိုလ်တွေက ထပ်ခါထပ်ခါကျင့်မှရတာ။ အဲဒီလိုမဟုတ်ဘဲ နှလုံးသွင်းကိုကမှားနေရင် ကျင့်ဖြစ်ပါဦးတော့မလား။

'မကျင့်ဖြစ်တော့ပါဘူးဘုရား'

သေသေချာချာထိထိရောက်ရောက်မကျင့်ဘဲနဲ့ တချို့ကလည်း တရားနာရုံနဲ့ သောတာပန်ဖြစ်နေပြီလို့ထင်တယ်။ တချို့ကျတော့လည်း (၁၀)ရက်(၁၅)ရက်ကျင့်ရုံနဲ့ သောတာပန်ဖြစ်နေပြီလို့ ထင်နေကြတယ်။ တကယ်ဖြစ်ရင်တော့ သာဓုခေါ်ပါတယ်ဗျာ။ မနာလိုစရာမရှိပါဘူး။

ရွှေစစ်မစစ်ကို မှတ်ကျောက်တင်ကြည့်လို့ရသလို သောတာပန်စစ်မစစ်ကိုလည်း ဘုရားပေးထားတဲ့မှတ်ကျောက်နဲ့ ကိုယ့်ဘာသာကိုယ် စစ်လို့ရတယ်နော်။ သောတာပန်ဖြစ်သွားတဲ့ပုဂ္ဂိုလ်ရဲ့ စိတ်ဓာတ်ဟာ ပုထုဇဉ်တွေနဲ့မတူတော့ဘူး။ ဘယ်လိုတွေ ကွဲပြားသွား



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

တယ်ဆိုတာကို နောက်နေ့မှာ တစ်ရက်သတ်သတ်ဟောပေးဦးမယ်။

သောတာပန်မဖြစ်သေးဘဲနဲ့ ကိုယ့်ကိုယ်ကို သောတာပန်ဖြစ်နေပြီလို့ အထင်ကြီးနေတဲ့သူတွေ ဘုရားပေးတဲ့မှတ်ကျောက်နဲ့သေသေချာချာစစ်ကြည့်ကြ။ ဘယ်သူကဘယ်အဆင့်ရောက်ပြီဆိုတာမျိုးက ဘုရားမှလွဲပြီး ဘယ်သူမှအတိအကျမပြောနိုင်ဘူး။

နှလုံးသွင်းတစ်ချက်မှားလိုက်တာနဲ့ တန်ဖိုးရှိတဲ့ဘဝတစ်ခု အချည်းနှီး ဖြစ်သွားမှာစိုးလို့ပြောနေတာ။ ကိုယ်က အပါယ်တံခါးပိတ်ပြီလို့ ထင်နေတယ်။ တကယ်တန်းကျတော့ မပိတ်သေးဘူးဆိုရင် သေတဲ့အခါ အပါယ်ကျမသွားနိုင်ဘူးလား။

'ကျသွားနိုင်ပါတယ်ဘုရား'

အပါယ်များကျသွားလို့ကတော့ အခုလိုအခြေအနေမျိုးပြန်ရဖို့ ကမ္ဘာနဲ့ချီပြီးကြာလိမ့်မယ်ယောဂီတို့။ ခဏလေးမထင်ပါနဲ့။ နှလုံးသွင်းမှားတာ နောက်တစ်ခုပြောဦးမယ်။

စူဠသောတာပန်သေရင် အပါယ်မကျဘူး။ နောက်ဘဝမှာ မဟာသောတာပန် ကျိန်းသေဖြစ်မယ်။ ဒီလို တချို့က ယုံကြည်နေကြတယ်။ သေခါနီးမှာစုတိစိတ်က ရုပ်နာမ်ကွဲပြီး ကြောင်းကျိုးသိတဲ့စိတ်မျိုးနဲ့သေရင်တော့မှန်ပါတယ်။

ဒါပေမဲ့ သေခါနီးမှာ ဒုက္ခဝေဒနာတွေ မခံမဆံ့ခံနေရလို့ ရှူမှတ်ဖို့နေနေသာသာ ဘယ်လိုမှ တရားနှလုံးမသွင်းနိုင်ဘူးဆိုရင်တော့ စုတိစိတ်က အကုသိုလ်စိတ်တွေဖြစ်မလာနိုင်ဘူးလား။

'ဖြစ်လာနိုင်ပါတယ်ဘုရား'

ယောဂီတို့ လျှော့လျှော့ပေါ့ပေါ့သိပ်မတွက်နဲ့နော်။ ဘယ်လိုမုံစံမျိုးနဲ့သေမယ်ဆိုတာ ကြိုသိနိုင်တာပဟုတ်ဘူး။ စုတိစိတ်က အကုသိုလ်စိတ်ဖြစ်လို့ကတော့ ကုသိုလ်ကွဲဘယ်လောက်များများ


WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

အပါယ်လေးပါးကို အရင်သွားရ ာပဲ။

ဒါကြောင့်မို့ မအိုခင် မနာခင် မသေခင်ကတည်းက သေတာပန်ဖြစ်ထားမှ စိတ်ချရမှာမဟုတ်လား။

'ဟုတ်ပါတယ်ဘုရား'

သေချာတာကိုလုပ်သင့်တယ်။ မသေချာတာကို အားမကိုး သင့်ဘူး။ နှလုံးသွင်းကိုက ဒီလိုမျိုးမှန်နေရမယ်နော်။ယောဂီတို့ စီးပွား ဥစ္စာတွေ အသက်နဲ့ခန္ဓာတွေ မြဲရဲ့လား။

'မမြဲပါဘူးဘုရား'

မမြဲဘူးလို့နှလုံးသွင်းရင် ကုသိုလ်လုပ်ချင်တာပေါ့ဗျ။ မြဲတယ် ကောင်းတယ်လို့နှလုံးသွင်းတော့ လောဘ၊ဒေါသ၊မောဟတွေ ဣဿာ မစ္ဆရိယတွေ သောင်းကျန်းပြီး သေတော့ အပါယ်ရောက်မှာပဲ။

တောဒေးယျပုဏ္ဏားကြီးကြည့်ပါလား။ သူတို့ဘာသာအယူ ဝါဒက သေရင်ပြဟ္မာဖြစ်တယ်တဲ့။ ကုဋေ(၈၀)သောပစ္စည်းဥစ္စာတွေကို လည်းသူပိုင်တယ်ချည်းအောက်မေ့နေတယ်။ နှလုံးသွင်းမှားပြီး သေ တော့ ခွေးဖြစ်ရတယ်မဟုတ်လား။

'ဟုတ်ပါတယ်ဘုရား'

သူတော်ကောင်းတို့ ရှာထားတဲ့ပစ္စည်းဥစ္စာတွေ မမြဲမှန်းသိရင် အသက်နဲ့ခန္ဓာကိုယ်ကြီး မမြဲမှန်းသိရင် ကုသိုလ်ကောင်းမှုတွေများများ လုပ်ပါ။ဒါထက်ပိုတတ်နိုင်ရင် နေ့ရွှေညရွှေအချိန်ဆွဲမနေဘဲ ဝိပဿနာ တရားကို မြန်မြန်အားထုတ်ပါ။ အဲဒါ နှလုံးသွင်းအမှန်ပဲ။

အခုတော့အဲဒီလိုမဟုတ်ဘူး။ ပါးစပ်ကတော့ ဘယ်ဟာမှမမြဲ ဘူး၊အနိစ္စ အနိစ္စလို့ပြောတယ်။ စိတ်ထဲမှာထင်နေတာက . . .

ချက်ချင်းကြီးတော့မသေနိုင်သေးပါဘူးကွာ။ သကြဲန်တွင်းကျ မှပဲ ဟာရားစခန်းဝင်တော့မယ်။ ဝါတွင်းကျမှပဲဝင်တော့မယ်။ တချို့ကျ


WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

တော့လဲ ပင်စင်ယူပြီးမှရက်ရှည်လများဝင်ပစ်လိုက်မယ်။ ဒီလို နှလုံးသွင်းကြတာဟာ ဒီခန္ဓာကိုယ်ကြီး မမြဲတာကို မြဲတယ်ထင်နေလို့ မဟုတ်လား။

'ဟုတ်ပါတယ်ဘုရား'

မသေနိုင်သေးပါဘူးလို့ ဘယ်သူကအာမခံထားလို့လဲ။ နှလုံးသွင်းမှားနေကြတာပြောပါတယ်။မထင်မှတ်ဘဲ ရုတ်တရက်သေသွားရင် တရားအားမထုတ်လိုက်ရဘဲနေဦးမယ်။ ဒါကြောင့်မို့ မမြဲတဲ့သဘောကို မမြဲဘူးလို့ နှလုံးသွင်းပါ။

ဒီခန္ဓာကိုယ်ကြီးက ဆင်းရဲတာကို ဆင်းရဲမှန်းသိပါ။ ခန္ဓာကိုယ်ကြီးကို နေ့စဉ်နဲ့အမျှပြုပြင်ပေးနေရတယ်။ စားချိန်တန်စားပေးရတယ်။သောက်ချိန်တန်သောက်ပေးရတယ်။ ထုတ်ချိန်ယာန်တော့လည်း ထုတ်ပေးရသေးတယ်။ အိပ်ပေးရတယ်။ ညောင်းလို့ ထိုင်လိုက် ထလိုက် သွားလိုက်လုပ်ပေးရတယ်။ ပူလို့အိုက်လို့ရေချိုးပေးပါဦး။ ဇော်ကြာအေးလို့ အနွေးထည်ဝတ်ပေးပါဦးနဲ့ ဒုက္ခတွေမများဘူးလား။

'များပါတယ်ဘုရား'

ကိလေသာတွေကနှိပ်စက်လို့ လုပ်ပေးရတာတွေကလည်း ရှိသေးတယ်။ အဲဒီလိုပြုပြင်ပေးနေတဲ့ကြားက အိုတဲ့ဒုက္ခ နာတဲ့ဒုက္ခ သေတဲ့ဒုက္ခတွေနဲ့ အနှိပ်စက်ခံနေရတာဆိုတော့ ဒုက္ခသစ္စာဆိုတာမမှန်ဘူးလားဗျာ။

'မှန်ပါတယ်ဘုရား'

ဒီခန္ဓာကိုယ်ကြီးကို ဒုက္ခသစ္စာလို့နှလုံးသွင်းလို့ရှိရင် ဒီခန္ဓာကိုယ်ကြီးကို မလိုချင်တော့ဘူး။ ခန္ဓာကိုယ်ကြီးအပေါ်မှာ တွယ်တာမှုတပ်မက်မှုတွေလည်းနည်းလာလိမ့်မယ်။ဒုက္ခကိုမြင်လာရင် လောဘတွေနည်းပြီးတော့ မြန်မြန်ဆန်ဆန်ကို သံသရာဝဋ်က လွတ်ချင်လာလိမ့်


WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

မယ်။ ဒါကြောင့်မို့လို့ ဒီခန္ဓာကိုယ်ကြီးရဲ့ဒုက္ခကို ထပ်ခါထပ်ခါနှလုံးသွင်းပါလို့ပြောတာ။

နောက်တစ်ခါ ဒီခန္ဓာကိုယ်ကြီးမှာ ရုပ်နဲ့နာမ်ပဲရှိတယ်။အသက်ကောင်၊လိပ်ပြာကောင်ဆိုတာမရှိဘူး။ ယောကျ်ားမိန်းမပုဂ္ဂိုလ်သတ္တဝါဆိုတာလည်းမရှိဘူး။ ဒီခန္ဓာကိုယ်ကြီးဟာအနတ္တလို့ ဘုရားရှင်ကမိန့်ကြားထားတာကို အတ္တမလုပ်ပါနဲ့။ အနတ္တကိုအနတ္တလို့နှလုံးသွင်းပါ။ မအိုပါနဲ့ မနာပါနဲ့ မသေပါနဲ့လို့ရော အမိန့်ပေးလို့ရရဲ့လား။

'မရပါဘူးဘုရား'

စီးပွားဥစ္စာတွေမပျက်စီးပါနဲ့ တောင်းပန်လို့ရောရရဲ့လား။

'မရပါဘူးဘုရား'

အကြောင်းညီညွတ်တဲ့အခါ ဖြစ်ပြီး ပျက်ချိန်တန်ရင်ပျက်တာပဲ။အစိုးမရဘူးဆိုတာသိရင် နှလုံးသွင်းမှန်ပြီ။

မတင့်တယ်တဲ့တရားကို မတင့်တယ်ဘူးလို့နှလုံးသွင်းပါ။ အသုဘကို သုဘလို့ထင်ရင်တော့ အကုန်တောက်လျှောက်မှားပြီ။ မျက်နှာလေးကချောတယ် ကိုယ်လုံးလေးကလှတယ်ဆိုရင်တော့ ဒုက္ခရောက်တော့မယ်သာတွက်ထား။

အမှန်ကဖိုက်ခွဲကြည့်လိုက်ရင်အထဲမှာ ချွေးအံ့ဖတ်နဲ့တူတဲ့အစာသစ်တွေ ကျင်ကြီးကျင်ငယ်တွေ အူသိမ်အူမ အသည်း အဆုတ်ကျောက်ကပ် ပြည် သွေး သလိပ်တွေရှိနေတာဆိုတော့ မကောင်းတဲ့အနံ့ဆိုးတွေနဲ့ ရွံစရာတွေချည်းပဲမဟုတ်လား။

'ဟုတ်ပါတယ်ဘုရား'

ချောပါတယ်ဆိုတဲ့မျက်နှာလေးကို အပေါ်ယံအရေပြားပါးပါးလေးတစ်ထပ်လောက်ကိုပဲ ခွာကြည့်ပါဦးဗျာ။ အသားနီတွေလန်ပြီး



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

အရည်တွေကထွက် ယင်ကောင်တွေကနားနဲ့ လုသေးရဲ့လား။

'မလုတော့ပါဘူးဘုရား'

အမဲဖျက်သလို အရိုးတစ်ပုံ အသားတစ်ပုံ အသည်း နှလုံး ကျောက်ကပ် အူသိမ်အူမ ကျင်ကြီးကျင်ငယ်စသဖြင့် (၃၂)ကောဋ္ဌာသ ကိုတစ်ခုစီခွဲထုတ်ပြီး (၃၂)ပုံ ပုံထားမယ်ဆိုရင်ရော ချောပါတယ်။ လုပါတယ်လို့ပြောလို့သေးရဲ့လား။

'မရတော့ပါဘူးဘုရား'

အဲဒီလိုဉာဏ်ပညာနဲ့ကြည့်တတ်ရင် တပ်မက်တွယ်တာတဲ့ လောဘကိလေသာတွေပါးသွားနိုင်တယ်။ ကင်းတော့မကင်းသေးဘူး ပေါ့ဗျာ။ နှလုံးသွင်းမှန်တော့ သက်သာခွင့်ရတာပေါ့။

ကဲ ... နှလုံးသွင်းကတော့မှန်နေပါပြီတဲ့၊ ဝိပဿနာတရားကို ကြိုးစားအားထုတ်ဖို့လည်းလိုသေးတယ်။ ဒီအဆင့်ကို ရောက်မလာတဲ့ သူတွေအများကြီးနော်။

တချို့က တရားတွေနာ၊ တရားစာအုပ်တွေဖတ် သင်တန်း တွေ တစ်ခုပြီးတစ်ခုတက်။ ဉာတပရိညာနဲ့ပဲ အချိန်တွေကုန်နေတယ်။ မသေခင်လေး တစ်မဂ်တစ်ဖိုလ်ရအောင် (၆)လတန်သည် တစ်နှစ်တန် သည် လက်တွေ့အားထုတ်လိုက်မယ်ဟဲ့ဆိုတဲ့အဆင့်ကို ရောက်မလာ ကြဘူး။ အရေးကြီးတယ်နော်သူတော်ကောင်းတို့။

သုတမယဉာဏ် စိန္တာမယဉာဏ်လောက်နဲ့ မဂ်ဖိုလ်နိဗ္ဗာန်ကို ရတာမဟုတ်ဘူး။ အားထုတ်ဖို့လိုသေးတယ်။ သတိထားပါ။

တချို့ကျပြန်တော့ တရားနာဖို့မလိုဘူးဟေ့။ ကျင့်ဖို့ပဲလိုတယ်။ စွတ်လုပ်တာပဲ။ ဥပက္ကိလေသတွေဖြစ်လို့ဖြစ်နေမှန်းလည်း မသိဘူး။ အမှန်က နာလည်းနာရမယ်။ ကျင့်လည်းကျင့်ရမယ်။ ကျင့်တဲ့အခါမှာ လည်း လမ်းဆုံးတဲ့အထိကျင့်ရမယ်။ ဒီလိုမဟုတ်လား။



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

'ဟုတ်ပါတယ်ဘုရား'

သောတာပန်ဖြစ်ချင်တဲ့သူက နှလုံးသွင်းကိုက အဲဒီလိုမှန်နေရမှာနော်။ ကျင့်တဲ့အပိုင်းကိုတော့ မနက်ဖန်မှဆက်ပြောမယ်။ ဒီနေ့တော့ ဆောင်ပုဒ်လေးဆိုပြီး တရားသိမ်းကြစို့။ ။



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

# သောတာပန်ဆိုတာဒီလိုပါ (ဒုတိယပိုင်း)

မနေ့ကဟောခဲ့တဲ့တရားကို တရားအနုသန္ဓေပြန်ဆက်ကြရအောင်။ လူ့ဘဝကို ရ'ဖို့ဆိုတာ အင်မတန်မှခဲယဉ်းသလို အခုလို သာသနာတော်ကြီးနဲ့ကြုံဖို့ဆိုတာကလည်း တော်တော်ကိုခဲယဉ်းတယ်နော်။ အဲဒီလိုခဲခဲယဉ်းယဉ်းနဲ့ ရ'လာတဲ့လူ့ဘဝမှာ သူဌေးကြီးဖြစ်ရုံနဲ့ လူဖြစ်ရကျိုးနပ်ပြီလား။

'မနပ်သေးပါဘူးဘုရား'

လူ့လောကတစ်ခုလုံးကိုအစိုးရတဲ့ စကြာမင်းကြီးဖြစ်ရင်ရော

'လူဖြစ်ရကျိုးမနပ်သေးပါဘူးဘုရား'

ဆရာဝန်ကြီးတွေ အင်ဂျင်နီယာကြီးတွေလို ပညာတတ်ကြီးဖြစ်ရုံနဲ့ရော လူဖြစ်ရကျိုးနပ်ပြီလား။

'မနပ်သေးပါဘူးဘုရား'

ဒါဆိုရင် ဘာဖြစ်မှလူဖြစ်ရကျိုးနပ်မှာလဲ။

'သောတာပန်ဖြစ်မှလူဖြစ်ရကျိုးနပ်မှာပါဘုရား'

သောတာပန်ဆိုတာက ဘာကိုခေါ်တာလဲ။ ဖြေကြည့်ပါဦး။

'သောတာပတ္တိမဂ်ဉာဏ်ရတဲ့သူကိုခေါ်တာပါဘုရား'

ဟုတ်တယ်။ သောတာပတ္တိမဂ်ဉာဏ်ဖိုလ်ဉာဏ်ရပြီဆိုရင် အပါယ်ဇလေးပါးတံခါးပိတ်ပြီး ဘဝသံသရာထဲမှာ အများဆုံး(၇)ဘဝ ကျင်လည်ပြီးတာနဲ့ နိဗ္ဗာန်ကိုရောက်မှာ။ အဲဒီလို သံသရာရဲ့အဆုံးကို



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ပြောနိုင်တဲ့သူမှ လူဖြစ်ရကျိုးနပ်တာမဟုတ်လား။

'ဟုတ်ပါတယ်ဘုရား'

သောတာပန်ဖြစ်ကြောင်းလေးပါးကိုပြောကြည့်ပါဦး။

(၁) ပညာရှိသူတော်ကောင်းတွေကိုမှီဝဲဆည်းကပ်ရမယ်။

(၂) သူတော်ကောင်းတရားတွေကိုနာကြားရမယ်။

(၃) နှလုံးသွင်းမှန်ရမယ်။

(၄) ဝိပဿနာတရားကိုကြိုးစားအားထုတ်ရမယ်ပါဘုရား။

ဟုတ်တယ်။ ယခုခေတ်အခါမှာကတော့ **'သောတာပန်'** ဖြစ် ချင်ရင် ဒီလေးပါးနဲ့ပြည့်စုံအောင်ကြိုးစားရမယ် ဒီလိုမဟုတ်လား။

'ဟုတ်ပါတယ်ဘုရား'

မနေ့က သုံးပါးအကြောင်းကို အကျယ်တဝင့်ဟောခဲ့ပြီးပြီ။ ဒီနေ့ကျင့်တဲ့အပိုင်းကို အကျယ်ချဲ့ပြီးဟောပေးမယ်။ ကျင့်တဲ့အပိုင်းမှာ ပုဂ္ဂိုလ်တစ်ဦးနဲ့တစ်ဦးမတူကြဘူး။

တချို့က ကျင့်တဲ့အခါမှာ ဆင်းဆင်းရဲရဲလည်းကျင့်ရတယ်။ တရားရ'တော့လည်းနှေးတယ်။ တချို့ကျတော့ ကျင့်တဲ့အခါမှာ ဆင်းဆင်းရဲရဲကျင့်ရပေမဲ့ တရားရ'မြန်တယ်။ နောက်နှစ်မျိုးက ...

တချို့က ကျင့်တဲ့အခါမှာ ချမ်းချမ်းသာသာတော့ ကျင့်ရတယ်။ ဒါပေမဲ့ တရားရ'နှေးတယ်။ တချို့ကျတော့ ကျင့်တဲ့အခါမှာလည်း ချမ်းချမ်းသာသာကျင့်ရတယ်။ တရားရ'တော့လည်းမြန်တယ်။ အားလုံးလေးမျိုး။ ဘာကြောင့် ဒီလိုမတူကြရတာလဲ။

အကျင့်အားဖြင့်ကွဲပြားတဲ့သောတာပန်(၄)မျိုးကို အခြေခံပြီး ဟောကြနာကြရအောင် ...



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

## အကျင့်ဆင်းရဲတရားရနေး

ဒုက္ခပဋိပဒါဒန္ဓာဘိညာ။ တချို့ကတရားအားထုတ်တဲ့အခါ ဆင်းဆင်းရဲရဲကျင့်ရတယ်။ တရားထူးတရားမြတ်ရတဲ့အခါကျတော့လည်း နှေးတယ်။ တော်တော်နဲ့ကိုတရားမတွေ့ဘူး။ အဲဒီလိုဖြစ်ရတာဘာကြောင့်လဲ။ အကြောင်းရင်း ရှိရမယ်။ အကြောင်းမဲ့ဖြစ်တယ်ဆိုတာ မရှိဘူး။ ဆင်းရဲတာကလည်း နှစ်မျိုးရှိသေးတယ်။ ကိုယ်ဆင်းရဲနဲ့ စိတ်ဆင်းရဲ။

ခန္ဓာကိုယ်ဆင်းဆင်းရဲရဲကျင့်ရတာက ကုသိုလ်နည်းလို့။ စိတ်ဆင်းဆင်းရဲရဲကျင့်ရတာက သမာဓိနည်းလို့။ အကြောင်းအကျိုးဆက်ကြည့်ရအောင် ...

ကုသိုလ်နည်းတာက နှလုံးသွင်းမှားလို့။ ကုသိုလ်နည်းတာကအကြောင်း၊ နှလုံးသွင်းမှားတာကအကျိုး။

အယောနိသောမနသိကာရ၊ နှလုံးသွင်းမှားတာကရော ဘာကြောင့်လဲဆိုတော့ 'အရင်းစစ်အမြစ်မြေက' ဆိုသလိုအဝိဇ္ဇာကြောင့်။ အဝိဇ္ဇာကအကြောင်း၊ နှလုံးသွင်းမှားတာကအကျိုး။ ဒီနေရာမှာ အဝိဇ္ဇာကို သမ္မာဒိဋ္ဌိဉာဏ်နဲ့ ယှဉ်မယ်ဆိုလို့ရှိရင် သုံးမျိုးယူရမယ်။

(၁) ကံ၊ ကံရဲ့အကျိုးကိုမသိတဲ့အဝိဇ္ဇာ



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

(၂) သမာဓိတည်ကြောင်းစျာန်တွေကိုမသိတဲ့အဝိဇ္ဇာ
(၃) မဂ်ဉာဏ်ဖိုလ်ဉာဏ်ရကြောင်းတရားကိုမသိတဲ့အဝိဇ္ဇာ

ဒါကမြန်မာလို ရိုးရိုးပေါ့။ကုသိုလ်အနေနဲ့ပြောမယ်ဆိုရင် ...
(၁) ကာမာဝစရကုသိုလ်ကိုမသိတဲ့အဝိဇ္ဇာ
(၂) စျာန်ကုသိုလ်ကိုမသိတဲ့အဝိဇ္ဇာ
(၃) လောကုတ္တရာကုသိုလ်ကိုမသိတဲ့အဝိဇ္ဇာ

နည်းနည်းအကျယ်ချဲ့ကြည့်ရအောင် ...

ကမ္မဿကတာသမ္မာဒိဋ္ဌိဉာဏ်ကို ပိတ်ဖုံးကွယ်ကာထားတဲ့ အဝိဇ္ဇာ။ တရားလည်းမနာ၊ လေ့လာမှုလည်းမရှိ၊ ဆွေးနွေးမှုလည်း မရှိတဲ့အခါကျတော့ ကံ၊ကံရဲ့အကျိုးကိုမသိဘူး။ မသိတော့နှလုံးသွင်း မှား။ နှလုံးသွင်းမှားတော့ ကုသိုလ်တွေနည်း အကုသိုလ်တွေများ။ အဲဒီတော့ ခန္ဓာကိုယ်ဆင်းဆင်းရဲရဲကျင့်ရတာပေါ့။

ဒုတိယအဝိဇ္ဇာက စျာနသမ္မာဒိဋ္ဌိဉာဏ်ကို ပိတ်ဖုံးကွယ်ကာ ထားတဲ့အဝိဇ္ဇာ။ သမာဓိတည်ကြောင်းကိုမသိဘူး။ သမာဓိကိုဖျက်တဲ့ နီဝရဏငါးပါးအကြောင်းလည်းမသိဘူး။ နီဝရဏတွေကို ပယ်ရာပယ် ကြောင်းလည်းမသိဘူး။ မသိတော့ သမာဓိရဖို့ လုပ်နည်းကိုင်နည်းတွေ မှာလည်း နှလုံးသွင်းမှား။ နှလုံးသွင်းမှားတော့ဆင်းရဲ။

တတိယအဝိဇ္ဇာက ဝိပဿနာသမ္မာဒိဋ္ဌိဉာဏ်၊ မဂ္ဂသမ္မာဒိဋ္ဌိ ဉာဏ်၊ဖလသမ္မာဒိဋ္ဌိဉာဏ်ကို ပိတ်ဖုံးကွယ်ကာထားတဲ့အဝိဇ္ဇာ။ဒီအဝိဇ္ဇာ က အမှန်ကိုအမှား၊ အမှားကိုအမှန်လို့ ပြောင်းပြန်သိတာ။

ခန္ဓာငါးပါးကို ဒုက္ခသစ္စာလို့ဘုရားကဟောတယ်။ ဒုက္ခသစ္စာ လို့မမြင်ဘဲ ခန္ဓာငါးပါးရတာ ကောင်းလိုက်တာ၊ချောလိုက်တာ၊လှလိုက်



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

တာလို့ထင်တယ်။ ဒုက္ခကို ဒုက္ခမှန်းမသိတာအဝိဇ္ဇာ။ ဒုက္ခကို သုခလို့ ထင်တာလည်းအဝိဇ္ဇာ။

အဲဒီအဝိဇ္ဇာတွေ ဘာကြောင့်ဖြစ်ရတာလဲ၊ ပြန်ဆန်းစစ်တဲ့ အခါ အလုပ်နယ်ပယ်ဘက်ကကြည့်ရင်

**အဝိဇ္ဇာဖြစ်ရတာဟာ မရှုမမှတ်လို့။**

အဲဒီကိုရောက်စေချင်တာပဲ။ ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ဘုရားကြီးဟောတာလည်း ဒီအတိုင်းပါပဲ။ ဝေဒနာနဲ့တဏှာကြားမှာ မဂ်သွင်းရမယ်။ ဝိပဿနာမဂ်သွင်းခိုင်းတာ။ သံသရာပြတ်အောင်လို့။

ကျေးဇူးတော်ရှင်မဟာစည်ဆရာတော်ဘုရားကြီးနည်းနဲ့ ပြောလို့ရှိရင် ပေါ်ရာပေါ်ရာရှုမှတ်ရမယ်။ ဝေါဟာရကွဲသော်လည်း ဆိုလိုရင်းကအတူတူပဲ။အရဟံလည်းဘုရား၊ဘဂဝါလည်းဘုရား၊ ဗုဒ္ဓေါ လည်း ဘုရားမဟုတ်လား။

'ဟုတ်ပါတယ်ဘုရား'

မရှုမမှတ်တော့အဝိဇ္ဇာဖြစ်။ အဝိဇ္ဇာဖြစ်တော့ နှလုံးသွင်းမှား။ နှလုံးသွင်းမှားတော့ ကုသိုလ်နည်း။ ကုသိုလ်နည်းတော့ ခန္ဓာကိုယ် ဆင်းဆင်းရဲရဲကျင့်ရတယ်။ အပြန်အလှန်ကြောင်းကျိုးဆက်စပ်နေ တာ။ကိုယ်တွင်းပဋိစ္စသမုပ္ပာဒ်ပေါ့။ သူတော်ကောင်းတို့သဏ္ဍာန်မှာ အဲဒီလိုဖြစ်နေတာ။

ရှုမှတ်တဲ့ပုဂ္ဂိုလ်တွေက ဝိဇ္ဇာဖြစ်နေတယ်။ ကိလေသာတွေကို သတ်ဖြတ်တဲ့ အရိယာဝိဇ္ဇာ။ ပြဒါးတွေသံတွေကိုသတ်တဲ့ဝိဇ္ဇာ မဟုတ် ဘူးနော်။ ဝိဇ္ဇာဆိုတာသစ္စာလေးပါးကိုသိတယ်။ နိဗ္ဗာန်ရောက်ကြောင်း ကိုပိုင်ပိုင်နိုင်နိုင်သိတယ်။ဒါက သံသရာလည်မယ့်တရား၊ဒါက သံသရာ ပြတ်မယ့်တရားဆိုတာ ကွဲကွဲပြားပြားသိတယ်။ ရှုမှတ်လို့ -5 တရားနာ လိုက်ဆိုတော့ ဉာဏ်ပညာတွေဖြစ်လာတာ။ အဲဒါ ဝိဇ္ဇာပေါ့။



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

တရားအားထုတ်တဲ့အခါ မနက်ဆိုလည်း အစောကြီးထရတာဆိုတော့ အိပ်ရေးပျက်တယ်။တစ်နေ့လုံးလည်း ရှုမှတ်နေရတာဆိုတော့ သက်တောင့်သက်သာနေရတယ်လို့ကို မရှိဘူး။ ဒါပေမဲ့ ဒီဒုက္ခက နိဗ္ဗာန်ရောက်မဲ့ဒုက္ခ။အိပ်ရေးပျက်သော်လည်းဘဲ အိပ်ရေးပျက်ရကျိုးနပ်တယ်။ ဝိပဿနာဉာဏ် မဂ်ဉာဏ်ဖိုလ်ဉာဏ်ရတာကိုး။

စီးပွားရေးတွေ လူမှုရေးတွေလုပ်တော့ အိပ်ရေးပျက်တာတွေ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲ ဖြစ်ရတာတွေမရှိဘူးလား။

'ရှိပါတယ်ဘုရား'

အဲဒါက သံသရာလည်မယ့်ဒုက္ခ။ လယ်တီဆရာတော်ဘုရားကြီးက 'ဆင်းရဲကြီးကိုကြောက်ရင် ဆင်းရဲလေးကိုကြိုးစားသည်းခံ' တဲ့။ ဆင်းရဲကြီးဆိုတာက အပါယ်လေးပါးဆင်းရဲနဲ့ သံသရာဆင်းရဲ။ ဆင်းရဲလေးဆိုတာက ...

တရားအားထုတ်တဲ့အခါကြုံရတဲ့ဆင်းရဲတွေပေါ့။ ညစာမစားရတဲ့ဆင်းရဲ၊ စိတ်ကူးမယဉ်ရတဲ့ဆင်းရဲ၊ ကိုးရိုးယားဇာတ်လမ်းမကြည့်ရတဲ့ဆင်းရဲ၊ မိသားစုနဲ့အတူတူမနေရတဲ့ဆင်းရဲ၊ ဟုတ်တယ်မဟုတ်လား။ ဆင်းရဲဒုက္ခတွေမှ အများကြီးပဲ။

အဲဒီဆင်းရဲဒုက္ခတွေကို သည်းညည်းခံလိုက်လို့ရှိရင် ငရဲ တိရစ္ဆာန် ပြိတ္တာ အသူရကာယ် ဖြစ်ရင်ခံရမယ့်ဆင်းရဲဒုက္ခတွေက လွတ်မယ်။ အို နာ သေ ဆင်းရဲဒုက္ခတွေက လွတ်မယ်ဆိုတော့ ဆင်းရဲလေးတွေ ခံရကျိုးမနပ်ဘူးလား။

'နပ်ပါတယ်ဘုရား'

မိုးကုတ်ဆရာတော်ဘုရားကြီးက ...

'ခင်ဗျားတို့က ကိလေသာရဲ့ ကျွန်သပေါက်တွေဖြစ်နေတာ' မသေခင်မှာလည်း လျှာထွက်အောင်လုပ်နေရတယ်။ သေတော့လည်း


WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

အပါယ်ရောက်မယ်ဆိုရင် ဆင်းရဲခံရကျိုးနပ်ပါ့မလား။

'မနပ်ပါဘူးဘုရား'

အဲဒါသူတော်ကောင်းတွေနဲ့မပေါင်း၊ သူတော်ကောင်းတရားတွေမပွားလို့ပေါ့။ ပါပမိတ္တနဲ့ ပမာဒကိုရှောင်ရတယ်။ ပါပမိတ္တဆိုတာ မူးရူးဆိုးသွမ်းနေမှ မဟုတ်ဘူးနော်။ ငါးဖြာအာရုံကာမဂုဏ်တွေနဲ့ပဲ အချိန်ကုန်နေပြီး ဝိပဿနာတရားအားမထုတ်တဲ့သူဟာ ပါပမိတ္တပဲ။

ကလျာဏမိတ္တနဲ့ အပ္ပမာဒကိုပေါင်းရတယ်။အဲဒီလို အပေါင်းမှန်မှ ဝိဇ္ဇာဉာဏ်ဖြစ်မယ်။ဝိဇ္ဇာဖြစ်အောင်ရှုမှတ်ရမယ်။ရှုလည်းရှုမှတ်မယ် တရားလည်းနာမယ်ဆိုလို့ရှိရင် အကြောင်းအကျိုး အကောင်းအဆိုးကို သိမှာပဲ။ အဲဒါဉာဏ်ပညာပဲ။ ဝိဇ္ဇာဉာဏ်ဖြစ်မှနှလုံးသွင်းမှန်မယ်။ နှလုံးသွင်းမှန်မှ ကုသိုလ်များတာ။ အခုဟာက ပြောင်းပြန်။

ကုသိုလ်နည်းလို့ကိုယ်ဆင်းရဲတယ်။ ကိုယ်ဆင်းရဲတယ်ဆိုတာ ဝေဒနာတွေများတာ။ သူများတွေ တော်ရုံတန်ရုံ ဝေဒနာမတက်သေးဘူး။ သူကမချိမဆံ့နာနေပြီ။ ညောင်းညာကိုက်ခဲနေတာပဲ။ လိမ့်ပြီး တော့ခံနေရသလိုဖြစ်နေတာ။ ရောဂါကလည်း သောင်းခြောက်ထောင်။ (၉၆)ပါးမကတော့ဘူး။ ဗိုက်ကအောင့်၊ ခေါင်းကကိုက်၊ ကိုယ်ကပူနဲ့ ရောဂါကိုစုံနေတာပဲ။ အဲဒါကုသိုလ်နည်းလို့။

ခန္ဓာကိုယ်ဆင်းဆင်းရဲရဲကျင့်ရတာကို ပြောပြီးတဲ့နောက် စိတ်ဆင်းရဲတာကိုပြောဦးမယ်။ စိတ်ဆင်းရဲရတာက သမာဓိနည်းလို့။ တချို့က သမထမလုပ်ကြဘူး။ စိတ်တည်ငြိမ်အောင် သမထမလုပ်တဲ့ အခါကျတော့ နေပူထဲခရီးသွားရသလိုပဲပင်ပန်းတာပေါ့။

ဥပမာ . . . ခရီးတစ်ခုကိုသွားတဲ့အခါ လမ်းနှစ်ခုရှိတယ်ဆိုပါတော့။လမ်းတစ်ခုက အရိပ်ခိုစရာသစ်ပင်မရှိဘူး။ နေပူထဲလျှောက်ရတယ်။ နားစရာလည်းမရှိတော့ အကြီးအကျယ်ပင်ပန်းတယ်။



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

နောက်လမ်းတစ်ခုက လမ်းတစ်လျှောက်မှာ သစ်ပင်တွေရှိတော့ အရိပ်ထဲကလျှောက်ရတယ်။ မောတဲ့အခါအရိပ်အောက်မှာနားလိုက် ထလျှောက်လိုက်ဆိုတော့ နည်းနည်းပါးပါးပဲ ပင်ပန်းတယ်။

အဲဒီလိုပဲ စိတ်ကိုကျွမ်းကျွမ်းကျင်ကျင်နဲ့ သမာဓိရအောင်လုပ်တတ်တဲ့ပုဂ္ဂိုလ်က နီဝရဏတွေဖြစ်တဲ့အခါမှာလည်း ပယ်တတ်တယ်။ ဝိပဿနာရှုမှတ်လို့အဆင်မချောတဲ့အချိန်မျိုးမှာ သမထပွားပြီး သမာဓိရလာတော့ ဝိပဿနာပြန်ရှုတယ်။ အဆင်ပြန်ချောသွားတာပဲ။ သမာဓိရှိတော့ ဒုက္ခဝေဒနာကိုလည်း မချိမဆန့်မခံရဘူး။ သမာဓိအရှိန်ကြောင့်ခံနိုင်ရည်ရှိတယ်။ ဒါဟာ အရိပ်အောက်မှာနားလိုက်လမ်းလျှောက်လိုက်သဘောနဲ့မတူဘူးလား။

'တူပါတယ်ဘုရား'

ဒါကြောင့် နည်းမျိုးစုံသင်ပေးနေတာ။ သမထကိုလည်းလုပ်တတ်အောင်၊ဝိပဿနာကိုလည်းရှုတတ်အောင်။သို့သော်လည်း သမထကနောက်လိုက် ဝိပဿနာကရှေ့သွားနော်။

သမထယာနိကနည်းဆိုတာကသမထနည်းနဲ့ အပ္ပနာသမာဓိရအောင်တည်ထောင်ပြီးမှ ဝိပဿနာကူးတာ။ပထမဈာန် ဒုတိယဈာန်တတိယဈာန် စတုတ္ထဈာန်ရအောင်လုပ်ရသေးတယ်။

အဲဒါ မိုးကုတ်ဆရာတော်ဘုရားကြီးက ကြာတယ်တဲ့။ သက်တမ်းက ခပ်တိုတိုမှာ မြန်မြန်ဖြစ်ပျက်မြင်မှ မြန်မြန်ဖြစ်ပျက်မှန်းမှာ။ ဖြစ်ပျက်မှန်းမှလည်း ဖြစ်ပျက်ဆုံးမှာပေါ့။ လမ်းရှည်ကြီးကိုလိုက်နေရင်ဖြစ်ပျက်မဆုံးခင် သေသွားတော့ မနစ်နာဘူးလား။

'နစ်နာပါတယ်ဘုရား'

ဒါကြောင့်ဝိပဿနာလုပ်ရင်း သမထလည်းအကျုံးဝင်သွားရမယ်။ သို့သော်လည်းပဲ သမထကို ဦးစားမပေးရဘူး။ သမထကိုပယ်လို့


WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

လည်းမရဘူး။ ကာရကမဂ္ဂင်ငါးပါးမှာ သမ္မာဝါယာမ သမ္မာသတိ သမ္မာသမာဓိဆိုတဲ့မဂ္ဂင်သုံးပါးဟာ သမာဓိမဂ္ဂင်တွေမဟုတ်ဘူးလား။

'ဟုတ်ပါတယ်ဘုရား'

စတုရာရက္ခဘာဝနာ လို့ခေါ်တဲ့ ကိုယ်စောင့်ဘာဝနာလေးပါး ကိုလည်း ယောဂီတို့ နေ့တိုင်းပွားများနေတာပဲမဟုတ်လား။ အဲဒါ သမထကမ္မဋ္ဌာန်းတွေပေါ့။ ဆိုကြည့်ပါဦး။

**ဂုဏ်တော်ပွားများ၊ မေတ္တာထား၊ ရှုပွားအသုဘ**
**သေခြင်းတရား၊ နေ့စဉ်ပွား၊ လေးပါးအာရက္ခ။**

ဒါကိုမနက်စောစော ဘုရားရှိခိုးတဲ့အချိန်လေးပဲ ရွတ်ရမှာ မဟုတ်ဘူးနော်။ လိုအပ်တဲ့အခါ အချိန်မရွေးထုတ်သုံးရမယ်။ သမထ ကမ္မဋ္ဌာန်းတွေကို ပစ်ပယ်လို့မရဘူး။ မိုးကုတ်ဆရာတော်ဘုရားကြီးက ဘယ်လိုမိန့်တော်မူသလဲဆိုတော့ ...

'မင်္ဂလိမိဗ္ဗာန်ကို ဝိပဿနာတရားပွားမှ မျက်မှောက်ပြုနိုင် တာဆိုပေမဲ့ သမထကိုလည်း ပစ်ပယ်လို့မရဘူး။ ဥပမာ ... ရေသောက် တဲ့အခါ ခွက်နဲ့ခပ်ပြီးမှသောက်ရသလိုပေါ့။ သောက်တာကတော့ ရေကိုပဲသောက်တာ။ ခွက်ကိုသောက်တာမဟုတ်ဘူး။ ဒါပေမဲ့ ခွက်ရဲ့ အကူအညီယူပြီးသောက်ပါမှ လွယ်လွယ်ကူကူ ချမ်းချမ်းသာသာ သောက်လို့ရတယ်မဟုတ်လား'

'ဟုတ်ပါတယ်ဘုရား'

'အဲဒီလိုပဲ သမထအကူအညီကိုယူတော့ ဝိပဿနာကို ချမ်း ချမ်းသာသာနဲ့ပွားနိုင်တယ်။ သမထမကူလို့ သမာဓိကျဲရင် စိတ်ဆင်း ဆင်းရဲရဲနဲ့ကျင့်ရလိမ့်မယ်'



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

## နီဝရဏတရားပယ်ဖျောက်ခြင်း

သမာဓိကျဲရတာကလည်း နီဝရဏငါးပါးကြောင့်ဖြစ်ရတာ။ **နီဝရဏတရားဆိုတာက ကုသိုလ်တရားတွေမဖြစ်အောင် တားမြစ်ပိတ်ပင်တတ်တဲ့ အကုသိုလ်တရားတွေကိုခေါ်တာ။**

သူတော်ကောင်းတရားတွေမှာ မလိမ္မာမကျွမ်းကျင်လို့ နီဝရဏတွေ ဖြစ်လာရတာ။ ပထမဆုံး ကာမစ္ဆန္ဒနီဝရဏကို ပြောကြရအောင် ...

ကာမစ္ဆန္ဒနီဝရဏဆိုတာ ယောဂီတွေသိပြီးသားဖြစ်တဲ့ လောဘကိုပြောတာ။ လောဘတဏှာတွေဖြစ်နေတဲ့ကြားထဲ သာယာစရာတွေ လျှောက်တွေးနေမယ်ဆိုရင် မီးလောင်နေတာကို ဓာတ်ဆီထပ်လောင်းသလိုဖြစ်နေမှာပေါ့ဗျာ။

အမှန်က ငါးဖြာအာရုံကာမဂုဏ်ကို သာယာတပ်မက်တဲ့ ကာမစ္ဆန္ဒတွေဖြစ်လာရင် အသုဘပွားရမယ်။ အသေကောင်အသုဘ ပွားနိုင်ရင်လည်းပွား။အရှင်အသုဘပွားမယ်ဆိုရင်လည်း ကျင်ကြီးကျင်ငယ် စသည်အားဖြင့်ဒါတွေကို ရှုရမယ်။ ပွားရမယ်။

နောက်တခါ ဆင်ခြင်ဖို့အတွက်က ကာမစ္ဆန္ဒတွေဖြစ်လာရင် ဘယ်လိုအကျိုးတရားတွေရနိုင်လဲ။

**ဆင်းရဲဥဩဏ်ပိတ်၊ ပင်ပန်းမငြိမ်းချမ်း**



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

မြတ်စွာဘုရားဟောခဲ့တဲ့တရားတွေ။ ကိလေသာကိုလက်ခံထားမယ်၊ ကိလေသာတွေနဲ့ပဲပျော်နေမယ်ဆိုရင် မင်းဆင်းရဲမှာပဲ။ ဉာဏ်ပညာတွေလည်း မပွင့်တော့ဘူး။ ပိတ်နေလိမ့်မယ်။ နေ့ရောညရော လောဘတွေဖြစ်နေတဲ့သူက ဖြစ်ခြင်းပျက်ခြင်းတွေ အကြောင်းအကျိုးတွေသိပါတော့မလား။

'မသိပါဘူးဘုရား'

သူများပြောလို့သာ ဖြစ်ပြီးပျက်တာပဲလို့ နားထဲကြားနေရတယ်။ ကိုယ်ကိုယ်တိုင် သိတာမဟုတ်ဘူး။ ကာမစ္ဆန္ဒတွေက လုပ်ရမှာလား။ပယ်ရမှာလား။

'ပယ်ရမှာပါဘုရား'

တပည့်တော်တို့က သားသမီးတွေနဲ့ အလုပ်အကိုင်တွေကလည်း တိုးလို့တန်းလန်းနဲ့ ဘယ်လိုလုပ်မလဲဘုရားမေးမနေနဲ့။

**ပယ်သင့်ပယ်ထိုက်တဲ့အချိန်မှာ မပယ်နိုင်ရင်တော့ မဂ်ဖိုလ် နိဗ္ဗာန်ကိုရမှာမဟုတ်ဘူး။ 'ဆင်သေပေါ်နားတဲ့ကျီးမိုက်' လို ဒုက္ခရောက်လိမ့်မယ်။**

ယောဂီတို့ကြားဖူးတယ်မဟုတ်လား။ မြစ်ထဲမှာမျောလာတဲ့ ဆင်သေကောင်ကြီးပေါ် နားပြီးလိုက်လာတဲ့ကျီးကန်းတစ်ကောင်လေ။ ဆင်သားစားလိုက် မြစ်ရေသောက်လိုက်နဲ့ ဇိမ်ကျနေတာ။ တစ်သက်လုံးစားလို့မကုန်နိုင်ဘူးလို့ထင်တယ်။

ပင်လယ်ဝရောက်နေတဲ့အချိန်မှာ ကမ်းကိုမြင်ရသေးတယ်။ ပျံမယ်ဆိုရင် အချိန်မလွန်သေးဘူး။ ဒါပေမဲ့ ဒီဆင်သေကြီးကို သူမစွန့်နိုင်ဘူး။ ဒုက္ခရောက်တော့မယ်ဆိုတာကိုလည်း သူမသိဘူး။ ဆင်သေကြီးက ဒီအတိုင်းအမြဲတမ်းရှိနေမယ်ပဲထင်နေတာ။

ရေစီးကြောင့် ဆင်သေကောင်ကြီးက တဖြည်းဖြည်းကမ်းနဲ့


WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ဝေးပြီးပင်လယ်ထဲရောက်သွားပြီ။ လှိုင်းဒဏ်ကြောင့်အရိုးတစ်ခြား အသားတစ်ခြား တစ်စစီဖြစ်ပြီးမြုပ်သွားတဲ့အခါကျတော့မှ ကျီးကန်းက ဆောက်တည်ရာမရ ကြောက်ကြောက်လန့်လန့်နဲ့ ထ'ပြန်တယ်။

ကမ်းကမမြင်ရလောက်အောင်ဝေးသွားပြီဆိုတော့ ပျံတဲ့အခါ အတောင်ညောင်းပြီးပြုတ်ကျတော့ သေရောမဟုတ်လား။

'ဟုတ်ပါတယ်ဘုရား'

**စွန့်သင့်တဲ့အချိန်ရောက်နေတာတောင် မစွန့်နိုင်လို့ အခုလို ဒုက္ခရောက်တာပေါ့။ ယောဂီကြီးတွေ ပင်လယ်ဝရောက်နေပြီ။ သတိထားပါ။ အခုအချိန်မှာ တရားအားထုတ်ရင် ဒုက္ခတွေကလွတ်နိုင်သေးတယ်။ မိသားစုတွေ အလုပ်အကိုင်တွေ စည်းစိမ်ဥစ္စာတွေကို မခွဲနိုင်ဘူးဆိုရင်တော့ ကျီးမိုက်လိုဖြစ်တော့မယ်။**

ကာမစ္ဆန္ဒတွေမပယ်ရင်တော့ ဉာဏ်ပိတ်မှာပဲ။

မဂ်ဖိုလ်နိဗ္ဗာန်ကို ဉာဏ်နဲ့သွားရမှာ။ ဒါန သီလလောက်နဲ့ သွားလို့မရဘူး။ ဉာဏ်ပွင့်မှသွားလို့ရမှာပေါ့။ ဉာဏ်တွေပွင့်လင်းအောင် ကာမစ္ဆန္ဒ အစရှိတဲ့ကိလေသာတွေကို ရှောင်ပါ။ ရှောင်တဲ့ကြားထဲက ဖြစ်လ႑င် ရှုမှတ်ပြီးတော့ပယ်ပါ။ ပစ္စုပ္ပန်တည့်တည့် မရှုမှတ်နိုင်ရင်လည်း အသုဘပွားပြီးတော့ပယ်ပါ။ ယောဂီတို့ အကြောင်းအကျိုးကို သဘောပေါက်မှနော်။

အကြောင်းကောင်းမှအကျိုးကောင်းမှာ။ အကြောင်းမကောင်းရင်အကျိုးကောင်းမှာမဟုတ်ဘူး။ ဇနီးခင်ပွန်းခင်နေမယ်။ သားသမီးတွေကိုခင်နေမယ်။ မြေးမြစ်တွေကိုခင်နေမယ်။ စည်းစိမ်ဥစ္စာတွေကို တွယ်တာတပ်မက်နေမယ်ဆိုရင်တော့ မဂ်ဉာဏ်ဖိုလ်ဉာဏ်တွေ ပိတ်သွားလိမ့်မယ်။ တုံးသွားလိမ့်မယ်။ ပင်ပန်းလိမ့်မယ်။ တရားသားနဲ့



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ပတ်သက်လို့လည်း ပီတိပဿဒ္ဓိတွေ ဘာမှရမှာမဟုတ်တော့ဘူး။

ဥပမာ ... သဘော်ကြီးကစက်ရှိန်မြှင့်ပြီးတအားမောင်းနေတယ်။ ရှေ့မှာကျောက်ဆောင်ရှိနေတာကို ရှောင်လည်းမရှောင်ဘူး။ အရှိန်လည်းမလျှော့ဘဲနဲ့ ဆက်မောင်းနေမယ်ဆိုရင် ကျောက်ဆောင်နဲ့တိုက်ပြီး မြုပ်ဖို့မသေချာဘူးလားဗျာ။

'သေချာပါတယ်ဘုရား'

တရားမနာတဲ့သူတွေကတော့ ကာမစ္ဆန္ဒဆိုတာ အကုသိုလ်လို့မထင်ကြဘူး။ များသောအားဖြင့်ပေါ့ဗျာ။ သားအကြောင်းပြောလိုက်၊ သမီးအကြောင်းပြောလိုက်၊ ဒကာကြီးတွေက ဒကာမကြီးကြည့်လိုက်၊ ဒကာမကြီးတွေက ဒကာကြီးကြည့်လိုက်နဲ့ ကြည့်လို့မဝ ပြောလို့မဝဖြစ်နေကြတာ။ အဲဒါကိုပဲ အကောင်းထင်နေတယ်။ အကုသိုလ်ဖြစ်လို့ဖြစ်နေမှန်းလည်း မသိကြဘူး။

သူများအသက်သတ်မှု၊ သူများပစ္စည်းခိုးမှု အကုသိုလ်အောက်မေ့နေတာ။ ရင်ထဲမှာကိလေသာတွေဖြစ်နေတာလည်း အကုသိုလ်ပဲဗျ။ အဲဒါဟာ အဝိဇ္ဇာကြောင့် အကုသိုလ်ကို အကုသိုလ်မှန်းမသိတာ။ အမှန်ကိုမသိတော့ နှလုံးသွင်းမှား။ နှလုံးသွင်းမှားတော့ နီဝရဏတွေပဲဖြစ်နေတယ်။

အဲဒီတော့ စိတ်ကအမြဲတမ်း တည်ငြိမ်မှု ငြိမ်သက်မှုမရှိဘူး။ အမြဲတမ်းပျံ့လွင့်ပြေးလွှားနေတယ်။ အဲဒီတော့ ဖြစ်လေရာဘဝ စိတ်ချမ်းသာပါတော့မလား။ ကုသိုလ်နည်းတော့ ကိုယ်ဆင်းရဲတယ်။ သမာဓိကျဲတော့ စိတ်ဆင်းရဲတယ်။ နီဝရဏတွေမပယ်တတ်လို့ သမာဓိကျဲတာ။

နောက်နီဝရဏတစ်ခုက ဗျာပါဒနီဝရဏ။ တရားကိုယ်အားဖြင့် ဒေါသပါပဲ။ လိုချင်တာမရလို့ ဒေါသဖြစ်တာ။ ဒေါသအပြစ်တွေ



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ကိုဆင်ခြင်။ ကောင်းကွက်ကိုရှာပြီး မေတ္တာပွား။

ရှုမှတ်ပြီးပယ်ဖို့ကျတော့ စိတ်ဆိုးရင် 'စိတ်ဆိုးတယ်၊ စိတ်ဆိုးတယ်'မှတ်။ ကြောက်ရင် 'ကြောက်တယ်၊ကြောက်တယ်'မှတ်။

စိတ်ညစ်ရင်'စိတ်ညစ်တယ်၊စိတ်ညစ်တယ်'မှတ်။ တင်းတင်းရင်းရင်းမှတ်။ ဖြည်းဖြည်းလေးလုပ်မနေနဲ့။ နောက် တတိယနီဝရဏက ...

**ထိနမိဒ္ဓနီဝရဏ။** ပျင်းတာတို့ အိပ်ငိုက်တာတို့ပေါ့ဗျာ။ ရိုးရိုးအိပ်ငိုက်တာကတော့ နားရွက်ဆွဲလိမ်တာတို့ မျက်နှာသစ်တာတို့နဲ့ရတယ်။ အလိုလိုပျင်းနေပြီး အားမထုတ်ချင်တဲ့စိတ်ကျတော့ ...

သေခြင်းတရားပွားများရမယ်။ ဗုဒ္ဓါနုဿတိကို ကြိမ်ဖန်များစွာပွားပေးရမယ်။ ကောသဇ္ဇဆိုတဲ့'အပျင်းရောဂါ'ထွက်ပြေးအောင်ဝီရိယတိုးပွားကြောင်းတွေ ပွားများရမယ်။

**အပါယ်ဘေးဆင်ခြင်၊အာနိသင်၊လမ်းစဉ်ရှိသေပါ။**

မနက်လေးနာရီကစောလို့ ညကိုးနာရီကမိုးချုပ်လို့ ထမင်းစားပြီးတော့ဗိုက်တင်းလို့ ညနေကြတော့ဗိုက်ဆာလို့ တက်ကြွတဲ့အချိန်ရှိသေးရဲ့လား။ မရှိတော့ဘူး။ အဲဒီလို အချိန်တိုင်းအချိန်တိုင်း အပျင်းထူနေမယ် အမြဲတမ်းအိပ်ချင်နေမယ်ဆိုရင် ...

'မင်းအပါယ်လေးပါးသွားချင်လို့လား'ကိုယ့်ကိုယ်ကို မေးပြီးအပါယ်လေးပါးရောက်ရင်ခံရမယ့်ဆင်းရဲဒုက္ခတွေကို ဆင်ခြင်ရမယ်။

ဝိပဿနာအားထုတ်ရင် ရမယ့်အကျိုးကျေးဇူးတွေကိုလည်းဆင်ခြင်ရမယ်။ ဝိပဿနာအလုပ်ဆိုတာ လူပျင်းလူညံ့တွေလုပ်တဲ့အလုပ်မဟုတ်ဘူး။ ဘုရား ရဟန္တာတွေသွားတဲ့လမ်းစဉ်မဟုတ်လား။

'ဟုတ်ပါတယ်ဘုရား'

မိမိအားထုတ်တဲ့လမ်းစဉ်မှန်မှ မဂ်ဉာဏ်ဖိုလ်ဉာဏ်ရမှာနော်။



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

တိတ္ထိကြီးတွေလည်း နိဗ္ဗာန်ရည်မှန်းပြီးကျင့်ကြတာပဲ။ အတ္တကိလမထ အကျင့်တွေကျင့်ကြတာဆိုတော့ အသက်ရှင်စဉ်မှာလည်းဆင်းရဲတယ်။ သေတော့လည်းအပါယ်လေးပါးရောက်တယ်။ အင်မတန်နစ်နာတာပဲ။ အဲဒါလမ်းစဉ်လွဲသွားလို့ မဟုတ်လား။

'ဟုတ်ပါတယ်ဘုရား'

**ဆွမ်းကျိုးတုံ့ပြန်၊ မြတ်မွေခံ၊ ရှုရန်မြတ်ဆရာ။**

ဆွမ်းအလှူရှင်တွေရဲ့ကျေးဇူးကို တရားနဲ့ကျေးဇူးဆပ်ရမှာ။ ဝိပဿနာတရားအားထုတ်တယ်ဆိုတာ သီလ သမာဓိ ပညာအကျင့်တွေကိုကျင့်ပြီးကျေးဇူးဆပ်နေတာပဲ။

မြတ်မွေခံ၊ တရားကိုကြိုးကြိုးစားစားအားထုတ်မှတရားအမွေခံလို့ရမှာပေါ့။

ရှုရန်မြတ်ဆရာ၊ ကျေးဇူးအများဆုံးဆရာကတော့ ဘုရားပဲ။ ဘုရားဟောလို့သာ အသိမှန်အကျင့်မှန်တာလေ။ဒါကြောင့် ဘုရားကို ကျေးဇူးပြန်ဆပ်ဖို့ မလိုဘူးလား။

'လိုပါတယ်ဘုရား'

ဘာနဲ့ဆပ်ရမလဲ။ တရားနဲ့ဆပ်ရမှာ။ ဒါတွေကို ဆင်ခြင်မှ ဝီရိယတိုးမှာ။ ဝီရိယတိုးမှ အပျင်းကထွက်ပြေးမှာပေါ့။ နောက် စတုတ္ထနီဝရဏက ...

**ဥဒ္ဓစ္စကုက္ကုစ္စ။** ဥဒ္ဓစ္စဆိုတာ စိတ်ပျံ့လွင့်တာ။ ကုက္ကုစ္စက နောင်တရ ပူပန်တာ။ စိတ်ကိုလွှတ်ထားတဲ့ပုဂ္ဂိုလ်တွေဟာ များသောအားဖြင့် ပျံ့လွင့်တာပဲ။ စိတ်ပျံ့လွင့်ရင် အာနာပါနပွားချင်ရင်ပွား။ ဗုဒ္ဓါနုဿတိပွားချင်ရင်ပွား။ အဓိကက စိတ်ကို တင်းတင်းရင်းရင်း မှတ်ပစ်ပါ။

တချို့က 'စိတ်ကူးတယ်၊စိတ်ကူးတယ်' တစ်ချက်နှစ်ချက်



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

မှတ်ပြီး 'ဖောင်းတယ်၊ပိန်တယ်'ပြန်မှတ်တော့ ...

တော်ကြာရင်း စိတ်ကူးပြန်ပြီ၊ တစ်ချက်နှစ်ချက်မှတ်လိုက် စိတ်ကူးပြန်ပြီ။ စိတ်ကူးကိုမှတ်လို့မနိုင်တော့ဘူး။ စိတ်ကူးကို ဆွပေးသလို အားပေးသလိုဖြစ်နေတယ်။ အဲဒီလိုမဖြစ်အောင် စိတ်ကို တင်းတင်းရင်းရင်းဆက်တိုက်မှတ်ပစ်ရတယ်။

ဝိပဿနာအလုပ်က စိတ်အလုပ်ဆိုတော့ စိတ်ကိုဦးစားပေးရှုမှတ်ရတယ်။ ကာယာနုပဿနာပဲမှတ်ပြီး စိတ်ကူးတာကျတော့ မမှတ်ဘူးဆိုရင် အမှတ်ကဆက်ပါတော့မလား။

'မဆက်နိုင်ပါဘူးဘုရား'

အမှတ်မဆက်ရင် သမာဓိကျဲမှာပဲ။ သမာဓိကျဲရင် စိတ်ဆင်းရဲလိမ့်မယ်။ 'စိတ်ညစ်တယ်၊စိတ်ညစ်တယ်'ဆိုပြီးခေါင်းကုတ်နေတာတွေ မတွေ့ဘူးလား။

'တွေ့ပါတယ်ဘုရား'

ဟိုတွေးဟိုငေး အဆင်မချောတာတွေလျှောက်တွေးနေတော့ စိတ်ဆင်းရဲမှာပေါ့။ ရှုမှမရှုမှတ်ဘဲ။ ပျံ့လွင့်တယ်ဆိုတာ များသောအားဖြင့်၊မှတ်အားနည်းတဲ့သူတွေပျံ့လွင့်ကြတာပဲ။

ဆရာသမားက မှတ်ပါမှတ်ပါ တဖွဖွပြောနေတယ်။ မမှတ်ဘူးဗျ။ ဒီအတိုင်းကြည့်နေတယ်။နာတာလည်းကြည့်နေတယ်။ ညောင်းတာလည်းကြည့်နေတယ်။ သမာဓိမရှိဘဲကြည့်နေရင် သိသလိုလိုနဲ့ သေသေချာချာသိတာမဟုတ်ဘူး။

အာရုံနဲ့မှတ်စိတ်အံကိုက်ကျမှ၊ ထိထိမိမိဖြစ်မှ ဉာဏ်ကတက်တာ။ တချို့ဆို(၁၀)နှစ်(၁၅)နှစ်ရှိနေပြီ။ 'ဥဒယဗ္ဗယဉာဏ်'ဖျော့ာင် မရောက်ဘူး။ 'ပေါ်လာတာကို ဖြစ်ပျက်ရှု'ဆိုတာ ...

ရင့်ကျက်နေတဲ့ပုဂ္ဂိုလ်က ရှုနိုင်တယ်။ ကိုယ်က မရှုနိုင်



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

သေးရင်၊ ပေါ်ရာပေါ်ရာကို ရိုးရိုးလေးမှတ်ရတယ်။ သမာဓိကျဲမှာ စိုးလို့ သတိပေးနေပါတယ်။ သိသလိုလိုနဲ့ ကျဲတာတွေမရှိဘူးလား။

'ရှိပါတယ်ဘုရား'

ပေါ်တာဖြစ်ပျက်သွားတယ်ဆိုတာ တရားတွေနာထားတော့ သိနေတာပဲ။ သို့သော်လည်းပဲ ကိုယ်တွေ့သိတာမဟုတ်ဘူး။ ကိုယ်တွေ့ သိအောင် ပေါ်တဲ့အတိုင်းရိုးရိုးလေးပဲမှတ်ရတယ်။ နာရင်နာတယ်၊ ကိုက်ရင်ကိုက်တယ်မှတ်။နောက်ကျတော့ ဖြစ်တာလည်းသိတယ်။ ပျက်တာလည်းသိတယ်။အနိစ္စဒုက္ခ အနတ္တကိုအထူးဆင်ခြင်နေစရာမလိုဘူး။

ဒါကြောင့်မို့လို့ စိတ်ကိုပေါ်တဲ့အတိုင်းမှတ်ပေးပါ။ စိတ်ပျံ့လွင့်ရင်'ပျံ့လွင့်တယ်၊ပျံ့လွင့်တယ်'မှတ်။ စိတ်ဆိုးရင်'စိတ်ဆိုးတယ်၊ စိတ်ဆိုးတယ်'မှတ်။ စိတ်ညစ်ရင်'စိတ်ညစ်တယ်၊စိတ်ညစ်တယ်'မှတ်။

ဖွဖွလေးမှတ်ရမှာမဟုတ်ဘူး။ တင်းတင်းရင်းရင်းမှတ်ရမှာ၊ စိတ်အလုပ်ဟာ အင်မတန်အရေးကြီးတယ်နော်။ ရှေ့စိတ်က အရှုခံ နောက်စိတ်က အရှုဉာဏ်။ စိတ်ကိုစိတ်နဲ့ပြန်ရှုတော့ စိတ်သဘောတွေ ကိုသိလာမယ်။ စိတ်ဟာပျံ့လွင့်ဖို့အချိန်မရတော့ဘူး။ တဖြည်းဖြည်းနဲ့ ဝပ်သွားတယ်။

နွားကိုနဖားကြိုးကောင်းကောင်းနဲ့ တိုင်မှာသေသေချာချာ ချည်ထားရင် ဒီနွားဘယ်လောက်ရုန်းရုန်း ကြာရင် ဝပ်မသွားနိုင်ဘူးလား။

'ဝပ်သွားနိုင်ပါတယ်ဘုရား'

အဲဒီလိုပဲ ကာယ၊ ဝေဒနာ၊ စိတ္တ၊ ဓမ္မာဆိုတဲ့သတိပဋ္ဌာန် လေးပါးကိုနှာဖားကြိုးသွင်းပြီးတော့ အရှုခံအာရုံချည်တိုင်မှာ ကျကျနန ချည်ထားမယ်ဆိုရင် ဒီစိတ်ဘယ်မှပြေးလို့မရတော့ဘူး။

ကြိုးခိုင်ဖို့တော့လိုတယ်နော်။ နိုင်လွန်ကြိုးမှ၊ ချည်ကြိုးအပွ


WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

နဲ့တော့မရဘူး။ နိုင်လွန်ကြိုးဆိုတာ နည်းလမ်းကို ကျကျနနသိတဲ့ ဉာဏ်ကိုပြောတာ။ ဟုတ်မှဟုတ်ပါ့မလား။ ဖြစ်မှဖြစ်ပါ့မလားဆိုတာ အဲဒါချည်ကြိုးအပွပဲ။ ပြတ်သွားလိမ့်မယ်။ အနားမနေတော့ဘူး။

ဆရာသမားပြောတဲ့စကားကိုမယုံရင် ရှုနည်းမှတ်နည်းက လည်း ကျွမ်းကျင်မှာမဟုတ်ဘူး။ စိတ်ကူးတာတွေ စဉ်းစားတာတွေ ဆင်ခြင်တာတွေကို တင်းတင်းရင်းရင်းမမှတ်တော့ စိတ်တွေက ပျံ့လွင့်ကုန်ရော။

စိတ်ပျံ့လွင့်ပြီဆိုရင် ကုက္ကုစ္စက နောက်ကလိုက်လာမယ်။ ငါဟိုတုန်းက အားမထုတ်မိခဲ့လေခြင်း။ အသက်အရွယ်ငယ်တုန်းမှာ အားထုတ်ရရင်ကောင်းသား။ အခုတော့ အသက်ကြီးကုန်ပြီ။ ပြီးခဲ့တဲ့ အချိန်တွေကို နှမြောနေတယ်။ တချို့ကျတော့ ...

ငါဟိုတုန်းကမိုက်ခဲ့လေခြင်း။ မှားခဲ့လေခြင်းဆိုပြီး နောင်တရ ပူပန်နေတတ်တယ်။ ပူပန်နေတော့ အကုသိုလ်တွေထပ်ပွားတာပေါ့။ မောဟမကင်းသေးတဲ့သူမှန်သမျှ မှားကြတာပဲ။ ကိုယ်တစ်ယောက် တည်းမှားဖူးတာမဟုတ်ဘူး။ အကုန်လုံးမှားခဲ့ဖူးတာချည်းပဲ။ ပူနေစရာ မလိုဘူးနော်။

မိုက်တယ်ဆိုတာကလည်း ကိုယ်တစ်ယောက်တည်း မိုက်ခဲ့ ဖူးတာမဟုတ်ဘူး။ အကုန်လုံးမိုက်ခဲ့ဖူးတာချည်းပဲ။ ကြမ်းကြမ်းတမ်း တမ်း မိုက်တဲ့သူနဲ့ ပြုံးပြုံးလေးမိုက်တဲ့သူ ဒါပဲကွာတာမဟုတ်လား။

'ဟုတ်ပါတယ်ဘုရား'

ဖြစ်ပြီးသားအကုသိုလ်တွေကိုလည်း မပူပန်နဲ့။ မဖြစ်သေးတဲ့ ကုသိုလ်တွေကိုလည်း ပူပန်မနေနဲ့။ အကုန်လုံးကို တင်းတင်းရင်းရင်း ရှုမှတ်ပစ်ရမှာ။အဲဒီလိုမဟုတ်ဘဲ ဥဒ္ဓစ္စကုက္ကုစ္စနီဝရဏတွေ မပယ်တတ် လို့သမာဓိကျဲတာ။ သမာဓိကျဲတော့ ဆင်းဆင်းရဲရဲကျင့်ရတာပေါ့။



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

နောက်ဆုံးငါးခုမြောက်နီဝရဏကတော့ ...

**ဝိစိကိစ္ဆာနီဝရဏ**။ သို့လောသို့လောမဝေခွဲနိုင်တာ။ သံသယဖြစ်တာ။လေ့လာမှုလည်းမရှိ တရားနာတဲ့အခါမှာလည်း မှတ်မှတ်သားသားမနာတဲ့သူတွေ သံသယဖြစ်တာပဲ။

သွားရင်'သွားတယ်၊သွားတယ်' ရပ်ရင်'ရပ်တယ်၊ရပ်တယ်' ထိုင်ရင်'ထိုင်တယ်၊ထိုင်တယ်'မှတ်နေရုံနဲ့သမာဓိဖြစ်တယ်။ ဝိပဿနာဉာဏ်တွေဖြစ်တယ်ဆိုတာ ဟုတ်မှဟုတ်ပါ့မလား။

ပျင်းရင်'ပျင်းတယ်၊ပျင်းတယ်'မှတ်၊ စဉ်းစားရင်'စဉ်းစားတယ် စဉ်းစားတယ်'မှတ်နေရုံနဲ့ မဂ်ဉာဏ်ဖိုလ်ဉာဏ်ရနိုင်တယ်ဆိုတာ ဟုတ်ရောဟုတ်ပါ့မလား။ ဒီလို မယုံသင်္ကာတွေဖြစ်နေတာဟာ ဝိစိကိစ္ဆာနီဝရဏပဲ။ တချို့ယောဂီတွေကျတော့လည်း ...

'ငါ ကြားတော့ကြားဖူးပါတယ်။ ဒီနေရာလေးက ဘယ်လိုလုပ်ရမှန်းမသိဘူး' ဖြစ်လာလိမ့်မယ်။ 'နှုတ်တစ်ရာစာတစ်လုံး'ဆိုသလို မှတ်သင့်မှတ်ထိုက်တာကို စာအုပ်လေးနဲ့ရေးမှတ်ထားတဲ့အခါကြတော့ အခက်အခဲဖြစ်လာရင် ဖြေရှင်းတတ်တယ်။ ဒါအမှားပဲ ဒါအမှန်ပဲဆိုတာရှင်းရှင်းလင်းလင်းသိတယ်။

ကိုယ်ဉာဏ်မမီတာမျိုးကျတော့ တတ်သိနားလည်တဲ့သူကိုမေးရတယ်။ မမေးဘဲ ဟုတ်မှဟုတ်ပါ့မလား။ မှန်မှမှန်ပါ့မလားနဲ့ သံသယကြီးနဲ့အားထုတ်နေရင် သမာဓိကဖြစ်ပါတော့မလား။

'မဖြစ်ပါဘူးဘုရား'

မဖြစ်ဘူး။ နီဝရဏတရားတွေကို မပယ်သတ်တတ်ရင်တော့ သမာဓိကျဲမှာပဲ။ သမာဓိကျဲရင် စိတ်ချမ်းသာမှုကိုမရနိုင်ဘူး။ စိတ်ဆင်းဆင်းရဲရဲနဲ့ကျင့်ရလိမ့်မယ်။ ကုသိုလ်ပါနည်းရင်တော့ ခန္ဓာကိုယ်ပါဆင်းဆင်းရဲရဲကျင့်ရလိမ့်မယ်။ ။



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

# တရားရနေးတဲ့အကြောင်းလေ

တရားရနေးတဲ့အကြောင်းပြောဦးမယ်။ သူများတွေက နှစ်လ သုံးလနဲ့ရတယ်။သူကတစ်နှစ်လောက်နဲ့လည်း မရသေးဘူး။ ဘာဖြစ်လို့ နေးနေးမှရလဲဆိုတော့ ...

ဝိပဿနာနဲ့ပတ်သက်တဲ့တရားတွေကို နာကြားမှုလည်းနည်း တယ်။ မှတ်သားမှုလဲနည်းတယ်။ တရားနာတဲ့အခါမှာ ရင်ထဲလည်းစွဲ အောင်မမှတ်ဘူး။ စာနဲ့လည်းမမှတ်ဘူး။ ရှုတတ်မှတ်တတ်အောင်လို့ အလုပ်ပေးတရားတွေဖွင့်ပြတဲ့အခါမှာလည်း ပေါ့ပေါ့ဆဆနဲ့နာတယ်။

တကယ်တမ်းအားထုတ်တဲ့အခါကျတော့ ဘယ်လိုအားထုတ် ရမယ်ဆိုတာမသိဘူး။ ဟိုဟာရှုရမလို ဒီဟာရှုရမလိုနဲ့ မရှုတတ်မမှတ် တတ်တော့ ယောင်တောင်ပေါင်တောင်ဖြစ်နေရော။ သွားရင်းလာရင်း လဲအားထုတ်လို့ရတယ်။ အိပ်ရင်းနဲ့လည်း အားထုတ်လို့ရတယ်။ အပေါ့ အပါးသွားရင်းနဲ့လည်းအားထုတ်လို့ရတယ်။ ခဏခဏဆရာသမားတွေက ညွှန်ကြားသော်လည်းပဲ ဘာအမှတ်မှမပါဘူး။

ဗွောရုံထဲရောက်ပြီးထိုင်တော့မှပဲရှုမှတ်တယ်။ ဉာဏ်ကတက် ပါတော့မလား။ နောက်ပြီးတော့ ဝိပဿနာနဲ့ပတ်သက်လို့ သိစရာတွေ အများကြီးပဲ မကြာခဏပြောတယ်။ ဝိပဿနာအားထုတ်တဲ့အခါမှာ ပညတ်နဲ့ ပရမတ်ကွဲရမယ်။ ရုပ်နာမ်နှစ်ပါး ခန္ဓာငါးပါးကို



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

သိရမယ်။ ဒိဋ္ဌိကိုဉာဏ်ပရိညာနဲ့ခွာထားရမယ်။ အခြေခံလေးတွေကိုသိအောင်ဟောထားပြီးသားမဟုတ်လား။ (လွတ်မြောက်မှုချမ်းသာကိုရှာဖွေခြင်းစာအုပ်တွင်ကြည့်ပါ။)

'ဟုတ်ပါတယ်ဘုရား'

ဝိပဿနာတရားဆိုတာ ရုပ်တွေနာမ်တွေရဲ့အကြောင်းကို သိအောင် သတိနဲ့စောင့်ကြည့်နေတာ။ ပထမတော့ လုပ်ပြီးမှတ်နေရတယ်။ စောင့်ကြည့်တယ်ဆိုတာ နောက်မှစောင့်ကြည့်ရတာ။

အစပိုင်းမှာ အားစိုက်ပြီးတော့ကို ရှုမှတ်ရတယ်။ နောက်ပိုင်းကျတော့မှ အရှိန်ရလာတဲ့အခါ ပညတ်ကိုခွာပြီး ပရမတ်ရောက် သွားတာ။ ဟောစဉ်အနေနဲ့ကတော့ ...

ဝိပဿနာဆိုတာ ပရမတ်ကိုရှုရတာ။ ဝိပဿနာဘူမိဆိုတာ ရုပ်တွေနာမ်တွေပဲ ဒါဟောစဉ်။ တကယ်အလုပ်လုပ်တဲ့အခါမှာ ပရမတ်ကို တန်းမတွေ့ဘူး။ ပရမတ်ကို တန်းတွေ့တယ်ဆိုတာ ကြွားပြောတာ။

အဲဒါ တကယ်မလုပ်တဲ့ပုဂ္ဂိုလ်တွေ။ ပြောလိုက်ရင် ပရမတ်ပဲ။ စာရေးရင်လည်း ဟိုဟာဒီဟာတွေချဲ့နေတာနဲ့ပဲ တော်ရုံတန်ရုံအဲဒီစာအုပ်ဖတ်လိုက်ရင် တွေဝေဝေးကြောင်ပြီး ဘာလုပ်ရမှန်းကိုမသိတော့ဘူး။

သင်တန်းကို နှစ်တစ်ရာလောက် တက်ရမလိုဖြစ်နေတာ။ တကယ်ပေါက်ရောက်ထားတဲ့ ဆရာတော်ဘုရားကြီးတွေရဲ့ စာဟာရှင်းရှင်းလေးရယ်၊ ဘာမှမခက်ခဲဘူး။ မပေါက်မရောက်တဲ့ပုဂ္ဂိုလ်တွေပြောတာကတော့ ရှုပ်ယှက်ကိုခတ်နေတာပဲ။ ပဟေဠိတွေကများနေတယ်။

စွန်းလွန်းဆရာတော်ဘုရားကြီးတို့၊ သဲအင်းဂူဆရာတော်ဘုရားကြီးတို့၊ မိုးကုတ်ဆရာတော်ဘုရားကြီးတို့၊ ကျေးဇူးတော်ရှင်



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

မဟာစည်ဆရာတော်ဘုရားကြီးတို့၊ ရွှေတောင်ကုန်းဆရာတော်ဘုရားကြီးတို့၊ချမ်းမြေ့ဆရာတော်ဘုရားကြီးတို့ ဟောထားတာရှင်းရှင်းလေးရယ်။

လယ်သမားကြီးတွေ အလုပ်သမားကြီးတွေ အကုန်လုံးနားလည်လွယ်တဲ့ စကားလုံးလေးတွေနဲ့ ရိုးရိုးရှင်းရှင်းလေးပဲ။ မိမိတို့က ဖွဲကောင်းကောင်းနဲ့ အလုပ်လုပ်ဖို့ပဲလိုတယ်။

ရှုမှတ်တဲ့အပိုင်းမှာလည်း ထင်ရှားရာကိုမှတ်။ ရုပ်ထင်ရှားရင် ရုပ်ကိုမှတ်။ ဝေဒနာထင်ရှားရင် ဝေဒနာကိုမှတ်။ စိတ်ထင်ရှားရင် စိတ်ကိုမှတ်။ မြင်သဘော၊ကြားသဘော၊နံသဘောတွေထင်ရှားရင်လည်း ထင်ရှားတာကိုမှတ်။ ခဏခဏမပြောဘူးလား။

'ပြောပါတယ်ဘုရား'

ပြောပေမဲ့မှတ်မထားတော့ တကယ်လုပ်တဲ့အခါမလုပ်တတ်တော့ဘူး။ ရှုမှတ်တဲ့အခါမှာ သတိကရှေ့ကသွားရမယ်။ ပညာက နောက်ကလိုက်ရမယ်။ အိပ်ငိုက်တဲ့အချိန်မှာ မှတ်ချက်တွေဖြန့်မှတ်ရမယ်။တရားအပေါ်လည်းယုံကြည်ရမယ်။ မိမိကိုယ်ကိုလည်း ယုံကြည်ရမယ်။ ဆရာသမားအပေါ်လည်းယုံကြည်ရမယ်။ ဘယ်လိုပြောပြော ဆရာသမားပြောတဲ့စကားကို နားမထောင်ဘူး။

မယုံ့တယုံနဲ့ ဟုတ်မှဟုတ်ပါ့မလား။ ခန္ဓာတွေ ဓာတ်တွေ အာယတနတွေလည်းမပါဘူး။သံသယကြီးနဲ့အားထုတ်နေမယ်။ထင်ရာစွတ်လုပ်နေမယ်ဆိုရင် ဉာဏ်ကတော်တော်နဲ့တက်ပါတော့မလား။

'မတက်ပါဘူးဘုရား'

နောက်တစ်ခါ အားထုတ်နေတဲ့အချိန်မှာ မစဉ်းစားပါနဲ့။ မဆင်ခြင်ပါနဲ့။ ဓာတ်တွေ ပရမတ်တွေ ခွဲမနေပါနဲ့။ ရိုးရိုးပဲရှုမှတ်ပါ ဘယ်လောက်ပြောပြော ဆင်ခြင်စဉ်းစားနေတော့ တရားက တော်


WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

တော်နဲ့ မတက်တော့ဘူး။ တရားမတက်တာအကြောင်းတွေရှိပါတယ်။

(၁) အမှတ်မဆက်ဘူး။

(၂) မစူးစိုက်ဘူး။ အပေါ်ယံလေးလျှံပြီးမှတ်နေတယ်။

(၃) ဣန္ဒြေတွေမညီမျှဘူး။ ဣန္ဒြေမညှိတတ်ဘူး။

အမှတ်မဆက်တာပြောဦးမယ်။ တချို့က ထိုင်တုန်းပဲမှတ်တယ်။ ထသွားရင် မမှတ်တော့ဘူး။ စားတာသောက်တာလည်းမမှတ်ဘူး။အသေးစိတ်အမူအရာတွေဆို မှတ်ရကောင်းမှန်းမသိတော့ အမှတ်ကဆက်ပါတော့မလား။

'မဆက်ပါဘူးဘုရား'

အမှတ်မဆက်တာ နောက်တစ်မျိုးရှိသေးတယ်။ တရားအားထုတ်တာ(၇)ရက် တချို့လည်း(၁၀)ရက်ပဲရှိသေးတယ်။ ဆက်ပြီးအားမထုတ်တော့ဘူး။ အိမ်ပြန်တယ်။ ရဟန်းဆိုလည်းကျောင်းပြန်တယ်ပေါ့ဗျာ။တစ်နှစ်မှတစ်ကြိမ် ဝါတွင်းတို့သင်္ကြန်တွင်းတို့ အားထုတ်တာလေ။

တချို့ယောဂီကျတော့ တရားကိုလည်းစိတ်ဝင်စားတယ်။ ကျွမ်းကျွမ်းကျင်ကျင်လဲရှုမှတ်တတ်တယ်။ ဣန္ဒြေလည်းညှိတတ်တယ်။ အင်မတန်တော်တာပဲ။ဒါပေမဲ့ တစ်လခွဲနှစ်လဆိုရင် ဆက်အားမထုတ်တော့ဘူး။ အိမ်ပြန်ရော။

အမှန်ဆိုရင် တစ်နှစ် နှစ်နှစ်ဆက်တိုက်အားထုတ်ပစ်လိုက်ရမှာ။ တစ်နှစ် နှစ်နှစ်ဆိုတာ ဘဝနဲ့စာရင် ဘာမှကြာတာမဟုတ်ဘူး။ သံသရာနဲ့ဆို ပိုတောင်မပြောပလောက်သေးတယ်။အဲဒါကို တစ်ဆက်တည်းအားမထုတ်ဘဲ ရပ်ပစ်လိုက်တော့ မဂ်ဉာဏ်ဖိုလ်ဉာဏ်ကို တော်တော်နဲ့ဘယ်ရတော့မလဲ။ မီးတောက်ခါနီးကျမှ ရပ်ပစ်လိုက်သလို ဖြစ်နေတယ်။

ဟိုးတုန်းက အခုလိုမီးခြစ်တွေဘာတွေ မပေါ်သေးဘူး။ မီးမွှေး



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

မယ်ဆိုရင် ဝါးနှစ်ခုကိုပွတ်ရတယ်။ အချက်တစ်ထောင်ရောက်ရင် မီးတောက်မယ်ဆိုပါတော့။ (၉၉၉)ချက်ရောက်တဲ့အခါ ဆက်မပွတ် ပဲရပ်ပစ်လိုက်မယ်ဆို မီးကတောက်ပါတော့မလား။

'မတောက်ပါဘူးဘုရား'

နောက်နေ့ကျမှ တစ်ချက်လေးပွတ်ရုံနဲ့ ရပါ့မလား။ မရဘူး။ တစ်ကသာပြန်စပေတော့။ အဲဒီလိုပဲ အမှတ်ကိုတစ်ဆက်တည်းဖြစ် အောင် လနဲ့နှစ်နဲ့ချီပြီး အားမထုတ်ဘူးဆိုရင် ရသင့်ရထိုက်ပါရဲ့သားနဲ့ ဉာဏ်ကောင်းပါရဲ့သားနဲ့ ကြိုးစားပါရဲ့သားနဲ့ မဂ်ဉာဏ်ဖိုလ်ဉာဏ် ရဖို့ကြာမနေနိုင်ဘူးလား။

'ကြာနေမှာပါဘုရား'

**မှတ်တဲ့အခါမှာလည်း ရှူးရှူးစိုက်စိုက်မမှတ်ဘဲနဲ့ အပေါ်ယံ လေး လျှံပြီးမှတ်နေမယ်ဆိုရင် သဘောအပေါ်မရောက်နိုင်ဘူး။**

သမထလိုဖြစ်နေတော့ ပီတိပဿဒ္ဓိတော့ဖြစ်မှာပေါ့။သဘော တရားကိုမသိဘူး။ ပီတိပဿဒ္ဓိဖြစ်တိုင်း သဘောသိတာမဟုတ်ဘူး နော်။ ယောဂီတွေ သတိထားပါ။

ဣန္ဒြေမညီတတ်ရင်လည်း တရားကမတက်ပြန်ဘူး။'ထိုင်တယ် ထိတယ်'မှတ်တဲ့အခါ သဘောပေါ်ရောက်အောင် တအားရှူးစိုက် ပြန်ရင်လည်း သမာဓိနိမိတ်တွေပေါ်လာပြန်ရော။

ထိတဲ့နေရာလေးက လင်းနေတယ်။ အရောင်လေးတွေဖျတ် ခနဲဖျတ်ခနဲပေါ်လာတယ်။ သေးသေးကြီးကြီး အဲဒါ သမာဓိနိမိတ် တွေ။ ဒါဆို သမာဓိလွန်နေပြီ။ သမာဓိ နည်းနည်းပြန်လျှော့။ ဝီရိယ တိုးပေး။

တစ်ချက်နှစ်ချက်မှတ်ရာကနေ နှစ်ချက်သုံးချက်မှတ်။ အရမ်း မရှူးစိုက်နဲ့ နည်းနည်းလေးဖွပေးလိုက်။ နာတယ် နာတယ် နာတယ်



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

တအားစိုက်ထားတာကို 'ထိုင်တယ်၊ထိတယ်၊နာတယ်' ဒါမှမဟုတ် 'ထိုင်တယ်၊ထိတယ်၊နာတယ်၊သိတယ်'လို့ပြောင်းမှတ်။

**အမှတ်တိုးပေးလိုက်တာဟာ ဝီရိယကိုတိုးပေးပြီး သမာဓိကိုလျှော့ပေးလိုက်တာပဲ။ တစ်ခုတည်းစိုက်မှတ်တယ်ဆိုတာက သမာဓိကိုတိုးပေးတာ။ အဲဒီလို မညှိတတ်ရင်လည်း ဉာဏ်မတက်ဘူး။**

နောက်တစ်ခါ သဒ္ဓါအားကောင်းလာပြီဆိုရင် သေရင်သေသွားပါစေဆိုပြီး တအားရှုမှတ်တတ်တယ်။ သဘောတွေ အပျက်တွေ လုပ်မနေဘူး။ ရှုမှတ်ဖို့ပဲအရေးကြီးတယ်ဆိုပြီး တအားမှတ်တော့ သမထနိမိတ်တွေလာကုန်ရော။

**'ဥပက္ကိလေသ'**တွေဝင်လာတော့ ပညာမဖြစ်တော့ဘူး။ နိကန္တိတွေဖြစ်တတ်တယ်။ သဒ္ဓါနည်းတဲ့သူက အပေါ်ယံလျှံတယ်။ လျှံရုံတင်မဟုတ်ဘူး။ တချို့ မှတ်တောင်မမှတ်တော့ဘူး။

'မှတ်နေစရာမလိုပါဘူးကွာ။ သိပြီးတာပဲ။ ဒါတွေငါအကုန်သိပြီးသားတွေပဲ။ ဘယ်သူနဲ့ယှဉ်ယှဉ် ငါအသိဆုံး'

အဲဒီလိုဆိုလည်း ပညာလွန်သွားပြန်ရော။ ဘာမှမမှတ်တော့ဘူး။ကြည့်နေတယ်။စိတ်တွေကပျံ့ကုန်ရော။ ပျံ့တော့လည်းပျံ့မှန်းမသိဘူး။ အဲဒီတော့ တရားကမတက်တော့ဘူး။

သဒ္ဓါအားနည်းရင်တရားများများနာရတယ်။ တချို့က တရားမနာကြဘူး။ သဒ္ဓါကလည်း အဆင့်ဆင့်ရှိသေးတာကို။ ဘုရားရှိခိုးတိုင်း သဒ္ဓါပြည့်စုံတာမဟုတ်ဘူး။ တချို့ ဒါနသီလတော့လုပ်ပါတယ်။ ပုတီးကျတော့မစိပ်ဘူး။ သမထမပွားဘူး။ သမထကို သဒ္ဓါတရားမရှိဘူး။ တချို့က သမထတော့လုပ်ပါတယ်။

ဝိပဿနာကျတော့မလုပ်ပြန်ဘူး။ ဝိပဿနာတရားအပေါ်


WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

မှာ သဒ္ဓါတရားမရှိဘူး။ အယုံအကြည်မရှိဘူး။ အဲဒီလို သဒ္ဓါနဲ့ပညာ၊ ဝီရိယနဲ့သမာဓိ မညီမျှရင်လည်းပဲ တရားမတက်ဘူး။ဉာဏ်မတက်ဘူး။ ဒန္ဓာဘိညာ တရားရတာနှေးတာနဲ့ပတ်သက်လို့ ပြောနေတာနော်။ နောက်တစ်မျိုးသွားရအောင် ...



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

## အကျဉ့်ဆင်းရဲတရားရမြန်

ဒုက္ခပဋိပဒါခိပ္ပာဘိညာ။ တရားကျင့်တဲ့အခါ ဆင်းဆင်းရဲရဲ ကျင့်ရပေမဲ့ တရားရမြန်တဲ့အကြောင်းဆက်ပြောရအောင်။ အတိတ်တုန်းက ကုသိုလ်လည်းနည်း သမထလည်းမလုပ်ခဲ့ဖူးလို့ ဆင်းဆင်းရဲရဲ ကျင့်ရတာ။ ဆင်းဆင်းရဲရဲကျင့်ရတာကိုတော့ပြောပြီးသွားပြီ။

တရားရမြန်တဲ့အကြောင်းကိုပဲ အဓိကထားပြောမယ်။ တရားရမြန်ဖို့ဆိုတာ တရားရမြန်စေတဲ့အကြောင်းတရားတွေကောင်းခဲ့လို့ အကျိုးတရားတွေကောင်းတာမဟုတ်လား။

'ဟုတ်ပါတယ်ဘုရား'

'မင်္ဂဖိုလ်နိဗ္ဗာန်ကို မြန်မြန်ရောက်ပါရစေ'လို့ ဆုတောင်းနေရုံနဲ့ မြန်မြန်ရောက်တာမဟုတ်ဘူး။ အတိတ်တုန်းကလဲ ဝိပဿနာ လုပ်ခဲ့ဖူးလို့တရားရမြန်တာ။အခု ပစ္စုပ္ပန်မှာလည်း တရားရမြန်စေနိုင်တဲ့ အကြောင်းတရားတွေကို မိမိကိုယ်တိုင်လုပ်ရမှာ။ ပထမဆုံးလုပ်ရမှာက ...

မဂ်ဉာဏ်ဖိုလ်ဉာဏ်ရအောင် ညွှန်ကြားပြသနိုင်တဲ့ဆရာကောင်းဆရာမြတ်ကို မှီခိုဆည်းကပ်ရမယ်။ ပြီးရင် ဆရာဟောတဲ့ သစ္စာတရားတွေကိုနာကြားတဲ့အခါမှာ မှတ်မှတ်သားသားနာရမယ်။

ဉာတပရိညာအနေနဲ့ ဒိဋ္ဌိနဲ့ဝိစိကိစ္ဆာကို ခွာရသေးတယ်။


WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

အကြောင်းတွေအကျိုးတွေကို သိရတယ်။

တရားအားထုတ်တဲ့အခါမှာ ရှုမှတ်တာတစ်ခုတည်းနဲ့မရဘူး နော်။ နည်းလမ်းတွေကျွမ်းကျင်ဖို့လိုတယ်။ ရှောင်သင့်တာတွေကိုလည်း သိရမယ်။ ဆောင်သင့်တာတွေကိုလည်း သိရမယ်။ အရေးကြီးတာကို သိမှလည်း တရားရမြန်မှာ။ ဥပမာ ယောဂီတွေမှာမရှိမဖြစ်တဲ့အင်္ဂါ ငါးပါးကို သိတယ်မဟုတ်လား။ ဆိုကြည့်ပါဦး။

**ယုံကြည်ကျန်းမာ၊ စိတ်ဖြောင့်စွာဖြင့်၊**
**တွင်တွင်အားထုတ်၊ နာမ်နှင့်ရုပ်ကို**
**ဖြစ်ချုပ်ဉာဏ်မြင်၊ ဤငါးအင်မှန်ပင်မဂ်ရကြောင်း။**

ဟုတ်တယ်။ကိုယ်ရှုမှတ်နေတဲ့နည်းကိုလည်းယုံကြည်မှုရှိရတယ်။ မဟာစည်နည်းလို့အလွယ်တကူခေါ်နေပေမဲ့ မြတ်စွာဘုရားဟောကြား တော်မူထားတဲ့ သတိပဋ္ဌာန်နည်းတွေပဲမဟုတ်လား။

'ဟုတ်ပါတယ်ဘုရား'

ယုံယုံကြည်ကြည်နဲ့ သေသေချာချာ ကျွမ်းကျွမ်းကျင်ကျင် ဖြစ်အောင်အားထုတ်ပါ။ ဦးပဉ္စင်းတို့လည်း ဒီလိုပဲ နည်းကောင်းတွေ လျှောက်လေ့လာတယ်။ အကုန်လုံးလုပ်လို့ရတယ်။ ဘယ်နည်းမှမပုတ် ခတ်ဘူး။ကိုယ်ကြိုက်တာသွားလုပ်။

မိုးကုတ်နည်းနဲ့ပဲသွားလုပ်လုပ် သဲအင်းဂူနည်းနဲ့ပဲသွားလုပ် လုပ်၊ အနာဂါမ်ဆရာသက်ကြီးနည်းပဲသွားလုပ်လုပ် ကသစ်ဝိုင်နည်းပဲ သွားလုပ်လုပ် လိုတဲ့နေရာမှာ မဟာစည်ဆရာတော်ဘုရားကြီးနည်းနဲ့ သာရှုမှတ်လိုက်။

ဟိုနည်းတွေကကောင်းတဲ့ အားသာတဲ့အချက်လေးတွေနဲ့ မဟာစည်နည်းနဲ့ပေါင်းစပ်လိုက်ရင်ကွက်တိပဲ။ အင်မတန်ကိုပဲကောင်း သွားတာ။ အကုန်လုံးကိုသုံးလို့ရတယ်။


WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

သူ့ရိပ်သာသွားအားထုတ်ရင် သူ့နည်းကို ဦးစားပေးလိုက်။ လိုတဲ့နေရာ မဟာစည်နည်းနဲ့ရှုမှတ်။ တချို့နည်းက စိတ်ကူးတာတွေ စဉ်းစားတာတွေ အမှတ်မပါဘူး။ တချို့နည်းက သွားလာတဲ့အခါ စားသောက်တဲ့အခါ အမှတ်မပါဘူး။ မဟာစည်နည်းနဲ့သာ မှတ်လိုက်။ အမှတ်ဆက်ရင်တရားတက်မှာပဲ။

'ဟိုကွေ့ကိုဟိုတက်နဲ့လှော်၊ ဒီကွေ့ကိုဒီတက်နဲ့လှော်' ဆိုသလို ဉာဏ်ကိုလှည့်သုံးပြီး ရှုမှတ်တတ်မှလည်း တရားကမြန်မြန်ရတာ။ အမှန် အကန်နည်းတွေကို အယုံအကြည်မရှိဘဲ အပြစ်ပြောဖို့ပဲစိတ်ကူးနေတဲ့ ယောဂီက မြန်မြန်တရားရနိုင်ပါ့မလား။

'မရနိုင်ပါဘူးဘုရား'

ဘုရားညွှန်ကြားတဲ့နည်းတွေကို ဘုရားသားတော်တွေက ဟောပြောနေတာပဲ။ ငါ့တို့ဆရာပြောတာမှအမှန်၊ ငါတို့နည်းကမှ အကောင်း၊ ဒီလိုမလုပ်ပါနဲ့။ အကုန်သိအကုန်တတ်ဆိုတာ ဘုရားပဲရှိတယ်။ဆရာတော်ကြီးတွေဆိုတာလည်း အားသာချက်ရှိသလို အားနည်းချက်လည်းရှိနိုင်ပါတယ်။ အားနည်းချက်ကိုပဲမြင်ပြီး အားသာချက်ကို မယူတတ်ရင် ကိုယ်ပဲနစ်နာမှာ။

စိတ်ထားဖြောင့်မတ်တဲ့ယောဂီမှလည်း တရားရမြန်တာ။တချို့ ယောဂီကဆရာသမားရှေ့ကျတော့တစ်မျိုး။ ကွယ်ရာကျတော့တစ်မျိုး။ ဆရာသမားရှိရင် အမှတ်ကိုစိပ်နေတာပဲ။ စကားလည်းမပြောဘူး။ ကွယ်ရာဆို စကားများပြီ။ သွားလာစားသောက်တဲ့နေရာမှာလည်း အမှတ်ကမပါတော့ဘူး။

တရားစစ်တဲ့အခါမှာလည်း အမှန်အတိုင်းပြောဖို့အရေးကြီး တယ်။တချို့ယောဂီက တရားသိတာကနည်းနည်း ပုံကြီးချဲ့လျှောက် တာကများများ။ ကိလေသာပါးအောင် တရားအားထုတ်နေတာကို



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

သူများအထင်ကြီးအောင် ကြွားပြောနေသေးတယ်။ တရားကတက်ပါတော့မလား။

'မတက်ပါဘူးဘုရား'

သိပြီးသားအချက်တွေကိုတော့ မပြောတော့ဘူး။ ကျော်သွားမယ်။ နောက်မှာ ပြောစရာတွေက အများကြီးရှိသေးတယ်။

မြန်မြန်တရားရစေဖို့ အထောက်အကူပေးတဲ့ အချက်(၆)ချက်ကိုအရင်ပြောရအောင်။

**ကိစ္စမများ၊ စကားနည်းစေ၊**
**အိပ်နေမှုနည်း၊ ကိုယ်တည်းပျော်လေ၊**
**ဆုံးမလွယ်ကြောင်း၊ မိတ်ကောင်းရှိစေ**
**တရားရေး၊ အားပေးဂုဏ်ခြောက်ထွေ။**

**ကိစ္စမများ။** တရားအားထုတ်နေဆဲကာလမှာ ကိစ္စနည်းရမယ်။ ဖျော်ရည်ကို ခဏခဏဖျော်သောက်လိုက်၊ အဝတ်တွေလျှော်လိုက်၊ ဖုန်းလေးဆက်လိုက်၊ ညှော်သည်တွေ့လိုက်နဲ့လုပ်နေရင် အမှတ်လွတ်တဲ့အချိန်တွေများကုန်မယ်။ စီးပွားရေးကိစ္စတွေ မိသားစုကိစ္စတွေလာရှုပ်နေရင်လည်း သမာဓိမရတော့ဘူး။ အကုန်လုံးကို ဥပေက္ခာပြုထားရမယ်။

တချို့ဆရာတော်ကြီးတွေ အဖေအမေသေသွားတာတောင်မသွားဘူး။ ကျမ်းတွေအများကြီးပြုစုသွားတဲ့ ဆရာတော်ကြီးဦးဗုဓ်ကိုကြည့်ပါလား။ ခမည်းတော်ကြီးသေတုန်းကလည်းမသွားဘူး။ မယ်တော်ကြီးသေတော့လည်း နီးနီးလေးတောင်မသွားဘူး။စိမ်းကားလို့မသွားတာမဟုတ်ဘူး။ သေသွားပြီးတဲ့အလောင်းကြီး အခေါင်းထဲရောက်ခါမှ သွားတော့ရော ပြန်ရှင်လာမှာမှမဟုတ်ဘဲ။ မသွားဘူး။ အလုပ်ပျက်တယ်။ ဒီလိုနှလုံးသွင်းတာနော်။ အဲဒီလိုနှလုံးသွင်းမျိုးကို



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

အတုခိုးရမှာ။

အဲဒီလိုမဟုတ်ဘဲ ဟိုကိစ္စလည်း ငါပါမှ။ ဒီကိစ္စလည်း ငါရှိမှ ဆိုရင်တော့ တရားတွေပျက်ကုန်မှာပဲ။ ကိစ္စများရင် တရားမရဘူး သာမှတ်။ နောက်တစ်ချက်က

**စကားနည်းစေ၊** စကားပြောရင်သမာဓိပျက်လို့ 'ယောဂီတွေ စကားမပြောကြနဲ့'လို့ ခဏခဏသတိပေးနေတာ။ ထိုင်မှတ်တဲ့ အချိန်မှာ ပင်ပင်ပန်းပန်းနဲ့ကြိုးစားမှတ်မှရတဲ့ သမာဓိလေးဟာ တရားနဲ့မဆိုင်တဲ့စကားကို ငါးမိနစ်လောက်ပြောလိုက်တာနဲ့ အကုန်ပျက်ရော။ နောက်တစ်ချိန် ပြန်ထိုင်တဲ့အခါ စိတ်တွေပျံ့ပြီး အာရုံနဲ့မှတ်စိတ်က တော်တော်နဲ့ကိုမမိတော့ဘူး။

ဒါကြောင့် ယောဂီတွေပြောနိုင်တဲ့စကား(၁၀)မျိုးကိုတောင် လိုရင်းတိုရှင်းပဲပြောရမယ်။ အချိန်အကြာကြီးမပြောရဘူး။

(၁) အလိုနည်းမှုနဲ့ဆိုင်တဲ့စကား
(၂) တင်းတိမ်ရောင့်ရဲမှုနဲ့ဆိုင်တဲ့စကား
(၃) အပေါင်းအသင်းကင်းကွာမှုနဲ့ဆိုင်တဲ့စကား
(၄) ဝီရိယနဲ့ဆိုင်တဲ့စကား
(၅) ဆိတ်ဆိတ်ငြိမ်ငြိမ်နေရခြင်းတန်ဖိုးနဲ့ဆိုင်တဲ့စကား
(၆) သီလနဲ့ဆိုင်တဲ့စကား
(၇) သမာဓိနဲ့ဆိုင်တဲ့စကား
(၈) ပညာနဲ့ဆိုင်တဲ့စကား
(၉) လွတ်မြောက်မှုချမ်းသာနဲ့ဆိုင်တဲ့စကား
(၁၀)မဂ်ဖိုလ်နိဗ္ဗာန်နဲ့ဆိုင်တဲ့စကား

ဒါကိုတော့အကျယ်မချဲ့တော့ဘူး။ သိစေချင်တာက ဝစီပိတ် ကျင့်ရမှာမဟုတ်ပေမဲ့ စကားနည်းမှ တရားစွဲမယ်ဆိုတာကိုပဲ။ ပထမ



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

မိုးညှင်းဆရာတော်ဘုရားကြီးဆိုရင် တရားကျင့်တဲ့အခါတုန်းက 'စကားမပြော၊တရားမဟော'ဘဲနဲ့ (၁၀)နှစ်ကြာတယ်တဲ့။ ကြည်ညိုစရာ အတုယူစရာ မကောင်းဘူးလားဗျာ။

'ကောင်းပါတယ်ဘုရား'

**အိပ်နေမှုနည်း။** အိပ်ရေးပျက်မှာ မကြောက်ပါနဲ့။ မြန်မြန် တရားရချင်တဲ့ယောဂီက မနက်အစောကြီးထရတာကို စာဖွဲ့မနေဘူး။ ညဘက်တွေမှာတောင် တစ်ရေးနိုးတာနဲ့ ထမှတ်တာ။ နာရီဝက်ပဲရရ တစ်နာရီပဲရရ။ ညဆိုတာအတတ်နိုင်ဆုံး တစ်ချိန်နှစ်ချိန်တော့ ထထိုင် ရတယ်။

နိုးလာတာနဲ့ ပြန်အိပ်တယ်ဆိုရင် ရပ်ထဲရွာထဲကလူတွေနဲ့ ဘာထူးတော့မှာလဲ။ တစ်သံသရာလုံး အိပ်လာတာ။ ခဲခဲယဉ်းယဉ်း ရလာတဲ့လူ့ဘဝကို အိပ်ပြီးတော့အချိန်တွေဖြုန်းမပစ်နဲ့။ ရှုမှတ်ကြ။

**ကိုယ်တည်းပျော်လေ။** ကိုယ့်အမှတ်လေးနဲ့ကိုယ် တရားနဲ့ ပျော်ပါ။ အဖော်ရှိရင် မကင်းရာမကင်းကြောင်း စကားတွေပြောနေရဦး မယ်။ စိတ်တိုင်းမကျတာတွေလည်း ကြုံတွေ့နိုင်တယ်။ တစ်ယောက် တည်းနေတာ အကောင်းဆုံးပဲ။

ကြံ့ချိုလိုကျင့်၊ သမင်ချိုလိုမကျင့်နဲ့။ သမင်တွေဆိုရင် တောထဲမှာ ရန်သူနဲ့တွေ့လို့ ပြေးရလွှားရတဲ့အခါ သူ့ရဲ့ချိုတွေက ဟိုငြိဒီငြိနဲ့ရှေ့ကို မရောက်နိုင်တော့ဘူး။ ဒုက္ခဖြစ်ရော။ ကြံ့တွေကျတော့ ဦးချိုကတစ်ချောင်းတည်း ဘာမှငြိစရာမရှိဘူး။

အဲဒီလိုပဲ ယောဂီဆိုတာ အပေါင်းအဖော်တွေများရင် တရားက ရှေ့ကိုမတက်နိုင်တော့ဘူး။ ကြံ့ချိုလို တစ်ခုတည်း တစ်ယောက်တည်း က တရားကိုပိုလုပ်ဖြစ်တယ်။ တတ်နိုင်ရင်တောရဆောက်တည်ကြ။

**ဆုံးမလွယ်ကြောင်း။** 'ဆရာကပြောချင်တာပြော ငါလုပ်ချင်



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

တာလုပ်မှာပဲ'ဆိုရင်းတော့တရားရမှာ မဟုတ်ဘူး။ အများအားဖြင့် စာပေဗဟုသုတများတဲ့ယောဂီက မာနရှိတတ်တယ်။ အကုန်လုံးကို သိမ်းကြုံးပြောတာတော့မဟုတ်ဘူး။ ဖြစ်တတ်တဲ့သဘောကို ပြောတာ။

ကိုယ့်ကိုယ်ကိုအထင်ကြီးတော့ ဆရာကိုအထင်သေးတာပေါ့ဗျ။ အထင်သေးတော့ ဆရာသမားပြောတာကို နားမထောင်ဘူး။ အဲဒီအဖြစ်မျိုးကိုရှောင်ပြီး ဆိုဆုံးမလွယ်မှုလည်း တရားရမြန်တာ။

**မိတ်ကောင်းရှိစေ။** ဒါကအရေးကြီးတယ်။ ကိုယ့်ထက်တရား အတွေ့အကြုံများပြီး ကြိုးကြိုးစားစားအားထုတ်တဲ့ ယောဂီနဲ့ ပေါင်းပါ။ တရားအားထုတ်ရင်း တစ်ခါတလေ ကိုယ်ဉာဏ်မမီတာလေး တွေ့ကြုံတတ်တယ်။ ယောဂီဆိုတာဆရာသမားကို အမြဲတမ်း မမေးဝံ့ဘူး။ ကြောက်တာလည်းပါမယ်။ ဒါလေးတောင်မသိရ ကောင်းလားဆိုပြီး အထင်သေးခံရမှာစိုးလို့လည်းဖြစ်တတ်တယ်။

ကိုယ်မေးချင်တဲ့အချိန်မှာ ဆရာသမားကလည်း အလုပ်များရင်များနေမှာကိုး။ အဲဒီတော့အမြဲတမ်း ဆရာသမားကိုပဲမေးဖို့ဆိုတာ အဆင်မပြေဘူး။ ကိုယ့်မှာ မိတ်ကောင်းဆွေကောင်းရှိတဲ့သူကျတော့ တော်ရုံတန်ရုံကိစ္စကို သူ့မေးလိုက်တာနဲ့ အဆင်ချောသွားရော။ တချို့ကအသက်ငယ်ပေမဲ့ ဓမ္မဗဟုသုတလည်းများတယ်။ ဆရာသမားကောင်းနဲ့ တရားအားထုတ်ထားတဲ့ အတွေ့အကြုံလည်းများတော့ လမ်းကြောင်းမှန်အောင်ညွှန်ပြနိုင်တယ်နော်။

တရားမြန်မြန်ရချင်တဲ့သူက အဲဒီလို အပြင်မိတ်ကောင်းကိုလည်းရွေးပေါင်းရတယ်။ ပါပမိတ္တနဲ့မပေါင်းရဘူး။ မူးရူးဆိုးသွမ်းနေမှ ပါပမိတ္တခေါ်တာမဟုတ်ဘူးနော်။ အချိန်ဖြုန်းနေတဲ့ပုဂ္ဂိုလ်နဲ့ မရှုမမှတ်တဲ့ပုဂ္ဂိုလ်ဟာ ပါပမိတ္တပဲ။ ဒါကြောင့်မို့ မြန်မြန်တရားရချင်တဲ့ယောဂီဟာဟိုလျှောက်သွားဒီလျှောက်သွားယောဂီတွေနဲ့ မပေါင်းရဘူး။ ကိစ္စ


WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

များစကားများတဲ့ယောဂီတွေကိုလည်းရှောင်ရမယ်။

အတွင်းမိတ်ကောင်းကျတော့ သဒ္ဓါ ပညာနဲ့ပေါင်းပါ။ သတိ ပညာနဲ့ပေါင်းပါ။ လောဘ ဒေါသနဲ့ မပေါင်းပါနဲ့။ ဒီ(၆)ပါးနဲ့ပြည့်စုံရင် တရားမြန်မြန်ရတယ်။ နောက်ထပ်ဘာအကြောင်းတရားတွေရှိသေးလဲ ကြည့်ကြရအောင် ...

အားထုတ်နေတာချင်းအတူတူ သူကဘာဖြစ်လို့မြန်မြန် တရားတက်သွားတာလဲ။ ဆန်းစစ်ကြည့်တဲ့အခါ ...

(၁) အမှတ်ဆက်လို့။

(၂) အပေါ်ယံလေးလျှံပြီးမမှတ်ဘဲ စူးစူးစိုက်စိုက်မှတ်လို့။

(၃) ဣန္ဒြေတွေ ညီတတ်လို့။ ဒီလိုလဲသိထားရမယ်နော်။

အမှတ်ဆက်တာက သုံးမျိုးရှိသေးတယ်။ ပထမတစ်မျိုးက ထိုင်လျက်နဲ့လည်းအမှတ်ဆက်တယ်။ သုခဝေဒနာပေါ်လာရင် မှိန်း နေတဲ့ အကျင့်မရှိဘူး။စိတ်ကူးရင်လည်း မှတ်တယ်။ပျင်းရင်လည်း မှတ်တယ်။ အချိန်မရွေး၊ နေရာမရွေး၊ အာရုံမရွေးမှတ်တယ်။

အရေးကြီးတယ်နော်ယောဂီတို့ ဉာဏ်စိုက်ထားပါ။ ထိုင်မှတ် နေပေမဲ့ တချို့က အမှတ်ဆက်တာမဟုတ်ဘူး။ တချို့ယောဂီက အာရုံကို တစ်ခုတည်း လှေနံဓားထစ်ပဲ။ ရှူရှူမှုမှု တောင့်တောင့်တင်း တင်းနဲ့ ပူတာ အေးတာ လှုပ်တာ ဒါပဲမှတ်တယ်။ စိတ်ကိုကျတော့ လုံးလုံးမမှတ်ဘူး။ အဲဒီတော့ အမှတ်ကဆက်ပါတော့မလား။

'မဆက်ပါဘူးဘုရား'

ဘာအာရုံလာလာရှုမှတ်တတ်မှ မြန်မြန်တရားတက်တာနော်။ ဒါကြောင့်မို့ မဟာစည်ဆရာတော်ဘုရားကြီးက ပေါ်ရာပေါ်ရာကို ရှုမှတ်ခိုင်းတာ။ ရုပ်ပေါ်ရင်ရုပ်ကိုရှု။ ဝေဒနာပေါ်ရင်ဝေဒနာကိုရှု။ စိတ်ပေါ်ရင်စိတ်ကိုရှု။ သဘောပေါ်ရင်သဘောကိုရှု။



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

သတိပဋ္ဌာန်လေးပါးလုံး အကုန်ပါသွားရော။ အဲဒီတော့ ထိုင်မှတ်နေတဲ့အခါ အမှတ်ကဆက်နေတဲ့အတွက် တရားမြန်မြန်တက်တယ်။

ဒုတိယတစ်မျိုးက ဣရိယာပုထ်နဲ့လည်းအမှတ်ဆက်တယ်။ ထိုင်တဲ့အချိန်ပဲမှတ်တာမဟုတ်ဘူး။ သွားတဲ့အခါလည်းမှတ်တယ်။ ရပ်နေတဲ့အခါလည်းမှတ်တယ်။ မအိပ်မီ တုံးလုံးလှဲတဲ့အခါမှာလည်း မှတ်တယ်။ ဣရိယာပုထ်မရွေးမှတ်တယ်။

တတိယတစ်မျိုးက မဂ်ဉာဏ်ဖိုလ်ဉာဏ်ရတဲ့အထိလည်း အမှတ်ဆက်တယ်။ တစ်နှစ်ကို တစ်လနှစ်လ အားထုတ်လိုက်အိမ်ပြန်လိုက်။ ဒါမျိုးမဟုတ်ဘူး။

'လမ်းဆုံးမရောက် လက်မမြှောက် တောက်လျှောက်သွားရမည်'ဆိုတဲ့အတိုင်း အနည်းဆုံး တစ်မဂ်တစ်ဖိုလ်ရတဲ့အထိ တောက်လျှောက်အားထုတ်မယ်။ ဒီလိုဆုံးဖြတ်ပြီးအားထုတ်တာ။ ဒါကြောင့် မြန်မြန်တရားရဖို့ဆိုတာ အမှတ်ဆက်ဖို့လိုတယ်။ အချိန်မရွေး၊ နေရာမရွေး၊ အာရုံမရွေး၊ ဣရိယာပုထ်မရွေး မှတ်ရမယ်။ စူးစူးစိုက်စိုက်မှတ်ဖို့ လိုတဲ့အကြောင်းဆက်ပြောရအောင် ...



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

## အနိစ္စာနုပဿနာဉာဏ်ထင်အောင်ရှု

ရှူးရှူးစိုက်စိုက်မှတ်တဲ့သူက ခန္ဓာကိုယ်ရဲ့သဘောတွေကို သိတာပေါ့။ ထိုင်တယ်လို့မှတ်ရင်ဘယ်လိုသိသလဲ။ ထိတယ်လို့မှတ်ရင် ဘယ်လိုသိသလဲ။ တကယ်ရှူးရှူးစိုက်စိုက်မှတ်တဲ့သူက တရားလျှောက်တဲ့အခါ သေသေချာချာပြန်ပြောတတ်တယ်။

'ထိုင်တယ်၊ထိတယ် မှတ်ခါစက ဘယ်လိုသိပါတယ်ဘုရား။ နောက်ငါးမိနစ်လောက်ကြာတော့ ဘယ်လိုသိပါတယ်ဘုရား'နဲ့

လျှောက်စရာတွေကများလွန်းလို့ တရားစစ်တဲ့ဆရာသမားကတောင် 'တော်ပါပြီ၊တော်ပါပြီ'လို့တားယူရတယ်။ ဒါဟာ ရှူးရှူးစိုက်စိုက်မှတ်လို့ သဘောတွေကိုသိလာတာမဟုတ်လား။

'ဟုတ်ပါတယ်ဘုရား'

သဘောကိုသိတာ ပရမတ်ကိုသိတာပဲ။ မာတဲ့သဘောကို သိတယ်။ တောင့်တင်းတဲ့သဘောကိုသိတယ်။ ပူတဲ့သဘော အေးတဲ့သဘော ယိုစီးတဲ့သဘော လှုပ်ရှားတဲ့သဘော နာတဲ့သဘော တစ်ခုခုကိုသိနေတာပဲ။

မာပျော့ ပူအေး ယိုစီးလှုပ်ရှားတဲ့သဘောတွေက ရုပ်တရား။ သိတဲ့သဘောလေးက နာမ်တရား။



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

အဲဒီရုပ်တရား နာမ်တရားတွေဟာ ခဏမစဲဖြစ်ပျက်နေကြပါ လျက်နဲ့ ဖြစ်ပြီးပျောက်သွားတဲ့ အနိစ္စလက္ခဏာဟာ ဘာဖြစ်လို့မထင်ရှားတာလဲဆိုတော့ ...

ရုပ်တွေကလည်း အဆက်မပြတ်ဖြစ်နေတယ်။ နာမ်တွေကလည်း အဆက်မပြတ်ဖြစ်နေတယ်။ ဒါကြောင့် **'အနိစ္စကို သန္တတိဖုံးတယ်'** လို့ဆိုတာ။

မြင်တာကြားတာတွေကို မြင်ခိုက်ကြားခိုက်မှာ လိုက်ပြီးရှုနေရင်၊ သမာဓိအားရှိလာတဲ့အခါကျတော့ ရုပ်နာမ်တွေရဲ့ပင်ကိုသဘောကိုလည်းသိရတယ်။ အဲဒီသဘောတွေ စပြီးပေါ်လာတာကိုလည်းသိတယ်။ ဆုံးသွားတာ ပျောက်သွားတာကိုလည်းသိတယ်။ အဲဒါ အစဖြစ်မှု–ဥဒယနဲ့ အဆုံးပျောက်ကွယ်မှု–ဝယကိုသိတဲ့ ဉာဏ်ပဲ။

**ဖြစ်တာပျက်တာကိုသိတာဟာ အနိစ္စကိုသိတာပဲ။**

အဲဒီလိုသိတာ အမှန်သိ နိဗ္ဗာန်ရောက်မယ့်အသိ။ ဒါကို ယောဂီတွေမှတ်ရလွယ်အောင် မဟာစည်ဆရာတော်ဘုရားကြီးက လင်္ကာလေးစပ်ပေးထားတယ်။

**ဖြစ်ခိုက်ရှုမှ၊ သဘာဝ၊ မုချသိနိုင်သည်။**
**သဘောသိမှ၊ ဥဒယ၊ ဝယမြင်နိုင်သည်။**
**ဖြစ်ပျက်မြင်မှ၊ အနိစ္စ၊ ဒိဋ္ဌသိနိုင်သည်။**

ဖြစ်ခိုက်ဆိုတာ မြင်ခိုက် ကြားခိုက် နံခိုက် စားခိုက် ထိခိုက် သိခိုက်ကိုဆိုလိုတာ။ ဖြစ်ခိုက်မှာ မရှုနိုင်တဲ့သူတွေကတော့ မြင်တာတွေကြားတာတွေ သိတာတွေဟာ တစ်ဆက်တည်းဖြစ်နေတယ်လို့ထင်တယ်။ ငါမြင်တယ် ငါကြားတယ် ဒီလိုထင်တယ်။

ငယ်ငယ်ကတည်းက အခုအချိန်အထိ တစ်ယောက်တည်းလို့လည်းထင်တယ်။ ဒါဟာ အဆက်မပြတ်ဖြစ်နေတဲ့ ရုပ်နာမ်အစဉ်


WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

သန္တတိကဖုံးကွယ်ထားလို့ မြဲတယ်ထင်နေတာ။ အနိစ္စကို မမြင်တာ။

ဥပမာ . . . ပုရွက်ဆိတ်တွေ အစုလိုက်အပြုံလိုက်ကြီးသွားနေတာကို ခပ်ဝေးဝေးကကြည့်ရင် အပြတ်အကြားမရှိဘဲတစ်ဆက်တည်းအတန်းလိုက်ကြီးလို့ထင်ရတယ်မဟုတ်လား။

'ဟုတ်ပါတယ်ဘုရား'

အနီးနားကိုသွားကြည့်ရင်တော့ တစ်ဆက်တည်းအတန်းလိုက်ကြီးမဟုတ်ဘဲ ပုရွက်ဆိတ်လေးတွေ တစ်ကောင်စီ တစ်ကောင်စီစုပေါင်းထားတာမဟုတ်လား။

'ဟုတ်ပါတယ်ဘုရား'

အဲဒီဥပမာလိုပဲ ဖြစ်ခိုက်ရုပ်နာမ်ကို မပြတ်ရှုမှတ်တဲ့ယောဂီကျတော့ ရှေ့ကမြင်တာနဲ့ နောက်ကမြင်တာ တစ်ခုစီ။ ရှေ့ကြားတာနဲ့ နောက်ကြားတာကလည်း တစ်ဆက်တည်းမဟုတ်ဘူး။ တခြားစီပဲ။ **သမာဓိလည်းရှိမှ စူးစူးစိုက်စိုက်လည်းမှတ်မှ သိတာနော်။အဲဒီလို အစဖြစ်မှုနဲ့ အဆုံးပျက်မှုကိုသိရင် သန္တတိပျက်ပြီ။**

**ဖြစ်ပေါ်ပြီးနောက်ပျောက်သွားတာက အနိစ္စလက္ခဏာ။**

အနိစ္စာနုပဿနာဉာဏ်ကျတော့ ဆင်ခြင်ရုံနဲ့မရဘူး။ ရှုမှတ်နေဆဲမှာသိလာတဲ့ဉာဏ်ကိုခေါ်တာ။

**ရှုမှတ်ဆဲမှာ ပေါ်ပျောက်သွားတာကိုတွေ့သိရ၍**
**မမြဲဟုသိတာကအနိစ္စာနုပဿနာဉာဏ်။**

ရှုမှတ်လို့ မှတ်အားကောင်းလာတဲ့အခါ၊ ဝေဒနာနဲ့မှတ်စိတ်၊ မှတ်စိတ်ကနိုင်လာတဲ့အခါ နာရင်လည်း'နာတယ်၊နာတယ်'မှတ်ပြီးသား။ ယားရင်လည်း'ယားတယ်၊ယားတယ်'မှတ်ပြီးသား။ အောင့်ရင်လည်း 'အောင့်တယ်၊အောင့်တယ်'လို့မှတ်ပြီးသားဖြစ်ဖြစ်နေတယ်။

ကားစီးတဲ့အခါမှာ ကတ္တရာလမ်းက ကားအောက်ကို ပြေး


WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ပြေးဝင်လာသလို အရှုဉာဏ်ရဲ့အောက်မှာ အရှုခံက တစ်ခါတည်း ပြေးပြေးဝင်လာတယ်။

မှတ်နေရင်းနဲ့ အော် ... ဘယ်ဟာမှ မမြဲပါလား။ ရုပ်နာမ် နှစ်ပါးခန္ဓာငါးပါးဟာ တကယ့်အနိစ္စတရားပဲလို့ တစ်ခါတစ်ရံ သိလာတယ်။ မှုန်မှုန်မွှားမွှားသိတာမဟုတ်ဘူး။ ကြည်ကြည်လင်လင်သိတာ။ အဲဒါ 'အနိစ္စာနုပဿနာဉာဏ်' လို့ခေါ်တယ်။

အဲဒါမှဉာဏ်အစစ်။ ပညာအစစ်။ ပညာအစစ်က တဏှာကို ပယ်သတ်နိုင်တယ်။ဗဟုသုတက နည်းလမ်းမှန်မှန်ကန်ကန်နဲ့သုံးတတ်ရင်တော့ မဂ်ဉာဏ်ဖိုလ်ဉာဏ်ရနိုင်တယ်။ မသုံးတတ်ရင် တဏှာကို အားပေးတယ်။

အနိစ္စာနုပဿနာဉာဏ်ဖြစ်ဖို့ဆိုတာ ရှုရင်းမှတ်ရင်းနဲ့ဖြစ်ရမယ်၊ ပေါ်ရာပေါ်ရာကို လိုက်ပြီးတော့ရှုမှတ်။ သေသေချာချာ စူးစူးစိုက်စိုက်စေ့စေ့စပ်စပ်နဲ့ရှုမှတ်။

ကြာရိုးလေးတွေကို ဓားနဲ့ခုတ်တဲ့အခါ တိခနဲတိခနဲပြတ်ပြတ်သွားသလို အရှုဉာဏ်ရဲ့အောက်မှာ အရှုခံကတစ်ခုပြီးတစ်ခု မှတ်ပြီးသား မှတ်ပြီးသားဖြစ်လာတာ။ အဲဒီသဘောလေးတွေကို ကိုယ်တွေ့သိထားတော့ ဘယ်အချိန်မေးမေး ရှင်းရှင်းလင်းလင်းဖြေလို့မရဘူးလား။

'ရပါတယ်ဘုရား'


WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

# ဒုက္ခာနုပဿနာဉာဏ်ထင်အောင်ရှု

အနိစ္စကိုသိရင် ဒုက္ခထင်ပြီ။ ပေါ်ရာပေါ်ရာမှတ်တဲ့အခါမှာ ဖောင်းတယ်ပိန်တယ်ကိုမှတ်နေရင်းက ပူလိုက် အေးလိုက် နာလိုက် အောင့်လိုက် ယားလိုက် လှုပ်လိုက် ပျင်းလိုက် စိတ်ကူးလိုက်နဲ့ပြောင်း ပြောင်းသွားတာကို လိုက်မှတ်နေရတာဆိုတော့ မြဲလို့လားမမြဲလို့လား။

'မမြဲလို့ပါဘုရား'

တည်တံ့ခိုင်မြဲမှုမရှိဘဲ အမြဲတမ်းပြောင်းနေတာဆိုတော့ ချမ်းသာမှာလား၊ ဆင်းရဲမှာလား။

'ဆင်းရဲမှာပါဘုရား'

အဲဒီလို ရှုမှတ်တိုင်းရှုမှတ်တိုင်း ဖြစ်လိုက် ပျက်လိုက်နဲ့ မပြတ် နှိပ်စက်နေတဲ့အတွက်ကြောင့်မို့လို့ ရုပ်နာမ်နှစ်ပါးဟာ ကြောက်စရာပဲ ဆင်းရဲတာပဲလို့ သိမြင်လာတာကို 'ဒုက္ခာနုပဿနာဉာဏ်' လို့ခေါ်တာ။ နောက်ရှိသေးတယ်။

မြို့ထဲရွာထဲကသာမန်လူတွေအနေနဲ့ကတော့ မိမိကိုယ်ထဲမှာ ညောင်းလိုက်ပူလိုက် နာကျင်ကိုက်ခဲလိုက်နဲ့ အနှိပ်စက်ခံနေရတာကို သတိမပြုမိကြဘူး။ သွားရပ်ထိုင်လျောင်းဣရိယာပုထ်လေးပါးမှာ တစ်ပါးညောင်းရင် တစ်ပါးပြောင်းတယ်။


WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

နည်းနည်းပါးပါးနာကျင်ကိုက်ခဲလာတာနဲ့ ကွေးထားရာက ဆန့်လိုက် ဆန့်ထားရာကကွေးလိုက် ထိုင်ရာကထလိုက်နဲ့ ဣရိယာပုထ်ကို အမှတ်တမဲ့ပြုပြင်ပေးနေတော့ အမြဲတမ်းနေသာထိုင်သာ ရှိတယ်လို့ထင်မနေဘူးလား။

'ထင်ပါတယ်ဘုရား'

အဲဒါဟာ အမှတ်တမဲ့ပြုပြင်ပေးနေတဲ့ ဣရိယာပုထ်ကဖုံးကွယ်သွားလို့ မခံသာတဲ့ဒုက္ခလက္ခဏာ မထင်ရှားတာဘဲ။

ဖြစ်ခိုက်ရုပ်နာမ်ကို မပြတ်ရှုမှတ်တဲ့အခါကျတော့ မကြာခဏ နှိပ်စက်တာကိုသိလာတယ်။ ညောင်းညာကိုက်ခဲလာတဲ့အခါ ဣရိယာပုထ်ကိုပြင်ချင်ပေမဲ့ မပြင်ဘဲသည်းခံပြီးရှုမှတ်နေရင် နှိပ်စက်တဲ့ ဒုက္ခလက္ခဏာက မထင်ရှားဘူးလား။

'ထင်ရှားပါတယ်ဘုရား'

ဒုက္ခဝေဒနာပေါ်လာရင် သည်းခံရမယ်။ အဲဒီစိတ်ကို နံပါတ်တစ်မွေးလိုက်။ တရားအားထုတ်တဲ့နေရာမှာ သည်းခံရင်နိဗ္ဗာန်ရောက်မယ်။ လင်နဲ့မယားသည်းခံတာတို့ သားနဲ့အမိသည်းခံတာတို့က နိဗ္ဗာန်ရောက်မှာမဟုတ်ဘူး။ သံသရာရှည်မဲ့ဟာတွေ။ သံသရာရှည်မဲ့ဟာတွေကို မျက်ရည်စက်လက်နဲ့သည်းခံခဲ့တာ တစ်သံသရာလုံးကထပ်နေပြီ။ မဂ်ဖိုလ်နိဗ္ဗာန်ရောက်မဲ့အလုပ်ကို သည်းခံကြ။ မလျှော့နဲ့။

ဒုက္ခဝေဒနာပေါ်လာရင် အာနာပါနတို့ ကသိုဏ်းတို့နဲ့ လွှဲပစ်တတ်တယ်။ မလွှဲနဲ့။ ဝေဒနာရဲ့သဘောကိုသိအောင် စူးစူးစိုက်စိုက်ရှု။ မချိမဆံ့နာလာရင်လည်း သည်းညည်းခံပြီးတော့ 'နာတယ်၊နာတယ်' ဆက်ရှု။ ချွေးတွေဘာတွေပြန်လဲ အလျှော့မပေးဘဲ တရစပ်ဆက်ရှု။

တစ်ခါတစ်ရံ ဘယ်လိုမှဆက်မှတ်လို့မရဘဲ အရှုံးပေးလိုက်ရတာတွေလည်းရှိမယ်။ စိတ်ဓာတ်မကျပါနဲ့။ အရှုံးပေးတာအနိုင်ရဖို့



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

အတွက်ပဲ။ 'ဝေဒနာ'ကနေ'တဏှာ'မကူးဘဲ 'ဝေဒနာကပညာ'ဖြစ်ဖို့ အရေးကြီးတယ်။

နာတာကျင်တာ ကိုက်ခဲတာတွေက ပေါ်လိုက်ပျောက်သွားလိုက်။ မှတ်လိုက်ပျောက်သွားလိုက်နဲ့ နောက်တော့ ဝေဒနာက မထင်ရှားဘူး။ ဝေဒနာပျက်တာက ထင်ရှားတယ်။ အပျက်တွေချည်းပဲ မြင်လာတော့ ...

ဒီခန္ဓာကိုယ်ကြီးဟာ 'တရစပ်ကြီးပျက်စီးနေပါလား'လို့မှတ်နေရင်းနဲ့ စိတ်ထဲမှာထင်လာမယ်။ အဲဒီလိုထင်လာရင် ခန္ဓာငါးပါး ရုပ်နာမ်နှစ်ပါးဟာ ကြောက်စရာပဲ၊ ဆင်းရဲတာပဲလို့ သိမြင်လာလိမ့်မယ်။ ဒါတင်မကသေးဘူး။

ကိလေသာက နှိပ်စက်တာရှိသေးတယ်။ ဟိုဟာလိုချင် ဒီဟာလိုချင်။လိုချင် ဂါတွေကလည်း အများကြီး။ဖြစ်ချင်တာတွေက လည်း အများကြီး။ သိချင်တာတွေကလည်းအများကြီး။ မဆုံးနိုင်ဘူး။ စိတ်ထဲမှာ ဖြစ်နေတာတွေကို မရှုမှတ်ရင် ဒီလိုအနှိပ်စက်ခံနေရတာ ကိုသိပါ့မလား။

'မသိပါဘူးဘုရား'

အဲဒီလို ရှုရင်းမှတ်ရင်းနဲ့ဒုက္ခလက္ခဏာထင်ရှားမှ ခန္ဓာငါးပါး ရုပ်နာမ်နှစ်ပါးကို ဆင်းရဲအစုအနေနဲ့သိမြင်တဲ့ ဒုက္ခာနုပဿနာဉာဏ် အစစ်ဖြစ်တာ။



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

## အနတ္တာနုပဿနာဉာဏ်ထင်အောင်ရှု

ဒုက္ခထင်ရင်အနတ္တမြင်တော့မယ်။ဒါပေမဲ့ အနတ္တလက္ခဏာကိုမမြင်အောင် သမူဟဃနကဖုံးထားသေးတယ်။ သမူဟဃနဆိုတာ ရုပ်နာမ်အပေါင်းအစုကို တစ်ကိုယ်တည်း တစ်ယောက်တည်းလို့ထင်တာ။ ယောကျ်ားမိန်းမ ခေါင်းခါးခြေလက်လို့ထင်တာ။

အမှန်က သဘောတွေစုပေါင်းထားတာ။ သဘောဆိုတာ ရုပ်တွေနာမ်တွေပဲ။ဓာတ်လို့လည်းခေါ်တယ်။ ဓာတ်အမျိုးမျိုးသဘောကို မသိလို့ သမူဟဃနဖုံးတာပေါ့။ သမူဟဃနဖုံးနေလို့ရှိရင်အနတ္တလက္ခဏာမထင်ရှားတော့ဘူး။

ဒါနတွေဘယ်လောက်ပြုပြု၊ သီလတွေဘယ်လောက်စောင့်စောင့်၊ ဈာန်ရှစ်ပါးပဲရရ သမူဟဃနကိုမဖြိုခွဲနိုင်ရင် သက္ကာယဒိဋ္ဌိကို မဖြုတ်နိုင်ဘူး။ အနတ္တလက္ခဏာကိုမြင်မှ ...

သက္ကာယဒိဋ္ဌိကိုပယ်နိုင်မယ်။ အပါယ်ကလွတ်မယ်။

ဒါကြောင့် အနတ္တမြင်အောင်ရှုမှတ်ရမယ်။ တချို့က မြင်ခိုက်ကြားခိုက် စတဲ့ဖြစ်ဆဲရုပ်နာမ်ကိုမရှုဘူး။ ရုပ်တွေကို ဆင်ခြင်ဉာဏ်နဲ့ အမှန်အမှားလုပ်ပြီး ကိုယ်ပုံသဏ္ဌာန်ကြီးကို ဉာဏ်နဲ့ဖျောက်ပစ်တယ်။

အမှန်က ကိုယ်ပုံသဏ္ဌာန်ကြီးပျောက်သွားရုံနဲ့ အနတ္တဉာဏ်



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

အစစ်ဖြစ်တာမဟုတ်ဘူး။ နာမ်တရားတွေအပေါ်မှာ ငါကောင်အနေနဲ့ အတ္တစွဲဖြစ်နိုင်သေးတယ်။ ဥပမာ အရူပဗြဟ္မာဘုံမှာ ရုပ်ကိုယ်ဆိုတာ မရှိဘူး။ နာမ်အပေါ်မှာစွဲတဲ့ အတ္တဒိဋ္ဌိတော့ရှိတယ်။ ဒါကြောင့်မို့

**ကိုယ်ပုံသဏ္ဌာန်ကြီးပျောက်သွားရုံနဲ့**
**သက္ကာယဒိဋ္ဌိကတော့ မပြုတ်နိုင်သေးဘူး။**
**စိတ်အပေါ်မှာ အတ္တစွဲရှိနိုင်သေးတယ်။**

ရှုမှတ်မှုမရှိတဲ့လူတွေကတော့ မြင်မှုကြားမှု နံမှု စားမှု ထိမှု သိမှုတွေမှာပါတဲ့ ရုပ်နာမ်နှစ်ပါးခန္ဓာငါးပါးအပေါင်းကို တစ်ကိုယ်တည်း တစ်ယောက်တည်းလို့ထင်တယ်။ ငါတစ်ယောက်တည်းလုပ်နေတယ်လို့ထင်တယ်။ အဲဒါဟာ သမူဟဃနပညတ်ကြောင့် အတ္တကောင် ငါကောင်အနေနဲ့ စွဲလမ်းနေတာ။

**ရုပ်နာမ်အများ၊သဘောပြားလျက်၊ပိုင်းခြားမပြတ်**
**ငါကောင်မှတ်၊ပေါ်လတ်သမူဟဃနတည်း။**

မြင်တိုင်း ကြားတိုင်း တွေ့တိုင်း သိတိုင်းရှုမှတ်နေတဲ့ယောဂီမှာတော့ ဥဒယဗ္ဗယဉာဏ်တို့ ဘင်္ဂဉာဏ်တို့ ဖြစ်လာတဲ့အခါမှာ မျက်စိကတခြား၊ မြင်ရတဲ့အဆင်းကတခြား၊ မြင်သိတာကတခြား၊ကွဲကွဲပြားပြားထင်မလာဘူးလား။

'ထင်လာပါတယ်ဘုရား'

အဲဒီလိုထင်လာတဲ့ ရုပ်တရား နာမ်တရားတွေဟာ ရှုမှတ်နေဆဲမှာပဲ ပျောက်ပျောက်သွားတယ်လို့လည်း သိလာတယ်။ဒါကြောင့် တစ်လုံးတစ်ခဲတည်း တစ်ကိုယ်တည်းလို့ထင်စရာ ဃနပညတ်ပျက်မသွားဘူးလား။

'ပျက်သွားပါတယ်ဘုရား'

ဃနပညတ်ပျက်သွားတဲ့အတွက် အနတ္တ။ အတ္တကောင် ငါ



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ကောင်မဟုတ်ဘူး။ သဘောတရားမျှပဲလို့ ရှင်းရှင်းလင်းလင်းသိသွားတယ်။ (၃၁)ဘုံလုံးက သဘောတွေပဲ။ တို့သူငါတွေက လူပဲ နတ်ပဲ ဒီလိုထင်နေတာ။ အမှန်က သဘောတွေပဲရှိပါလားလို့ဉာဏ်နဲ့သိလာလိမ့်မယ်။နောက်ကျတော့ အဲဒီသဘောတွေပြောင်းပြောင်းသွားတာကိုသိမယ်။ မပြောင်းပါနဲ့လို့ တားလို့ရရဲ့လား။

'မရပါဘူးဘုရား'

အော် ... ဒီခန္ဓာကိုယ်ကြီးဟာ ကိုယ့်အလိုမလိုက်ဘူး။ မပိုင်ဘူး။ အစိုးမရဘူးဆိုတဲ့သဘောကို ရှုမှတ်နေရင်းနဲ့ သိလာလိမ့်မယ်။ အဲဒါမှ အနတ္တာနုပဿနာဉာဏ်အစစ်။

အနတ္တသဘောကို ဘုရားပွင့်မှသိခွင့်ရတာ။ ဘုရားမပွင့်ခင်တုန်းက သိလည်းမသိဘူး။ကြားလည်းမကြားရဘူး။ ဘုရားပွင့်တဲ့အချိန်အခါမှာတောင်မှ လူတိုင်းသိနိုင်တာမဟုတ်ဘူး။ ဘာဝနာမယဉာဏ်နဲ့သိဖို့ဆိုတာ အင်မတန်မှခက်ခဲတယ်။ နက်နဲတယ်။

ဒါကြောင့်မို့လို့ ပေါ်ရာပေါ်ရာကိုလိုက်ပြီးတော့ရှုမှတ်။သေသေချာချာစူးစူးစိုက်စိုက် စေ့စေ့စပ်စပ်နဲ့ရှုမှတ်။ ဒါမှ တရားမြန်မြန်တက်တာ။ ဆင်ခြင်နေရုံနဲ့မရဘူးနော်။ လွဲတတ်တယ်။

တရားရမြန်စေတဲ့နောက်ထပ်အကြောင်းရင်းတစ်ခုက က္ကန္ဒြေညီတတ်လို့ပဲ။ က္ကန္ဒြေငါးပါးကအားကောင်းဖို့လည်းလိုတယ်။ ညီမျှဖို့လည်း လိုတယ်။ ဒါက ခဏခဏဟောပြီးသားမို့ ထပ်မဟောတော့ဘူး။ နောက်တစ်ခုသွားရအောင် ...



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

## အကျင့်ချမ်းသာတရားရနေ

သုခပဋိပဒါဒန္ဓာဘိညာ။ တရားကျင့်တဲ့အခါ ချမ်းချမ်းသာ သာကျင့်ရပေမဲ့ တရားရနှေးတဲ့အကြောင်းဆက်ပြောရအောင်။ တရားရနှေးတဲ့အကြောင်းက အတိတ်တုန်းကလည်း ဝိပဿနာမလုပ်ခဲ့ဘူး။ ပစ္စုပ္ပန်မှာက ရှုမှတ်မှု မကျွမ်းကျင်တာရယ် လမ်းဆုံးတဲ့အထိမလုပ်တာရယ်ကြောင့်ဆိုတာပြောပြီးသွားပြီ။

ဘာကြောင့်ချမ်းချမ်းသာသာကျင့်ရတာလဲ။ ဒါကိုဆက်ပြောချင်တာ။ ချမ်းချမ်းသာသာကျင့်ရတာဟာ ...

(၁) ကုသိုလ်များလို့

(၂) သမာဓိအားကောင်းလို့။

ကုသိုလ်ကောင်းမှုတွေများတော့ ကိုယ်ချမ်းသာတယ်။ စားစရာတွေပြည့်ပြည့်စုံစုံ။ နေစရာတွေပြည့်ပြည့်စုံစုံ။ ရေဆိုအဆင်သင့်။ မီးမလာရင်တောင် မီးစက်မောင်းပေးရတာနဲ့။ ဒါနကုသိုလ်တွေပါတော့ အအေးလိုရင်အအေးရတယ်။ အပူလိုရင်အပူရတယ်။

သီလကုသိုလ်တွေပါတော့ ကျန်းမာရေးကကောင်း။ ဆေးဝါးတွေကအပြည့်အစုံ။တော်ရုံတန်ရုံရောဂါဖြစ်ရင်ဆေးကုပေးမယ့်ဆရာဝန်ကအဆင်သင့်။ဘာဝနာကုသိုလ်တွေကြောင့် တရားဟောတရားပြမယ့်



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ဆရာသမားတွေကလည်းအဆင်သင့်။

ဝေယျာဝစ္စလုပ်ခဲ့ဖူးတဲ့ကုသိုလ်တွေကြောင့်ကိုယ့်ကို ဝေယျာဝစ္စလုပ်ပေးမယ့်သူတွေကအဆင်သင့်။အဲဒီလို အစစအရာရာအဆင်ပြေပြီးချမ်းချမ်းသာသာနဲ့ တရားအားထုတ်ခွင့်ရတာဘာဖြစ်လို့လဲ။

'ကုသိုလ်များလို့ပါဘုရား'

နောက်တစ်ချက် သမာဓိအားကောင်းတဲ့ အကြောင်းကို ပြောရအောင်။ အတိတ်တုန်းက သမထလုပ်ခဲ့ဖူးတဲ့သူတွေက သမထလုပ်ဖို့ စိတ်ဝင်စားကြတာပဲ။ တချို့က ဈာန်ဝင်စားမှု အားကောင်းတယ်။ ဈာန်ဆိုလို့ မိုးပေါ်ပျံတဲ့ဈာန်ကိုပြောတာမဟုတ်ဘူး။

**စိတ်ကို တစ်ခုတည်းသောအာရုံမှာ စူးစူးစိုက်စိုက်ထားတတ်တာကို ဈာန်ခေါ်တာ။**

သမထဈာန်လည်းရှိတယ်။ ဝိပဿနာဈာန်လည်းရှိတယ်။ သမထဈာန်ဆိုတာ စိတ်က အာရုံတစ်ခုတည်းမှာ တည်ငြိမ်နေအောင် ရှုမှတ်နေတာ။ ဥပမာ ကသိုဏ်းအာရုံတစ်ခုခုမှာ စိတ်ကလေး ဘယ်မှ ထွက်မသွားရအောင် တည်ငြိမ်နေရုံရှုနေတာကိုခေါ်တယ်။

ဝိပဿနာဈာန်ဆိုတာကျတော့ အာရုံတစ်ခုရဲ့ မမြဲတဲ့သဘော၊ ဆင်းရဲတဲ့သဘော၊ အစိုးမရတဲ့သဘော၊ အတ္တကောင်မဟုတ်တဲ့ သဘောတွေကို သိအောင် စူးစူးစိုက်စိုက်ရှုမှတ်နေတာကိုခေါ်တာ။

ကျေးဇူးတော်ရှင်မဟာစည်ဆရာတော်ဘုရားကြီးက ဒုတိယဈာန်နဲ့ဥဒယဗ္ဗယဉာဏ်အနုပိုင်းနဲ့တူတယ်။ တတိယဈာန်နဲ့ ဥဒယဗ္ဗယဉာဏ်အရင့်ပိုင်းနဲ့တူတယ်။ စတုတ္ထဈာန်က သင်္ခါရုပေက္ခာဉာဏ်နဲ့တူတယ်လို့ နှိုင်းယှဉ်ဟောပြဖူးတယ်။ အခုပြောမှာက သမထဈာန်ကို ပြောချင်တာ။


WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ဈာန်ဝင်စားနေရင်အချိန်က ခဏလေးကုန်သွားတာ။ လေးနာရီ ငါးနာရီကိုအသာလေးပဲ။ ဘာဖြစ်လို့လဲဆိုတော့ သူ့မှာဈာန်အာရုံပဲရှိတယ်။ ဝိပဿနာရှုဘာက တစ်နာရီဆိုမချိမဆံ့လုပ်နေရတာ။

သမထသမားက ဒုက္ခဝေဒနာတွေပေါ်လာရင်လည်း ဝေဒနာဆီကို စိတ်ကမသွားတော့ဘူး။ နာကျင်ကိုက်ခဲတာတွေရှိနေပေမဲ့လို့ သူကမသိတော့ဘူး။ ချမ်းချမ်းသာသာနဲ့ အချိန်တွေအကြာကြီးနေနိုင်တယ်။ဒါကြောင့်လည်း မိမိတို့ရထားတဲ့ဈာန်ကို သာယာသွားကြတာ။ မသာယာပါဘူးဆိုတဲ့သူကတော့ အင်မတန်ကိုနည်းပါတယ်။များသောအားဖြင့်သာယာကြတယ်။

ဈာန်တွေမှာကလည်း တစ်ဆင့်နဲ့တစ်ဆင့်စိတ်ဝင်စားစရာတွေရှိတယ်။ပထမဈာန်ထက်ဒုတိယဈာန်၊ ဒုတိယဈာန်ထက်တတိယဈာန်၊တတိယဈာန်ထက်စတုတ္ထဈာန်၊ စတုတ္ထဈာန်ထက်ပဉ္စမဈာန်ကပိုစိတ်ဝင်စားဖို့ကောင်းတယ်။ အဲဒီတော့ ဝိပဿနာဘက်ကို မလှည့်ချင်တော့ဘူး။ အမှန်က ဝေဒနာကိုဈာန်နဲ့ခွာပြီး အဲဒီဈာန်တရားကိုဝိပဿနာပြန်ရှုရင် မဂ်ဉာဏ်ဖိုလ်ဉာဏ်ရတယ်။

ဝိပဿနာဘက်မလှည့်ဘဲ ဈာန်ကိုသာယာနေလို့ မဂ်ဉာဏ်ဖိုလ်ဉာဏ်ရဖို့အတွက်ကြာနေတာ။ တချို့တောရဆောက်တည်ပေမဲ့ဝိပဿနာလုပ်တာမဟုတ်ဘူး။ သမထတွေအားထုတ်နေတာ။

တချို့ကျတော့ ရှုနည်းမှတ်နည်းမကျွမ်းကျင်လို့ ဝိပဿနာလုပ်ရင်း သမထတွေဖြစ်နေတယ်။ ကပ်လွှဲလေးလွှဲနေတာကိုမသိဘူး။ ကြိုးစားတော့အားထုတ်နေတာပဲ တစ်ခါထိုင်ရင် သုံးနာရီလေးနာရီ။ ဉာဏ်ကျတော့မတက်ဘူး။

ယောင်တောင်ပေါင်တောင်သမားကိုပြောနေတာမဟုတ်ဘူးနော်။တကယ်လုပ်တဲ့ပုဂ္ဂိုလ်တွေ မပျင်းမရိလုပ်ပါရဲ့သားနဲ့ တရားရ


WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

နေးတာကိုပြောမလို့။ ဒကာကြီးတစ်ယောက်က လာလျှောက်တယ်။

'တပည့်တော် ဗိုက်အောင့်တဲ့အခါ အောင့်တယ်အောင့်တယ် လို့မှတ်ရင် ပိုတောင်အောင့်လာသေးတယ်ဘုရား။ ဘယ်လိုမှမှတ်လို့ မရတာနဲ့ အာနာပါနပြောင်းရှုလိုက်တော့ ဗိုက်အောင့်တာသက်သာ သွားတယ်။ စိတ်ထဲမှာလည်းဝမ်းမြောက်ဝမ်းသာဖြစ်သွားတယ်ဘုရား'

'နာကျင်ကိုက်ခဲတဲ့ ဝေဒနာတွေဖြစ်လာရင်လည်း အာနာပါနပဲ ရှုပစ်လိုက်တာမို့ မှန်မှမှန်ရဲ့လား၊ လမ်းများလွဲနေသလား၊ ဘယ်လို ဆက်လုပ်ရမလဲဘုရား'

အဲဒီလိုမျိုး ဒုက္ခဝေဒနာကိုလွှဲပြီးရှုမှတ်တာဟာ သမထ သဘောမျိုးဖြစ်သွားတယ်။ ဒုက္ခဝေဒနာကိုကြောက်လို့ ခဏရှောင် နေတာ။ ဒုက္ခဝေဒနာကို လွှမ်းမိုးသွားတာမဟုတ်ဘူး။ ဒုက္ခဝေဒနာကို ကာကွယ်ထားတာ။

သမာဓိအားကောင်းတဲ့ သူက ဝေဒနာကို အသာလေးရှုလို့ ရတယ်။ အာနာပါနဈာန်အားကောင်းရင် ဝေဒနာကိုထိုးကြည့်လိုက် တာနဲ့ ဖျန်းခနဲကွဲသွားတာ။

ဝေဒနာပေါ်လာလိုက်စိုက်ကြည့်လိုက် ဖျန်းခနဲကွဲသွားလိုက်နဲ့ ကလေးတွေ တီဗွီဂိမ်းကစားသလိုဖြစ်နေတော့ ပျော်စရာတောင် ကောင်းနေလို့ ယောဂီကသဘောကိုကျနေတတ်တယ်။

တချို့ကဒုက္ခဝေဒနာပေါ်လာရင် ကသိဏ်းရှုတယ်။ကသိဏ်း ရှုလိုက်တဲ့အခါ နာကျင်ကိုက်ခဲနေတာတွေကို မသိတော့ဘူး။ ဝေဒနာ ကတော့ရှိနေတယ်။ သူ့စိတ်က ကသိဏ်းအာရုံမှာရောက်နေတော့ ဝေဒနာကိုမသိတော့ဘူး။

တချို့ကျပြန်တော့ ဗုဒ္ဓါနုဿတိတို့ မေတ္တာကမ္မဋ္ဌာန်းတို့ပွား ပြီး ဝေဒနာကို အာရုံပြောင်းပစ်လိုက်တယ်။ အဲဒီလိုလုပ်တာတွေဟာ



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ဝေဒနာကို မှတ်သိစိတ်ကလွှမ်းမိုးခြင်းမဟုတ်တဲ့အတွက် ဝေဒနာရဲ့ သဘောကို မသိနိုင်ဘူး။ အဲဒီတော့ ဉာဏ်ကဖြစ်ပါဦးမလား။

'မဖြစ်ပါဘူးဘုရား'

နည်းနည်းလေးနာတာနဲ့ အာနာပါနတို့ ကသိုဏ်းတို့နဲ့လွှဲနေကျဆိုတော့ အကျင့်ပါသွားရော။ ဒုက္ခသစ္စာကိုလည်းကျကျနနမသိပဲ အချိန်တွေကြာပြီးမျောနေတတ်တယ်။ အဲဒါသမထစျာန်သဘောဘဲရှိတယ်။ ပညာသဘောကိုမရောက်ဘူး။

တချို့(၁၀)နှစ်(၁၅)နှစ် အဲဒါနဲ့ပဲ အချိန်တွေကုန်နေတာ။ ဒါကြောင့် သမာဓိကို သာယာမနေဘဲ ဝိပဿနာပြောင်းရှုတတ်ဖို့ လိုအပ်သလို ဝိပဿနာဉာဏ်တွေဖြစ်အောင် ကျွမ်းကျွမ်းကျင်ကျင်ရှုမှတ်တတ်ဖို့လည်း အရေးကြီးတယ်။ (ဝေဒနာရှုတာနဲ့ပတ်သက်ပြီး စိတ်ကိုဆုံးမချမ်းသာရစာအုပ်'ဝေဒနာမှပညာသို့'တွင်ကြည့်ပါ)

သမာဓိအားကောင်းဖို့ကျတော့ နီဝရဏပယ်သတ်တဲ့နည်းတွေကိုသိရုံတင်မကဘူး၊သမာဓိဖြစ်ကြောင်းတရားတွေကိုလည်းပဲ ကျင့်သုံးတတ်ဖို့လိုတယ်။ ကျေးဇူးတော်ရှင်မဟာစည်ဆရာတော်ဘုရားကြီး ဗောဓိချင်သုတ်မှာ အကျယ်တဝင့်ဟောထားပါတယ်။ ဒီမှာတော့ (၁၁) ချက်လုံးမပြောတော့ဘူး။ လေးငါးချက်အကျဉ်းချုပ်လောက်ပဲပြောတော့မယ်။

ဝတ္ထုသန့်စင်၊ညီမျှယှဉ်၊ကျွမ်းကျင်နိမိတ်မှာ၊
ကြွလျှင်နှိမ်လင့်၊ကျလျှင်ပင့်၊ရွှင်သင့်ရွှင်စေရာ၊
ညီမျှနေလျှင်၊ရှုမြဲပင်၊ထိုတွင်စိတ်ညွှတ်ရာ၊
ပျံ့လွင့်သူကြဉ်၊တည်သူယှဉ်၊ဆင်ခြင်ဈာန်မောက္ခာ၊
သမာဓိပွါး၊ဆယ့်တစ်ပါး၊ညွှန်ကြားဌကထာ။

**ဝတ္ထုသန့်စင်၊** အပြင်ဝတ္ထုကိုသန့်စင်စေရမယ်။ တရားအား


WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ထုတ်တဲ့နေရာနဲ့ ကိုယ်နေတဲ့အခန်းကရှုပ်ပွနေရင် စိတ်လည်းရှုပ်နေရော။ အဝတ်အစားအသုံးအဆောင်တွေ သန့်သန့်ရှင်းရှင်းဖြစ်ဖို့နဲ့ ရေမှန်မှန် ချိုးဖို့လည်းလိုတယ်။ ခန္ဓာကိုယ်သန့်ရှင်းမှ စိတ်ကလန်းလန်းဆန်းဆန်း ဖြစ်ပြီး တရားမှတ်လို့ပိုကောင်းတာ။

အတွင်းဝတ္ထုကိုလည်းသန့်စင်စေရမယ်။အတွင်းဝတ္ထုဆိုတာက ကျန်းမာရေးကောင်းအောင် ဂရုစိုက်ရမယ်လို့ဆိုလိုတာ။တရားအား ထုတ်နေစဉ်ကာလမှာ ဝမ်းမချုပ်အောင် ရေများများသောက်ဖို့လိုသလို ဝမ်းမလျှောအောင် အစားအသောက်ကိုလည်း သတိထားစားရမယ်။

ကျန်းမာရေးကောင်းအောင် ကာယပုတ်ညှိညှတ်မျှတဖို့လည်း လိုတယ်။အေးတဲ့အခါ အနွေးထည်လေးတွေဝတ်။ ရဟန်းတွေဆိုလည်း နှစ်ထပ်သင်္ကန်းတို့ ခြုံထည်တို့ ခြုံထားပါ။ ခန္ဓာကိုယ်ကြီးက အမြဲတမ်း ဖောက်ပြန်နေတာဆိုတော့ အမျိုးမျိုးပြုပြင်ပေးမှ တရားအားထုတ်လို့ ရမှာ။ အသေမဦးခင်ဉာဏ်ဦးအောင်လို့ ကျန်းမာရေးကိုဂရုစိုက်ရမယ်။

**ညီမျှယှဉ်၊** ဣန္ဒြေညီမျှရမယ်။ သဒ္ဓါနဲ့ပညာညီရမယ်။ ဝီရိယ နဲ့ သမာဓိ ညီအောင်ညှိပေးရမယ်။

**ကျွမ်းကျင်နိမိတ်မှာ၊** ကိုယ်မြန်မြန်သမာဓိရတဲ့နည်းကိုမှတ် ထားပါ။ သမာဓိရကြောင်းကို ကျွမ်းကျင်ရမယ်လို့ဆိုလိုပါတယ်။ဥပမာ ပုတီးစိပ်တဲ့ပုဂ္ဂိုလ်တွေလိုပေါ့။ 'အရဟံ၊ဗုဒ္ဓေါ'စိပ်လိုက်၊ 'နမောတဿ' စိပ်လိုက်။ တော်ကြာ'သမ္ဗုဒ္ဓေ'စိပ်လိုက်၊'ဗုဒ္ဓံသရဏံဂစ္ဆာမိ' စိပ်လိုက် ဆိုရင် သမာဓိကရပါတော့မလား။

'မရပါဘူးဘုရား'

တစ်ခုဆို တစ်ခုတည်းစိပ်မှ သမာဓိကရတာ။ ဒီနေ့လည်း ဒါပဲ။နောက်နေ့လည်းဒါပဲ။တစ်မျိုးတည်းဖြစ်ရမယ်။အဲဒီလိုပဲ ဝိပဿနာ ယောဂီတွေအနေနဲ့လည်း မိမိတို့က ဘယ်ရှုနည်းမှတ်နည်းနဲ့ သမာဓိ



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

မြန်မြန်ရလည်း ကိုယ့်ကိုယ်ကို ဆန်းစစ်ထားဖို့လိုတယ်။

ဂိုဏ်းဖွဲ့စရာမလိုဘူးနော်။ အာနာပါနနဲ့ သမာဓိမြန်မြန်ရရင် အာနာပါနလုပ်။ 'ဖောင်းတယ်၊ပိန်တယ်'မှတ်လို့ သမာဓိရရင် 'ဖောင်းတယ်၊ ပိန်တယ်'လုပ်ပေါ့။

'ကျန်းမာကြပါစေ၊ချမ်းသာကြပါစေ'နဲ့ သမာဓိရရင်လည်း အဲဒါလုပ်ပေါ့။ သမာဓိရတော့မှဝိပဿနာပြောင်းရှု။ အဲဒီလို ကိုယ်သမာဓိ ရတဲ့နည်းကို ကျွမ်းကျင်ရမယ်။ ဒါကိုဆိုလိုတာ။

ကြွလျှင်နှိမ်လင့်၊ တရားတိုးတက်လာရင် ဝမ်းမြောက်ဝမ်းသာတွေဖြစ်ပြီးတော့ အရမ်းကြိုးစားတော့တာပဲ။ တရားကို အရမ်းရချင်နေပြီး ဟိုဟာမှတ်ရတော့မလိုလို ဒီဟာမှတ်ရတော့မလိုလို။ ဟိုလိုလုပ် ဒီလိုလုပ်နဲ့ ဗျာများနေရော။ ဝီရိယလွန်ပြီးတော့ စိတ်ပျံ့လွင့်နေတာ။ သမာဓိတိုးပေးမှရမယ်။

စိတ်ပျံ့လွင့်တဲ့အခါ နှိမ်ပေးရတယ်။ ပျံ့လွင့်တဲ့သူက အိပ်ငိုက်တာမဟုတ်ဘူး။ လန်းလန်းဆန်းဆန်းပဲ။ သို့သော်လည်း ရှုမှတ်လို့မရဘူး။ ရှုစရာအာရုံပေါ် ရှုစိတ်ကမရောက်ဘူး။ အဲဒီလိုဖြစ်တဲ့အခါမှာ ဖြည်းဖြည်းမှန်မှန်နဲ့ ပစ္စုပ္ပန်တည့်တည့်မိအောင်မှတ်ရတယ်။ အလောတကြီးမှတ်ရင် ပိုပျံ့လွင့်တယ်။

မှတ်စိတ်က အာရုံပေါ်ကိုတည့်တည့်မကျတော့ဘူး။ အဲဒီလို အချိန်မျိုးမှာ သုံးလေးချက်အာရုံစိုက်မမှတ်နဲ့။ တစ်ချက်မှတ် နှစ်ချက်မှတ်နဲ့ပဲမှတ်။ 'ဘယ်လှမ်းတယ်၊ ညာလှမ်းတယ်'မှတ်။ ဒါမှမဟုတ် 'ကြွတယ်၊ချတယ်'မှတ်။

'ကြွတယ်၊ကြွတယ်၊ကြွတယ်' အများကြီးမှတ်မနေနဲ့။ အများကြီးမှတ်ရင် စိတ်ကပိုပျံ့ရော။ ဖောင်းတယ်ဆိုလည်း ဖောင်းတက်လာတာလေးနဲ့ 'ဖောင်းတယ်'လို့မှတ်လိုက်တာနဲ့ အံကိုက်ကျအောင်မှတ်။



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ပိန်တယ်ဆိုလည်း ပိန်ကျလာတာနဲ့ 'ပိန်တယ်'လို့မှတ်လိုက်တာနဲ့ အံကိုက်ကျအောင်မှတ်။အဲဒီလို မှန်မှန်လေး ပစ္စုပ္ပန်တည့်တည့်မိအောင် မှတ်ရင် စိတ်ကမပျံ့တော့ဘူး။ သမာဓိရလာမယ်။

ကျယ်လျှင်ပင့်၊ တစ်ခါတစ်ရံကျတော့လည်း စိတ်ကိုချီးမြှောက်ပေးရတယ်။ဘာဖြစ်လို့လဲဆိုတော့ သဒ္ဓါတရားနဲ့ကြိုးကြိုးစားစားအားထုတ်နေပေမဲ့ တရားကမတိုးတက်ရင် ယောဂီက စိတ်ဓာတ်တွေကျလာတတ်တယ်။

သူများတွေက သမာဓိတွေရ ပီတိပဿဒ္ဓိတွေဖြစ်နဲ့ ငါ့မှာတော့ နာကျင်ကိုက်ခဲနေတာပဲ။ဉာဏ်ကလည်းမတက်ဘူး။ ငါ့မှာ ပါရမီမပါဘူးနဲ့တူပါတယ်။ တကယ်တရားလိုချင်တဲ့ပုဂ္ဂိုလ်က စိတ်ပျက်အားလျော့လာတတ်တယ်။ သမ္မသနဉာဏ်လောက်မှာ အဲဒီလိုဖြစ်တတ်တယ်။ ဉာဏ်တက်တာကို တက်မှန်းမသိဘူး။ ကိုယ်က ကျနေတယ်ပဲထင်နေတာ။

အဲဒါမျိုးဖြစ်တဲ့အခါ ကိုယ့်ထက်အတွေ့အကြုံများတဲ့သူ တတ်သိတဲ့သူကို မေးမြန်းရတယ်။

'ဟာ ဒီဉာဏ်ရောက်ရင် ဒီလိုပဲဖြစ်တတ်တယ်။ ဆက်ကြိုးစား။ ဒီဉာဏ်ကိုကျော်သွားရင် အရမ်းကောင်းတော့မှာ'

အဲဒီလိုအားပေးစကားကြားလိုက်ရရင် ယောဂီက စိတ်အားတွေတက်လာရော။ တစ်ခါတလေကျတော့ သမာဓိအားကောင်းလာရင် အိပ်ချင်မူးတူးဖြစ်တတ်တယ်။ ပျင်းရိထိုင်းမှိုင်းလာတတ်တယ်။ အဲဒါမျိုးဆို ဝီရိယကိုတိုးပေးရမယ်။

စကြံလျှောက်မှတ်ပေးရတယ်။ ထိုင်မှတ်တဲ့အချိန်ဆိုရင်လည်း 'ထိတယ်၊ထိတယ်'တစ်ချက်မှတ်လောက်နဲ့မရဘူး။ ဖြန့်မှတ်ပေးရမယ်။



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

'ဖောင်းတယ်၊ပိန်တယ်၊ထိုင်တယ်၊ထိတယ်' (ဘယ်တင်ပါးနဲ့ ထိတယ်)

'ဖောင်းတယ်၊ပိန်တယ်၊ထိုင်တယ်၊ထိတယ်'(ညာတင်ပါးနဲ့ ထိတယ်)

'ဖောင်းတယ်၊ ပိန်တယ်၊ ထိုင်တယ်၊ ထိတယ်' (လက်ချင်းထိတယ်)

'ဖောင်းတယ်၊ ပိန်တယ်၊ ထိုင်တယ်၊ ထိတယ်' (ဘယ်ခြေမျက်စိနဲ့ထိတယ်)

'ဖောင်းတယ်၊ ပိန်တယ်၊ ထိုင်တယ်၊ ထိတယ်' (ညာခြေမျက်စိနဲ့ ထိတယ်)

ထိတဲ့နေရာလေးတွေကို ပြောင်းပြောင်းပြီးမှတ်ပေးရတယ်။ အဲဒီလို ဖြန့်မှတ်ပေးတော့မှ ထိနမိဒ္ဓပျောက်ပြီး သမာဓိရတာ။

**ရှင်သင့်ရှင်စေရာ၊** တစ်ခါတလေကျတော့ ယောဂီက တရားအားထုတ်ရတာကို ငြီးငွေ့လာတတ်တယ်။ စိတ်က ထိုင်းထိုင်းမှိုင်းမှိုင်းနဲ့။ အဲဒီလိုအချိန်မျိုးမှာ စိတ်ကိုရွှင်ရွှင်လန်းလန်းဖြစ်အောင်လုပ်ပေးရတယ်။ စိတ်ရွှင်လန်းအောင်လုပ်တာ နှစ်မျိုးရှိတယ်။

သံဝေဂဝတ္ထုရှစ်ပါးထဲက တစ်ပါးပါးကို သံဝေဂဖြစ်အောင် နှလုံးသွင်းဆင်ခြင်တာကတစ်မျိုး။ ဂုဏ်တော်တွေပွား၊ သီလကိုဆင်ခြင် ဒါမှမဟုတ် စွန့်ကြဲပေးကမ်းလှူဒါန်းခဲ့တာတွေ ပြန်ဆင်ခြင်လို့ရှိရင်လည်းပဲ၊စိတ်က ပီတိပါမောဇ္ဇတွေဖြစ်ပြီး လန်းလန်းဆန်းဆန်းပြန်ဖြစ်လာတယ်။ တရားမှတ်လို့ပြန်အဆင်ချောသွားတာပဲ။

အဲဒီလို သမာဓိရကြောင်းတရားတွေကို ကျွမ်းကျွမ်းကျင်ကျင်ကျင့်သုံးတတ်တဲ့ပုဂ္ဂိုလ်မျိုးက ချမ်းချမ်းသာသာကျင့်ရတာပဲ။ ဒီနေရာမှာယောဂီတွေသတိထားရမှာက သမာဓိတွေအားကောင်းတိုင်းလည်း



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

မဂ်ဉာဏ်ဖိုလ်ဉာဏ်ရတာမဟုတ်ဘူးနော်။

ဒါန၊သီလ၊သမထက သူ့ကဏ္ဍနဲ့သူ။ ဒါနတွေများတိုင်းလည်း တရားမြန်မြန်ရတာမဟုတ်ဘူး။ သီလစင်ကြယ်အောင်လုပ်တိုင်းလည်း တရားမြန်မြန်ရမယ်မထင်နဲ့။

ဒီလိုပြောလို့ ဒါနသီလသမထ မလိုဘူးလို့လည်းမယူလိုက်နဲ့ဦး။ အစွန်းရောက်သွားဦးမယ်။ သူ့ကဏ္ဍနဲ့သူပဲ။ အခုပြောနေတာက တရားမြန်မြန်တက်ဖို့ ရှုမှတ်တာကိုဦးစားပေးပြောနေတာ။

ဒါနသီလသမထတွေအားကောင်းပေမဲ့ ခန္ဓာငါးပါးရုပ်နာမ်နှစ်ပါးကို ကျွမ်းကျွမ်းကျင်ကျင်မရှုမှတ်တတ်ရင်တော့ တရားရနှေးမှာပဲ။ ဒါကိုပြောချင်တာ။



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

## အကျင့်ချမ်းသာတရားမြန်

နောက်တစ်ခုကတော့ အကောင်းဆုံးပေါ့ဗျာ။ သုခပ္ပဋိပဒါ ခိပ္ပာဘိညာ။ ချမ်းချမ်းသာသာလည်းကျင့်ရတယ်။ တရားရလည်းမြန်တယ်။ အတိတ်တုန်းက သမထရော ဝိပဿနာပါလုပ်ခဲ့သလို၊ ပစ္စုပ္ပန်မှာလည်း သမထရော ဝိပဿနာပါလုပ်တဲ့ပုဂ္ဂိုလ်တွေက သုခပ္ပဋိပဒါ ခိပ္ပာဘိညာ ဖြစ်တာပဲ။

တရားရမြန်တယ်ဆိုလို့ (၇)ရက်တည်းနဲ့ရတယ်။ (၁၅)ရက်တည်းနဲ့ရတယ်။ဒီလိုထင်နေဦးမယ်။ ဦးပဉ္စင်းရဲ့အတွေ့အကြုံအရတော့ ခုခေတ်ခုအခါမှာ အဲဒီလောက်မြန်တဲ့ပုဂ္ဂိုလ်မျိုးမတွေ့ဖူးသေးဘူး။

ရန်ကုန်မြို့က ကျေးဇူးတော်ရှင်မဟာစည်ဆရာတော်ဘုရားကြီးရိပ်သာ ဆိတ်ငြိမ်ကမ္မဋ္ဌာန်းကျောင်းမှာတရားအားထုတ်တဲ့ဦးပဉ္စင်းတွေထဲက 'ဖလသမာပတ်' ဝင်စားနိုင်တဲ့ ဦးပဉ္စင်းတွေရှိတာကိုတွေ့ခဲ့ဖူးတယ်။

တရားလျှောက်တဲ့နေရာမှာ ကွက်ကွက်ကွင်းကွင်းလျှောက်သွားကြတာ။ စာတွေပေတွေနဲ့လျှောက်သွားတာမဟုတ်ဘူး။ သူ့ဖြစ်တဲ့အတိုင်းလေးလျှောက်သွားတာ။ မြို့ပေါ်မှာနေပေမဲ့ မဂ်ဉာဏ်ဖိုလ်ဉာဏ်ရသွားတာတွေအများကြီးရှိတယ်နော်။

အမှန်က အပါယ်လေးပါးကျစေနိုင်တဲ့ အကုသိုလ်အားလုံးကိုချေဖျက်နိုင်တဲ့ မဂ်ဉာဏ်ဖိုလ်ဉာဏ်ရဖို့အရေးကိုများဗျာ တစ်နှစ်ကျင့်



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ရတော့ရော ဘာဖြစ်သေးလဲ။

လက်ရှိတစ်ဘဝစာလေး ချမ်းသာဖို့ကျတော့ နိုင်ငံခြားမှာ ငါးနှစ်ခြောက်နှစ် သူများခိုင်းတာကို မချိမဆန့်သွားလုပ်တယ်။သံသရာ ဒုက္ခတွေကလွတ်မြောက်ချမ်းသာမယ့်အလုပ်ကျတော့ဈေးဆစ်နေတယ်။ ဘုရားလက်ထက်ကလူတွေကို သွားမယှဉ်နဲ့ဗျ။

ဟောတဲ့ပုဂ္ဂိုလ်တွေကလည်း ဘုရားနဲ့ရဟန္တာတွေကဟော တာ။တရားနာတဲ့ပုဂ္ဂိုလ်တွေကလည်း အင်မတန်ဉာဏ်ထက်ကြတယ်။ အဲဒီအချိန်အခါတုန်းက ပိဋကတ်သုံးပုံကို နှုတ်နဲ့ဆောင်ထားတာကို မှန်းကြည့်ပေါ့။ ဉာဏ်ပညာအင်မတန်ထက်မြက်တဲ့အချိန်အခါဆိုတော့ နားကတရားနာ ဉာဏ်ကခန္ဓာလှည့်နဲ့ တစ်ထိုင်တည်းမှာ သောတာပန် သကဒါဂါမ် အနာဂါမ် ရဟန္တာတွေဖြစ်ကြတယ်။

အခုခေတ်ပုဂ္ဂိုလ်တွေက ကိလေသာကထူလဗျစ်။ ဉာဏ်က လည်းထက်ပုံများ တရားကိုတစ်ခါနာပြီးလည်း ပြန်မေးရင်မမှတ်မိ။ အထပ်ထပ်အခါခါဟောနေတာတောင် ရှေ့ပြောနောက်မေ့ဖြစ်နေကြ တာ။ မဂ်ဉာဏ်ဖိုလ်ဉာဏ်ကို ချက်ချင်းလိုချင်လို့ရနိုင်ပါ့မလား။

'မရနိုင်ပါဘူးဘုရား'

သုံးလေးလနဲ့ မဂ်ဉာဏ်ဖိုလ်ဉာဏ်ရတဲ့ပုဂ္ဂိုလ်ဆိုရင်တောင် တရားရတော်တော်မြန်တဲ့ပုဂ္ဂိုလ်လို့ခေါ်ရမဲ့ခေတ်ဗျ။ ရက်ပိုင်းလေးနဲ့ ဖြစ်တာက တစ်သိန်းမှာတစ်ယောက်လောက် ရှိရင်ရှိမှာပေါ့။

တကယ့်ပါရမီအရင့်အမာပုဂ္ဂိုလ်ကို လက်ညှိုးထိုးပြီးကိုယ်က သွားမတုနဲ့။ ကိုယ့်ပါရမီ ဘယ်လောက်ရှိမှန်း ကိုယ်သိတာမဟုတ်ဘူး။ ကိုယ့်အလုပ်က ဆရာသမားညွှန်ကြားတဲ့အတိုင်းသာ ကြိုးကြိုးစားစား အားထုတ်။ မဂ်ဉာဏ်ဖိုလ်ဉာဏ်ဆိုတာ မြန်မြန်လိုချင်တိုင်းရနိုင်တာမျိုး မဟုတ်ဘူး။ ဆရာသမားကရော မြန်မြန်ရအောင် လုပ်ပေးလို့ရပ့်



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

မလား။

'မရပါဘူးဘုရား'

ကိုယ်လုပ်မှကိုယ်ရမှာနော်။ မြတ်စွာဘုရားသက်ရှိထင်ရှား ရှိစဉ်တုန်းက မောဂ္ဂလာနပုဏ္ဏားက ဘုရားကိုမေးဖူးတယ်။

'အရှင်ဂေါတမမှာ တပည့်ပရိသတ်တွေအများကြီးပဲ။ဒီပုဂ္ဂိုလ် တွေအကုန်လုံး နိဗ္ဗာန်ကိုရောက်ကြပါသလား'

'အကုန်မရောက်ဘူး။ ငါဘုရားပြောတဲ့အတိုင်းလုပ်တဲ့သူ လောက်ပဲ နိဗ္ဗာန်ကိုရောက်တယ်။ ပြောတဲ့အတိုင်း မလုပ်တဲ့သူတွေ ကတော့မရောက်ဘူး။ ငါဘုရားက နည်းပေးလမ်းပြရုံပဲတတ်နိုင်တယ်'

အဲဒီတော့ ရှင်းနေတာပဲ။ နေယျပုဂ္ဂိုလ်တွေအတွက် သော တာပန်ဖြစ်ကြောင်းလေးပါးအတိုင်း မလိုက်နာဘဲနဲ့ သောတာပန်ဖြစ် ချင်လို့ရပါ့မလား။

'မရပါဘူးဘုရား'

ဝိပဿနာတရားကိုကျင့်ပြီးမှ မဂ်ဉာဏ်ဖိုလ်ဉာဏ်ကိုရနိုင်တဲ့ သူတွေအတွက်ကတော့ ဉာဏ်ကအဆင့်ဆင့်တက်သွားရမှာနော်။ ခုန်ကျော်သွားလို့မရဘူး။ ဖြစ်ပျက်မြင် ဖြစ်ပျက်မုန်း ဖြစ်ပျက်ဆုံး ဒီလိုအဆင့်ဆင့်မှမသွားရင်မဟုတ်သေးဘူး။ဒါလည်းသိထားဖို့လိုတယ်။

တချို့က ဖြစ်ပျက်တောင် သဲသဲကွဲကွဲသေသေချာချာမမြင် သေးဘူး။ဆုံးသွားပြီ။ ချုပ်သွားပြီ။ဒီလိုထင်တာ။ အခုမှခရီးက စကာစ ရှိသေးတယ်။ ဆုံးဖို့ကအဝေးကြီးလိုသေးတာကို ဆုံးပြီထင်နေတော့ ကြားဘူတာမှာဆင်းသွားတဲ့ခရီးသည်လိုဖြစ်နေတယ်။

ဥပမာ.. နိုင်ငံခြားသားခရီးသည်တစ်ယောက်ဟာ မန္တလေး ကိုသွားမလို့ ရန်ကုန်ဘူတာကနေ ရထားစီး ာတယ်ဆိုပါတော့။ အဖော်လည်းမပါ။ မန္တလေးကိုလည်းမရောက်ဖူး။ ရထားက ဘယ်နှစ်



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

နာရီ စီးရမယ်။ ရထားရပ်မယ့်ကြားဘူတာတွေက ဘယ်မြို့တွေဆိုတာကို လေ့လာထားမှုလည်းမရှိ။ အဲဒီတော့ ပဲခူးမှာရပ်တာကို မန္တလေးရောက်ပြီ ထင်ပြီးဆင်းသွားရင် မန္တလေးရောက်ဖို့ လွဲမသွားပေဘူးလား။

'လွဲသွားမှာပါဘုရား'

တချို့ယောဂီတွေလည်း အဲဒီလိုဖြစ်နေတယ်နော်။ သတိထားတတ်အောင်တော့ နည်းနည်းရှင်းပြထားဦးမယ်။မှားနေကြလို့။ နောက်တစ်ခုက ဝိပဿနာဉာဏ်တွေရဲ့သဘောကို အထိုက်အလျောက်သိထားမှုလည်း လမ်းဆုံးကိုမြန်မြန်ရောက်တာ။ ဘာဖြစ်လို့လဲဆိုတော့-

ယောဂီကရှုမှတ်လို့ကောင်းတဲ့ဉာဏ်တွေရောက်တဲ့အခါ ပီတိပဿဒ္ဓိတွေအပေါ်သာယာနေတတ်တယ်။ ဒါဆိုရင် တရားကရှေ့ကိုမတက်တော့ဘူး။ အဲဒီနေရာမှာပဲ ကြာနေရော။

ရှုမှတ်လို့မကောင်းတဲ့ဉာဏ်တွေ ရောက်တဲ့အခါကျပြန်တော့ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲတွေဖြစ်ပြီး တရားကိုဆက်အားမထုတ်ချင်တော့ဘူး။ တချို့ဆိုရိပ်သာကပြန်ကိုသွားတာ။ အဲဒီလိုတွေမဖြစ်ရအောင် ဝိပဿနာဉာဏ်တွေရဲ့သဘောကိုလည်း အထိုက်အလျောက်တော့သိထားသင့်တယ်။

ဒါပေမဲ့ ရှုမှတ်နေတဲ့အချိန်မှာ ဆင်ခြင်ဖို့မဟုတ်ဘူးနော်။ အယူအဆမှားတတ်တယ်။ ရှုမှတ်နေတဲ့အချိန်မှာ ဘယ်ဉာဏ်ရောက်ပြီလဲဆိုတာဆင်ခြင်မနေနဲ့။ ဆင်ခြင်နေရင် တရားမတက်တော့ဘူးသာမှတ်။ တီရဏပရိညာပိုင်းမှာ ဉာတပရိညာလာမရောပါစေနဲ့။ သဘောပါရဲ့လား။

'ပါပါတယ်ဘုရား'



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

## ဖြစ်ပျက်မြင်တဲ့ဉာဏ်

ဖြစ်ပျက်မြင်၊ စာလိုတော့ ဥဒယဗ္ဗယဉာဏ်။ ပညတ်ပျောက်ပြီး ပရမတ်ကို ရှင်းရှင်းလင်းလင်းသဲသဲကွဲကွဲမြင်တဲ့ဉာဏ်။ မြင်တယ်ဆိုတာ ဒီမျက်စိနှစ်လုံးနဲ့မြင်တာကိုပြောတာမဟုတ်ဘူး။ ဉာဏ်မျက်စိနဲ့မြင်တာ။ ရုပ်တွေနာမ်တွေ စဖြစ်လာတာကိုသိတယ်။ အဆုံးကိုလည်းသိတယ်။ အစ အလယ် အဆုံးသိတဲ့ဉာဏ်ကိုပြောတာ။

ဖြစ်ပျက်မြင်တဲ့ဉာဏ်က အနုပိုင်း အရင့်ပိုင်း နှစ်ပိုင်းခွဲလို့ရတယ်။ အနုပိုင်းမှာ ဖြစ်တာကိုတော့သိတယ်။ ပျက်တာကိုမသိသေးဘူး။ ထိုင်မှတ်တဲ့အချိန်မှာ မျက်စိမှိတ်ထားပေမဲ့ အလင်းရောင်တွေမြင်ရတတ်တယ်။ မျက်နှာကို နေထိုးနေသလိုလို၊ ဗီဒီယိုရိုက်လို့ မီးဆလိုက်ပဲ ထိုးထားသလိုလို မြင်ရတတ်တယ်။

တချို့က ဘုရားတွေ စေတီတွေ ဗိမာန်ကြီးတွေမြင်ရတတ်တယ်။ တချို့က အလွန်သာယာဖွယ်ကောင်းတဲ့ တောတောင်တွေ မြစ်ချောင်းတွေ ပင်လယ်တွေမြင်ရတတ်တယ်။

ကိုယ်ရောစိတ်ပါပေါ့ပါးနူးညံ့နေတယ်။ တစ်နာရီနှစ်နာရီကို ဣရိယာပုထ်မပြင်ရဘဲ ချမ်းချမ်းသာသာနဲ့ထိုင်နိုင်တယ်။လူ့ဘဝမှာ တစ်ခါမျှ မငြိမ်းအေးခဲ့ဖူးတဲ့ ကိုယ်ရဲ့ငြိမ်းအေးခြင်း စိတ်ရဲ့ငြိမ်းအေးခြင်းတွေကို ခံစားရတယ်။ လူသာမန် နတ်သာမန်တို့မခံစားရတဲ့ ပီတိပဿဒ္ဓိတွေဖြစ်လာတာ။



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ယောဂီတွေဟာ များသောအားဖြင့်တော့ အဲဒီပီတိပဿဒ္ဓိတွေကိုသာယာပြီး အကြာကြီးနစ်မျောနေတတ်တယ်။ သဒ္ဓါတရားတွေကလည်း အရင်ကနဲ့မတူဘဲ အရမ်းကိုထက်သန်လာတာ။ တရားထူး တရားမြတ်တွေရပြီလို့တောင် ထင်တတ်သေးတယ်။

ဓမ္မဗဟုသုတနည်းတဲ့သူဆိုရင် ဒီလိုပဲထင်တယ်။ မှားတတ်တယ်နော်ယောဂီတို့။ ကြားဘူးတာရောက်တာကို လမ်းဆုံးပြီလို့မထင်လိုက်နဲ့။ သေသေချာချာမှတ်ထားပါ။

ဒီနေရာရောက်ဖို့ဆိုတာကလည်း ကျင့်နည်းလည်းမှန်ပါမှ။ ကြိုးကြိုးစားစားလည်း အားထုတ်တဲ့သူမျိုးမှရောက်တာနော်။ တော်ရုံလျော်ရုံ ယောဂီဆိုမရောက်ဘူး။

အမှန်က အခုလိုမြင်ရတဲ့ အလင်းရောင်တွေ နိမိတ်တွေရယ် ပီတိပဿဒ္ဓိတွေရယ်ဟာ ဥပက္ကိလေသတွေဖြစ်လာတာပါ။ တရားထူး တရားမြတ်မဟုတ်သေးဘူး။ ဥပက္ကိလေသလို့ခေါ်တဲ့ ဝိပဿနာညစ်ညူးကြောင်းတရားက(၁၀)မျိုးရှိတယ်။

(၁) အလင်းရောင်များမြင်ရခြင်း ( ဩဘာသ )
(၂) နှစ်သက်မှုများဖြစ်လာခြင်း ( ပီတိ )
(၃) ကိုယ်စိတ်ငြိမ်းအေးခြင်း ( ပဿဒ္ဓိ )
(၄) သဒ္ဓါတရားများထက်သန်လာခြင်း ( အဓိမောက္ခ )
(၅) ဝီရိယပို၍ကောင်းလာခြင်း ( ပဂ္ဂဟ )
(၆) အလွန်ချမ်းသာခြင်း ( သုခ )
(၇) ဉာဏ်အမြင်ထက်သန်လာခြင်း ( ဉာဏ )
(၈) သတိပို၍ကောင်းလာခြင်း ( ဥပဋ္ဌာန )
(၉) ဥပေက္ခာပြုနိုင်လာခြင်း ( ဥပေက္ခာ )
(၁၀)သိမ်မွေ့သည့်တဏှာဖြစ်လာခြင်း ( နိကန္တိ )


WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ဒါတွေကိုကျော်ဖြတ်ရဦးမယ်။ နိကန္တိလို့ခေါ်တဲ့တဏှာကသာ အကုသိုလ်ဖြစ်တာပါ။ ကျန်တဲ့(၉)ပါးကအကုသိုလ်မဟုတ်ဘူး။ ဝိပဿနာစွမ်းအားကောင်းလာတဲ့အတွက်ကြောင့် သဘာဝအတိုင်းဖြစ်လာတဲ့ ဝိပဿနာနိမိတ်တွေ။

ဥပက္ကိလေသတွေကို သာယာနေပြီး ကျော်ဖြတ်ရကောင်းမှန်း မသိလို့ကတော့ အဲဒီနားမှာတင်ကြာနေရော။ ရှုမှတ်မှု ကျွမ်းကျင်တဲ့ ယောဂီနဲ့ဆရာကောင်းရှိတဲ့ယောဂီက ရှုမှတ်ပြီးကျော်ဖြတ်တတ်တယ်။

ရှုမှတ်ကျော်ဖြတ်နိုင်ပြီဆိုရင်တော့ ဖြစ်ပျက်မြင်တဲ့ဉာဏ် အရင့်ပိုင်းရောက်ပြီ။ အရင့်ပိုင်းရောက်ရင် ဖြစ်တာသိသလို ပျက်တာကိုလည်း သဲသဲကွဲကွဲသိတယ်။ ရိပ်ကနဲရိပ်ကနဲလွင့်ပျောက်သွားသလို ဖယောင်းတိုင်မီး ဟုတ်ခနဲ ဟုတ်ခနဲ ငြိမ်းသွားသလို ဉာဏ်ထဲမှာ သိလာတာ။ အနိစ္စ ဒုက္ခ အနတ္တတရားတွေကိုလည်း ထင်ထင်ရှားရှား သိမြင်လာတယ်။

အန္ဓပုထုဇဉ်ဘဝနဲ့ နှစ်ပေါင်းတစ်ရာ အသက်ရှင်နေရတာ ထက် အခုလိုရုပ်နာမ်နှစ်ပါးရဲ့အဖြစ်အပျက်ကိုမြင်ပြီး တစ်နေ့တစ်ရက် တစ်မနက်လောက် အသက်ရှင်ရတဲ့ဘဝက ပိုမြတ်တယ်လို့ ဘုရားရှင် မိန့်ကြားတော်မူတာ ဒီနေရာပဲ။ နောက်ပြီး အခုလိုဖြစ်ပျက်မြင်တဲ့ ဉာဏ်ဟာ ရှေ့ဆက်ဖြစ်လာမယ့်ဝိပဿနာဉာဏ်တွေအတွက် အလွန် အရေးပါတဲ့ဉာဏ်လို့လည်း ပြောလို့ရတယ်။


WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

## ဖြစ်ပျက်မှုန်းတဲ့ဉာဏ်

ဖြစ်ပျက်မှုန်း၊ စာလိုတော့ နိဗ္ဗိန္ဒဉာဏ်။ သမာဓိအားနည်းတဲ့ အချိန်တုန်းကတော့ ဒီခန္ဓာကိုယ်ကြီးကို အကောင်အထည်နဲ့ အတုံးလိုက်အခဲလိုက်ကြီး အောက်မေ့နေတာ။

သမာဓိမျက်စိနဲ့ကြည့်တဲ့အခါကျတော့ အိုးကင်းထဲမှာနှမ်းတွေလှော်နေသလို ပေါက်ပေါက်တွေဖောက်နေသလို တဖောက်ဖောက်နဲ့ တရစပ်ကြီးပျက်စီးနေတာကို သိမြင်နေရတယ်။ မှုန်မှုန်မွှားမွှားသိတာမျိုးမဟုတ်ဘူး။ မျက်စိနဲ့မြင်သလိုမျိုး ထင်ထင်ရှားရှားသိတာ။

တချို့မြစ်ကမ်းနားတွေတဝုန်းဝုန်းနဲ့ပြိုကျတဲ့အခါ မြင်းတောင်ပြေးလို့မလွတ်ဘူးတဲ့။ တရစပ်ကြီးပြိုကျနေတာ။ ဒီခန္ဓာကိုယ်ကြီးက အဲဒီကမ်းပါးပြိုတာထက်တောင်မြန်သေးတယ်။

သမာဓိနဲ့ကြည့်ရင် ဝမ်းဗိုက်ပဲကြည့်ကြည့် ရင်ဘတ်ပဲကြည့်ကြည့် ငယ်ထိပ်ပဲကြည့်ကြည့် ဘယ်နေရာကြည့်ကြည့် ရွရွမွမွနဲ့ တရစပ်ကြီးကိုပျက်စီးနေတာ။

မသိကြ မမြင်ကြလို့လည်းပဲ သံသရာဘေးကို မကြောက်တာပေါ့။ ရေမိုးချိုးပြီး ဝတ်ကြဆင်ကြ အလှတွေပြင်ကြနဲ့ဆိုတော့ တော်တော်ဟုတ်နေပြီထင်နေကြတာ။ ဒီခန္ဓာကိုယ်ကြီး တရစပ်ကြီးပျက်နေတာမြင်မှမမြင်ဘဲ။

ကြိုးကြိုးစားစားနဲ့ အဆက်မပြတ်တရစပ်အားထုတ်လာတဲ့



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ယောဂီကျတော့ ရုပ်တရားနာမ်တရားတွေရဲ့အပျက်ကို ရှင်းရှင်းလင်းလင်းသိလာတယ်။ အချိန်တိုင်းအချိန်တိုင်းသေနေပါလားဆိုတာကို သဘောပေါက်လာပြီး ကြောက်လာတတ်တယ်။

ကြောက်တဲ့ ဘယဉာဏ်၊ အပြစ်မြင်တဲ့ အာဒီနဝဉာဏ်၊ ငြီးငွေ့တဲ့ နိဗ္ဗိန္ဒာဉာဏ်။ ဒီသုံးဉာဏ်က သဘောသဘာဝအားဖြင့် ခပ်ဆင်ဆင်တူတယ်နော်။

ရှုမှတ်နေရင်းနဲ့ ခန္ဓာဒုက္ခကိုလည်း မြင်လာတယ်။ ခန္ဓာရဲ့အပြစ် သံသရာရဲ့အပြစ်တွေကိုလည်း ဉာဏ်ထဲမှာမြင်လာတယ်။ ကိုယ့်အသေ ကိုယ်မြင်လာလို့ရှိရင် ဘဝကိုငြီးငွေ့မလာနိုင်ဘူးလား။

'ငြီးငွေ့လာနိုင်ပါတယ်ဘုရား'

ငြီးငွေ့တာကလည်း နှစ်မျိုးရှိတယ်။ အခုလို သဘောတွေရဲ့အပျက်ကိုမြင်ပြီးငြီးငွေ့တာက မဂ်ဉာဏ်ဖိုလ်ဉာဏ်ရဖို့နီးလာပြီ။ ဒေါသနဲ့ငြီးငွေ့တာကျတော့ ပညတ်အတုံးလိုက်အခဲလိုက်ကြီးမြင်ပြီး ငြီးငွေ့တာ။ အဲဒါကတော့ မဂ်ဉာဏ်ဖိုလ်ဉာဏ်နဲ့မဆိုင်ဘူး။

ဒီဉာဏ်ကိုရောက်နေတဲ့ယောဂီဟာ ရုပ်နာမ်တို့ရဲ့ ကုန်ပျက်မှုကို ပိုင်းခြားပြီးလည်းသိနေတယ်။ အမှတ်တွေလည်းကောင်းနေတယ်။ ဒါပေမဲ့ ရှုမှတ်မှုမှာပျော်မွေ့ခြင်းမရှိတော့ဘူး။

သူဌေးပဲဖြစ်ဖြစ် ဘုရင်ပဲဖြစ်ဖြစ် တစ်ပျက်တည်းပျက်နေတဲ့ ရုပ်နာမ်ခန္ဓာတွေက မလွတ်ကင်းနိုင်တာကိုသိလာတဲ့အတွက်ကြောင့် မပျော်တော့ဘူး။ ဘယ်ဘဝကိုမှ မလိုချင်တော့ဘူး။ ဘဝတွေကိုငြီးငွေ့လာတယ်။ ရွံမုန်းလာတယ်။

အားလုံးကို စွန့်ပစ်ပြီးတော့ လွတ်ရာကျွတ်ရာကိုပဲသွားချင်တော့တယ်။ဘုရားအာရုံ တရားအာရုံမှတစ်ပါး ဘယ်ဟာကိုမှအာရုံပြုလိုစိတ်မရှိတော့ဘူး။ ဒီဉာဏ်မျိုးရောက်ဖို့ဆိုတာကလည်း တစ်ဆက်



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

တည်း ကြိုးကြိုးစားစားအားထုတ်တဲ့ယောဂီတောင် တစ်လလောက်မှ ရောက်ကြတာ။

အများအားဖြင့်ခြုံပြောတာပေါ့ဗျာ။ ဒါတောင် ဉာဏ်ကလည်း ထက်၊စကားလည်းမပြော၊ အမှတ်ကိုဆက်နေအောင်ရှုမှတ်တဲ့ယောဂီမျိုးမှ ရောက်နိုင်တာနော်။

(၁၀)ရက်(၁၅)ရက်လောက်ဝင်လိုက် အိမ်ပြန်လိုက်လုပ်နေတဲ့ ယောဂီမျိုးကတော့ ဆယ်နှစ်လည်းမရောက်ဘူး။ အရှိန်မှမရှိဘဲ။ အရှိန် အားကောင်းမှရောက်နိုင်တာ။ ဒီလိုဉာဏ်မျိုးတောင် မရောက်ဖူးသေး ပဲနဲ့ ချုပ်သွားတယ် ဆုံးသွားတယ်လုပ်နေတဲ့ယောဂီတွေ သတိထားပါ။ မှားတတ်လို့ပြောနေတာ။



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

## သင်္ခါရုပေက္ခာဉာဏ်

ဖြစ်ပျက်ဆုံးတဲ့ဉာဏ်၊ မဂ်ဉာဏ်ကို မရမီမရောက်မီမှာ ကျော်ဖြတ်စရာ သိသာထင်ရှားတဲ့ဉာဏ်တစ်ခုရှိသေးတယ်။ သင်္ခါရုပေက္ခာဉာဏ်လို့ခေါ်တယ်။ အနုလောမဉာဏ်နဲ့ ဂေါတြဘူဉာဏ်တွေက ဘုရားကခွဲခြားပြထားလို့သာပြောနေရတာ။ကိုယ်ကခွဲခြားသိဖို့ မလွယ်ဘူး။

သင်္ခါရုပေက္ခာဉာဏ်က အရှုခံအာရုံအပေါ်မှာ လောဘလည်းမဖြစ် ဒေါသလည်းမဖြစ် သိရုံသဘောမျှ ရှုမှတ်နေတဲ့ဉာဏ်ကို ဆိုလိုတာ။ သင်္ခါရတရားတွေဟာ သဘောတွေပဲ။ သဘာဝတရားတွေပဲလို့ သတိနဲ့ဉာဏ်တွဲပြီး ရှုမှတ်ဆင်ခြင်နှလုံးသွင်းတတ်တဲ့ ပညာဦးစီးတဲ့ ဥပေက္ခာကိုပြောတာနော်။

မြို့ထဲရွာထဲကလူတွေပြောတဲ့ ဥပေက္ခာက ဂရုမစိုက်တာ။ မျက်နှာလွှဲနေတာ။ အရေးတယူမလုပ်ဘဲ ပစ်ထားတာ။ အဲဒီလို ဒေါသဦးစီးတဲ့ဥပေက္ခာမျိုးကနိဗ္ဗာန်နဲ့အဝေးကြီး။ အခုပြောတဲ့ သင်္ခါရုပေက္ခာဉာဏ်ကတော့ ဝိပဿနာဉာဏ်တွေထဲမှာတော့ အမြင့်ဆုံးလို့တောင်ဆိုနိုင်တယ်။

ဒီဉာဏ်ကိုတော်ရုံတန်ရုံယောဂီ ရောက်တာမဟုတ်ဘူး။ တော်တော်လေးကိုကြိုးစားခဲ့လို့ ရှုနည်းမှတ်နည်းကလည်းမှန်လို့ရောက်တာ။ ယောဂီတွေအနေနဲ့က ဒီဉာဏ်အထိရောက်အောင်ကြိုးစားရမယ်။



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ဒီဉာဏ်အထိရောက်ပြီးရင်လည်း ကျော်ဖြတ်နိုင်မှ မဂ်ဖိုလ်နိဗ္ဗာန်ကို ရမှာနော်။ ဒီဉာဏ်ကို ရောက်မရောက် ကိုယ့်ဘာသာကိုယ် ဆန်းစစ်တတ်အောင် ဒီဉာဏ်အကြောင်း နည်းနည်းပြောဦးမယ်။

သင်္ခါရုပေက္ခာဉာဏ်ကိုရောက်နေတဲ့ယောဂီတွေမှာ ညီမျှတဲ့ဂုဏ်က(၃)ပါးနဲ့ ထူးခြားတဲ့ဂုဏ်က(၃)ပါးရှိတယ်။ ညီမျှတဲ့ဂုဏ်(၃)ပါး ဆိုတာက –

(၁) ကြောက်တာနဲ့ ကြိုက်တာကင်းသွားတယ်။

(၂) ဆင်းရဲတာ ချမ်းသာတာကို ဥပေက္ခာပြုနိုင်တယ်။

(၃) ကြောင့်ကြမစိုက်ရဘဲ အလွယ်တကူရှုမှတ်နိုင်တယ်။

ဒီဉာဏ်ရောက်နေတဲ့ယောဂီတွေဟာ ရုပ်နာမ်တွေရဲ့ အနိစ္စ ဒုက္ခ အနတ္တကိုမြင်တဲ့ဉာဏ်အားတွေက အင်မတန်ကောင်းတယ်။ ဒါပေမဲ့ သူ့အောက်ကဉာဏ်တွေတုန်းက ဒီသံသရာကြီးထဲမှာ လည်နေရမှာကို ကြောက်တယ်။ အပြစ်မြင်တယ်။ ငြီးငွေ့တယ်။ မြန်မြန်လွတ်မြောက်ချင်တယ်။ ဒီစိတ်တွေဟာ ဒေါသကိလေသာမဟုတ်ပေမဲ့ ကြောက်တဲ့သဘောမျိုးကတော့သိမ်သိမ်မွေ့မွေ့လေးပါနေတယ်။

ဥဒယဗ္ဗယဉာဏ်အနုပိုင်းတုန်းကဆိုရင်လည်း ပီတိ ပဿဒ္ဓိတွေဖြစ်ပြီး သာယာတယ်လေ။ အခု သင်္ခါရုပေက္ခာဉာဏ်ကျတော့ အဲဒီလို ကြောက်တာတွေကြိုက်တာတွေသာယာတာတွေမရှိတော့ဘူး။

ညဥ့်နက်သန်းခေါင် တစ်ယောက်တည်းသွားရမှာ ကြောက်တတ်တဲ့ယောဂီက မကြောက်တော့ဘူး။အဖော်မပါလည်း သွားရဲတယ်။ အရင်တုန်းက အချိန်မရွေးသေရမှာကိုကြောက်တယ်။ အခုကျတော့ သေရမှာမကြောက်တော့ဘူး။

အဆင်း၊အသံ၊ အနံ့၊အရသာ၊ အထိအတွေ့တွေကို ကြိုက်တယ်ဆိုတာမျိုးလည်းမရှိတော့ဘူး။ သာယာနှစ်သက်ခြင်းကင်းသွား



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

တယ်။ ငါးဖြာအာရုံကာမဂုဏ်အပေါ်တွင်မဟုတ်ဘူး။ တရား အားထုတ်လို့ ဖြစ်လာတဲ့ ပီတိပဿဒ္ဓိအပေါ်မှာတောင်မသာယာတော့ ဘူး။

အလှူအတန်းတွေရှိလို့ လှူဖွယ်ပစ္စည်းတွေရ၊ စားစရာ သောက်စရာတွေကောင်းကောင်းမွန်မွန်စားသောက်ရပေမဲ့ အရမ်းဝမ်း သာတာမျိုးမရှိသလို အနေအထိုင် အစားအသောက်ဆင်းဆင်းရဲရဲ ဖြစ်နေရင်လည်း စိတ်မဆင်းရဲဘူး။

အခြံအရံပရိသတ်တွေကများ၊ဂုဏ်ပြုကြချီးမွမ်းကြနဲ့ ကြည် ညိုတဲ့သူတွေကများလည်း ဝမ်းမသာဘူး။ အကဲ့ရဲ့ခံရ ပြစ်တင်ရှုတ်ချ ခံရရင်လည်း စိတ်နှလုံးမသာမယာမဖြစ်ဘူး။

ရှုမှတ်တဲ့အခါမှာလည်း အထူးကြောင့်ကြစိုက်မနေရဘူး။ လွယ်လွယ်ကူကူရှုမှတ်ရတယ်။ မှတ်သိစိတ်က အလိုလို သိပြီးသား သိပြီးသား ဖြစ်နေတယ်။

**ထူးခြားတဲ့ဂုဏ်(၃)ပါးက ...**

(၁) ဣရိယာပုထ်တစ်ခုတည်းနဲ့ အကြာကြီးရှုမှတ်နိုင်တယ်။

(၂) ရှုမှတ်ဖွယ်အာရုံများနဲ့မှတ်သိစိတ်များသိမ်မွေ့လာတယ်။

(၃) ရှုမှတ်နေတဲ့အာရုံမှတစ်ပါး အခြားကိုပျံ့သွားမှုမရှိဘူး။

သင်္ခါရုပေက္ခာဉာဏ်ကိုရောက်နေတဲ့ယောဂီတွေဟာ ဩောင်း ညာကိုက်ခဲတဲ့ဒုက္ခဝေဒနာတွေလုံးလုံးမရှိတော့ဘူး။ ဒါကြောင့်မို့ ထိုင် မှတ်တဲ့အခါ သုံးနာရီလေးနာရီကတော့ အသာလေးပဲ။ မလှုပ်မယှက် ကိုငြိမ်နေတာ။ အရုပ်လေးချထားသလိုပဲ။ ခန္ဓာကိုယ်က ကျောက်ရုပ် ကြီးလိုတောင့်တောင့်ကြီးဖြစ်နေတာ မဟုတ်ဘူးနော်။ သက်တောင့် သက်သာလေးထိုင်မှတ်နေတာ။

လူပြိန်းနားလည်လွယ်တဲ့ထူးခြားမှုတစ်ခုက သင်္ခါရုပေက္ခာ



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ဉာဏ်ကိုရောက်နေတဲ့ ယောဂီရဲ့ခန္ဓာကိုယ်ဟာ အကြောအခြင်တွေ အရမ်းပျော့ပျောင်းသွားတယ်။ ခြေထောက်ကိုထပ်ပြီးထိုင်လည်း ဒုက္ခဝေဒနာတွေဘာမှမဖြစ်တော့ဘူး။

တရားလျှောက်တဲ့အခါမှာလည်း အသံကတိုးပြီးတော့ ညင်ညင်သာသာ ပျော့ပျော့ပျောင်းပျောင်း ဖြစ်သွားတယ်။ သွားတာလာတာ စားတာသောက်တာကအစ ကိုယ်အမူအရာ နှုတ်အမူအရာတွေကလည်း အရမ်းတည်ငြိမ်သွားတယ်။ အဲဒီလိုယောဂီမျိုးဆိုဘေးကမြင်ရတွေ့ရတာ ကြည်ညိုဖို့မကောင်းဘူးလား။

'ကောင်းပါတယ်ဘုရား'

မှတ်သိမှုတွေက အလွန်သိမ်မွေ့တဲ့ရုပ်နာမ်အမူအရာလေးတွေကိုတောင် အထူးကြောင့်ကြမစိုက်ရဘဲ အလိုလိုသိပြီးသားသိပြီးသားဖြစ်နေတတ်တယ်။ စိတ်ကလည်းအလွန်နူးညံ့သိမ်မွေ့လာတာ။ တစ်ခါတစ်ရံဆို ရုပ်ခန္ဓာကိုယ်တစ်ခုလုံးပျောက်နေပြီး အသိစိတ်လေးတစ်ခုပဲကျန်နေတာမျိုးတွေလည်း ဖြစ်တတ်တယ်။

အလွန်တရာမှကြည်လင်တဲ့ကောင်းကင်ကြီးကိုလည်း တွေ့မြင်ရတတ်တယ်။ ကောင်းကင်ထဲမှာ တိမ်တွေလုံးဝမရှိဘူး။ ကြည်လင်ပြာလဲ့နေတယ်။ အာကာသနဉ္စာယတနစျာန်သဘောမျိုးဖြစ်နေတာ။

တချို့ယောဂီကျတော့ ငြိမ်သက်နေတဲ့ ရေပြင်ကျယ်ကြီးကိုမျက်စိတစ်ဆုံး အဆုံးအစမရှိထင်ရလောက်အောင် တွေ့မြင်ရတတ်တယ်။ လူ့ဘဝမှာ တစ်ခါမျှမငြိမ်းအေးခဲ့ဖူးတဲ့ ငြိမ်းအေးမှုမျိုးကိုလည်းတွေ့ကြုံရတတ်တယ်နော်။

ဒါပေမဲ့ အဲဒီလို အလွန်သိမ်မွေ့တဲ့ အတွေ့ထူးအသိထူးတွေကိုကြုံတွေ့ရပေမဲ့ လွန်ကဲတဲ့ဝမ်းသာမှုတွေ မဖြစ်တော့ဘူး။ လျစ်လျူရှုနိုင်တယ်။



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

သဝိရုပေက္ခာဉာဏ်ကိုရောက်နေတဲ့ယောဂီရဲ့မှတ်သိစိတ်ဟာ ရှုမှတ်နေတဲ့အာရုံမှတစ်ပါး တခြားအာရုံတွေဆီကို ထွက်သွားတာတွေ စိတ်ကူးယဉ်တာတွေ ပျံ့လွင့်တာတွေ မရှိတော့ဘူး။ ရှုမှတ်တဲ့အာရုံမှာပဲ ကပ်လျက်တည်နေတယ်။ တခြားအာရုံတွေဆီသွားနိုင်းတာတောင် မသွားတော့ဘူး။

မှတ်စရာအာရုံကို ကြောင့်ကြစိုက်ပြီးလိုက်ရှာနေစရာလည်းမလိုတော့ဘူး။ အလိုလိုအလိုက်သင့်လေးမှတ်နေရတာ။ လမ်းကောင်းကောင်းမှာ ကားကောင်းကောင်းကို မောင်းနေရသလိုပဲ။ အလိုက်သင့်လေးဖြစ်နေတာ။

သမာဓိကျဲသွားရင်လည်းခဏပဲ။ လေး၊ငါးမိနစ်လောက်သေသေချာချာပြန်မှတ်လိုက်တာနဲ့ ပြန်ကောင်းသွားရော။ သင်္ခါရုပေက္ခာဉာဏ်အရင့်ပိုင်းရောက်နေတဲ့ယောဂီဆိုရင် ဒီလိုမျိုးလည်းဖြစ်တတ်သေးတယ်။

ခုနကပြောသလို အလိုက်သင့်လေးမှတ်နေရင်းက တစ်ခါတစ်ရံမှာ ခန္ဓာကိုယ်တစ်နေရာရာက ရွရွမွမွလေးတစ်ခုကို စိုက်ကြည့်လိုက်တဲ့အခါ ရွရွမွမွဧရိယာက တဖြည်းဖြည်းနဲ့ကျယ်ပြန့်လာတယ်။ ပိုလည်းထင်ရှားလာတယ်။ စိုက်ကြည့်ရင်းကြည့်ရင်းနဲ့ ဘာဖြစ်လာလဲဆိုတော့ ခန္ဓာကိုယ်တစ်ခုလုံး အပ်ဖျားချစရာမရှိလောက်အောင် ရွရွမွမွတွေကဖြောင်းဆန်ပြီးဖြစ်လာတတ်တယ်။

မီးပြင်းတိုက်ထားတဲ့ မိုးပြဒယ်အိုးထဲကရေတွေဟာ အမြှုပ်လေးတွေ ပလုံစီပြီး ကုဋေကုဋာပေါင်းများစွာတက်လာတာကိုမြင်နေရသလိုပဲ။ အဲဒီလိုသိမြင်နေရာကနေ ဘယ်လိုဖြစ်လာပြန်လဲဆိုတော့ ကုဋေကုဋာပေါင်းများစွာသော အမြှုပ်လေးတွေ ပလုံစီလေးတွေဟာ ရုတ်တရက် ဖြုန်းခနဲ အကုန်လုံးတစ်လုံးမျှမကျန်အောင် ပျောက်သွားတယ်။



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ဥပမာ ညပိုင်းမှာ ရန်ကုန်တစ်မြို့လုံး မီးတွေထိန်ထိန်လင်းနေရာက ရုတ်တရက် မီးပျက်သွားသလိုမျိုးပေါ့။ ရုပ်ရောနာမ်ရော တစ်ပြိုင်နက် ခဏချုပ်သွားသလိုဖြစ်တာ။ မကြာဘူး စက္ကန့်ပိုင်းလေး။

ခဏနေလို့ပြန်သတိရတဲ့အခါကျတော့ ခုနတုန်းက ရုပ်ရောနာမ်ရောပျောက်သွားတာကိုလည်းသိတယ်။ ကိုယ်ရောစိတ်ရော ငြိမ်းအေးနေတာကိုလည်းသိတယ်။ ငြိမ်းအေးမှုက အားကြီးလွန်းလို့ မျက်ရည်တွေ ပိုးပိုးပေါက်ပေါက်ကျလာတတ်တယ်။ ယောဂီက သောတာပတ္တိမဂ်ကျပြီ တရားထူးတရားမြတ်ရပြီလို့ထင်တတ်တယ်နော်။

'မဂ်စစ်မစစ်ဖိုလ်နဲ့စစ်'ဆိုသလို အဓိဋ္ဌာန်ပြုပြီးတရားထိုင်ကြည့်။ ဥပမာ ...'ဘုရားတပည့်တော် မဂ်ဉာဏ်ဖိုလ်ဉာဏ်ရတာ တကယ်မှန်လျှင် တရားထိုင်လို့ နာရီဝက်ကြာတဲ့အချိန်မှာ ငါးမိနစ်ချုပ်ငြိမ်းရာသို့ရောက်ပါစေ'လို့စိတ်ထဲကဆိုပြီးအဓိဋ္ဌာန်ကြည့်။ တကယ်မှန်ရင်ရောက်တာပဲ။ စိတ်ကိုအေးအေးထားနော်။ နောက်တစ်ကြိမ်ထပ်ပြီးအဓိဋ္ဌာန်ကြည့်။ မချုပ်ဘူးဆိုရင်တော့ ဒါ အရိယာမဂ်မဟုတ်သေးဘူး။ ဝိပဿနာမဂ်ပဲရှိသေးတယ်။

ဒါပေမဲ့ အဲဒီနေရာကိုရောက်ဖူးတဲ့ယောဂီက ဆက်ပြီးကြိုးစားအားထုတ်ရင် မဂ်ဉာဏ်ဖိုလ်ဉာဏ်ရတော့မယ်နော်။ အဲဒီလိုဉာဏ်ကောင်းနေတုန်းမှာ ကိုယ်ကဆက်ပြီးတော့ကြိုးစားရမယ်။ 'လိုလျှင်ကြံဆ နည်းလမ်းရ'ဆိုတာ ဒီနေရာမှာသုံးရတယ်။ ကိုယ်လုပ်ထားတဲ့ကုသိုလ်ကောင်းမှုတွေကို သစ္စာဆိုရတယ်။

'ဤမှန်သောသစ္စာစကားကြောင့် မဂ်ဉာဏ်ဖိုလ်ဉာဏ်ရတဲ့အထိ တရားကိုဆက်ပြီးတော့ အားထုတ်နိုင်ရပါလို၏။ သာသနာပြုနိုင်ရပါလို၏'လို့သစ္စာဆိုပြီး ကောင်းမြတ်တဲ့ဆုတွေတောင်းရတယ်။ အခြေအနေအချိန်အခါဆိုတာ အမြဲတမ်းပေးတာမဟုတ်ဘူး။ ခန္ဓာ



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ကိုယ်ကြီးကသာ အလုပ်အကိုင်အားနေပေမဲ့ စိတ်ကပါချင်မှပါတာ။ စိတ်ပါတယ်ထားဦးတော့ ဝိပဿနာရှုလို့ကောင်းချင်မှကောင်းတာ။

မိနေတဲ့အချိန်ဆိုရင် ဆက်ပြီးတော့လုပ်ဖြစ်အောင်လုပ်။ မမိတဲ့အချိန်တွေမှာက လုပ်သာလုပ်နေရတယ် စိတ်လွင့်လိုက် စိတ်ခုတ်ကျလိုက်နဲ့ မနည်းလုပ်နေရတာ။ ဒါကြောင့်မို့ **တရားကခေါ်ရင်ဆက် လိုက်သွား**။ ထမင်းစားခါနီး မိနေရင်မစားနဲ့။ ထမင်းတစ်ရက်မစားရလို့မသေဘူး။မမိဘဲနဲ့ သူများမြင်ကောင်းအောင် သက်သက်ကြီးလုပ်ရမှာမဟုတ်ဘူးနော်။

သင်္ခါရုပေက္ခာဉာဏ်အရင့်ပိုင်းမှာက အချိန်မရွေး မဂ်ဉာဏ်ဖိုလ်ဉာဏ်ရနိုင်တယ်။ သူတော်ကောင်းတို့ မဂ်ဉာဏ်ဖိုလ်ဉာဏ်ဆိုတာဘယ်နေ့ရမှာပဲ ဒီလိုအတိအကျကြီး ဘယ်လိုလုပ်ပြောလို့ရမလဲ။ ရှုရင်းမှတ်ရင်းနဲ့ ဣန္ဒြေတွေရင့်ကျက်ပြီး ဣန္ဒြေတွေညီမျှဖို့ဆိုတာအင်မတန်ရခဲတယ်နော်။ လုပ်ယူလို့မရဘူး။

သဒ္ဓါနဲ့ပညာ ညီမျှဖို့ဆိုတာ လုပ်ရင်းကိုင်ရင်းနဲ့ သူ့ဟာသူညီမျှသွားတာ။ ဒါကြောင့်မို့ တရားကခေါ်ရင်ဆက်လိုက်သွား။ မကြာခင်မဂ်ဉာဏ်ဖိုလ်ဉာဏ်ရနိုင်တယ်။

သင်္ခါရုပေက္ခာဉာဏ်ဟာ မဂ်ဖိုလ်နိဗ္ဗာန်ရရှိရေးအတွက်အဓိကအနီးကပ်အကြောင်းတရားပဲ။ ဒါပေမဲ့ ယောဂီအများစုဟာ ဒီနေရာကနေ မကျော်ဖြတ်နိုင်ကြဘူး။ သောတာပတ္တိမဂ်မဟုတ်ဘဲ အထင်မှားတာလေးတွေလည်းဖြစ်တတ်သေးတယ်။

သင်္ခါရုပေက္ခာဉာဏ်အရင့်ပိုင်းရောက်တဲ့အခါမှာ တစ်ခါတစ်ရံစတုတ္ထဈာန်ဝင်စားခြင်းနဲ့ အလားသဏ္ဌာန်တူတာမျိုးတွေဖြစ်တတ်တယ်။ အင်မတန်သိမ်မွေ့လွန်းတဲ့အတွက် ရုပ်တွေနာမ်တွေချုပ်သွားတယ်လို့ထင်ပြီး မဂ်ကျတယ်လို့အထင်မှားတတ်တယ်။ အမှန်က



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

အရိယာမဂ်မဟုတ်သေးဘူးနော်။

ဒီနေရာက အင်မတန်သိမ်မွေ့ယွန်းတဲ့အတွက်အတွေ့အကြုံ ရင့်ကျက်တဲ့ဆရာသမားရဲ့ကြီးကြပ်မှုနဲ့ မဇ္ဈိမပဋိပဒါဖြစ်အောင်အား ထုတ်တတ်မှ ဆုံးတဲ့နေရာကိုရောက်နိုင်တာ။ ဒီနေရာက အင်မတန် အရေးကြီးပါတယ်။

ဣန္ဒြေတွေရင့်သန်ရုံတင်မဟုတ်ဘူး။ ဝီရိယနဲ့သမာဓိ ညီတဲ့ အချိန်မှာ သဒ္ဓါနဲ့ပညာကလည်းညီနေရမယ်။ မဇ္ဈိမပဋိပဒါဖြစ်ဖို့ ဆိုတာ 'လွယ်မယောင်နဲ့ခက် တိမ်မယောင်နဲ့နက်' တယ်နော်။

ယောဂီအများစုဟာ ဒီနေရာကမကျော်ဖြတ်နိုင်ကြဘူး။ မဟာစည်ရိပ်သာတွေမှာဆိုလည်း ဒီနေရာရောက်ရင် ဉာဏ်စဉ်နာပြီး အိမ်ပြန်ကြတာများတာပဲ။ မိသားစုနဲ့ခွဲနေရတာ တစ်လခွဲ နှစ်လရှိနေ ပြီဆိုတော့ ယောဂီကလည်းပြန်ဖို့ပဲစိတ်ကူးတော့တယ်။

ဆရာသမားတွေက 'ယောဂီ ... တရားတွေက သိပ်ကောင်း နေတဲ့အတွက် မပြန်ပါနဲ့ဦး' ဘယ်လိုပဲတားတား။ အများစုက တားလို့ မရတော့ဘူး။ ပြန်ကုန်ကြတာပဲ။ ဆုံးခါနီးလေးကျမှ ဆက်အားမထုတ် တဲ့အတွက်အင်မတန်နှမြောဖို့ကောင်းတယ်။ အဲဒီလိုမျိုး သင်္ခါရုပေက္ခာ ဉာဏ်ကိုမှ မရောက်သေးတဲ့ယောဂီဟာ မဂ်ဉာဏ်ဖိုလ်ဉာဏ်ရပြီလို့ ပြောလို့ရပါ့မလား။

'မရပါဘူးဘုရား'

အရေးကြီးတယ်နော်ယောဂီတို့။ အပါယ်တံခါးမပိတ်သေးဘဲ ပိတ်ပြီးပြီထင်နေရင် အင်မတန်နစ်နာတယ်။ မဂ်ဖိုလ်နိဗ္ဗာန်ကို ဒီတစ် ဘဝတည်း လွဲသွားတာမဟုတ်ဘူး။ ကမ္ဘာနဲ့ချီပြီးလွဲသွားနိုင်တာနော်။



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

## ဖြစ်ပျက်ဆုံးတဲ့ဉာဏ်

ဖြစ်ပျက်ဆုံး၊ သောတာပတ္တိမဂ်ဉာဏ်ကို မျက်မှောက်ပြုတာကိုဆိုလိုပါတယ်။ ယောဂီက ဣန္ဒြေတွေညီပြီး သင်္ခါရုပေက္ခာဉာဏ်ရင့်သန်ပြည့်စုံတဲ့အခါမှာ –

**အရှုခံအာရုံရော ရှုသိတဲ့စိတ်ရော အကုန်လုံးချုပ်ငြိမ်းသွားတယ်။ ပြတ်သွားတယ်။ ဖြစ်ပျက်တွေဆုံးသွားတယ်။**

သိတဲ့စိတ်လေးပါ ပျောက်ထွက်သွားတယ်။ အရှုခံရော ရှုသိစိတ်ပါပျောက်သွားတော့ 'သိတယ်၊သိတယ်' လည်းမှတ်မရတော့ဘူး။ အချိန်အကြာကြီးမဟုတ်ဘူး။ ခဏလေး။ စက္ကန့်ပိုင်းလေးလောက်ပဲရှိမယ်။ အဲဒါဟာ မဂ်ဉာဏ်ဖိုလ်ဉာဏ်နဲ့ နိဗ္ဗာန်အငြိမ်းဓာတ်ကို မျက်မှောက်တွေ့သွားတာပဲ။ ယောဂီတွေဉာဏ်စိုက်ထားပါ။

ဒီနေရာမှာ အယူအဆတွေမှားတတ်တယ်။ သိတယ်သိတယ် မှတ်နေတာဟာ သိတဲ့စိတ်လေးတွေ တစ်သိပြီးတစ်သိပြောင်းနေတာမဟုတ်လား။

'ဟုတ်ပါတယ်ဘုရား'

ပြောင်းနေတယ်ဆိုတာ မမြဲတာပဲ။ အနိစ္စပေါ့။ အခုဟာက သိတဲ့စိတ်လေးပါပျောက်သွားတာဆိုတော့ ပြောင်းစရာကိုမရှိတော့



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ဘူး။ မပြောင်းဘူးဆိုတာကို မြဲတယ် နိစ္စ ဒီလိုခေါ်တယ်မဟုတ်လား။

'ဟုတ်ပါတယ်ဘုရား'

ရှုစရာအာရုံနဲ့ ရှုသိစိတ်က ရုပ်တွေနာမ်တွေဆိုတော့ ဖြစ်လိုက်ပျက်လိုက်နဲ့ဘာသစ္စာလဲ။

'ဒုက္ခသစ္စာပါဘုရား'

အခုချုပ်သွားတဲ့အချိန်မှာ ရုပ်တွေနာမ်တွေလည်းမရှိဘူး။ ဖြစ်တာ ပျက်တာတွေလည်း မရှိဘူးဆိုတော့ ဘာသစ္စာလဲ။

'နိရောဓသစ္စာပါဘုရား'

ဟုတ်တယ်။ နိဗ္ဗာန်ရဲ့ငြိမ်းအေးခြင်းသဘော သန္တိလက္ခဏာဆိုတာက ရုပ်တွေနာမ်တွေ ချုပ်ပြတ်သွားတာကိုပဲ ငြိမ်းတယ်။ အေးတယ်။ သေခြင်းကင်းတယ်။ ပုံဟန်နိမိတ်ကင်းတယ်လို့ ဆိုလိုပါတယ်။ ဒီလိုငြိမ်းအေးတဲ့သဘောကို ချုပ်ပြတ်သွားတဲ့အချိန်မှာ သိနေတာမဟုတ်ဘူးနော်။ ချုပ်ပြီးလို့ပြန်သတိရတဲ့အခါကျမှသိတာ။ အဲဒီလိုချုပ်ပြတ်သွားတာမျိုးဆိုရင်တော့အမှန်ပဲ။

ဒါပေမဲ့ ရုပ်ရောနာမ်ရော ချုပ်သွားတယ်လို့ထင်စရာ ခပ်ဆင်ဆင်တူတာလေးတွေလည်းရှိတယ်။ အများကြီးထဲက(၅)မျိုးလောက် ပြောဦးမယ်။ မှားတတ်လို့။

**(၁) ပီတိကြောင့်လည်းဖြစ်တတ်တယ်။**

**(၂) ပဿဒ္ဓိကြောင့်လည်းဖြစ်တတ်တယ်။**

**(၃) သမာဓိအားကောင်းရင်လည်းဖြစ်တတ်တယ်။**

**(၄) ဥဒ္ဒစ္စကြောင့်လည်းဖြစ်တတ်တယ်။**

**(၅) ထိုင်ရင်းအိပ်ငိုက်တာကြောင့်လည်းဖြစ်တတ်တယ်။**

ပီတိပဿဒ္ဓိတွေအားကောင်းရင်လဲ ချုပ်သလိုလိုဖြစ်တတ်တယ်နော်။ ငြိမ်းအေးတာကလည်း လူသာမန်နတ်သာမန်တွေ



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

မခံစားဖူးတဲ့ငြိမ်းအေးမှုမျိုးဖြစ်တာ။ တချို့ယောဂီဆိုရင် ငြိမ်းအေးမှုက အားကြီးလွန်းတော့ ရှိုက်ကြီးတငင်ငိုတော့တာပဲ။ နောက်တစ်ကြိမ် ပြန်ထိုင်လည်း ဒီငြိမ်းအေးမှုကထပ်ဖြစ်ပြန်တာဆိုတော့ ဆရာသမား ကိုအရမ်းပြော ပြချင်တဲ့စိတ်တွေဖြစ်လာတတ်တယ်။ ဆရာသမား ကိုယ်တိုင်က အစစ်အမှန်ကို သေသေချာချာ မခွဲခြားနိုင်ရင်တော့ မှားတတ်တယ်။

သမာဓိအားကောင်းသွားတဲ့အခါမျိုးမှာလည်း ချုပ်သလိုလိုဖြစ် တာပဲ။ သိမ်သိမ်မွေ့မွေ့နဲ့စိတ်တွေပျံ့တာရှိသေးတယ်။ ယောဂီကိုယ် တိုင်က စိတ်ပျံ့နေတာကိုမသိဘူး။ ဆင်ခြင်နေတာလဲမဟုတ်ဘူး။ ရှုမှတ်နေတာလည်း မဟုတ်ဘူး။အသားလွတ်ကိုပျံ့နေတာ။ ပျံ့နေရင်းနဲ့ ဖျတ်ဆို ချုပ်သွားရော။ ဒါက ဥဒ္ဒစ္စကြောင့်ဖြစ်တာ။

နောက်တစ်ခုက အင်မတန်အလေ့အကျင့်ကောင်းတဲ့ အိပ် ခြင်း။ ယောဂီက မှတ်ရင်းမှတ်ရင်းနဲ့ ဖျတ်ဆို အိပ်ပျော်သွားတယ်။ ထိုင်နေတဲ့ပုံလည်းမပျက်ဘူး။ ငိုက်တာမျိုးမဟုတ်ဘဲ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားတာ။ ခဏလေး စက္ကန့်ပိုင်းလောက်ပေါ့။ အဲဒါမျိုးကို လည်း မဂ်လို့ထင်တတ်တယ်။

တကယ်ဟုတ်မဟုတ်ကို ဘာနဲ့စမ်းမလဲဆိုတော့ မချုပ်ခင်မှာ ဖြစ်တဲ့အဖြစ်ကလေးနဲ့ ချုပ်ပြီးမှဖြစ်တဲ့အဖြစ်ကလေးတွေကို စမ်းသပ် ကြည့်လိုက်ရင် ခန့်မှန်းလို့ရပါတယ်။ ဒါကြောင့်မို့လို့ ယောဂီတွေကို တရားစစ်တဲ့အခါမှာ မှတ်တမ်းယူထားတာပေါ့။

ဒီနေ့ဘယ်ဉာဏ်လောက်ရောက်နေပြီ။ သမ္မသနဉာဏ်ကနေ အဆင့်ဆင့်တက်လာတယ်။ ဖြစ်ပျက်တွေ ထင်ထင်ရှားရှားမြင်လာပြီ။ ဥပက္ကိလေသတွေဖြစ်နေတယ်။ ကျော်သွားပြီ။ အပျက်တွေမြင်လာ တယ်။ ကြောက်လာတယ်။ အပြစ်တွေမြင်လာတယ်။ မုန်းလာတယ်။



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ငြီးငွေ့လာတယ်။ လွတ်မြောက်ချင်နေပြီ။ ဒုက္ခဝေဒနာတွေပြန်ပေါ် လာတယ်။ ပြီးတော့မှ ...

သင်္ခါရုပေက္ခာဉာဏ်ကိုရောက်နေပြီ။ ဒီလို အဆင့်ဆင့်တက် လာတာဆိုရင်တော့ ချုပ်သွားတယ်ဆိုတာ အထိုက်အလျောက်ဖြစ် နိုင်တာပေါ့။ အဲဒီလိုမှမဟုတ်ဘဲ အခုပဲကောင်းပြီး အခုပဲချုပ်သွားတယ် ဆိုရင်တော့ မဟုတ်နိုင်သေးဘူး။ အဲဒါဆို ...

**ချုပ်ပြီးပြန်သတိရတဲ့အခါ ဘယ်လိုဖြစ်သလဲ။**
**ချုပ်သွားတဲ့အခါမှာ ဘယ်လိုနေသလဲ။**

ပြန်ဆန်းစစ်ကြည့်။ တချို့က ချုပ်သွားတဲ့အခါမှာငြိမ်းနေတယ် အေးနေတယ်ဆိုတာကို သိနေတယ်တဲ့။ ဒါဆိုရင်တော့ သိတဲ့စိတ် လေးရှိနေသေးတယ်။ နာမ်မချုပ်သေးဘူး။

တချို့က သိလည်းမသိတော့ဘူး။ ဒါပေမဲ့ ပြန်သတိရလာတဲ့ အခါမှာ မှတ်လို့မရဘူး။ ဘယ်ရောက်သွားမှန်းမသိဘူး။ ဘာတွေဖြစ် နေမှန်းမသိတော့ဘူးဆိုရင်လည်း တရားသဘောမဟုတ်သေးဘူး။ လွတ်နေတာပဲဖြစ်မယ်။

အမှန်ဆိုရင် ပြန်သတိရတဲ့အခါ ဘာဖြစ်သွားတာလဲဆိုပြီး အံ့တော့အံ့သြသွားတယ်။ ဒါပေမဲ့ချက်ချင်းမှတ်လို့ရတယ်။ နည်းနည်း လေးအမှတ်ကျဲသွားတာပဲရှိမယ်။ နောက်ပြီး ဘယ်လိုထင်ရှားလဲဆို တော့– **တကယ်ချုပ်သွားတဲ့ပုဂ္ဂိုလ်ဟာ ...**

**နောက်တစ်ချိန်ထိုင်တဲ့အခါမှာ ခဏခဏချုပ်တယ်။**
**အဲဒါ မှတ်ကျောက်ပဲ။**

ဥပမာ မနက်(၉)နာရီ (၁၀)နာရီမှာ ချုပ်တယ်ဆိုပါတော့။ နေ့ဆွမ်းစားပြီး နေ့လည်(၁၂)နာရီပြန်ထိုင်တဲ့အခါမှာ ချုပ်တဲ့နေရာကို မကြာခဏပြန်ရောက်တယ်။ တော်ကြာရင်း ချုပ်သွားရင်း။ တော်ကြာ


WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ရင်း ချုပ်သွားရင်း။ ဘာမှ အဓိဋ္ဌာန်ဝင်တာမဟုတ်သေးဘူး။ သမာဓိအရှိန်ကကောင်းနေတော့ ဝသီဘော်နိုင်သွားသလိုဖြစ်နေတာ။တစ်ရက်နှစ်ရက်ဒီအတိုင်းပဲ ခဏခဏချုပ်တယ်။

လမ်းလျှောက်တဲ့အခါမှာ မြေကြီးနဲ့ခြေထောက်မထိသလိုပဲ။ ပေါ့နေတာများ လေထဲမှာလျှောက်နေသလားအောက်မေ့ရတယ်။ ထိုင်မှတ်ချင်တဲ့စိတ်ကလည်း အရမ်းများတာ။

အိပ်ချင်တဲ့စိတ်ကို မရှိဘူး။ တချို့ယောဂီက တစ်ညလုံးမှ တစ်နာရီလောက်ပဲအိပ်တယ်။ တချို့ကျတော့ ထိုင်နေရင်းနဲ့ ငါးမိနစ်လောက် မှေးကနဲဖြစ်သွားပြီးရင် တစ်ညလုံးအိပ်စရာမလိုတော့ဘူး။ ထိုင်မှတ်နေတာပဲ။ တစ်ခါတစ်ရံမှတ်နေရင်းနဲ့ သမာဓိနည်းနည်းကျသွားတဲ့အခါ လေးငါးဆယ်ချက်လောက်ပြန်မှတ်လိုက်တာနဲ့ သမာဓိအရှိန်ကပြန်ကောင်းသွားပြန်ရော။ သမာဓိအရှိန်ကောင်းသွားတာနဲ့ တော်ကြာရင်းချုပ်ပြန်ပြီ။ တော်ကြာရင်းချုပ်ပြန်ပြီနဲ့ ခဏခဏချုပ်တယ်။

သမာဓိနဲ့ဉာဏ်တွဲပြီး ကောင်းနေတဲ့အချိန်အခါမှာ အဲဒီလိုကိုဖြစ်နေတာ။ အံ့ဩစရာကောင်းလောက်အောင်ဖြစ်နေတယ်။ ဒါမျိုးကတော့ အများအားဖြင့် တစ်ညလောက်ပါပဲ။ တချို့ဆရာတော်ကြီးတွေကျတော့(၁၅)ရက်လောက် ညမအိပ်ဘူးတဲ့။ ကြားသိရရုံနဲ့တင်ကြည်ညိုလို့မဆုံးနိုင်ဘူး။

အဲဒီတော့ ယောဂီတွေပဲ စဉ်းစားကြည့်ပါဦး။ ချုပ်သွားတယ်လို့ထင်တဲ့ညမှာ အရင်တုန်းကလိုပဲ အိပ်လို့ကောင်းနေသေးတယ်။ တစ်ရေးနိုး တရားထ'ထိုင်တာမျိုးတွေလည်းမရှိဘူးဆိုရင် သေသေချာချာစစ်ဆေးကြည့်ဖို့မလိုဘူးလား။

'လိုပါတယ်ဘုရား'



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

စောစောကပြောတဲ့(၅)ချက်ထဲက တစ်ခုခုကြောင့်ချုပ်တာ ဖြစ်ရင်ဖြစ်နေမှာ။ သေချာအောင် 'မဂ်စစ်မစစ်ဖိုလ်နဲ့စစ်' ရတယ်။ မဟာစည်ရိပ်သာကြီးမှာလည်း ဆရာတော်ကြီးတွေက ဒီလိုပဲညွှန် ကြားလေ့ရှိတယ်။ သောတာပတ္တိဖိုလ်ပြန်ဝင်စားခိုင်းတာ။ အဓိဋ္ဌာန် ပြုပြီးတရားထိုင်ရတယ်။ ဥပမာ ...

'ဘုရားတပည့်တော် သောတာပတ္တိမဂ်ရတာ တကယ်မှန် လျှင် တရားထိုင်လို့ နာရီဝက်ကြာတဲ့အချိန်မှာ ငါးမိနစ်ချုပ်ငြိမ်းရာသို့ ရောက်ပါစေ' ဒီလိုအဓိဋ္ဌာန်ပြုပြီးရှုမှတ်ရတယ်။ တကယ်မှန်ရင်ရောက် တာပဲ။ နောက်တစ်ကြိမ်ထပ်ပြီး အဓိဋ္ဌာန်ကြည့်။

'တရားထိုင်လို့ နာရီဝက်ကြာတဲ့အချိန်မှာ ဆယ်မိနစ်ချုပ်ငြိမ်း ရာသို့ရောက်ပါစေ' ရောက်တယ်ဆိုရင်တော့ (၉၉)ရာခိုင်နှုန်းသေချာ သလောက်ဖြစ်နေပြီ။ အတိအကျကတော့ ဘုရားပဲသိမယ်။

အရိယာ ဘယ်အဆင့်ကိုရောက်ပြီဆိုတဲ့ အဆုံးအဖြတ်မျိုးကို ဘုရားမှတစ်ပါး ဘယ်ရဟန္တာ ဘယ်မထေရ်ကမှ ပေးဖူးတယ်ဆိုတာ ပိဋကစာပေမှာမတွေ့ဖူးဘူး။

ကိုယ့်ဉာဏ်အဆင့်ကို ကိုယ်တိုင်ချင့်ချိန်နိုင်အောင် ဆရာ တော်ကြီးတွေက ပရိယတ္တိနဲ့ညှိပြီးဟောပြောညွှန်ကြားထားတာပဲရှိ တယ်။ ရွှေစစ်မစစ်ကို မှတ်ကျောက်တင်ကြည့်ရင် မသိနိုင်ဘူးလား။

'သိနိုင်ပါတယ်ဘုရား'

အခုလည်းအဲဒီသဘောမျိုးပေါ့။အဓိဋ္ဌာန်ချိန်ကို ပထမအကြိမ် ထက်နောက်အကြိမ်က ပိုကြာအောင်တိုးတိုးပေးရတယ်။ တစ်ရက်နှစ် ရက်အတွင်းကတော့ နာရီဝက်အဓိဋ္ဌာန်ရင် နာရီဝက်ရတယ်။ တစ် နာရီအဓိဋ္ဌာန်ရင် တစ်နာရီရတယ်။ အဓိဋ္ဌာန်ဝင်တဲ့ရက်က စပြီးချုပ် ငြိမ်းတဲ့ရက်နဲ့ ကပ်နေမှနော်။



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

သုံးလေးရက်ကြာပြီး သမာဓိကျသွားကာမှအဓိဋ္ဌာန်ဝင်မယ်ဆိုရင်တော့ ရချင်မှရတော့မယ်။ သမာဓိကျဲသွားတာကြောင့်လည်းဖြစ်နိုင်တယ်။ ရမှရပ့ါမလားဆိုတဲ့ စိုးရိမ်စိတ်ကြောင့်လည်း ချုပ်ငြိမ်းတဲ့ဆီပြန်မရောက်တာဖြစ်နိုင်တယ်။

အဓိဋ္ဌာန်တဲ့အချိန်မှာ စိတ်ကိုတင်းလည်းမထားနဲ့ ကြောင့်ကြမှုလည်းမဖြစ်နဲ့ ပုံမှန်လေးပဲထားရတယ်။ လိုချင်စိတ်ဖြစ်နေရင်လည်းမရဘူးနော်။ တရားသဘောက အင်မတန်သိမ်မွေ့တယ်။ ကိုယ်ဖြစ်စေချင်သလို ဖြစ်ချင်မှဖြစ်တာ။

ဆက်တိုက်အားထုတ်နေတဲ့ပုဂ္ဂိုလ်မျိုးကတော့ တစ်လကြာကြာ နှစ်လကြာကြာရတယ်။ အိမ်ပြန်သွားတဲ့ယောဂီကတော့ သမာဓိအရှိန်မရှိတော့တဲ့အခါ မရနိုင်တော့ဘူး။ ဒါကိုလည်း သိထားဖို့လိုသေးတယ်။ သမာဓိအားကောင်းပြီး အလေ့အကျင့်များရင်တော့ရနိုင်ပါတယ်။ ဘယ်အချိန်ဝင်စားဝင်စားရတယ်။ စာလိုပြောတော့ ...

**ဝသီဘော်နိုင်ရင်ဖလသမာပတ်ဝင်စားလို့ရတယ်။**
**ဖိုလ်ဝင်စားလို့ရတယ်။ ဒါကိုပြောတာ။**

ဖိုလ်ဝင်စားတာနဲ့ပတ်သက်ပြီး ယခုခေတ်ပေါ်တွေကလည်းရှိနေတော့ မထိခိုက်အောင်ရှောင်ပြောနေရတယ်။ သာသနာမညစ်နွမ်းအောင်သာ ရည်ရွယ်ပြီးပြောနေရတာ။ အစစ်အမှန်မဟုတ်တာတွေကများနေပြီ။ မဂ်စစ်မစစ်ဖိုလ်နဲ့စစ်တဲ့နေရာမှာတောင် တစ်မျိုးတွေဖြစ်နေကြတယ်။ တချို့အဓိဋ္ဌာန်ပုံက ...

'တပည့်တော် မဂ်ဉာဏ်ဖိုလ်ဉာဏ်ရလျှင် ထိုင်နေရင်းနဲ့နောက်ကိုပက်လက်လှန်လဲပါစေ'

ဒီလိုအဓိဋ္ဌာန်ရတယ်။တချို့လည်းဘုန်းဆိုလဲသွားတာပဲ။တချို့ကျတော့တစ်မျိုး။ ဖိုလ်ဝင်စားတယ်ဆိုတဲ့အချိန်မှာ ခန္ဓာကိုယ်ကတောင့်


WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

တောင့်ကြီးဖြစ်နေတယ်။

ကျေးဇူးတော်ရှင်မဟာစည်ဆရာတော်ဘုရားကြီးရိပ်သာမှာတော့ အဲဒီလိုမဟုတ်ဘူး။ ရောက်ဖူးတဲ့နေရာကိုပြန်ရောက်ပါစေဆိုတဲ့သဘောနဲ့ ရိုးရိုးလေးအဓိဋ္ဌာန်ပြီး 'ဖောင်းတယ်၊ ပိန်တယ်'ဖြစ်ဖြစ် 'ထိုင်တယ်၊ထိတယ်'ဖြစ်ဖြစ် ထင်ရှားရာကိုပဲပြန်မှတ်ရတယ်။ နောက်ကျတော့ ချုပ်တဲ့နေရာပြန်ရောက်သွားတာပဲ။

ပစ်လှဲတာတို့ တောင့်တောင့်ကြီးလိုဖြစ်တာတို့မပါဘူး။ ငြိမ့်ကနဲတို့ ချိုက်ကနဲတို့ဆိုတာကလည်း တစ်ခါတလေ ထိုင်ရင်းနဲ့ ပီတိသဘောမျိုးဖြစ်တတ်တာပဲ။ သမာဓိအားကောင်းသွားတဲ့အခါမှာလည်း တစ်ခါတလေကြရင် ချုပ်သလိုဖြစ်သွားတတ်တယ်နော်။ ခဏလေး စက္ကန့်ပိုင်းလေး။ တကယ်ချုပ်တာတော့မဟုတ်ဘူး။ မှားတတ်တယ်။

မဟာစည်ရိပ်သာကြီးမှာ ဆိတ်ငြိမ်ယောဂီဆိုတာရှိတယ်။ ဆိတ်ငြိမ်ကမ္မဋ္ဌာန်းကျောင်းလေးတွေမှာ တစ်ယောက်တည်း သီးသန့်အားထုတ်ရတာ။ ဓမ္မာရုံထဲမှာ အများနဲ့စုပေါင်းပြီး တစ်လခွဲ နှစ်လကို နှစ်ကြိမ်သုံးကြိမ်လောက်အားထုတ်ပြီးတဲ့ယောဂီမျိုးမှ ဆိတ်ငြိမ်ဝင်ခွင့်ပြုတာ။ တစ်ခါအားထုတ်ရင် လေးငါးခြောက်လ ဆက်တိုက်အားထုတ်ရတယ်။

အဲဒီလို ဆိတ်ငြိမ်ယောဂီတွေကိုစစ်တဲ့ နာယကဆရာတော်ကြီးတွေဆိုရင် ကိုယ်တိုင်တရားရထားတော့ စစ်ဆေးတဲ့နေရာမှာ အင်မတန်ကျွမ်းကျင်တော်မူကြတယ်။ မဂ်ဉာဏ်ဖိုလ်ဉာဏ်ရအောင် သေသေချာချာလမ်းညွှန်မှုပေးနိုင်တယ်။ ဒါကြောင့်မို့ မဟာစည်ရိပ်သာကြီးရှိနေတာ နိဗ္ဗာန်တံခါးပွင့်နေတာနဲ့မတူဘူးလား။

'တူပါတယ်ဘုရား'

အခုပြောလိုရင်းက အဲဒီလိုရှုမှတ်ပြီး ရုပ်တွေနာမ်တွေ



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

တကယ်ချုပ်တဲ့ အဆင့်ရောက်မှ သောတာပန်ဖြစ်တာနော်။ ဒီဉာဏ်နဲ့ ဝိစိကိစ္ဆာ အမြစ်ပြတ်ပြီးတော့ အပါယ်တံခါးပိတ်တဲ့အဆင့်ရောက်ဖို့ ဆိုတာ ခုခေတ်ခုခါမှာ ဘုရားလက်ထက်ကလောက်မလွယ်ဘူး။ စိတ်ဓာတ်ကျအောင် ပြောနေတာမဟုတ်ဘူး။ ဖြစ်ပျက်ဆုံးတဲ့ဉာဏ်က ဆင်တူယိုးမှားလေးတွေရှိတော့မှားတတ်လို့ သတိပေးနေတာ။ ကြိုးစား အားထုတ်ရင်တော့ တကယ်ရပါတယ်။

အခုပြောနေတာက သုခပ္ပဋိပဒါခိပ္ပါဘိညာ၊ တရားကျင့်တဲ့ အခါ ချမ်းချမ်းသာသာလည်းကျင့်ရတယ်။တရားရတော့လည်း မြန်မြန် ရတယ်ဆိုတဲ့အကြောင်းကိုအကျယ်ချဲ့ပြောနေတာနော်။ မြန်တိုင်းလည်း ကောင်းတာမဟုတ်ဘူး။ မှန်ဦးမှ။ ဒါကို သတိထားပါ။

အခုလို ဖြစ်ပျက်မြင် ဖြစ်ပျက်မှန်း ဖြစ်ပျက်ဆုံးကို မြန်မြန် ရောက်ဖို့အတွက် သောတာပန်ဖြစ်ကြောင်း(၄)ပါးလုံး ပြည့်စုံဖို့မလို ဘူးလားယောဂီတို့။

'လိုပါတယ်ဘုရား'

ယောဂီကိုယ်တိုင်က ဆန္ဒကလည်းပြင်းထန်၊ စိတ်ဓာတ်ကလည်း ခိုင်မာ၊ကြိုးစားအားထုတ်မှုလုံ့လဝီရိယကလည်း အဓိပတိဖြစ်နေ၊ အသိ ကလည်းမှန် ရှုမှတ်မှုကလဲကျွမ်းကျင်၊အဲဒီလို အကြောင်းတရားတွေပြည့်စုံ လို့ တရားကမြန်မြန်ရတာနော်။ မြန်မြန်ရစေနိုင်တဲ့အကြောင်းတရား တွေမပြည့်စုံဘဲနဲ့ မြန်မြန်လိုချင်လို့ ရနိုင်ပါ့မလား။

'မရနိုင်ပါဘူးဘုရား'

မရနိုင်ဘူး။ သောတာပန်ဖြစ်ကြောင်းလေးပါးလုံးလုပ်မှ သောတာပန်ဖြစ်မှာ။ ဖြတ်လမ်းကိုမလိုက်ကြနဲ့။ အသေမဦးခင်ဉာဏ် ဦးအောင် မြန်မြန်လုပ်။ အချိန်ဖြုန်းမနေကြနဲ့။ ဒီကနေ့တော့ သာခု သုံးကြိမ်ခေါ်ပြီး တရားသိမ်းကြစို့ ...



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

သာဓု ... သာဓု ... သာဓုပါဘုရား။ ။



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

## သောတာပန်စိတ်ထား

ဒီတရားကို ကျေးဇူးတော်ရှင်မိုးကုတ်ဆရာတော်ဘုရားကြီး 'ကောသမ္ဗီသုတ်'လို့အမည်ပေးပြီး ဟောကြားထားတာလည်းရှိပါတယ်။ ရက်ရှည်လများကြိုးကြိုးစားစားအားထုတ်တဲ့ယောဂီတွေအနေနဲ့ မိမိတို့ အခြေအနေကို မိမိကိုယ်တိုင် ချိန်ဆတတ်အောင် တိုင်းတာစရာပေတံ အဖြစ် ဟောပေးတော်မူခြင်းဖြစ်တယ်။

မြတ်စွာဘုရားသက်ရှိထင်ရှားရှိစဉ်တုန်းက ကောသမ္ဗီပြည် ဃောသိတာရုံကျောင်းတိုက်ကြီးမှာ ရဟန်းတွေပဋိပက္ခအကြီးအကျယ် ဖြစ်ခဲ့ဖူးတယ်။ ပြဿနာသေးသေးလေးကစခဲ့တာ။

တစ်နေ့မှာ သုတ္တန်ဆောင် ဓမ္မကထိကပုဂ္ဂိုလ်က ကုဋီသွားတဲ့ အခါမှာ သန့်သက်ရေကို သွန်ပြီးမှောက်မထားခဲ့ဘဲနဲ့ ဒီအတိုင်း ပက်လက်လှန်ထားခဲ့တယ်။ မကြာခင်မှာဘဲ ဝိနည်းဓိုရ်ပုဂ္ဂိုလ်က ကုဋီလာတက်တဲ့အခါ အဲဒါကိုတွေ့သွားရော။

တစ်ပါးနဲ့တစ်ပါးမေးကြ ပြောကြတာပေါ့လေ။ ဝိနည်းဓိုရ် ပုဂ္ဂိုလ်က သန့်သက်ရေကို ဒီလိုချန်ထားခဲ့တာဟာ အပြစ်ရှိတယ်။ သုတ္တန်ဆောင်ပုဂ္ဂိုလ်ကလည်း မေ့ပြီးကျန်ခဲ့တာဟာ အပြစ်မရှိဘူး။ ဒီလိုငြင်းတယ်။ အဲဒီကမှတစ်ဆင့် ဒီပြဿနာဟာ တပည့်တွေဆီ ကူးစက်သွားတယ်။



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

သုတ္တန်ဆောင်ပုဂ္ဂိုလ်မှာ တပည့်(၅၀၀)ရှိသလို ဝိနည်းမိုရ် ပုဂ္ဂိုလ်မှာလည်း တပည့်(၅၀၀)ရှိတယ်။ တစ်ဖက်နဲ့တစ်ဖက် မခံချိ မခံသာအောင် ပြောကြဆိုကြတာပေါ့။ တဖြည်းဖြည်းနဲ့ ပြဿနာက ပိုကြီးမားလာလို့ ဘုရားရှင်က နှစ်ဖက်ခေါင်းဆောင်တွေကို ခေါ်ပြီး ဖျန်ဖြေရေးတရားကို ဟောတော်မူတယ်။

'ချစ်သားတို့ ရန်ဖြစ်ကြတယ်ဆိုတာ သေမင်းနိုင်ငံလိုက်တာနဲ့ အတူတူပဲ။ စိတ်ဆိုးတဲ့အခါ စိတ်ထဲမှာပူလောင်နေမယ်။ စိတ်ထဲမှာ ပူလောင်ပြီး အေးချမ်းမှုမရတော့ သမာဓိလည်းမရနိုင်ဘူး။ သမာဓိ မရရင် ပညာလည်း မရဘူး။ အဲဒီတော့ သေမင်းနိုင်ငံလိုက်နေတာနဲ့ အတူတူပဲ။ ရန်မဖြစ်ကြနဲ့။ ညီညွတ်ကြ။

အပြစ်ကို တစ်ပါးနဲ့တစ်ပါး ဝန်ခံပြီးတော့ သည်းညည်းခံကြ။ နောင်ဒီလိုမဖြစ်အောင် စောင့်စည်းကြ။ ပြေငြိမ်းကြ။' အမျိုးမျိုးဟော ပြောဆုံးမပေမဲ့ နှစ်ဖက်စလုံးကမနာခံကြဘူး။

'မြတ်စွာဘုရားရှင်သာ ဖလသမာပတ်ဝင်စားပြီးတော့ ချမ်း ချမ်းသာသာနေတော်မူပါဘုရား။ တပည့်တော်တို့ရဲ့ကိစ္စကို တပည့် တော်တို့ပဲ ဖြေရှင်းပါမယ်ဘုရား' ဆိုပြီး

ရန်ဆက်ဖြစ်နေကြတယ်။ မြတ်စွာဘုရားပြောစကားကို နားမ ထောင်ကြဘူး။ အဲဒီတော့ မြတ်စွာဘုရားက ဆွမ်းခံရင်းကနေကျောင်း ကိုမပြန်တော့ဘဲ ပလလဲတောကို တစ်ပါးတည်းကြွသွားတယ်။

ဒီလိုကြွသွားတာဟာ မြတ်စွာဘုရားက စိတ်ပျက်လို့ ဒေါသ ဖြစ်လို့ မဟုတ်ဘူးနော်။ မြတ်စွာဘုရားရှင်ဆိုတာ ကိလေသာမှန်သမျှ အကုန်ကင်းစင်တော်မူတာပဲ။လောဘလည်းမရှိတော့ဘူး။ ဒေါသလည်း မရှိတော့ဘူး။ မောဟလည်းမရှိတော့ဘူး။ ဒါပေမဲ့ ဒီအချိန်ဒီအခါမှာ ဒီရဟန်းတွေကို ပြောလို့မရသေးဘူးဆိုတာကိုသိလို့ ပလလဲတောမှာ



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ဝါကပ်တော်မူတာ။ တစ်ဝါတွင်းလုံး မြတ်စွာဘုရားရှင်ကို ဆင်ကြီးက အလုပ်အကျွေးပြုတယ်။

အဲဒီအချိန်မှာ ကောသမ္ဗီပြည်သူပြည်သားတွေက မြတ်စွာဘုရားကို ဖူးမြော်ခွင့်လည်းမရ ဆွမ်းလည်းမလောင်းရ တရားလဲမနာရတော့ စိတ်ဆိုးပြီး ဃောသိတာရုံကျောင်းကရဟန်းတွေကို ဆွမ်းမလောင်းကြတော့ဘူး။ သပိတ်မှောက်ထားလိုက်ကြတယ်။ ဃောသိတာရုံကျောင်းကရဟန်းတွေဟာ တစ်ဝါတွင်းလုံး ဆွမ်းမပြည့်မစုံနဲ့ ဒုက္ခရောက်ကြရရှာတယ်။

ဝါကျွတ်တဲ့အခါမှာတော့ မြတ်စွာဘုရားရှင်ကို အရှင်အာနန္ဒာအမှူးရှိတဲ့ရဟန်း(၅၀၀)တို့က သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်ကို ပြန်ပင့်သွားကြတယ်။ အဲဒီအခါကျတော့မှ ကောသမ္ဗီပြည် ဃောသိတာရုံကျောင်းက ရန်ဖြစ်ကြတဲ့ကိုယ်တော်တွေ ဘုရားထံလာပြီး တောင်းပန်ကန်တော့ကြတယ်။ အဲဒီတောင်းပန်ကန်တော့တဲ့ပွဲမှာ မြတ်စွာဘုရားရှင်က ...

'ပုထုဇဉ်တို့စိတ်ထားနဲ့ အရိယာတို့စိတ်ထားက မတူကြဘူး။ အနိမ့်ဆုံးအရိယာဖြစ်တဲ့ သောတာပန်နဲ့ပုထုဇဉ်တောင်မတူဘူး။' ဟု အစချီကာ သောတာပန်စိတ်ထားအင်္ဂါ(၇)ပါးကို ဟောကြားတော်မူခဲ့တယ်။



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

## ဖြစ်ကြောတို

သောတာပန်တွေရဲ့စိတ်ထားဟာ ပုထုဇဉ်တွေနဲ့ မတူတဲ့ ပထမအချက်က ကိလေသာဖြစ်ကြောတိုတယ်။

**သောတာပန်က ဖြစ်ကြောတိုတယ်။**
**ပုထုဇဉ်က ဖြစ်ကြောရှည်တယ်။**

ပုထုဇဉ်ဆိုတာ အကုသိုလ်အဖြစ်များတဲ့သူလို့ အဓိပ္ပာယ်ရတယ်။ ပုထုဇဉ်များဟာ လောဘပဲဖြစ်ဖြစ် ဒေါသပဲဖြစ်ဖြစ် အင်မတန်ဖြစ်ကြောရှည်တယ်။လောဘဖြစ်ရင်လည်း တစ်နေ့လုံးပဲ။ မနက်လည်း လောဘဖြစ်၊ နေ့ခင်းလည်းလောဘဖြစ်၊ ညနေလည်း လောဘဖြစ်၊ ညလည်း လောဘဖြစ်၊ မပြီးနိုင်မဆုံးနိုင်ဘူး။ အင်မတန် ဖြစ်ကြောရှည်တယ်။

ဒေါသဖြစ်ရင်လည်း ဒီအတိုင်းပဲ။ တော်တော်နဲ့မဆုံးနိုင်ဘူး။ မကျေနိုင်မချမ်းနိုင်နဲ့။ ဘယ်လိုပဲ ဖျောင်းဖျဖျောင်းဖျ ဖျောင်းဖျလို့ကို မရဘူး။ အင်မတန်ဖြစ်ကြောရှည်တယ်။

ကောသမ္ဗီပြည် ဃောသိတာရုံကျောင်းက ရဟန်းတော်တွေလိုပေါ့။ ဘုရားက ဖျန်ဖြေပေးတာတောင်မရဘူး။ အဲဒီလို ဒေါသတွေ လောဘတွေအားကြီးတယ်ဆိုတာ မောဟလည်းအားကြီးလို့ပေါ့။



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ပုထုဇဉ်တွေရဲ့မျက်လုံးက သာမန်အားဖြင့် အပြင်လောက ကိုပဲကြည့်တတ်တယ်။ အပြင်ကိုကြည့်မှတော့ ပညတ်ပဲမြင်မှာပေါ့။ ဉာဏ်မျက်စိနဲ့အတွင်းကိုကြည့်တတ်မှ ပရမတ်ကိုမြင်မှာမဟုတ်လား။

'ဟုတ်ပါတယ်ဘုရား'

မြို့ထဲရွာထဲက အန္ဓပုထုဇဉ်တွေတင်မကပါဘူး။ တရားကို ထိထိမိမိအားမထုတ်ဖူးသေးတဲ့ ယောဂီတွေတောင် ရိပ်သာမှာတရား အားထုတ်နေတဲ့အချိန်လောက်ပဲ ပရမတ်ကိုမြင်ပြီး ကျန်တဲ့အချိန် တွေမှာ ပရမတ်ပေါ်ဉာဏ်မရောက်ဘဲ'ငါ'ကပဲလွှမ်းမိုးနေလို့ ကိလေသာ ဖြစ်ကြရှာတာ။

သောတာပန်ကျတော့ အဲဒီလိုမဟုတ်ဘူး။ သောတာပတ္တိ မဂ်ရဲ့အစွမ်းကြောင့်ခဏလေးနဲ့ ပရမတ်ပေါ်ဉာဏ်ရောက်တယ်။ ဒါကြောင့်မို့လည်းကိလေသာ ဖြစ်ကြောတိုတာ။

သောတာပန်မှာ လောဘလည်းဖြစ်သေးတာပဲ။ ဒေါသလည်း ဖြစ်သေးတာပဲ။ မောဟလဲ ဖြစ်သေးတာပဲ။ သို့သော်လည်းပဲ သော တာပန်က သတိပဋ္ဌာန်လေးပါးနဲ့ ရှုမှတ်ပွားများမှု အရှိန်အဟုန်ရှိနေ တဲ့အတွက်ကြောင့်မလို့ လောဘဖြစ်ရင်လည်း ဖြစ်မှန်းသိတယ်။ ဒေါသ ဖြစ်ရင်လည်း ဖြစ်မှန်းသိတယ်။ မောဟဖြစ်ရင်လည်း ဖြစ်မှန်းသိတယ်။

စိတ်ဆိုးရင်လည်း စိတ်ဆိုးမှန်းသိတယ်။သတိလွတ်တာ သိပ်မ ရှိဘူး။ ရှေ့ကနေပြီးတော့ လောဘ ဒေါသဖြစ်နေရင် နောက်ကနေပြီး တော့ ဩော်–လောဘဖြစ်နေပါလား။ ဒေါသဖြစ်နေပါလား။ ချက်ချင်း မကြာခင်ကိုသိတယ်။ လောဘအပြစ် ဒေါသအပြစ်တွေကို သိနေ တော့ ကိလေသာကိုကြာရှည်ဖြစ်ခွင့်မပေးဘူး။

ဆင်ခြင်ပြီးပယ်တဲ့ အခါပယ်လိုက်တယ်။ နောက်ပြီး ပုထုဇဉ် ဘဝကနေ သောတာပန်ဖြစ်အောင် အမြဲတမ်းရှုမှတ်နေခဲ့ရတဲ့အရှိန်



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

အဟုန်ကပါလာတော့ စိတ်ဆိုးရင် 'စိတ်ဆိုးတယ် စိတ်ဆိုးတယ်'လို့ ရှုမှတ်ပစ်တယ်။

အနာဂါမ်မိမဂ်နဲ့ ဒေါသကို အမြစ်ပြတ် မပယ်ရသေးသော်လည်းပဲ ရှေ့စိတ်ကဒေါသဖြစ်ရင် နောက်စိတ်က မကြာခင်ဘဲ ဖြစ်မှန်း သိတယ်။ ဟာ ... ဒါ အကုသိုလ်တရား၊ ဒါ မကောင်းတဲ့တရားပဲ ဆိုပြီးတော့ ခဏလေးနဲ့ပဲ ဒီလောဘ ဒေါသ မောဟကို ရှုမှတ်ပြီး ပယ်နိုင်တယ်။ ကိလေသာဆက်မဖြစ်တော့ဘူး။ ဖြစ်ကြောတိုတယ်။

ပုထုဇဉ်က ကိလေသာတွေဖြစ်လာရင် ခဏလေးနဲ့ရှုမှတ်ပြီး မပယ်နိုင်တဲ့အတွက်ဖြစ်ကြောရှည်တယ်။ သောတာပန်က ဖြစ်ကြောတိုတယ်။ ဖြစ်ကြောတိုတယ်ဆိုတာ ကိလေသာ ပါးတယ်။ နည်းတယ်။ ဒီလိုအဓိပ္ပာယ်မဟုတ်လား။

'ဟုတ်ပါတယ်ဘုရား'

ဒါက ပထမအချက်။ ဒုတိယအချက်က ...

**'ငြိမ်းအောင်လုပ်'**တဲ့



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

## ငြိမ်းအောင်လုပ်

သောတာပန်က ကိလေသာ(၁၀)ပါးထဲက ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာ ဒီနှစ်ပါးကိုပဲပယ်သတ်ရသေးတာ။ ကျန်တဲ့ လောဘ ဒေါသ မောဟ မာန ထိနမိဒ္ဓ ဥဒ္ဓစ္စကုက္ကုစ္စနဲ့ အကုသိုလ်ဒုစရိုက်အမှုတွေကို မရှက်ခြင်းဆိုတဲ့ အဟိရိက၊ အကုသိုလ်ဒုစရိုက်အမှုတွေကို မကြောက်ခြင်းဆိုတဲ့ အနောတ္တပ္ပ။ ဒီကိလေသာ(၈)ပါးကိုတော့မပယ်ရသေးဘူး။

ဒါပေမဲ့ အဲဒီမပယ်ရသေးတဲ့ကိလေသာတွေကို ငြိမ်းအောင်လုပ်မယ်ဆိုတဲ့စိတ်ထားမျိုး အမြဲတမ်းရှိတယ်။ ပုထုဇဉ်က ငြိမ်းအောင်မလုပ်တဲ့အပြင် ထပ်ပြီးတော့ရန်ငြိုးထားတယ်။

'နေနှင့်ဦးပေါ့ကွာ။ မကြုံသေးလို့ မင်း ငါ့အကြောင်းသိမယ်။ မင်းကို ကမ္ဘာကျေတောင်မှ မကျေဘူးဟေ့။ တစ်နေ့ကျရင် လက်စားချေပြမယ်' သူ့မှာ ကျေလည်တယ်လို့ကို မရှိဘူး။ လောဘဖြစ်လည်း မကျေဘူး။ ဒေါသဖြစ်လည်း မကျေဘူး။ အင်မတန်ရန်ငြိုးကြီးတယ်။

သောတာပန်ပုဂ္ဂိုလ်တွေက လောဘ ဒေါသတော့ ဖြစ်တာပဲ တစ်ခါတလေလည်း ပြောမိရင် ပြောမိမယ်။သို့သော်လည်း ဆက်ပြီးတော့ ရန်ငြိုးမထားဘူး။ ဘယ်နေ့တုန်းက ဘယ်သူက ငါ့ကို ဘယ်လိုလုပ်တာပဲ။ ဒီလိုရန်ငြိုးမထားဘူး။

ဩော် ‥ ငါ သတိလွတ်သွားလို့ လောဘ ဒေါသ မောဟဖြစ်သွားတယ်။လောဘ ဒေါသ မောဟ မကောင်းတာဟာ အင်မတန်အပြစ်



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

များတာပဲ။ လောဘ ဒေါသ မောဟတွေကင်းစင်အောင် ကြိုးစားနေလျက်သားနဲ့ လောဘ ဒေါသ မောဟတွေဖြစ်တယ်။

ကဲ ... ငါ ဒီလောဘ ဒေါသ မောဟတွေ တကယ်ငြိမ်းသွားအောင်ကြိုးစားမယ်ဟေ့ဆိုပြီး တရားကို ပိုထိုင်လိုက်တယ်။ တရားကို ပိုပြီးတော့နှလုံးသွင်းလိုက်တယ်။ ပထမရှုမှတ်တာထက် ပိုပြီးတော့ကြိုးစားတယ်။ ရင်ထဲမှာ ငွေ့ငွေ့ကျန်တာတောင်မှပဲ တစ်ခါတည်းငြိမ်းအောင်လုပ်ပစ်လိုက်တယ်။

အဲဒါ သောတာပန်ပုဂ္ဂိုလ်က ဖြစ်ကြောတိုရုံတင်မဟုတ်ဘဲ ရင်ထဲမှာငွေ့ငွေ့ကျန်တာကိုတောင် မကျန်တော့အောင် တစ်ခါတည်း ပိုကြိုးစားပစ်တယ်။ အနတ္တတရားတွေပဲ။ ကံစီမံတာပဲ။ အကုန်လုံး ဒုက္ခသည်တွေပဲ စသည်အားဖြင့် ဆင်ခြင်တဲ့အခါဆင်ခြင်။ ရှုမှတ်တဲ့အခါရှုမှတ်ပြီး ကိလေသာကို ငြိမ်းအောင်လုပ်တယ်။ ဖြစ်လာတဲ့ကိလေသာကို ချက်ချင်းငြိမ်းအောင်လုပ်ဖို့ဆိုတာလွယ်ပါ့မလား။

'မလွယ်ပါဘူးဘုရား'

ဝိပဿနာဉာဏ်အားကောင်းမှ ချက်ချင်းငြိမ်းအောင်လုပ်လို့ရတာ။ သောတာပန်ပုဂ္ဂိုလ်များကျတော့ ပလိဗောဓမရှိဘဲ စိတ်အေးချမ်းသာနဲ့များ ရှုမှတ်ခွင့်ရမယ်ဆိုရင် ချက်ချင်းကို ဥဒယဗ္ဗယဉာဏ်ရောက်သွားတာ။ ဒါကြောင့်မို့လည်း ဖြစ်လာတဲ့ကိလေသာကို ချက်ချင်းငြိမ်းအောင်လုပ်နိုင်တာပေါ့။ ပုထုဇဉ်တွေက ချက်ချင်း ဥဒယဗ္ဗယဉာဏ်ရောက်ပါ့မလား။

'မရောက်ပါဘူးဘုရား'

မရောက်လို့ ကိလေသာတွေငြိမ်းအောင်မလုပ်နိုင်တာပေါ့ဗျာ။ ငြိမ်းအောင်မလုပ်နိုင်ရင်ပိုဆိုးမှာပဲ။ အာဃာတတွေထား။ ရန်ငြိုးဖွဲ့။ ဒီလိုမဟုတ်လား။


WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

'ဟုတ်ပါတယ်ဘုရား'

မာဂဏ္ဍီမိဖုရားဝတ္ထုကို ကြည့်ပါလား။ ဖခင်ဖြစ်တဲ့ မာဂဏ္ဍီပုဏ္ဏားကြီးက အင်မတန်ချော အင်မတန်လှတဲ့ သူ့သမီးမာဂဏ္ဍီကို မြတ်စွာဘုရားအား ဆက်သတယ်။ မြတ်စွာဘုရားက ...

'မာရ်နတ်ရဲ့သမီးတော် နတ်သမီးတွေကိုတောင် ငါအလိုမရှိခဲ့တာ။ ကျင်ကြီးကျင်ငယ်တွေပြည့်နေတဲ့ သင့်သမီးမာဂဏ္ဍီကို ခြေဖျားနဲ့တောင်မထိချင်ဘူး'လို့မိန့်တော်မူတော့ သူ့ကို ဒီလိုပြောရကောင်းလားဆိုပြီးသမီးမာဂဏ္ဍီက ဘုရားအပေါ်ရန်ငြိုးထားခဲ့တာမဟုတ်လား။

'ဟုတ်ပါတယ်ဘုရား'

သမီးမာဂဏ္ဍီဟာ ကောသမ္ဗီပြည် ဥတေနမင်းကြီးရဲ့မိဖုရားဖြစ်တဲ့အချိန်မှာ မြတ်စွာဘုရားက ကောသမ္ဗီပြည်ကြွလာတော့ မာဂဏ္ဍီက လူမိုက်တွေကို ပိုက်ဆံပေးပြီး ဆဲဆိုခိုင်းတယ်လေ။

ပုထုဇဉ်တွေရဲ့သဘောက ကိလေသာကို ငြိမ်းအောင်မလုပ်တဲ့အပြင် တိုးအောင်လုပ်ဖို့ပဲစိတ်ကူးတယ်။ ဒီလိုမဟုတ်လား။

'ဟုတ်ပါတယ်ဘုရား'

ရပ်ထဲရွာထဲမှာ မိသားစုထဲကတစ်ဦးဦး သေတဲ့အခါကြည့်ပါလား။ နှစ်ရှည်လများငိုလို့ကိုမဆုံးနိုင်ဘူး။ တချို့ဆို ဂုဏ်ယူစွာနဲ့ သတင်းစာထဲတောင် ကြော်ငြာထည့်လိုက်သေးတယ်။

'သုံးနှစ်တိုင်တိုင်ကြာခဲ့ပေမဲ့ တစ်နေ့တစ်ရက်မှမမေ့မရဘူး။ အချိန်တိုင်းသတိရနေတယ်။ ဘာညာနဲ့လေ။ တွေ့ဖူးတယ်မဟုတ်လား။

'တွေ့ဖူးပါတယ်ဘုရား'

သောတာပန်တွေကျတော့ အဲဒီလိုမဟုတ်ဘူး။ သောကပရိ



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ဒေဝဖြစ်တာတို့ ငိုတာတို့ရှိပေမဲ့ ရက်ရှည်လများတော့မဖြစ်ဘူး။ မကြာခင်မှာ ပယ်သတ်နိုင်တယ်။

ကျောင်းအမကြီး ဝိသာခါ သူချစ်တဲ့မြေးမလေးသေတော့ ငိုတာပဲ။ ဒါပေမဲ့ မြတ်စွာဘုရားဟောတဲ့တရားကို နာပြီးတဲ့နောက်ပိုင်း မငိုတော့ဘူးလေ။ ဖြစ်လာတဲ့ကိလေသာကို ငြိမ်းအောင်လုပ်နိုင်တယ် ဆိုတာ ဒါမျိုးကိုပြောတာ။

နံပါတ်သုံးက မတုန်မလှုပ်ယုံကြည်။



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

## မတုန်မလှုပ်ယုံကြည်

သောတာပန်တွေဟာ ဘုရားအပေါ်မှာ မတုန်မလှုပ်ယုံကြည်တယ်။ တရားအပေါ်မှာ မတုန်မလှုပ်ယုံကြည်တယ်။ သံဃာတော်အရှင်သူမြတ်တွေအပေါ်မှာ မတုန်မလှုပ်ယုံကြည်တယ်။

ဒီဘုရားသာသနာမှာသာ မဂ္ဂင်ရှစ်ပါးအကျင့်ဆိုတာလည်းရှိတယ်။ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ် ရဟန္တာဆိုတာလည်းရှိတယ်။ တခြားသာသနာမှာမရှိဘူးလို့ယုံကြည်တယ်။

အပေါ်ယံ ပကာသနယုံကြည်တာမျိုးမဟုတ်ဘူး။ အပေါ်ယံပကာသနဆိုတာ ပုဂ္ဂိုလ်ကိုကြည်ညိုတာရှိတယ်။ အဆင်းကို ကြည်ညိုတာရှိတယ်။ အသံကိုကြည်ညိုတာရှိတယ်။ ခေါင်းပါးတဲ့အကျင့်ကိုကြည်ညိုတာရှိတယ်။ အဲဒါ အနှစ်ကိုမရောက်သေးဘူး။

တကယ်ကြည်ညိုရမှာက တရားကိုကြည်ညိုရမှာ။ တရားသက်သက်အပေါ်မှာကြည်ညိုတဲ့သူက တစ်သိန်းတစ်ယောက်အင်မတန်ရှားတယ်တဲ့။ ပုဂ္ဂိုလ်စွဲ ဂိုဏ်းစွဲ ဝါဒစွဲတွေကများတာပဲ။

သောတာပန်ဖြစ်သွားရင် ဂိုဏ်းလည်းမစွဲဘူး။ဝါဒလည်းမစွဲဘူး။ ဆရာလည်းမစွဲဘူး။ဓမ္မသက်သက်အပေါ် ဉာဏ်ရောက်တယ်။ ကျေးဇူးရှင်ဆရာသမားတွေအပေါ် ရှိသေတယ်။ ကျေးဇူးတင်တယ်။ အမြဲတမ်းပူဇော်တယ်။သို့သော်လည်း ဓမ္မသက်သက်အပေါ်ပဲ။ ဓမ္မဓိဋ္ဌာန်အားဖြင့်



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ဉာဏ်သက်ဝင်တာပဲရှိတယ်။ ဂိုဏ်းအပေါ် ပုဂ္ဂိုလ်အပေါ်မစွဲဘူး။

ပုထုဇဉ်တွေကတော့ အပေါ်ယံပဲရှိတယ်။ အနှစ်သာရကို မရောက်ကြဘူး။ တစ်ယောက်နဲ့တစ်ယောက် အဆင်ပြေနေတဲ့အခါမှာ ဆရာအပေါ်ကြည်ညိုတယ်။ လောကဓံဆိုးတွေနဲ့မကြုံခင်တုန်းက ဘုရား တရား သံဃာအပေါ်ယုံကြည်တယ်။

လောကဓံဆိုးတွေနဲ့ ကြုံလာပြီဆိုရင်တော့ ဘုရားမရှိခိုးချင်တော့ဘူး။ ရတနာသုံးပါးကို ငါ ဒီလောက်ကိုးကွယ်လျက်သားနဲ့ ငါ့ကိုမကူညီဘူး။ မကယ်ဘူးဆိုပြီးတော့ ဘုရားတရားသံဃာကို တချို့ ကျကျနနမယုံကြည်တော့ဘူး။

အားမကိုးရပါဘူးကွာ။ ဘယ်လောက်ပဲ ကိုးကွယ် ကိုးကွယ် ကိုယ်ဖြစ် ကိုယ်ခံရတာပါပဲ။ ဒီပြင့် အားကိုးရာတွေကို ရှာကြတယ်။ ဟိုပုဂ္ဂိုလ်ကြီးက ကယ်တော့မလို ဒီပုဂ္ဂိုလ်ကြီးက ကယ်တော့မလို ဒီပြင့် အပြင်ပကို အားကိုးရှာကြတယ်။ တကယ့်အနှစ်သာရဖြစ်တဲ့ ရတနာမြတ်သုံးပါးနဲ့ သီလ သမာဓိ ပညာ သိက္ခာသုံးပါးကို တဖြည်းဖြည်းနဲ့ ပစ်ပယ်ပြီးတော့ အပြင်ကိုလိုက်စားကြတယ်။

ချက်ချင်းလက်ငင်း သူဌေးဖြစ်ဖို့ချက်ချင်းလက်ငင်း ဘေးရန် အန္တရာယ်ကင်းဖို့ မျိုးစုံပေါ့လေ။ လောကီလုပ်ငန်းတွေ ဒါတွေပဲ လုပ်ကြတယ်။ တကယ့်အနှစ်သာရ သီလကို ပိုပြီးတော့လုံခြုံအောင် စောင့်ရှောက်တာတို့ သမာဓိကိုပိုပြီးတော့ ကြိုးစားတာတို့ ဝိပဿနာ ဉာဏ်တွေ အဆင့်ဆင့်တက်အောင် ကြိုးစားတာတို့မလုပ်ကြဘူး။

ဆင်ခြင်နှလုံးသွင်းတဲ့အပိုင်းမှာလည်း ဒါဟာ အတိတ်တုန်းက အကုသိုလ်က ဆိုးကျိုးပေးတာပဲ။ အခုလုပ်နေတဲ့ ကုသိုလ်တွေက ကောင်းကျိုးပေးမှာပါ။ လောကထဲမှာနေရင် လောကဓံဆိုးတွေနဲ့ တွေ့နေရမှာပဲ။ ဘုရားရဟန္တာတွေတောင်မှမကင်းတာ။ ဒီလို ဆင်ခြင်



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

တဲ့ဉာဏ်မျိုးမလာတော့ဘူး။ အဲဒါ ပုထုဇဉ်တွေရဲ့သဘော။

သောတာပန်အရိယာပုဂ္ဂိုလ်တွေရဲ့သဘောက မတုန်လှုပ်ဘူးတဲ့။ လောကဓံဆိုးတွေကြုံလို့ စားဝတ်နေရေးတွေ အကုန်လုံးပြောင်သွားပြောင်သွား။ အသတ်ပဲခံရခံရ ဘယ်လိုလောကဓံဆိုးနဲ့ပဲကြုံကြုံ ရတနာမြတ်သုံးပါးအပေါ်မှာ ကြည်ညိုတဲ့စိတ် နည်းနည်းမှကို မတုန်လှုပ်ဘူး။

ဒီအကုသိုလ်တွေနဲ့တွေ့ရတာ ငါ အတိတ်တုန်းက တွေဝေခဲ့လို့ မသိခဲ့လို့ မိုက်မှားခဲ့လို့။ မကောင်းတဲ့သူတွေနဲ့ပေါင်းခဲ့လို့ မကောင်းတာတွေလုပ်ခဲ့လို့ ဒီလိုအကုသိုလ်ဝဋ်ကြွေးတွေ ခံရတာပဲ။ ရတနာမြတ်သုံးပါးရဲ့စကားကို နားမထောင်ခဲ့လို့ မသိခဲ့လို့ ဝဋ်ကြွေးတွေခံရတယ်။ နောက်လာလတ္တံ့သံသရာမှာ ဒီလိုဆိုးကျိုးတွေဝဋ်ကြွေးတွေမခံရအောင်လို့ ပိုပြီးတော့ကြိုးစားတယ်။

လောကဓံအကောင်းတွေနဲ့ကြုံရင်လည်း ရတနာမြတ်သုံးပါးကို ပိုပြီးတော့ကြည်ညိုတယ်။ လေးစားတယ်။ တရားတွေကိုပိုပြီးတော့ကြိုးစားတယ်။ အတိတ်တုန်းကကုသိုလ်ကောင်းမှုတွေရှိခဲ့လို့ ငါတို့ကောင်းကျိုးချမ်းသာတွေရတယ်။ စားဝတ်နေရေးတွေ အဆင်ပြေတယ်။ သူများနဲ့စာလိုက်ရင် အစစအရာရာအဆင်ပြေတယ်။ အော် ဒါ ကုသိုလ်ကောင်းမှုကြောင့်ပဲ။

ရတနာမြတ်သုံးပါးကို ပိုပြီးတော့ ဆည်းကပ်တယ်။ ကုသိုလ်ကောင်းမှုကို ပိုပြီးတော့ကြိုးစားတယ်။ လောကဓံအဆိုးနဲ့ ကြုံတဲ့အခါလည်းပဲ၊ ဩော် . . အတိတ်တုန်းက အကုသိုလ်တွေလုပ်ခဲ့လို့ပဲ။ ကိုတုန်းကမသိခဲ့လို့ အခုသိနေပြီ။ တရားတွေကို ပိုကြိုးစားမယ်။ အကုသိုလ်တွေကို ရှောင်နိုင်သမျှ ရှောင်မယ်။ အကုသိုလ်ကြောင့် ဖြစ်တဲ့ဆိုးကျိုးဟာ အင်မတန်မှဆိုးဝါးတာပဲ။



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

နောက်ကို ဒါမျိုးမဖြစ်အောင်၊ အကုသိုလ်တွေနဲ့ ဝေးသထက်ဝေးအောင် ကိလေသာတွေရင်ထဲမှာမဖြစ်အောင် ပိုကြိုးစားမယ်ဆိုပြီးတော့ ကြိုးစားတယ်။ ရင်ထဲက မတုန်မလှုပ်ယုံကြည်တယ်။

နည်းနည်းမှမတုန်လှုပ်ဘူးတဲ့။ ကောင်းတာနဲ့တွေ့တွေ့ ဆိုးတာနဲ့တွေ့တွေ့မတုန်လှုပ်ဘူး။ အင်မတန်ကြီးကျယ်တဲ့ကျောက်တောင်ကြီးလို အရှေ့ဘက်ကပဲ လေတိုက်တိုက်၊ အနောက်ဘက်ကပဲ လေတိုက်တိုက် အရပ်ရှစ်မျက်နှာဘယ်ကပဲတိုက်တိုက် မတုန်လှုပ်သလိုပဲ။ သောတာပန်ရဲ့စိတ်ဓာတ်ဟာလည်းပဲ ရတနာမြတ်သုံးပါး၊ သီလ၊ သမာဓိ၊ ပညာ၊ သိက္ခာသုံးပါးအပေါ်မှာ နည်းနည်းမှမတုန်လှုပ်ဘူး။ အကြွင်းအကျန်မရှိယုံကြည်တယ်။

ဘယ်သူတွေ ဘာပြောပြော၊ ဘယ်ဘာသာနဲ့ပဲ ပြောပြော၊ ဘယ်သူမှ ဆွဲဆောင်လို့လည်းမရဘူး။ ခြောက်လို့လည်းမရဘူး။ မြှောက်လို့လည်းမရဘူး။ ချော့လို့လည်းမရဘူး။

သဗ္ဗာဝါဆိုတာ လူချွတ်မှကျွတ်တာကွ။ စားချင်လို့သတ်စားအပြစ်မရှိဘူး။ သေတဲ့သူကို ရည်ညွှန်းပြီးသတ်ရင် ကုသိုလ်ရတယ်။ အပြစ်မရှိဘူး။ ဟာ ... မင်းသတ်စားချင်သလိုသတ်စား၊ ဘုရားတ' လိုက်ရင်ကျေတယ်။ ဘယ်လိုပဲ လှည့်ပတ်ပြောပြော သောတာပန်ကို ဘယ်လိုမှလှည့်စားလို့မရဘူး။ ရတနာမြတ်သုံးပါးအပေါ်မှာ မတုန်မလှုပ်ယုံကြည်တယ်။ ဦးပဥ္စင်းတို့ ရပ်ထဲရွာထဲမှာ အထိုက်အလျောက်ကြားနေရတာတွေရှိသေးတယ်။

'မင်းတို့ဘုရားက ကယ်တာမဟုတ်ဘူး။ ကိုယ်ဖြစ်ကိုယ်ခံရတဲ့ဘုရား။ တို့ ဘုရားက ကယ်တယ်ကွ။ မင်းတို့ဘုရားက အကုသိုလ်ကို ကိုယ့်ဟာကိုယ်ခံရတယ်။ ဘာမှလာမကယ်ဘူး။ အဝေးကနေပြီးတော့ ညွှန်ကြားရုံရှိတာ။ တို့ဘုရားက အဲဒီလိုမဟုတ်ဘူး။



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

လာကယ်တယ်၊' တစ်ခါတလေ ဥပမာတောင်ပေးသေးတယ်။

'မင်းတို့ဘုရားက ရေနစ်နေတဲ့သူကို ကုန်းပေါ်ကနေပြီးတော့ ဟိုဟာလေး ကိုင်လိုက်ပါလား။ ဒီလိုကူးလိုက်ပါလား။ အဝေးကနေ ပြောတယ်။ တို့ဘုရားက ရေထဲခုန်ချပြီးလာကယ်တယ်'

အမှတ်တမဲ့ဆိုရင် ဗဟုသုတနည်းပါးတဲ့သူက ဟုတ်တယ် ထင်ပါရဲ့ဆိုပြီး ပါသွားနိုင်တယ်။ တချို့ ဗုဒ္ဓဘာသာထဲမှာကိုပဲ ရတနာ မြတ်သုံးပါးကို မထေမဲ့မြင်ပြောတာတွေ အများကြီးရှိတယ်။

'မင်းတို့ ဆင်းတုတော်ကြီးက ဘာအားကိုးစရာရှိလဲ။ ဆင်းတု တော်ကြီးပြုတ်ကျရင် ခေါင်းကွဲပြီးသေဦးမယ်။ ဒီကျောက်တုံးကြီးက ဘာမှစွမ်းအားရှိတာမဟုတ်ဘူး။ ဘာမှမကူညီတဲ့အပြင် ဒုက္ခတောင် ပေးဦးမယ်။ ကျောက်ဆင်းတုဘုရားက ခိုက်တယ်'

'အခုတောင် မင်းတို့အိမ်မှာ ခြေနှစ်ချောင်းထွက်ကိန်းရှိတယ်။ ဘုရားစင်ကဆင်းတုတော်ကို လွှင့်ပစ်လိုက်။ အဲဒါဆို ခြေနှစ်ချောင်း ထွက်သွားပြီမိုလို့ မိသားစုတွေ ထိခိုက်စရာမလိုတော့ဘူး။

မိသားစုတွေ ထိခိုက်မှာစိုးလို့ ဘုရားဆင်းတုကိုလွှင့်ပစ်ကြ တယ်။ အဲဒါမျိုးတွေ ဗုဒ္ဓဘာသာမှာမရှိဘူးလား။

'ရှိပါတယ်ဘုရား'

ရှိတာမှအများကြီးပဲ။ အဲဒါ ဘာဝနာတရားအားမထုတ်တဲ့ ပုဂ္ဂိုလ်တွေ၊ ဘာဝနာတရားကို သေသေချာချာဉာဏ်ရင့်ကျက်အောင် အားမထုတ်တဲ့ပုဂ္ဂိုလ်တွေ၊ တိတိကျကျ ခြုံပြောရမယ်ဆိုရင်တော့ သောတာပတ္တိမဂ်ဖိုလ်မှမရသေးရင် စိတ်မချရသေးဘူး။

လူမှုရေးတွေ စီးပွားရေးတွေ ပညာရေးတွေ ကျန်းမာရေး တွေ ထိခိုက်လာပြီဆိုလို့ရှိရင် ရတနာမြတ်သုံးပါးအပေါ်မှာ နှစ်နှစ် ကာကာ ယုံကြည်ချက်မရှိတော့ဘူး။ ပစ်ပယ်တတ်တယ်။ ပုထုဇဉ်တွေ



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ရဲ့သဒ္ဓါတရားက ဖွဲပုံပေါ်စိုက်ထားတဲ့ ဝါးခြမ်းပြားလိုပဲ ခိုင်မြဲမှုမရှိဘူး။ အလွယ်တကူပြောင်းလဲနိုင်တယ်။

သောတာပန်အရိယာက အဲဒီလိုမဟုတ်ဘူး။ ဘာတွေပဲ ထိခိုက်ထိခိုက် ရတနာမြတ်သုံးပါးအပေါ်မှာ အဝေစ္စပသာဒ မတုန်မလှုပ်ယုံကြည်တယ်။ အဓိဂမသဒ္ဓါ ဘယ်သူမှဖျက်လို့မရဘူး။

ငွေတွေ မိန်းမတွေ ရာထူးတွေနဲ့လည်း ဖြားယောင်းလို့မရဘူး။ သေနတ်နဲ့လည်း ခြိမ်းခြောက်လို့မရဘူး။ ချော့လို့လည်းမရဘူး။ ခြောက်လို့လည်း မရဘူး။ လိမ်လည်လို့လည်း မရဘူး။ လူကိုသာ အနိုင်ကျင့်လို့ရမယ်။ ယုံကြည်တဲ့စိတ်ကိုကျတော့ ဘယ်သူမှဖျက်လို့မရဘူး။

ဥပမာအနေနဲ့ သုပ္ပဗုဒ္ဓလူနူဝတ္ထုကိုကြည့်ရအောင်။ သုပ္ပဗုဒ္ဓဟာ တစ်ကိုယ်လုံးနူနာရောဂါနှိပ်စက်လို့ ညညဆိုအော်ဟစ်ညည်းတွားနေရတဲ့ သူတောင်းစားတစ်ယောက်။ တစ်နေ့မှာတော့ လူတွေအများကြီးတရုန်းရုန်းနဲ့သွားလာနေတာကိုမြင်တော့ အလှူပေးနေတယ်ထင်ပြီး တောင်းရမ်းဖို့ရောက်လာတယ်။

တကယ်တမ်းကျတော့ အလှူမဟုတ်ဘဲ မြတ်စွာဘုရားတရားဟောနေတာနဲ့ကြုံလို့ ပရိသတ်အစွန်အဖျားကနေ တရားနာတယ်။ တရားနာနေစဉ်မှာပဲ သောတာပန်ဖြစ်သွားတော့ ဝမ်းမြောက်ဝမ်းသာတွေဖြစ်ပြီး သူရ'ထားတဲ့တရားထူးကို မြတ်စွာဘုရားကိုလျှောက်ထားချင်နေတယ်။

တရားနာပရိသတ်တွေအကုန်ပြန်သွားတော့မှ ဘုရားဆီကိုလာခဲ့တယ်။ အဲဒီအခိုက်မှာ သိကြားမင်းက ကောင်းကင်မှာရပ်ပြီး ဘယ်လိုပြောသလဲဆိုတော့ ...

'အို ... သုပ္ပဗုဒ္ဓ၊ သင်ဟာ ခိုကိုးရာမဲ့ပြီး အင်မတန်မှဆင်းရဲနိမ့်ကျတဲ့သူပဲ။ သင့်ကို စည်းစိမ်ဥစ္စာတွေလည်း မြောက်မြားစွာပေး



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

မယ်။ နူနာရောဂါလည်းပျောက်အောင် လုပ်ပေးမယ်။ ဒါပေမဲ့ ငါပြော ခိုင်းတဲ့စကားကိုတော့ မြို့ထဲမှာအော်ပြီးပြောပေးရမယ်။'

'ဘုရားသည် ဘုရားအစစ်မဟုတ်ဘူး။ တရားသည် တရား အစစ်မဟုတ်ဘူး။ သံဃာသည် သံဃာအစစ်မဟုတ်ဘူး။ ငါသည် ဘုရားတရားသံဃာကို အလိုမရှိဘူး။ ဒီလိုလျှောက်ပြောပါ။ အဲဒီလို ပြောမှငါကမင်းကို မ'စမယ်။'

'သင်ဘယ်သူလဲ'

'ငါ သိကြားမင်းပါ'

'အို-မိုက်ကန်းပြီး အရှက်မရှိတဲ့သိကြားမင်း မပြောသင့်တဲ့ စကားကိုသင်ပြောရက်တယ်။ သင်ဟာ ငါနဲ့စကားပြောဖို့တောင် မထိုက်တန်ဘူး။ ငါ့ကို လူဆင်းရဲ ခိုကိုးရာမဲ့ အောက်တန်းကျတဲ့သူလို့ ဘာ့ကြောင့်ခေါ်တာလဲ။

ငါ့မှာ သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာ၊ ဟိရီ၊ ဩတ္တပ္ပဆိုတဲ့ သူတော်ကောင်းဥစ္စာ(၇)ပါးနဲ့ ပြည့်စုံနေတဲ့အတွက် လူဆင်းရဲမဟုတ်ဘူး။ ငါဟာ မြတ်စွာဘုရားရဲ့သားတော်အစစ် လူချမ်းသာပဲ'

ဒီလို သုပ္ပဗုဒ္ဓကပြန်ပြောတာ။သိကြားမင်းလည်း ပြောလို့မရ မှန်း သိတော့ ဘုရားထံအရင်သွားပြီး အကြောင်းစုံကိုလျှောက်ထား တယ်။ မြတ်စွာဘုရားရှင်က ...

'သုပ္ပဗုဒ္ဓကို သင်လိုသိကြားမင်း တစ်ယောက်တည်းမပြောနဲ့ သိကြားမင်း တစ်ရာတစ်ထောင်က လာဖြားယောင်းလို့တောင်မရဘူး' လို့ပြန်လည်မိန့်ကြားတော်မူတယ်။

သောတာပန်တွေရဲ့ ရတနာသုံးပါးအပေါ်မှာ ယုံကြည်မှု ကြည်ညိုမှုဟာ အင်မတန်မှ ခိုင်မြဲတယ်ဆိုတာ မထင်ရှားဘူးလား။



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

'ထင်ရှားပါတယ်ဘုရား'

သောတာပန်တွေဟာ မြတ်စွာဘုရားဟောတဲ့တရားတွေကို ကိုယ်တွေ့သိထားတာ။ သင်္ခါရတရားတွေပဲ အနိစ္စတရားတွေပဲ ဒုက္ခတရားတွေပဲ အနတ္တတရားတွေပဲဆိုတာ ကိုယ်တွေ့သိထားတော့ မြတ်စွာဘုရားဟောကြားထားတာ မှန်လိုက်တာ ဟုတ်လိုက်တာ ဒီလိုဖြစ်တာ။

ဥပမာ . . . ဆေးဆရာကြီးရဲ့အရည်အချင်းကို ခန့်မှန်းမယ်ဆိုရင်၊ သူဆေးကုတာကိုကြည့်ခြင်းအားဖြင့် သူ့ရဲ့အရည်အချင်းကို ခန့်မှန်းလို့ရတယ်။ သူပေးတဲ့ဆေးက ကိုယ်ပူကျဆေးဆိုလည်း ပျောက်တာပဲ။ ချောင်းဆိုးပျောက်ဆေးဆိုလည်း ပျောက်တာပဲ။ မိုက်အောင့်ပျောက်ဆေးဆိုလဲ ပျောက်တာပဲ။ ဘာပဲဖြစ်ဖြစ် သူကုလိုက်တဲ့လူမှာ အကုန်ပျောက်တယ်ဆိုရင် ဒီဆေးတွေကိုဖော်တဲ့ဆေးဆရာဟာ အင်မတန် အစွမ်းထက်တယ်ဆိုတာ ခန့်မှန်းလို့မရဘူးလား။

'ရပါတယ်ဘုရား'

အဲဒီလိုပဲ မြတ်စွာဘုရားရဲ့တရားတော်ကို တကယ်ကျင့်ကြံကြိုးကုတ်လို့ တကယ်သိလာပြီဆိုရင် ဩော် . . . မြတ်စွာဘုရားဟောတာမှန်လိုက်တာ။

ယောက်ျားမိန်းမ ပုဂ္ဂိုလ်သတ္တဝါမဟုတ်ဘူး။ သဘောတရားတွေပဲ။ သိစရာနဲ့သိတာ။ အရှုခံနဲ့အရှုဉာဏ်။ အရှုခံကလည်း ရုပ်တွေနာမ်တွေပဲ။ ရှုဉာဏ်ကလည်း နာမ်တရားတွေပဲ။ ကျကျနနရင်ထဲမှာ သိလာတဲ့အခါကျတော့ ဩော်. ဒီတရားဟောတဲ့မြတ်စွာဘုရားဟာ အကြွင်းအကျန်မရှိ အကုန်သိတဲ့ သဗ္ဗညုတမြတ်စွာဘုရားပဲလို့ တရားကိုမြင်တာနဲ့ ဘုရားကိုလှမ်းပြီးတော့မြင်တယ်။

ပုံသဏ္ဌာန်ကို မမြင်သော်လည်းဘဲ မြတ်စွာဘုရားရဲ့ ဂုဏ်တော်



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ကျေးဇူးတော်တွေကို လှမ်းမြင်တယ်။ ဟုတ်လိုက်တာ မှန်လိုက်တာ လူတွေက ဘယ်သူမှ မညွှန်ကြားနိုင်ဘူး။ မြတ်စွာဘုရားသာလျှင် ညွှန်ကြားနိုင်တာ။

မြတ်စွာဘုရား ညွှန်ကြားတဲ့အတိုင်း ရှိရှိသေသေနဲ့ ရှုမှတ်ပွားများတဲ့အခါ သဘောတရားတွေသိလာတယ်။ နောက် အစသိလာတယ်။ အစ အလယ် အဆုံး ကျကျနနမြင်လို့ ဉာဏ်တွေ တက်တက်လာတော့ ...

ဖြစ်ပျက်တွေမြင်တဲ့ဉာဏ်၊ ဖြစ်ပျက်တွေမုန်းတဲ့ဉာဏ်၊

ဖြစ်ပျက်တွေဆုံးတဲ့ဉာဏ်၊ ကိုယ်တိုင်ရထားတော့ ဩော် ဒီတရားဟာ တစ်သံသရာလုံး အိပ်မက်တောင် မမက်ခဲ့ရတဲ့တရား ဒီတရားကို ဟောတဲ့ဘုရားက တကယ့်ဘုရားစစ်ဘုရားမှန် ဘယ်သူမှ တုလို့မရတဲ့ဘုရားပဲလို့ ပိုင်ပိုင်နိုင်နိုင် သိသွားတော့ ...

စီးပွားရေးပဲထိခိုက်ထိခိုက် လူမှုရေးပဲထိခိုက်ထိခိုက် ကျန်းမာရေးတွေပဲထိခိုက်လာလို့ သေချင်သေသွားပါစေ။ ဘုရားအပေါ် ယုံကြည်တဲ့စိတ်ကတော့ နည်းနည်းမှမလျော့တော့ဘူး။

သောတာပန်က သန္တာန်ထဲမှာ ကိလေသာတွေမကင်းသေးလို့ ကာမဂုဏ်တွေ ခံစားရင်ခံစားမယ်။ ဒေါသတွေဖြစ်ရင်ဖြစ်မယ်။ ရတနာမြတ်သုံးပါးနဲ့ သီလ သမာဓိ ပညာ သိက္ခာသုံးပါး အပေါ်မှာ နည်းနည်းမှကို သံသယမဖြစ်တော့ဘူး။ ဘာဖြစ်လို့သံသယမဖြစ်လဲ ဆိုတော့ နိဗ္ဗာန်ကိုကိုယ်တိုင်မြင်ထားတော့ နိဗ္ဗာန်ရောက်ကြောင်းတရား မဂ္ဂင်ရှစ်ပါးအကျင့်အပေါ်မှာလည်းပဲ အကြွင်းမဲ့ယုံကြည်တယ်။

ဩော် သီလကိုလုံခြုံအောင်စောင့်ရှောက်တာ၊ သမာဓိကို မရရအောင်ကြိုးစားတာ တကယ်အကျိုးများတာပဲ။ ဝိပဿနာဉာဏ်ပညာဟေ့ဆိုတာ တကယ်လွတ်မြောက်နိုင်တဲ့တရားတွေပါလား။



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

တကယ်မှန်ပါလား။ တရားစစ်တရားမှန်တွေသိရလို့ ကိုယ့်ကိုယ်ကို လည်း ဝမ်းမြောက်ဝမ်းသာလို့ မဆုံးနိုင်ဘူး။

အဲဒီလို နိဗ္ဗာန်ရောက်ကြောင်းအပေါ်မှာ အကြွင်းမဲ့ယုံကြည် တော့ ဒီနိဗ္ဗာန်ရောက်ကြောင်းတရားကိုဟောတဲ့ ဘုရားအပေါ်မှာလည်း အကြွင်းမဲ့ယုံကြည်တယ်။ အတူတူကျင့်ဖော်ကျင့်ဖက် သံဃာတော် အရှင်သူမြတ်တွေ ဩော် ... ဒီလိုသိတဲ့သူ အများကြီးပါလား။ လူထဲ မှာလည်းရှိတယ်။ ရဟန်းထဲမှာလည်းရှိတယ်။ ပရမတ္ထသံဃာတွေ အပေါ်မှာလည်း နည်းနည်းမှသံသယမဖြစ်တော့ဘူး။

တကယ်ကျင့်ကြံကြိုးကုတ်ပြီး တကယ်ရထားတဲ့ သံဃာ တော်အရှင်မြတ်တွေပဲ။ ဘယ်တော့မှ မတုန်မလှုပ်တဲ့ ဉာဏ်ပညာတွေ ရှိသွားတဲ့ သံဃာတော်အရှင်မြတ်တွေပါလား။ လူထဲမှာလည်းရှိတယ်။ ရဟန်းထဲမှာလည်းရှိတယ်။ ဘုရားတရားသံဃာအပေါ်မှာ ယုံကြည် သွားတယ်။ ဒါက သောတာပန်တွေရဲ့စိတ်ထား။

မိမိတို့လည်းဆန်းစစ်ကြည့်ပေါ့။လောကဓံတွေအပေါ်မှာ တုန်လှုပ်တယ်ဆိုရင် သိပ်မဟုတ်သေးဘူး။ ရတနာမြတ်သုံးပါးအပေါ် မှာ မတုန်လှုပ်ဘူးဆိုရင် ဒါ မိမိတို့ဒီဉာဏ်အဆင့်ရောက်ထားပြီဆိုတာ သိနိုင်တယ်။ ဖြစ်ကြောတို ငြိမ်းအောင်လုပ် မတုန်မလှုပ်ယုံကြည် ဒါ သောတာပန်ရဲ့ထူးခြားချက်။



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

## အပြစ်ဝန်ခံ

ဖြစ်ပျက်မြင် ဖြစ်ပျက်မုန်း ဖြစ်ပျက်ဆုံး သဘောတရားကို အဆုံးထိမြင်ထားတဲ့ သောတာပန်အရိယာဟာ မိမိမှားတဲ့အပြစ်ကို ဝန်ခံဖို့ဝန်မလေးဘူး။

ပြောတာမှားသွားတယ်ဘုရား ဝန်ခံလိုက်တယ်။ သံဃာတော် အရှင်မြတ်တွေဆိုလည်း ဒေသနာကြားလိုက်တယ်။ လူတွေဆိုလည်းကျူပ် မှားသွားတယ်ဗျာ။ မိမိမှားတဲ့အပြစ်ကို ဝန်ခံဖို့ဝန်မလေးဘူး။

ပုထုဇဉ်တွေကတော့ ဒါမကောင်းဘူးမှားတယ်ဆိုတာသိလျက်နဲ့ အနိုင်ရအောင်ဖွတ်တိုးပြောတယ်။ မှားတယ်ဆိုတာကို သူ့ကိုယ်သူလဲ သိတယ်။မှားမှန်းသိလျက်နဲ့မလျှော့ဘူး။ရပ်ထဲရွာထဲမှာလည်း ရန်ဖြစ်နေကြ တာတွေအများကြီးရှိပါတယ်။ မှားသွားလို့ပြန်တောင်းပန်တယ် ဆိုတာ မရှိဘူး။

ပုထုဇဉ်တွေဟာ အပြစ်ကိုဝန်ခံရမှာ အင်မတန်ဝန်လေးတယ်။ ကိုယ်မှားသွားတယ်လို့ပြောရမှာကို သူတို့ကအင်မတန်ရှက်ကြတယ်။ အင်မတန်မှသိမ်ငယ်တယ်လို့ထင်တယ်။

အရိယာသူတော်ကောင်းတွေနဲ့တခြားစီပဲ။ အရိယာသူတော်ကောင်းတွေက မှားသွားရင် မှားပါတယ်လို့ဝန်ခံရမှာဝန်မလေးဘူး။ အပြောမှားသွားပါတယ်။ အလုပ်လေး မှားသွားပါတယ်။ စိတ်ထဲက



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

အကြံမှားတာတောင်မှပဲ တကယ်အားထုတ်နေတဲ့ ယောဂီတွေက တောင်းပန်ကြတယ်။ တချို့ဆိုရင် ကမ္မဋ္ဌာန်းဆရာတော်တွေကိုပြစ်မှား တာတွေရှိတယ်။ ဒါဉာဏ်စဉ်ရဲ့သဘောတွေပါပဲ။

အထိုက်အလျောက်ဉာဏ်တွေတက်လာလို့ရှိရင် စိတ်ထဲက ကိုယ့်ဆရာသမားတွေအပေါ် ပြစ်မှားတဲ့စိတ်ဖြစ်တတ်ပါတယ်။ ဒါသဘာဝပါပဲ။ ကိုယ့်ကိုယ်ကို အထင်ကြီးတာကိုး။

**ကိုယ့်ကိုယ်ကိုအထင်ကြီးရင် သူများအထင်သေးတာပဲ။** အထိုက်အလျောက် သမာဓိတွေအားကောင်းလာပြီ ဉာဏ်တွေတက် လာပြီဆိုလို့ရှိရင် ...

'ငါတို့သင်တဲ့ဆရာသမားတွေကကွာ ငါတို့လောက်ဉာဏ်တွေ ရှိချင်မှရှိမှာပါ။ သူတို့က လုပ်သက်ကြာနေလို့ ဗဟုသုတတွေများနေ တာပါ။ ငါ့လိုတောင် ဖြစ်ဖူးချင်မှဖြစ်ဖူးမှာ။ စာအုပ်ကြီးကြည့်ပြီးဟော နေတာပါ။' အဲဒီလိုလည်း အထင်သေးတတ်တယ်။

ဟာ ... ငါတို့ဆရာသမားက မျက်နှာလိုက်တာပဲ။ ဟိုလူ့ကျ တော့တစ်မျိုး၊ ဒီလူ့ကျတော့တစ်မျိုး။ မျက်နှာကြီးတော့တစ်မျိုး မျက်နှာငယ်တော့တစ်မျိုး။ စိတ်ထဲမှာ တစ်ခါတစ်ရံ အဲဒီလိုမျိုးလေး တွေကိုယ့်ရဲ့ဆရာသမားအပေါ်မှာ ပြစ်မှားမှုလေးတွေဖြစ်တတ်တယ်။

တကယ် တရားတွေအထိုက်အလျောက်ရလာတဲ့အခါကျ တော့ ပါးစပ်နဲ့လည်းမပြစ်မှားဘူး။ ကိုယ်နဲ့လည်းမပြစ်မှားဘူး။ စိတ်နဲ့ ပြစ်မှားတာကိုလည်း ဝန်ခံတယ်။ စိတ်နဲ့ ပြစ်မှားတာတောင်မှပဲ နေလို့ မရဘူး။ လာဝန်ခံတယ်။ စိတ်အလုပ်လုပ်နေတာကိုး။

စိတ်အလုပ်လုပ်နေတော့ စိတ်သဘောတွေကိုသိတယ်။ အဲဒီစိတ်က တော်ကြာရင် ဖြစ်လာရင်း၊ တော်ကြာရင်း ဖြစ်လာရင်း ဟာ ... ငါသွားဝန်ခံလိုက်ပါ့မယ်ဆို ဝန်ခံလိုက်တယ်။ ရှိခိုးလိုက်



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

တယ်။ အဲဒါဆို အေးသွားရော။

သောတာပန်က အပြစ်ဝန်ခံဖို့ဝန်မလေးဘူး။ စိတ်ထဲမှာဖြစ်တဲ့ အပြစ်ကိုတောင် ဝန်ခံချင်နေတယ်။ ဟာ ... ခွင့်လွှတ်ပြီးသားပါ။ ခွင့်လွှတ်ပြီးသားလည်း ဝန်ခံတယ်။

စိတ်ကို နည်းနည်းလေးမှ အညစ်အကြေးအဖြစ်မခံနိုင်ဘူး။ ဩော် .. လောဘတွေ တော်တော်ဖြစ်နေပါလား။ ဒေါသတွေတော်တော်ဖြစ်နေပါလား။ ကမ္မဋ္ဌာန်းပိုထိုင်လိုက်မှပဲ။ ပိုကြိုးစားလိုက်မှပဲ။

အပြစ်တစ်ခုဖြစ်သွားရင်လည်း လူရှုချင်းဆိုရင်တော့ ဟာ ... မှားသွားတယ်ဗျာ ဝန်ခံပြီးတောင်းပန်လိုက်တယ်။ ရဟန်းတော်တွေဆိုရင် နောက်ကိုဒီလိုမဖြစ်အောင် ကြိုးစားပါ့မယ်ဘုရားလို့ဝန်ခံပြီး ဒေသနာကြားလိုက်တယ်။

ပုထုဇဉ်တွေကတော့ အပြစ်ဖြစ်မှန်းသိလည်းဝန်မခံဘူး။ ဆင်ခြေအမျိုးမျိုးပေးတယ်။ ကိုယ့်အပြစ်ကို သူများအပေါ်လွှဲချတယ်။ ကိုယ့်အပြစ်ကို ဖုံးထားတယ်။ သူများအပြစ်ကိုကျတော့ အရှက်ခွဲချင်တဲ့စိတ်မျိုးရှိတယ်။ အဲဒါ ပုထုဇဉ်တွေရဲ့သဘော။

သောတာပန်တွေက ကိုယ့်အပြစ်ကိုလည်း မဖုံးဘူး။ သူများအပြစ်ကိုလည်း မလွှဲသာမရှောင်သာလို့သာ ကောင်းကျိုးချမ်းသာရအောင် ပြောပေးတာ။ သက်သက်ကြီးနှိမ်လိုတဲ့သဘော အရှက်ခွဲလိုတဲ့သဘောမျိုးမရှိဘူး။ ဒါတော့ မှားနေတယ်။ ယောဂီ ဒီဟာလေးကို ဒီလိုပြင်လိုက်။ ဒီလိုလုပ်လိုက် စေတနာမေတ္တာနဲ့ပြောတယ်။

သောတာပန်တွေ ကိုယ့်အပြစ်ကို မဖုံးကွယ်ဘဲ ဝန်ခံတာနဲ့ ပတ်သက်ပြီး ထင်ရှားတဲ့ဥပမာတစ်ခုကိုပြောဦးမယ်။ ယောဂီအဟောင်းကြီးတွေကတော့သိပြီးသားပါ။ နာဖူးထပ်မံပေါ့။

ကောသမ္ဗီပြည် ဥတေနမင်းကြီးရဲ့မိဖုရား သာမာဝတီမှာ



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

အလုပ်အကျွေးအခြံအရံမိန်းမ(၅၀၀)ရှိတယ်။ 'ခုဇ္ဇုတ္တရာ'လို့ခေါ်တဲ့ အလုပ်အကျွေးမိန်းမက နေ့တိုင်း ပန်းတွေဝယ်ပြီးဆက်သရတယ်။ တစ်နေ့ကို အသပြာ(၈)ကျပ်ဖိုးဝယ်ယူဆက်သရမှာဖြစ်ပေမဲ့ (၄)ကျပ်ကို ခိုးထားပြီး ကျန်တဲ့(၄)ကျပ်ဖိုးနဲ့သာ ဆက်သနေတယ်။

တစ်နေ့မှာတော့ သုမနပန်းသည်က ဘုရားနဲ့သံဃာတော်တွေကို ဆွမ်းကပ်တာနဲ့ကြုံလို့ 'ခုဇ္ဇုတ္တရာ'ဟာ မြတ်စွာဘုရားတရားဟောတာကိုနာယူရင်း သောတာပန်ဖြစ်ခဲ့တယ်။ သောတာပန်ဖြစ်သွားတော့ အရင်နေ့တွေကလို အသပြာ(၄)ကျပ်ကို ခိုးမထားတော့ဘဲ (၈)ကျပ်ဖိုးဝယ်ယူဆက်သတယ်။ အဲဒီအခါ သာမာဝတီမိဖုရားက

'ဒီနေ့ ပန်းတွေများလှချည်လား။ မင်းကြီးက ပန်းဖိုးနှစ်ဆတိုးပေးလိုက်တယ်နဲ့တူတယ်'လို့မေးတော်မူတဲ့အခါ 'ခုဇ္ဇုတ္တရာ'က အကြောင်းစုံကိုပြန်လည်လျှောက်ထားပြီး သူ့ရဲ့အပြစ်ကို ဝန်ခံတောင်းပန်တယ်။ ဒီနေရာမှာ ယောဂီတို့ ဆန်းစစ်ကြည့်ရအောင်။ မိဖုရားက သေဒဏ်အထိအပြစ်ပေးနိုင်တာကိုမကြောက်ဘဲ ကိုယ့်အပြစ်ကို ဝန်ခံဖို့ ဆိုတာလွယ်ပါ့မလား။

'မလွယ်ပါဘူးဘုရား'

သောတာပန်တွေရဲ့စိတ်ထားနော်။ ရိုက်နှက်ပြီးထောင်ချချင်ရင်လည်းချ၊သေဒဏ်ပေးရင်လည်းပေး ကိုယ်လုပ်ခဲ့တဲ့အပြစ်ကိုတော့ ဖုံးကွယ်မနေတော့ဘူး။ ဝန်ခံပြီးတောင်းပန်တယ်။ နောက်တစ်ချက်က သောတာပန်ဖြစ်သွားပြီးတဲ့နောက် မခိုးတော့ဘူး။ သီလကို မကျိုးမပေါက်အောင်စောင့်စည်းတယ်ဆိုတာကရော မထင်ရှားဘူးလား။

'ထင်ရှားပါတယ်ဘုရား'



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

## စောင့်စည်းမြဲနည်း

'ဃရာဝါသောဗဟုကိစ္စော'လို့အဆိုရှိတဲ့အတိုင်း လူဝတ်ကြောင် တွေမှာ ကိစ္စတွေက အလွန်များတယ်။အိုးအိမ်တွေ လူ့အဖွဲ့အစည်း တွေနဲ့ နေတဲ့အခါကျတော့ မကောင်းတရားတွေရှိတယ်။ အများနဲ့ လုပ်ရတဲ့လုပ်ငန်းတွေ အများနဲ့လုပ်ရတဲ့ အဖွဲ့အစည်းတွေပေါ့။ အဲဒီလို လုပ်တဲ့အခါမှာ ရုံးတို့ဘာတို့ ရောက်တဲ့အခါရှိတယ်။ သက်သေတို့ ဘာတို့ လိုက်ရတယ်။ ဘယ်လိုမှ မလွှဲသာမရှောင်သာလို့ လူကြီး လူကောင်းတွေဖြစ်နေကြတဲ့အခါ ခင်ဗျားပါမှပြီးမယ်။ ခင်ဗျားမပါလို့မ ရဘူး စသည်အားဖြင့်ပေါ့။

အဲလိုရုံးတွေဘာတွေမှာ သက်သေခံပါသွားတယ်ဆိုလို့ရှိရင် ပုထုဇဉ်ကတော့ မထိန်းသိမ်းဘူး။ ခင်ဗျားပြောလို့ရှိရင် ဒီအမှုက နိုင်မှာ။ ရော့ ... ဆယ်သိန်းယူပါဗျာ။ ကျုပ်ကိုတော့ ဒီလိုလေးပြော ပေးပါ။ ဆယ်သိန်းမကပြောချလိုက်တာပဲ။ လောလောဆယ် ပိုက်ဆံ ရဖို့ပဲ။ သီလကိုဂရုမစိုက်ဘူး။ မစောင့်စည်းဘူး။

သောတာပန်တွေက အဲဒီလိုမဟုတ်ဘူး။ လူမှုရေးတရား မကောင်းလို့ လိုက်ရသော်လည်း မိမိရဲ့သီလသမာဓိပညာကို အထိမခံ ဘူး။ သီလပျက်တော့မယ်ဆိုလို့ရှိရင် ဒီအမှုကိုမလုပ်တော့ဘူး။



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ငွေပေးလည်း မရဘူး။ ခြိမ်းခြောက်လည်းမရဘူး။ မဟုတ်တာကိုတော့ မပြောနိုင်ဘူး။ မိမိပြောလိုက်လို့ သူများနစ်နာသွားမယ် ဆုံးရှုံးသွားမယ်ဆိုရင် မလုပ်ဘူး။

နွားမကြီးက မြက်စားရင်းနဲ့ နွားသားလေးကို အမြဲတမ်းစောင့်ကြည့်နေသလို သောတာပန်ဟာ ဃရာဝါသမကင်းသေးလို့ လူမှုရေးတွေ စီးပွားရေးတွေ လုပ်နေသော်လည်းပဲ မိမိရဲ့ သီလ သမာဓိ ပညာကို အမြဲတမ်းစောင့်ကြည့်နေတယ်။ဒီအလုပ်ဟာ သီလပျက်မဲ့အလုပ်လား။ သမာဓိပျက်မဲ့အလုပ်လား။ ပညာပျက်မဲ့အလုပ်လား။ သီလ သမာဓိ ပညာကို အပျက်မခံဘူး။

အဓိကကတော့ သောတာပန်ဟာ သီလနယ်ကိုပေါ့။ သမာဓိနယ်က အနာဂါမ်ပေါ့။ ပညာနယ်က ရဟန္တာ။ သူ့အဆင့်နဲ့သူပေါ့။ သူလည်းရှိသင့်သလောက်တော့ သမာဓိရှိတာပဲ။သီလ သမာဓိ ပညာကို အပျက်အစီးမခံဘူး။ ချက်ချင်းပဲ သူဌေးဖြစ်ဦးတော့ ငါးပါးသီလကို ဖျက်လုပ်ရမဲ့အလုပ်မျိုးဆို မလုပ်ဘူး။ ရှောင်တယ်။

မလွှဲသာမရှောင်သာလို့ အများကိုမထိခိုက်စေမယ့်ကိစ္စမျိုးမှာ တစ်ခါတစ်ရံပျက်ပြားတာတွေရှိရင်ရှိမယ်။ ဒါကတော့ တကယ်လက်တွေ့လုပ်ထားတဲ့ ကမ္မဋ္ဌာန်းပြဆရာတော်ကြီးတွေရဲ့ ဩဝါဒကိုနာကြားထားရလို့ အာစရိယဝါဒပေါ့။ စာပေတွေထဲမှာတော့ ငါးပါးသီလ အကုန်လုံးလုံတယ်။

ဘုရား တရား သံဃာအပေါ်မှာ ယုံကြည်တယ်။ ငါးပါးသီလ မြဲတယ်။ ဒါ သောတာပန်ရဲ့ဂုဏ်အင်္ဂါတွေပဲ။ ငါးပါးသီလမှာ တစ်ခါတစ်ရံ အနည်းအကျဉ်းပျက်သော်လည်းပဲ အပါယ်ရောက်လောက်အောင် အပျက်မခံဘူး။ ဒါ အာစရိယဝါဒပေါ့။

လက်တွေ့တွေမှာလည်း အထိုက်အလျောက်တွေ့ကြုံရတာတွေ



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ရှိပါတယ်။ သံဃာတော်တွေဆိုရင်လည်း ကုစားနိုင်ကောင်းတဲ့ အာပတ်မျိုးကတော့ အမှတ်တမဲ့ဖြစ်တတ်ပါတယ်။ ဒါပေမဲ့ အာပတ်သင့်မှန်းသိရင် ချက်ချင်းပဲကုစားတယ်။ နောင်အခါမှာ ဒီအပြစ်မျိုး မဖြစ်အောင် ဂရုစိုက်ပြီးတော့စောင့်စည်းတယ်။

တချို့ ဓုတင်ဆောင်တဲ့ရဟန်းတော်တွေဆိုလည်း မိမိ ဓုတင်ဆောင်ထားတာကို သူတစ်ပါးမသိစေချင်တဲ့ ဓုတင်္ဂအပ္ပိစ္ဆကြောင့် လိုက်လျောညီထွေပြောရတာတွေ ရှိတတ်ပါတယ်။

လူဝတ်ကြောင်တွေက ဃရာဝါသဆိုတော့ စိုက်ပျိုးရေးတွေ လုပ်ရတာရှိတယ်။ အများမထိခိုက်အောင် တစ်ခါတလေ ပြောရဆိုရတာတွေလည်းရှိတတ်ပါတယ်။ ဘယ်သူတွေ သောတာပန်ဖြစ်နေတယ်ဆိုတာ ဘုရားလိုအတိအကျတော့ဘယ်သိမလဲ။ ခန့်မှန်းခြေပေါ့။ အတိအကျကတော့ သဗ္ဗညုတမြတ်စွာဘုရားပဲသိမယ်။

သောတာပန်က သီလကို အထိအခိုက်မခံဘူး။ ဒီစီးပွားရေး လုပ်လို့ သိန်းချီချမ်းသာမယ်။ သူများအသက်သတ်ရတဲ့အလုပ်၊ သူများဥစ္စာခိုးရတဲ့အလုပ်၊ သူများသားမယားဖျက်ဆီးတဲ့အလုပ်၊ လိမ်ညာပြောတဲ့အလုပ်၊ အရက်သေစာနဲ့ပတ်သက်တဲ့အလုပ်မျိုးဆို မလုပ်တော့ဘူး။ ဒီစီးပွားရေးလုပ်လို့ မတိုးတက်ရင်နေပါစေဆိုပြီး ထိန်းသိမ်းတယ်။ စောင့်ရှောက်တယ်။ စောင့်စည်းတယ်။

ပုထုဇဉ်ကတော့ သီလကိုမစောင့်စည်းဘူး။ သူဌေးဖြစ်ဖို့ပဲ အရေးကြီးတယ်။ ဘာထိခိုက်ထိခိုက် အခုလောလောဆယ် ချမ်းချမ်းသာသာ လူပီပီသသနေရဖို့ပဲ။ သူတို့က ချမ်းသာမှ လူပီသတယ် အောက်မေ့နေတာ။ တဏှာ မာန ဒိဋ္ဌိ ဆိုတဲ့ ပပဉ္စမျက်လုံးနဲ့ကြည့်တာပေါ့။

တရားမျက်လုံးနဲ့ကြည့်မယ်ဆိုရင် လူပီပီသသဆိုတာကုသိုလ်



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

အကုသိုလ်ကို ခွဲခြားသိပြီးတော့ အကုသိုလ်ကိုရှောင်၊ သမ္မာအာဇီဝနဲ့ လုပ်နေတဲ့သူက အဲဒါ ပရမတ္ထလူပဲ။ ပညာတွေတတ်မှ ဒါ အဓိက မဟုတ်ပါဘူး။ ဒါ ပကာသနတွေပါ။ အဓိကက ကိုယ်ကျင့်သီလပဲ။

ကိုယ်ကျင့်တရားကို ထက်မြက်သထက် ထက်မြက်အောင် ကျင့်ကြံကြိုးကုတ်အားထုတ်တဲ့လူဟာ အဖိုးတန်တဲ့လူ။ နတ်ချမ်းသာထက် နိဗ္ဗာန်ချမ်းသာကို ဦးတည်နေတဲ့သူ၊ ပရမတ္ထလူပဲ။ သာသနာတွင်းမှာ လူဖြစ်ရကျိုးနပ်တယ်ဆိုတာ ပရမတ္ထလူမျိုးဖြစ်မှ။

အကျိုးမဲ့တာကိုလည်း သိရမယ်။ အကျိုးရှိတာကိုလည်း သိရမယ်။ လောကီရော လောကုတ္တရာမှာရော သိရမယ်။ သိတဲ့အတိုင်း အပြစ်ရှိတာကို ရှောင်ပြီးတော့ အပြစ်ကင်းတဲ့ လောကီစီးပွားရေးကိုလည်း ရှာတယ်။ လောကုတ္တရာအတွက် သဒ္ဓါတွေ ပညာတွေ ရအောင်လည်း ကြိုးစားတယ်။ အဲဒါ ပရမတ္ထလူပဲ။ အဲဒီလိုလူထဲမှာ အပါအဝင်ဖြစ်တဲ့ သောတာပန်ဟာ ကိုယ်ကျင့်သီလကိုစောင့်စည်းတယ်။

မလှဲ့သာလို့ သက်သေတွေဘာတွေများလိုက်ရရင်လည်း မှန်တာဆိုရင်တော့ ကူညီပြီးပြောပေးမယ်။ မမှန်တာသိလျက်သားနဲ့ မဟုတ်မှန်းသိလျက်သားနဲ့ ကူညီလိမ်ပေးရမဲ့အလုပ်မျိုးကို သောတာပန်က မလုပ်ဘူး။ စောင့်စည်းတယ်ဆိုတာ ဒါကိုပြောတာ။ ငါးချက်ရသွားပြီ နံပါတ်ခြောက်က နာခံစူးစိုက်။


WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

## နာခံစူးစိုက်

သောတာပန်အရိယာတွေဟာ သစ္စာတရားဟောပြောပြသနေတဲ့အခါမှာ ရဟန္တာကပဲဟောဟော အမျိုးသားကပဲဟောဟော အမျိုးသမီးကပဲဟောဟော နိဗ္ဗာန်ရောက်ကြောင်းတရားတွေ ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာ ပယ်နိုင်တဲ့တရားတွေ၊ တစ်ဆင့်တက်လို့ရှိရင် တဏှာကို ပယ်နိုင်တဲ့တရားတွေ၊ သံသရာပြတ်ကြောင်းတရားတွေကို ဟောပြောပြသနေလို့ရှိရင် စူးစူးစိုက်စိုက်နဲ့ စိတ်ပါလက်ပါနာကြားနိုင်တဲ့စွမ်းအင်ရှိတယ်။

ဟန်ဆောင်ပန်ဆောင်မဟုတ်ဘူး။ တကယ်ကိုပဲ စိတ်ပါလက်ပါ ဩော် ... ဒီတရားကသာလျှင် ကယ်တင်မဲ့တရားပါလား။ သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်နိုင်တဲ့တရားပါလား။ ဩော် ... မြတ်စွာဘုရားဟောတဲ့တရားတွေဟာ လူသာမန် နတ်သာမန်တွေ မသိနိုင်တဲ့တရားပါလား။

သစ္စာတရားတွေကိုသိမှ သံသရာက လွတ်မြောက်နိုင်မှာ။ သစ္စာမသိလို့ရှိရင် ကမ္ဘာပေါင်းရှစ်သောင်းလေးထောင် ပုထုဇဉ်ဗြဟ္မာကြီးအဖြစ်နဲ့ ဟိုးဘဝဂ်မှာနေလည်း နောက်ပြန်ကျတာပဲ။ လူပြည်နတ်ပြည်ရောက်။ အကုသိုလ်ပြန်လုပ်တဲ့အခါ အပါယ်လေးပါးပြန်ရောက်။ သံသရာမှာအရှည်ကြီးကျင်လည်ရမယ်။ ဘဝပေါင်းအသင်္ချေအနန္တ



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

မရေမတွက်နိုင်ဘူး။ ဒါကြောင့်မို့ ပုထုဇဉ်ဘဝနဲ့တန်ခိုးကြီးလည်းခဏာပဲ။

တန်ခိုးကြီးတာကသတ်သတ် ပညာကသတ်သတ်။ တန်ခိုးကြီးတာက မြေလျှိုးမိုးပျံ ကောင်းကင်ပဲတက်တက် သံသရာကိုမဖြတ်နိုင်ဘူး။ ပညာဉာဏ်ကသာလျှင် ကံကိုလည်းဖြတ်နိုင်တယ်။ အပါယ်လေးပါးကိုကျမယ့် အကုသိုလ်ကိုလည်းဖြတ်နိုင်တယ်။ တဏှာကိုအားပေးတဲ့ကံကိုလည်း ဖြတ်တယ်။ ကုသိုလ် အကုသိုလ်ကိုလည်းဖြတ်တယ်။

သောတာပတ္တိမဂ်ဆို သူဖြတ်နိုင်တဲ့အင်အားက အပြည့်အဝအားမကောင်းသေးလို့ ခုနစ်ဘဝကျန်တာလည်းရှိတယ်။ တစ်ဘဝကျန်တာတွေလည်းရှိတယ်။ ကံဖြတ်တရားဆိုတာ ဝိပဿနာဉာဏ်တွေပဲ။

ဝိပဿနာရှုမှတ်ပွားများတဲ့အချိန်မှာ ကုသိုလ်လဲဖြစ်တယ်။ ဉာဏ်လဲဖြစ်တယ်။ ဉာဏ်တွေရင့်ကျက်သွားလို့ သောတာပတ္တိမဂ်ဉာဏ်ဖိုလ်ဉာဏ်ရသွားလို့ရှိရင် ကမ္ဘာမြေကြီးမှာရှိတဲ့မြေမှုန်တွေလောက် ကျင်လည်ရမယ့်ဘဝတွေ အကုန်ပြတ်ထွက်သွားတာ။ ကမ္ဘာမြေကြီးမှာရှိတဲ့မြေမှုန်တွေရေတွက်လို့ရပါ့မလား။

'မရပါဘူးဘုရား'

ရေတွက်လို့မရနိုင်လောက်တဲ့ဘဝဒုက္ခတွေက လွတ်မြောက်သွားမှာ။ ဘဝဒုက္ခဆိုလို့ လက်သည်းခွံပေါ်ကမြေမှုန့်လောက် နည်းနည်းလေးပဲကျန်တော့မယ်။ အများဆုံး(၇)ဘဝပဲ။

ဒီ(၇)ဘဝအတွင်းမှာ တဏှာတွေကို အကုန်လုံးပယ်မှပဲဆိုပြီး ရှုမှတ်ပွားများလို့ရှိရင် အရဟတ္တမဂ် အရဟတ္တဖိုလ်ကိုရပြီး နိဗ္ဗာန်ကို စံဝင်နိုင်ပါတယ်တဲ့။

အဲဒါကြောင့်မို့လို့ သံသရာပြတ်ကြောင်း တရားတွေကိုဟောပြောပြသတဲ့အခါမှာ တစ်ဆင့်ပဲကြားရကြားရ ကိုယ်တိုင်ပဲကြားရကြားရ



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

အင်မတန်နဲပဲ စိတ်ဝင်စားတယ်။ နှလုံးသားထဲကို သကာရည်တွေ ပျားရည်တွေ လောင်းထည့်သလိုပဲ။ နှစ်နှစ်ကာကာ လိုလိုချင်ချင် စူးစူးစိုက်စိုက် သေသေချာချာကို နာကြားနိုင်တဲ့စွမ်းအားရှိတယ်။

သောတာပန်မဖြစ်သေးတာတောင်မှ အခု ဝိပဿနာယောဂီ တွေ သတိပဋ္ဌာန်တို့ ဝိပဿနာတို့ နာကြားရတဲ့အခါမှာ စိတ်ဝင်စား တာပဲ။ အဲဒါ သောတာပန်ဖြစ်ကြောင်း အရုဏ်တက်လာတာ။ အရှေ့က အနီရောင်လေးသန်းလာပြီဆိုရင် အရုဏ်တက်တာ။နောက် မကြာခင်မှာ နေလုံးကြီးထွက်လာတော့မယ်မဟုတ်လား။

'ဟုတ်ပါတယ်ဘုရား'

ဝိပဿနာဉာဏ်တွေရအောင် ကြိုးစားနေတယ်။ ဉာဏ်တွေ ရင့်ကျက်နေတယ်ဆိုရင် နောက်ပိုင်းက အရိယာမဂ်ဉာဏ်ဖိုလ်ဉာဏ် ဆိုတာ လာကိုလာမှာပဲ။ အကြောင်းတရားတွေကြိုးစားရင် အကျိုး တရားက လာကိုလာမှာပဲ။

သစ္စာတရားတွေနာကြားတဲ့အခါမှာ မှတ်မှတ်သားသားနာ ကြားတယ်။ အော် ... ဟုတ်ပါလား။ ဒါ ဒုက္ခသစ္စာ ဟောနေပါလား။ ဒါ သမုဒယသစ္စာ ဟောနေပါလား။ ဒါ မဂ္ဂသစ္စာပါလား။ ဒါ နိရောဓ သစ္စာပါလား။ တရားနာရင်းနဲ့ကိုပဲ သဘောလည်းကျသွားတယ်။ သိလည်း သိသွားတယ်။

ဝိပဿနာတရားတွေ မနာဘူး။ မပွားများဘူးဆိုရင် ဟောတဲ့ တရားကို နာရီဝက်ဖြစ်စေ၊ တစ်နာရီဖြစ်စေ ဟောတဲ့အခါမှာ အမီ မလိုက်နိုင်ဘူး။ ဟောတာတော့ ဟောတာပဲ။ အများကြီးဟောပေမဲ့ နည်းနည်းလေးပဲသိတယ်။

တချို့ကျတော့ ဟောသလောက်ကိုသိတယ်။ သစ္စာနှစ်ပါး ဟောရင် နှစ်ပါးသိတယ်။ လေးပါးဟောရင် လေးပါးသိတယ်။ ဟော



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

သလောက်ပဲသိတယ်။ ပိုမသိဘူး။

တချို့ပုဂ္ဂိုလ်များကျတော့ တရားပွဲစလိုက်တာနဲ့ သိတယ်။ ဪ် ဒါ ဘာဟောတော့မလို့ပဲ။ ဘယ်မှာအဆုံးသတ်မှာပဲ။ ဟောတဲ့ ပုဂ္ဂိုလ်က ဘယ်လောက်အဆင့်ထိရောက်ပြီ။ ခန့်မှန်းလို့ရတယ်။ ကိုယ်က ရ'ထားတာကိုး။ ကိုယ်က ရ'ထားတော့ ဪ် ဒါ သံသရာ လည်ကြောင်းတရားတွေ။ ပြတ်ကြောင်းမပါဘူး။ ဒါ ပြတ်ကြောင်း တရားတွေ။

ဒါ တကယ်အလုပ်လုပ်တဲ့တရားပဲ။ ဒါက အလုပ်မပါတဲ့ တရားပဲ။ နာတာနဲ့ကိုသိတယ်။ သူလုပ်ထားတဲ့အခါကျတော့ ခန့်မှန်း လို့ရတယ်။ စာတတ်တဲ့ပုဂ္ဂိုလ်များလိုပေါ့။ စာရွတ်သွားလို့ရှိရင် သဒ္ဒါ တတ်တယ်။ မတတ်ဘူးဆိုတာ နားထောင်လိုက်တာနဲ့သိတယ်။

အဲဒီလိုပဲ တရားမှာလည်း ဒီအတိုင်းပဲ။ တရားသဘောသိထား တဲ့ပုဂ္ဂိုလ်က ဪ် ... ဒါ တကယ်အားထုတ်ရမယ့်တရားပဲ။တကယ် အရေးကြီးတဲ့တရားပဲ။ သံသရာပြတ်ကြောင်းတရားပဲ။ စိတ်ကိုဝင်စား နေတယ်။စိတ်ကဘယ်မှမသွားဘူး။ ဘာနဲ့ဥပမာပေးထားလည်းဆိုတော့ ကလေးလေးက မသိလို့ မီးခဲကိုသွားကိုင်တဲ့အခါ ပူတာနဲ့ ချက်ချင်း နောက်ကိုပြန်ဆုတ်သလို ...

ဝိပဿနာကို တကယ်ကိုပဲ ကြိုးကြိုးစားစားနဲ့ အားထုတ် ထားတဲ့ယောဂီဟာ သစ္စာတရားတွေ နာကြားနေတဲ့အခါ ဆွေးနွေး နေတဲ့အခါမှာ လူမှုရေးတို့ စီးပွားရေးတို့ နည်းနည်းမှအဝင်မခံဘူး။ နည်းနည်းဝင်တာနဲ့ ချက်ချင်းပြန်ဆုတ်တယ်။

အိမ်ကို စိတ်ရောက်သွားတာတို့ အရောင်းအဝယ်ဆီ စိတ် ရောက်သွားတာတို့၊ သားသမီးဆီ စိတ်ရောက်သွားတာတို့ ချက်ချင်း ကိုတားပစ်လိုက်တယ်။ တရားပေါ်မှာစိတ်ပြန်ရောက်ပြီး သေသေ



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ချာချာကိုနာတယ်။ ကိုယ့်စိတ်က ကိုယ့်ပြန်ပြီးသတိပေးနေတာ။ သတိပညာတွေက အားကောင်းနေတော့ နည်းနည်းမှကို အထွက်မခံဘူး။ တရားနာတာကိုပြောရင် တရားထိုင်တာလည်းပါတာပဲ။ တရားနှလုံးသွင်းတာအကုန်ပါတယ်။

ယောဂီတွေဟာ တရားထိုင်မှတ်တဲ့အခါဖြစ်စေ၊ စင်္ကြံမှတ်တဲ့အခါ ဖြစ်စေ၊ ရပ်မှတ်တဲ့အခါဖြစ်စေ၊ ညပိုင်းတုံးလုံးလှဲပြီးအနားယူတဲ့အခါဖြစ်စေ ဘေးစိတ်ကိုအဝင်မခံဘူး။ဝင်လည်း မှတ်ပစ်လိုက်တယ်။ သူ့ကိုအလိုလိုက်ပြီးတော့ တရှည်တမြောကြီး ဟိုးတုန်းက အားမထုတ်ခင်တုန်းကလို အရသာခံပြီးတွေးတဲ့စိတ်မျိုးမလာတော့ဘူး။

ဝိပဿနာယောဂီဟာ သတိလွတ်လို့ အနည်းအကျဉ်းဝင်လာရင် သတိရတာနဲ့ ချက်ချင်းမှတ်ပစ်လိုက်တယ်။ အောက်မေ့ရင်လည်း 'အောက်မေ့တယ်၊အောက်မေ့တယ်' ပူပန်ရင်လည်း 'ပူပန်တယ်၊ပူပန်တယ်' မှတ်ပစ်လိုက်တယ်။ စိတ်ကူးယဉ်ပြီး လေထဲတိုက်အိမ်ဆောက်တာမျိုး မလုပ်တော့ဘူး။

ပုထုဇဉ်တွေကတော့ အမြဲတမ်း လေထဲတိုက်အိမ်ဆောက်နေတာ။ ဟိုဟာပြီး ဒါ။ လိုချင်တာတွေ ရချင်တာတွေ ဖြစ်ချင်တာတွေ ကိုယ့်ကိုယ်ကို ဇာတ်လိုက်မင်းသားလုပ်ပြီးတော့ စိတ်ကူးနေတာ။ အဲဒါတွေ စိတ်ကူးတာနဲ့ အချိန်ကကုန်ရော။ ငှက်တွေဟာ ပျံရင်းနဲ့သေသလို၊လူတွေကလည်း များသောအားဖြင့် စိတ်ကူးတွေ ယဉ်၊ ကာမဂုဏ်တွေခံစားရင်းနဲ့ သေကြတာပဲ။

သောတာပန်ကျတော့ တရားနာတဲ့အခါမှာ အဲဒီလိုစိတ်မျိုး အဝင်မခံဘူး။ လူမှုရေးတွေဘာတွေလုပ်တဲ့အခါတော့ အထိုက်အလျောက်ရှိတာပေါ့။ သို့သော်လည်း သစ္စာတရားတွေနာနေပြီဆိုလို့ရှိရင် အဝင်မခံဘူး။ ဝင်တာနဲ့ ချက်ချင်းရှုမှတ်ပစ်၊ ချက်ချင်းဆင်ခြင်



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ပစ်လိုက်တယ်။

ယောဂီတွေအနေနဲ့ ရိပ်သာတွေမှာဝင်ပြီး အားထုတ်တဲ့အခါ မှာတော့ ဆင်ခြင်တာကို ဦးစားမပေးရဘူး။ ရှုမှတ်တာကို ဦးစားပေး ရတယ်။ ဒါပေမဲ့ ဆင်ခြင်ရတဲ့အခါလည်း ရှိပါတယ်။ ရိပ်သာမှာ နေရတာ မပျော်တော့ဘူး။ ငြီးငွေ့လာပြီ။ ပျင်းလာပြီ။ တရားတွေ အားမထုတ်ချင်တော့ဘူးဆိုရင် ...

အပါယ်လေးပါးဘေးဆင်ခြင်ပေးရတယ်။

မိမိသေမယ့်ဘေးဆင်ခြင်ပေးရတယ်။ ဆင်ခြင်တာလည်းပဲ တရားကိုအထောက်အကူပေးတယ်။ လုံးလုံးကြီးမဆင်ခြင်ရဘူးလို့ မဆိုလိုပါဘူး။ တရားထိုင်နေတဲ့အခါမှာတော့ မဆင်ခြင်နဲ့ပေါ့။

ကိုယ်က တရားအားထုတ်လို့ကောင်းနေတယ်။ လောကဓံ တွေကြုံလို့ အိမ်မှာတစ်ခုခုဖြစ်နေတယ်။ စီးပွားရေးနဲ့ပတ်သက်လို့ တစ်ခုခုဖြစ်နေပြီဆိုရင် တော်ရုံတန်ရုံမှတ်လို့ရပါ့မလား။

'မရပါဘူးဘုရား'

ကိုယ့်စိတ်ကို ကိုယ်မလိမ်ဖို့ အရေးကြီးတယ်။ သူများလိမ် တာက မုသာဝါဒလောက်ပဲရှိတယ်။ ကိုယ့်ကိုယ်ကိုလိမ်ရင်ဒုက္ခရောက် လိမ့်မယ်။ အဆိုးလောကဓံတွေကြုံတဲ့အခါ ကိုယ်နာထားတဲ့တရား တွေဟာ ကိုယ့်ရဲ့အားကိုးရာပဲ။

ဩော် ... ခန္ဓာကိုယ်ကြီးက အနတ္တတရား။ အချိန်မရွေးသေ နိုင်တယ်။ မင်း ဘယ်သူ့ပဲပူပန်ပူပန် ဘာတွေပဲစိုးရိမ်စိုးရိမ် မင်းသေ သွားရင် အဲဒါတွေက ကယ်ပါ့မလား။ ကိုယ့်ကိုယ်ကို ပြန်မေးလို့ရှိရင် အဖြေမပေါ်နိုင်ဘူးလား။

'ပေါ်ပါတယ်ဘုရား'

အဲဒီလို နှလုံးသွင်းမှန်မှန်ကန်ကန်နဲ့ ဆင်ခြင်ပေးလိုက်တဲ့



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

အခါကျတော့ ဝိပဿနာတရားတွေ ဆက်အားထုတ်ဖြစ်တယ်။ ကိုယ်က ဥပမာ တစ်လခွဲလောက် မှန်းထားတယ်။ တစ်လလောက်နဲ့ ပြန်ချင်လာတယ်။ အကြောင်းအမျိုးမျိုးကြောင့် ဘယ်သူတွေ ဘယ်ဝါတွေကို အပြစ်မတင်ပါနဲ့။ မိုးကုတ်ဆရာတော်ကြီး ဟောထားတာရှိပါတယ်။

'ဒီသားတွေသမီးတွေကြောင့် ခက်ပါတယ်'

ဟို ...လက်ညှိုးထိုး ဒီလက်ညှိုးထိုး၊ အမေကြီးကြောင့် ခက်ပါတယ်။ တချို့ကလည်း အဖေကြီးကြောင့်ခက်နေတာ။ ဇနီးခင်ပွန်းတွေ ဒီလိုလည်းပြောကြတယ်လေ။

'မင်းတို့ ငါမရှိရင်ခက်မယ်'

အမှန်က သူတို့ကြောင့်ခက်နေတာမဟုတ်ဘူး။ ကိုယ့်ရင်ထဲက သမုဒယကြောင့် ခက်နေတာမဟုတ်လား။

'ဟုတ်ပါတယ်ဘုရား'

အဲဒါအကုန်လုံးပေါ့ဗျာ။ ဦးပဉ္ဇင်းတို့လည်းပါတာပေါ့။ အမှန်တရားကို သိလာတဲ့အခါကျတော့ တရားပျက်ရာပျက်ကြောင်းကို ဆင်ခြင်ပစ်လိုက်တယ်။ မှတ်ပစ်လိုက်တယ်။

သောတာပန်ပုဂ္ဂိုလ်များကျတော့ သစ္စာတရားတွေနာတဲ့အခါမှာ ဒီမကောင်းတဲ့တရားကို ဆက်ပြီးအဝင်မခံဘူး။ သတိလွတ်သွားရင်လည်းခဏပဲ။ စူးစူးစိုက်စိုက်နဲ့ မှတ်မှတ်သားသား နာကြားနိုင်တဲ့ စွမ်းရည်ရှိတယ်။

ပုထုဇဉ်တွေက အဲဒီလိုမဟုတ်ဘူး။ ဝိပဿနာတရားကို ကျကျနနမပွားများတဲ့ ပုထုဇဉ်တွေကျတော့ သစ္စာတရားတို့ သုညတဓမ္မတို့ကို ဟောလိုက်လို့ရှိရင် သူတို့ကို ချော့သိပ်တာနဲ့အတူတူပဲ။ အဲဒါမျိုးတွေ နာရပြီဆိုရင် သွားရေတွေကျ ပါးစပ်ကြီးတွေ ဟ ပြီးတော့


WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

တရားပွဲလည်းပြီးရော တစ်ရေးလောက်ရသွားတယ်။ အိပ်ပျော်ကုန်တာ။

သုညတမွှဆိုတာ ရုပ်တွေနာမ်တွေ ခန္ဓာတွေအကြောင်း သစ္စာဆိုက်အောင် နက်နက်နဲနဲပြောတဲ့အခါကျတော့ ရယ်စရာ မောစရာလည်းမပါတော့ စိတ်မဝင်စားဘူး။ဒီလိုတရားတွေကို နာလည်း မနာဘူး။ အားလည်းအားမထုတ်ဘူးဆိုတော့ နည်းနည်းမှကို စိတ်မဝင် စားဘူး။

ပုထုဇဉ်တွေစိတ်ဝင်စားတာက ဇာတ်လမ်းကောင်း အသံ ကောင်း အဆိုကောင်းနဲ့ အလွမ်းအဆွေးတွေ ရယ်စရာမောစရာတွေ ပါမှ။ အနှစ်သာရမရှိတဲ့စကားတွေကို တောင်ရောက်လိုက် မြောက် ရောက်လိုက် ဝိုင်းဖွဲ့ပြီးတော့ ပြောချင်တာပြောရမှ စိတ်ဝင်စားတာ။ သဘောကျတာ။ တရားသဘော ရိုးရိုးဟောနေရင် ပျင်းတယ်။ အချင်း ချင်းစကားပြောရင်ပြောနေတာ။ အဲဒီလိုမှ မဟုတ်ရင်လည်း စိတ်က တခြားကိုရောက်နေတတ်တယ်။

တကယ့် ခန္ဓာ၊အာယတန၊ဓာတ်၊သစ္စာတရားတွေကို သေ သေချာချာ စာတွေ့ကိုယ်တွေ့နဲ့ပေါင်းစပ်ပြီးတော့ ရှေ့ဆက်ပြီး သစ္စာ ဆိုက်မယ့်တရားမျိုးကျတော့ ငြီးငွေ့တယ်။ အဲဒါကြောင့်မို့လို့ ကျေးဇူး တော်ရှင် မိုးကုတ်ဆရာတော်ဘုရားကြီးရဲ့တရားတွေကို တော်ရုံတန်ရုံ မနာနိုင်ဘူး။ ဟာ ခက်တယ်ကွာ။ ဘာတွေမှန်းလဲမသိဘူး။

ဟိုက စေတနာနဲ့ ဟောထားတာ။ အဲဒါ မိုးကုတ်တရား ဆိုလို့ရှိရင် တချို့လူတွေတင်မဟုတ်ဘူး။ တချို့ရဟန်းတွေတောင် မနာချင်ဘူး။ နိဗ္ဗာန်ရောက်အောင်ဟောထားတဲ့တရား ကယ်တင်တဲ့ တရားကိုပစ်ပယ်ကြတယ်။

ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ဘုရားကြီးဟောတဲ့ တရားတွေဟာ တကယ်တမ်းသိသင့်သိထိုက်တဲ့တရားတွေ။ တကယ့်



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

အဖိုးတန်တဲ့တရားတွေ၊ ဉာတပရိညာတွေကို ခေါင်းပေါ်မှာအမြဲ တမ်းရွက်ထားသင့်တယ်။

ဆရာတော်ဘုရားကြီးတွေရဲ့ခြေတော်ကို အမြဲတမ်းဦးခိုက် သင့်တယ်။ တိရဏပရိညာနဲ့ ရှုမှတ်ပွားများပြီဆိုလို့ရှိရင် ကျေးဇူး တော်ရှင်မဟာစည်ဆရာတော်ဘုရားကြီးရဲ့အလုပ်ပေးတွေ ရှုနည်း မှတ်နည်းတွေကို အမြဲတမ်းရှိခိုးသင့်တယ်။

ဉာတပရိညာကို မိမိရင်ထဲမှာ ကျွမ်းကျင်အောင်ကြိုးစားရ မယ်။ တိရဏပရိညာကိုလည်းပဲ ခရီးရောက်အောင်ကြိုးစားရမယ်။ အဲဒါမှ ပဟာနပရိညာဆိုတဲ့ မဂ်ဉာဏ်ဖိုလ်ဉာဏ်ကိုရနိုင်မှာ။

အဲဒီဉာတပရိညာနဲ့ ပတ်သက်တဲ့တရားတွေ ရှုနည်းမှတ် နည်းတွေ ဟောပြောပြသနေတာကို တချို့စိတ်မဝင်စားကြဘူး။ ရိပ်သာတွေမှာလည်း တချို့ဒီလိုပဲ။

ရိပ်သာဝင်တယ်။ သူ့ရိပ်သာနဲ့သူ သူ့နည်းသူ့ဟန်နဲ့ တရား စဥ် လုပ်ငန်းစဥ် ဒီလိုရှိပါတယ်။ ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော် ဘုရားကြီးရိပ်သာမှာ တရားစဥ် လုပ်ငန်းစဥ်ရှိသလို ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးရဲ့ရိပ်သာမှာလည်း တရားစဥ် လုပ်ငန်းစဥ် ရှိပါတယ်။

ရှုနည်းမှတ်နည်းတွေ နေ့တိုင်းလဲ ဟောပြောပြသနေတယ်။ ရိပ်သာကို စ'ဝင်ဝင်ချင်းလည်း နာရတယ်။နောင်လည်းပဲ ကမ္မဋ္ဌာန်းဆရာ တော်တွေက အမြဲတမ်းဟောပြောပြသနေတယ်။ အဲဒါတရားစဥ်ပဲ။

တကယ်ရှုတဲ့မှတ်တဲ့အခါမှာ တကယ်ရှုဖို့ လက်တွေ့သင် ကြားပြသပေးနေတာ အဲဒါလုပ်ငန်းစဥ်ပဲ။ တရားစဥ်လည်းရှိတယ်။ လုပ်ငန်းစဥ်လည်းရှိတယ်။

တရားနာတဲ့အချိန်မှာစိတ်မဝင်စားရင် လုပ်ငန်းစဥ်ကျတော့



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

မှားကုန်ရော။ တချို့က ကျေးဇူးတော်ရှင်မဟာစည်ဆရာတော်ကြီး နည်းနဲ့ တရားအားထုတ်ဆိုရင် 'ဖောင်းတယ်၊ပိန်တယ်'ပဲ သိတယ်။ ဖောင်းတယ်ပိန်တယ်ကို ကြိုးချည်ထားတယ်။ ဒါထက် ပိုပြီးတော့ မှတ်စရာတွေရှုစရာတွေက အများကြီးဟောထားတာ။ အဲဒါကို သေသေချာချာ မလေ့လာတဲ့အခါကျတော့ ဒီတစ်ခုပဲသိတယ်။

ဒီ'ဖောင်းတယ်၊ပိန်တယ်'ပဲမှတ်တယ်။ ကျန်တာမမှတ်တော့ ဘူး။ဒါက မူလဘူတအစကမ္မဋ္ဌာန်း။ အမှန်ကပေါ်ရာပေါ်ရာမှတ်ရမှာ။ ထင်ရှားရာကိုမှတ်ပါ။

ရုပ်ကိုလည်းမှတ်ပါ။ စိတ်ထင်ရှားရင် စိတ်ကိုမှတ်ပါ။ ခံစားမှု ထင်ရှားရင် ခံစားမှုကိုမှတ်ပါ။ မြင်တာကြားတာပေါ်လာရင် မြင်တာ ကြားတာကိုမှတ်ပါ။ ဣန္ဒြေထက်ကြောင်းတွေနဲ့ပတ်သက်လို့ ဆုံးမတဲ့ အခါမှာလည်းပဲ စိတ်ကိုဆုံးမတဲ့နည်းတွေ အများကြီးပဲ။

ဆရာတော်ကြီးတွေ နေ့တိုင်းနေ့တိုင်း ထည့်ထည့်ဟောနေ တာ။အဲဒါတွေကို ရှိရှိသေသေစူးစူးစိုက်စိုက်မနာဘဲ ဝတ်ကျေတန်းကျေ လေးပဲနာတဲ့အခါကျတော့ ရှုမှတ်တဲ့အခါ မလုပ်တတ်တော့ဘူး။

မိုက်ကြီးက ဖောင်းနေတာကို သူက'ပိန်တယ်'မှတ်ချင်မှတ် နေတာ။ ပြန်ပြီးတော့ ပိန်သွားတာကို 'ဖောင်းတယ်'မှတ်နေပြန်ရော။ စ'မှတ်ကတည်းက ကျွမ်းထိုးမှောက်ခုံတွေ ဖြစ်နေတာ။

ထင်ရှားရာကိုမှတ်ပါဆို မမှတ်ဘူး။ စိတ်ကူးလည်းပဲ 'ဖောင်း တယ် ပိန်တယ်'မှတ်နေတယ်။ နာလည်းပဲ 'ဖောင်းတယ် ပိန်တယ်'ပဲ။ ဆရာသမားတွေ ညွှန်ကြားတာကို ဂရုမစိုက်ဘူး။ ပေါ့တယ်။ အဲဒါ သံသရာက မလွတ်မြောက်ချင်တဲ့ပုဂ္ဂိုလ်တွေပေါ့။ ဒုက္ခထဲမှာ လည် ချင်တဲ့ပုဂ္ဂိုလ်တွေ သေသေချာချာ စူးစူးစိုက်စိုက် မနာတဲ့အခါကျတော့ မလုပ်တတ်တော့ဘူး။



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

သူက အကြောင်းမှုလုပ်မထားတဲ့အခါကျတော့ ဒီအကြောင်းကြောင့်ရမယ့်အကျိုးတရားကျတော့ စိတ်မဝင်စားတော့ဘူး။ တချို့ စိတ်မဝင်စားတဲ့အပြင် ကိုယ်တတ်တာလေးနဲ့ကိုပဲ ပြန်လှန်ပြီး ပုတ်ခတ်နေတာတွေ အများကြီးပဲ။ အဲဒါ လက်တွေ့မလုပ်တဲ့ပုဂ္ဂိုလ်တွေပေါ့။ လက်တွေ့မလုပ်ဘဲ ကိုယ်ထင်ရာကိုယ်လျှောက်ပြောနေတာ။

သဗ္ဗညုတမြတ်စွာဘုရားကတော့ နည်းမျိုးစုံဟောခဲ့တယ်။ သာဝကတွေဆိုတာက ကိုယ်ကျွမ်းကျင်တဲ့နည်းကိုဟောရတာ။ အသုဘကမ္မဋ္ဌာန်းနဲ့ နိဗ္ဗာန်ရောက်ခဲ့တဲ့ဆရာတော်က အသုဘကမ္မဋ္ဌာန်းဟောမှာပဲ။ ပဋိစ္စသမုပ္ပါဒ်ရှုရင်းနဲ့ ရောက်ခဲ့တဲ့ဆရာတော်က ပဋိစ္စသမုပ္ပါဒ်ကို ဦးစားပေးဟောမှာပဲ။ သတိပဋ္ဌာန်နည်းနဲ့ တရားထူး တရားမြတ်ရခဲ့တဲ့ဆရာတော်က သတိပဋ္ဌာန်နည်းဟောမှာပဲ။

အကုန်မှန်တာချည်းပဲ။ ကိုယ်က ယူတတ်ဖို့အရေးကြီးတယ်။ ကိုယ်ကမယူတတ်ဘဲနဲ့ ဂိုဏ်းအပေါ် ဆရာအပေါ်စွဲနေရင်တော့ အမှန်အကန်ကို မရောက်တော့ဘူး။ ဂိုဏ်းစွဲဆရာစွဲနဲ့ပဲ အချိန်ကုန်ရော။

ယူတတ်ပါမှ။အော် ဒါဟာ သစ္စာသွားဆိုက်ပါလား။ ဖြစ်ပျက်သွားဆိုက်ပါလား။ ဖြစ်ပျက်မှန်းတဲ့ဉာဏ်ပါလား။ ဆုံးတဲ့ဉာဏ်ပါလား။ ဝေါဟာရတွေမတူသော်လည်း သဘာဝကျတော့ သွားတူတာပဲ။

ဒီခန္ဓာကိုယ်ကိုပဲရှုရတာ။ ဒီခန္ဓာကိုယ်ရဲ့သဘောတွေ အဆင့်ဆင့်သိတဲ့ဉာဏ်တွေ တိုးတက်တိုးတက်သွားတာ။အဲဒီလို သစ္စာတရားတွေ၊ သတိပဋ္ဌာန်တရားတွေဟောတဲ့အခါမှာ သောတာပန်အရိယာများဟာစုံးစုံးစိုက်စိုက်နာလေ့ရှိတယ်တဲ့။

နောက် နံပါတ်(၇)အချက်က ...


WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

## ဝမ်းမြောက်လို့မဆုံးနိုင်ဘူး

သောတာပန်တွေဟာ သစ္စာတရားတွေ သတိပဋ္ဌာန်တရား တွေနာကြားပြီးတဲ့အခါမှာ ဝမ်းမြောက်ဝမ်းသာနဲ့ ပြောလို့ကိုမဆုံးနိုင် ဘူးတဲ့။ အနှစ်သာရရှိတဲ့တရားတွေ ဟုတ်လိုက်တာ။ မှန်လိုက်တာ။ ဒါ နိဗ္ဗာန်ရောက်ကြောင်းတရားတွေပဲ။ ရင်ထဲမှာ တော်ကြာရင်းပီတိ ဖြစ်လာ။ တော်ကြာရင်း ပီတိဖြစ်လာ။

ဝိပဿနာအားထုတ်လို့ မဂ်ဉာဏ်ဖိုလ်ဉာဏ်မရသေးတာ တောင် ဝိပဿနာတရားများများအားထုတ်ထားတဲ့ယောဂီဟာ ဘုရား အကြောင်း တရားအကြောင်း သံဃာတွေအကြောင်း ကုသိုလ်တွေ အကြောင်း မြတ်စွာဘုရားဟောကြားတဲ့သစ္စာတရားတွေအကြောင်း၊ ရတနာမြတ်သုံးပါးနဲ့ပတ်သက်လို့ ဟောပြောပြသတဲ့အသံလေးများ ကြားလိုက်ရရင် တစ်ခါတည်း ရင်ထဲမှာ ဖျန်းဖျန်းဖျန်းဖျန်းနဲ့ ကြက်သီး တွေထလာတယ်။

ဝိပဿနာဉာဏ်တွေ အတော်အတန်ရင့်ကျက်နေတဲ့ယောဂီ ရိပ်သာတွေမှာလည်းရှိပါတယ်။အနိစ္စ ဒုက္ခ အနတ္တ အကြောင်းများပြော လိုက်လို့ရှိရင် မိမိကိုတည့်တည့် ဟောနေသလိုပဲ။ ဟုတ်လိုက်တာ။ မှန်လိုက်တာနဲ့ ကြေနပ်လို့ကိုမဆုံးဘူး။



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

မြတ်စွာဘုရားအကြောင်းများ ပြောလိုက်လို့ရှိရင်လည်း တစ်ခါတည်း မျက်ရည်တွေဝဲပြီးကျလာတာ။ အဲဒါ **ဓမ္မပီတိကြောင့် ကျတဲ့ မျက်ရည်။ နိဗ္ဗာန်ရောက်မယ့်မျက်ရည်လို့ခေါ်တယ်။**

မျက်ရည်က နှစ်မျိုးရှိတယ်။ နောက်တစ်မျိုးက ဆွေမျိုးသားချင်းတွေသေလို့ စီးပွားဥစ္စာတွေဆုံးရှုံးလို့ သောကပရိဒေဝကြောင့်ကျတဲ့ မျက်ရည်။ အဲဒီမျက်ရည်မျိုးကတော့ အပါယ်ကျမယ့်မျက်ရည်လို့ခေါ်ရမယ်။

ဘုရားအပေါ်မှာ ယုံကြည်လွန်းအားကြီးလို့ ကြည်ညိုလွန်းအားကြီးလို့၊ တရားအပေါ်မှာ ယုံကြည်လွန်းအားကြီးလို့ ကြည်ညိုလွန်းအားကြီးလို့ ဟုတ်ကြောင်းမှန်ကြောင်းတွေကို ရင်ထဲမှာ သိနေတယ်။ ဖွယ်ဖွယ်ရာရာ ပြန်မပြောပြတတ်သော်လည်းပဲ ကိုယ်ကအများကြီးအားထုတ်ထားတာဆိုတော့

ဟုတ်လိုက်တာ။ မှန်လိုက်တာ။ သင်္ခါရတရားတွေပဲ။ အနိစ္စတရားတွေ ဘယ်ဟာမှမမြဲဘူး။ ဟာ တကယ်ညှဉ်းဆဲနှိပ်စက်တာပဲ။ ငါက သူက နှိပ်စက်တာမဟုတ်ဘူး။ သင်္ခါရတရားတွေဟာ အမြဲတမ်းပြုပြင်နေရတယ်။ ဒါတွေဟာ ဆင်းရဲတဲ့တရားတွေပဲ။ အနတ္တတရားတွေပဲ။ ဘယ်ဟာမှအစိုးမရဘူး။

ကိုယ်ဖြစ်စေချင်သလို ဘယ်ဟာမှမဖြစ်ဘူး။ သူ့အကြောင်းအားလျော်စွာဖြစ်တာပဲ။ အင်မတန်မှန်တာပဲ။ အင်မတန်နက်နဲတဲ့တရားတွေပဲ။ မိမိတို့က မကြာခဏလေ့လာနေရလို့ တရားတွေတော်တော်သိနေတော့ လွယ်တယ်လို့ အောက်မေ့ရတယ်။ မလွယ်ဘူး။ နာကြားဖို့ကိုမလွယ်တာ။ အားထုတ်ဖို့ကို အသာထားဦး တရားလေး ခဏနာပါဦးဗျာ။

မနာနိုင်ဘူး။ မအားလို့။ နားထောင်လို့ကိုမရဘူး။ ရင်ထဲမှာ



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

မီးတောင်ကြီးလိုဖြစ်နေတာ။ နိဗ္ဗာန်ရောက်ကြောင်းတရားဆိုရင် သူတို့ နားမှာ မီးလောင်နေပြီ။ သူတို့နားက

**ကိလေသာဖြစ်မယ့်အသံမှ နားထောင်လို့ရတာ။ ဝိသဘာဂ အသံဆို နားထောင်လို့ကိုမဝ'နိုင်ဘူး။**

တရားရကြောင်း နိဗ္ဗာန်ရကြောင်းဆိုရင် ပျင်းရိသွားတာပဲ။ အိပ်ချင်လာတယ်။ တစ်ခါတည်း ဘယ်လိုမှ နားထောင်လို့မရဘူး။ ခေါင်းတွေဘာတွေမူးပြီးတော့ ပစ်လှဲချင်သလိုဖြစ်လာတာ။

ဘဝအဆက်ဆက်ကလည်း အဝိဇ္ဇာတဏှာအားကြီးတယ်။ အခု သာသနာတော်ကြီးနဲ့တွေ့ပြန်တော့လည်း မလေ့လာမလိုက်စားတဲ့အခါ ကျတော့ သစ္စာတရားအသံတွေဆိုရင် စိတ်မဝင်စားတော့ဘူး။ ဘယ် လိုမှရင်ထဲမှာ လက်မခံနိုင်တော့ဘူးဖြစ်လာတယ်။

တချို့ကျတော့လည်း ခက်ခက်ခဲခဲ အဆန်းလုပ်မနေပါဘူးကွာ။ ဒါနလောက်ပြုတော်ရောပေါ့။ နှလုံးသွင်းမှားတာတွေ။ အဲဒါ အဝိဇ္ဇာ ကြောင့် အယောနိသောမနသိကာရ။ အယောနိသောမနသိကာရ ကြောင့် အဝိဇ္ဇာ။ အပြန်အလှန်ပေါ့။

တချို့ဒေသနာတွေမှာကျတော့လည်း အဝိဇ္ဇာ ဘာကြောင့်ဖြစ် သလဲ။ ဝိစိကိစ္ဆာနဲ့ ပမာဒကြောင့်။ ဒါလောကသုတ္တန်အရ အဓိကက အဝိဇ္ဇာပါပဲ။အမှန်တရားမသိလို့။အဝိဇ္ဇာအားကြီးပြီဆိုရင် တဏှာလည်း အားကြီးတာပဲ။

အဝိဇ္ဇာတဏှာအားကြီးပြီဆိုရင် သဒ္ဓါနဲ့ပတ်သက်တဲ့တရား၊ ပညာနဲ့ပတ်သက်တဲ့တရားတွေကို မကြားချင်ဘူး။ သဒ္ဓါတရား ခေါင်းပါးတဲ့ပုဂ္ဂိုလ်ကို ရတနာသုံးပါးနဲ့ ကံ၊ကံရဲ့အကျိုး သွားပြောရင် သူ့မှာ နားကြားပြင်းကပ်တယ်တဲ့။

မစ္ဆရိယ-ဝန်တိုတဲ့ပုဂ္ဂိုလ်ကို ဒါနအကြောင်းသွားပြောရင်



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

သူ့မှာနားကြားပြင်းကပ်တယ်တဲ့။ ဗဟုသုတနည်းတဲ့ပုဂ္ဂိုလ်ကို ဗဟုသုတအကြောင်းသွားပြောရင် နားကြားပြင်းကပ်တယ်။ ပညာနည်းတဲ့ပုဂ္ဂိုလ်ကို ပညာအကြောင်းသွားပြောရင် နားကြားပြင်းကပ်တယ်။ နားမထောင်ချင်ဘူး။

တရားကိုပွားများအားထုတ်ထားတဲ့ယောဂီက သစ္စာတရားကိုနာကြားလို့မဝနိုင်ဘူး။ တော်ကြာရင်းနာချင်၊ တော်ကြာရင်းနာချင် ခဏခဏနာချင်တယ်။နာလည်းနာချင်တယ်။အားလည်း အားထုတ်ချင်တယ်။ ဘယ်လိုမှ မအားလို့သာနေမယ်။ နည်းနည်းလေးအားတာနဲ့ သတိပဋ္ဌာန်တရားနာတယ်။ ဝိပဿနာတရားအားထုတ်တယ်။

သောတာပန်တွေဟာ သစ္စာတရားကို အမြဲတမ်းနာကြားချင်တဲ့စိတ်ရှိတယ်။ အဲဒီလို သစ္စာတရား သတိပဋ္ဌာန်တရားတွေနာပြီးတဲ့အခါမှာလည်း ပါဠိတွေမသိပေမဲ့ အဓိပ္ပာယ်တွေကို အထိုက်အလျောက်သိနေတော့ စိတ်ထဲမှာ အားရပါးရလည်းဖြစ်တယ်။ ဝမ်းသာလို့လည်း မဆုံးနိုင်ဘူး။ ပီတိသောမနဿက တော်တော်နဲ့ မပျောက်ဘူး။ တစ်ကိုယ်လုံးတသိမ့်သိမ့်ဖြစ်နေတာ။

ပုထုဇဉ်တွေကျတော့ တရားနာနေတဲ့အချိန်လေးပဲ သံဝေဂဉာဏ်ဖြစ်သလိုလို အမြင်မှန်ရသလိုလိုရှိတယ်။ တရားသိမ်းလို့ သာဓု သာဓု သုံးကြိမ်လည်းခေါ်ပြီးရော တရားနဲ့ပတ်သက်လို့ ရင်ထဲမှာ ဘာမှမကျန်တော့ဘူး။ နာတုန်းခဏပဲ ပြီးရင်မေ့မေ့ပျောက်ပျောက် ဖြစ်သွားတာ။

အဲဒီလို ပုထုဇဉ်စိတ်ထားနဲ့သောတာပန်စိတ်ထားက ကွဲပြားမှုရှိတယ်။ လူပုံသဏ္ဌာန်က ကွဲပြားသွားတာမဟုတ်ဘူးနော်။

ကျေးဇူးတော်ရှင်မိုးကုတ်ဆရာတော်ဘုရားကြီးက ဘယ်လိုမိန့်သလဲဆိုတော့ ...



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

'သောတာပန်ဆိုတာ ချိုပေါက်လာတာမဟုတ်ဘူး။ အသား အရေစိုပြည်ပြီးရုပ်အဆင်းကလှလာတာလည်း မဟုတ်ဘူး။ စိတ်ထဲမှာ ကိလေသာပါးရှားပြီး သောတာပန်စိတ်ပေါ်လာတာကို သောတာပန် လို့ခေါ်တာ။ သေသေချာချာမှတ်ထားကြ'

ဒီလောက်ဆို ယောဂီတွေအနေနဲ့ မိမိကိုယ်မိမိ သောတာပန်ဖြစ်မဖြစ် ဒီတရားမှတ်ကျောက်နဲ့စစ်ကြည့်လို့မရနိုင်ဘူးလား။

'ရနိုင်ပါတယ်ဘုရား'

အချိန်ယူပြီး သေသေချာချာစစ်ကြည့်ကြနော်။ တစ်ငါတည်း ငါနေတဲ့အတ္တဒိဋ္ဌိ ငါစွဲတွေအားကြီးနေသေးတယ်ဆိုရင်တော့ မဟုတ်သေးဘူး။ သောတာပန်တကယ်မဖြစ်သေးဘဲ ကိုယ့်ကိုယ်ကို အထင်မကြီးမိကြစေနဲ့။ အခုလို သာသနာတွင်းမှာ လူလာဖြစ်ဖို့ဆိုတာ လွယ်တာမဟုတ်ဘူး။ အချိန်လွန်မှသိရရင်ကိုယ်ပဲနစ်နာမှာ။

သောတာပန်ဖြစ်တာသေချာတဲ့ယောဂီတွေကတော့ကိုယ်အပါယ်တံခါးပိတ်သလို တခြားသူတွေလည်း အပါယ်တံခါးပိတ်အောင် သာသနာပြုပြီး မြတ်စွာဘုရားကိုကျေးဇူးဆပ်ကြနော်။ တရားနဲ့ပူဇော်၊ တရားနဲ့ ကျေးဇူးဆပ်ကြ။ ကဲ ... အခုတော့ သာဓု သုံးကြိမ်ခေါ်ပြီး တရားသိမ်းကြစို့ ...

သာဓု ... သာဓု ... သာဓုပါဘုရား။



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)